# စွပ်စွဲခံရခြင်း

## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

## ၆၃-၀၇၁၇ အမ်မ်၊

1 ၁။ ကျေးဇူးတင်ပါတယ် ဘရာသာနက်ဗီးလ် ကျွန်တော်တို့ ဒီမှာ ဆုတောင်းဘို့ ခဏရပ်နေကြမှာ ဖြစ်ပါတယ်။ ခေါင်းငုံ့ပြီးတော့ ကျွန်တော်တို့ ဆုတောင်းကြပါမယ်။ ဆုတောင်းဘို့အရာတွေရှိမယ်ဆိုရင် လက်ထောင်ပြပါ။ ဘုရားသခင်ဆီကို ဆုတောင်းပါ။ စိတ်နှလုံးထဲမှာ ကိုယ်တော်ရှင်ကို ဘာတောင်းဆိုချင်သလဲဆိုတာကို စိတ်နှလုံးအ ကြွင်းမဲ့ ယုံကြည်ပါ။ အဲဒီအချိန်မှာ သင့်အတွက်ဆုတောင်းချက်ကို ကျွန်တော်လည်း ဆုတောင်းပေးမှာ ဖြစ်ပါတယ်။

2 ၂။ ကောင်းကင်ဘုံရှင်အဖ၊ ကျွန်တော်တို့ ဒီအခွင့်အရေးကို အလေးအမြတ်ထား ပြီးတော့ ကိုယ်တော်ရှင်ရဲ့အိမ်တော်ကို လာခဲ့ကြပါတယ်။ ဒီသာယာသောနေ့လေးမှာ ကျွန်တော်တို့ ရောက်လာပြီးတော့ ကိုယ်တော်ရှင် သားတော်ရဲ့အလင်း လင်းတာကို ရှာဖွေတွေ့ရှိပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် ဒီလူတွေအားဖြင့် သီချင်းဆိုတာကိုလည်း ကျွန်တော်တို့ကြား ရပါတယ်။ ဒီလူတွေအားဖြင့်လည်း စကားပြောတာကို ကြားရပါတယ်။ သားတော်ဟာ ဒီလူအုပ်စုလေးထဲမှာ တောက်ပလျှက်ရှိပါတယ်။ အဲဒီအတွက် ကြောင့်မို့ ကိုယ်တော်ရှင်ကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ကောင်းကင်ဆိုင်ရာ သားတော်ဟာ ကျွန်ုပ်တို့ရဲ့နှလုံးသားထဲမှာ တောက်ပလျှက်ရှိပါတယ်။ အဲဒီအတွက် ကိုယ်တော်ရှင်ကို ကျွန်ုပ်တို့ ချီးမွမ်းပါတယ်။ ကျေးဇူးတင်ပါတယ်။

အဲဒီလူတွေဟာ သူတို့ရဲ့လက်တွေကိုမြှောက်ပြီးတော့ ဒီပရိတ်သတ်တွေထဲမှာ သူတို့တောင်းဆိုတာတွေ ရှိပါတယ်။ ဒီမနက်ဘဲ သူတို့ ဆုတောင်းသံကို ကိုယ်တော်ရှင် အဖြေပေးစေလိုချင်ပါတယ်။ အဖဘုရားသခင် သူတို့ရဲ့ ဆုတောင်းမှုတစ်ခု စီကို ကိုယ်တော်ရှင် ချပေးသနားတော်မူပါ။ အလွန်များပြားစွာနဲ့ စားပွဲပေါ်မှာ ထပ်ပြီးတော့ တင်ထားသကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဘယ်နေရာမှာဘဲဖြစ်ဖြစ် ဆုတောင်းသံတွေ တောင်းဆိုချက်တွေ အများကြီး ရှိပါတယ်။ ဒုက္ခဆင်းရဲရောက်တဲ့သူတွေ ဖျားနာတဲ့သူတွေ ဟိုးအဝေးကြီးကနေ ဖုန်းနဲ့လှမ်းပြီး စကားပြောတာတွေ တစ်နေ့ကို အခေါက်(၅၀) လောက်ရှိပါတယ်။ အိုအဖဘုရားသခင် ကျွန်တော်တို့ ဘာလုပ်ရမှာလဲ? ကျွန်တော်တို့ကို လမ်းပြပါကိုယ်တော်၊ ဘယ်နေရာ ဘယ်လမ်းကို သွားပြီးတော့ ဘာလုပ်ရမလဲဆိုတာကို ကျွန်တော်တို့ မသိပါဘူး။ သို့သော်လည်း ကိုယ်တော်ရှင်က ဒီအရာတွေကို လမ်းပြနိုင် ပါတယ်။ ကိုယ်တော်ရှင် ကျွန်တော်ရှင် ကျွန်တော်တို့ကို လမ်းပြပါလို့ ကျွန်တော်တို့ ဆုတောင်းပါတယ်၊ ဘာကြောင့်လဲဆိုရင် အဲဒါဟာ ကျွန်ုပ်တို့ရဲ့ဆန္ဒဘဲ ဖြစ်ပါတယ်။ ကိုယ်တော်၊ ကျွန်တော်တို့မှာရှိတဲ့အသက်တာ ဒီကမ္ဘာလောကကြီးထဲမှာ ကိုယ်တော်ရှင် ကျွန်တော်တို့ကို ပေးအပ်တဲ့အသက်တာဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် အဲဒီဘုန်းတော်ထင်ရှားစေဘို့ ကျွန်တော်တို့ အသုံးပြုလိုပါတယ်။ ဒီအရာတွေအားဖြင့် ကိုယ်တော်ရှင် ကျွန်တော်တို့ကို လမ်းပြတော်မူပါကိုယ်တော်၊

ယနေ့ ကျွန်တော်တို့အားလုံး နှုတ်ကပတ်တော်ကို နားထောင်ဘို့ စုဝေးပြီး လာတဲ့အခါမှာ ကျွန်တော်တို့ကို ကောင်းချီးပေး တော်မူပါ။ သီချင်းတွေဆိုမယ်၊ ဆုတောင်းမယ်၊ အဲလို လုပ်တဲ့အခါ ကိုယ်တော်ရှင် ကျွန်တော်တို့ရဲ့ ဆုတောင်းသံကို နားညောင်းတော်မူပါ။ ကျွန်တော်တို့နဲ့အတူ ကျွန်တော်တို့ရဲ့သီချင်းတွေနဲ့အတူ ကိုယ်တော်ရှင် ဝမ်းမြောက်တော်မူပြီး နှုတ်ကပတ်တော်အားဖြင့် စကားပြောတော်မူပါ။ ယေရှုနာမ၌ ဆုတောင်းပါတယ်။ အာမင်။ အားလုံးထိုင်နိုင်ပါပြီ။

3 ၃။ ကျွန်တော် တစ်ခြားနေရာတွေမှာ ကျွန်တော် ဒီလိုအခွင့်အရေးကြီးကြီးရပြီး တော့ မတ်တပ်ရပ်ပြီးတော့ ဒီပလ္လင်ရှေ့ မှာထွက်ပြီး စကားပြောနိုင်ဘို့ အခွင့်အရေး ရလိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့ပါဘူး။ အသက်မုန့်ကိုလည်း ချိုးဖဲ့ပြီးတော့ ဆာငတ်နေတဲ့သူတွေ စောင့်စားနေတဲ့သူတွေကို ကျွေးမွေးဘို့အတွက် အသက်မုန့်ကို ချိုးဖဲ့ဘို့အတွက် အခွင့်အရေးရခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီအခွင့်အရေးကတော့ အင်မတန် ကြီးမြတ်ပါတယ်။

ပထမဆုံးအနေနဲ့ ကျွန်တော် မေးချင်တဲ့အရာကတော့ Wright မိသားစုဒီမှာ ရှိသလား ဒါမှမဟုတ် Hattie Orville ဒါမှမဟုတ် တစ်ယောက်ယောက် ရှိပါသလား? Hattie Orville မင်းနဲ့အတူ မရှိဘူးလားဟက်တီ၊ တစ်အိမ်ပြီး တစ်အိမ် သူလာနိုင်ပါ တယ်။ လာပါ။ ချက်ချင်းဘဲ လာပါလို့ ကျွန်တော် သူ့ကိုခေါ်ပါတယ်။ သူ့ကိုပြောပြ လိုက်ပါ။ အဲဒါကို ကျွန်တော် သူ့ကို ပြောချင်တဲ့အရာဘဲ ဖြစ်ပါတယ်။ အိမ်နားမှာဘဲ ဆင်းလိုက်ပါ။ ဖြစ်နိုင်ရင် သူလုပ်နိုင်မယ်ဆိုရင် လုပ်ပေးပါ။ ကျွန်တော်နဲ့အတူလာဘို့ ကျွန်တော် ခေါ်ဘို့ မေ့သွားပါတယ်။ သူတို့ရဲ့ခွေးကလေးနဲ့ပတ်သက်လို့ ကျွန်တော် တစ်စုံတစ်ခုကို သူတို့ရရှိထားပါတယ်။ ခင်ဗျား တစ်ကယ်ဆန္ဒရှိမယ်ဆိုရင် အိမ်နားက နေပြီးတော့ ဖြတ်ပြီးတော့ မောင်းသွားပါ။ ခင်ဗျားရဲ့ဝတ်ပြုစည်းဝေးပြီးတာနဲ့ ခင်ဗျား ထွက်လာနိုင်ပါတယ်။

4 ၄။ Edith ကတော့ Hattie ရဲ့အစ်မဘဲဖြစ်ပါတယ်။သူ့ကို ဟိုးကလေးမအရွယ် ငယ်ငယ်ကလေးတည်းက ကျွန်တော် သိခဲ့ပါတယ်။ သူက ခြေမသန်မစွမ်းဘဲ ဖြစ်ပါ တယ်။ အဲဒီတုန်းက သူက ကလေးငယ်ငယ်လေးဘဲ ရှိပါတယ်။ အခုတော့ သူက မိန်း မကြီးတစ်ယောက် ဖြစ်နေပါပြီ။ သူ့ရဲ့အခြေအနေကလည်း အင်မတန် ဆိုးဝါးတဲ့အခြေ အနေဖြစ်နေပါတယ်။ လွန်ခဲ့တဲ့ (၁)နှစ်လောက်က ကျွန်တော် အဲဒီကို ဆင်းသွားတဲ့အခါမှာ သူမသိတာနဲ့ ချက်ချင်းဘဲ သူမရဲ့အခက်အခဲကို ကျွန်တော်တွေ့လိုက်ရပါတယ်။ ဘုရားသခင်ရဲ့ကျေးဇူးတော်၊ ဘုရားသခင်ရဲ့ အကူအညီအားဖြင့်ဘဲ ဖြစ်ပါတယ်။ အခု ဒီကလေးငယ်နဲ့ ပတ်သက်လို့ ဘာဖြစ်နေပါသလဲ?

သူမက ထိုင်နေပါတယ်။ သူမခြေထောက်တွေ တစ်ခုနဲ့တစ်ခု ထိနေပါတယ်။ အဲဒီ ထိနေတဲ့ခြေထောက်တွေကို သူမက ခွာထားလို့ မရပါဘူး။ အာရုံကြောတွေမှာ အင်မတန်မှ ကြီးကြီးမားမား ဖိအားပေးနေသလို ခံစားနေရပါတယ်။ ဒါပေမဲ့လည်း အဲဒါဘာလဲ¿ ရုပ်ပိုင်းဆိုင်ရာမှာ ဒီကလေးနဲ့ပတ်သက်လို့ ဘာမှ အားနည်းချက် မရှိပါဘူး။ ဒီလိုဖြစ်ရတဲ့အကြောင်းကတော့ ကလေးအရွယ်က သူ့အာရုံကြောတွေချို့တဲ့ ပြီးတော့ မသန်မစွမ်းဖြစ်ရလို့ပါဘဲ။ သူမ(၆)လသားအရွယ်ကဘဲ ဖြစ်ပါတယ်။ သူမ တစ်ချိန်လုံးငိုပြီးတော့ အော်နေပါတယ်။ ဟိုးလွန်ခဲ့တဲ့ နှစ်အနည်းငယ်ကတည်းက ကျွန်တော်တို့ သူ့အတွက် ဆုတောင်းပါတယ်။ အဲဒီကတည်းက သူမဟာ

ပျော်ရွှင်ပါ တယ်။ လွန်ခဲ့တဲ့တစ်နှစ်ကလောက်အချိန်အထိဘဲ ဖြစ်ပါတယ်။

5 ၅။ အခုအချိန်မှာဆိုရင် သူမက သွေးဆုံးတဲ့အရွယ်တောင် ရောက်နေပါပြီ။တစ် နည်းအားဖြင့်ဆိုရင် သူမရဲ့အသက်တာ ပြောင်းလဲတဲ့အချိန်ဘဲ ဖြစ်ပါတယ်။ သူမရဲ့ နာဗ်ကြောတွေက အင်မတန်မှ ပြောင်းလဲတဲ့ အခြေအနေဘဲ ဖြစ်ပါတယ်။ ဒီအမျိုးသမီး ကတော့ သူမစိတ်ထဲမှာ ဘယ်လိုထင်သလဲဆိုရင် သူမသေရတော့မယ်လို့ဘဲ ထင်နေပါတယ်။ သူမဆက်ပြီး တော့ အသက်ရှင်ရတော့မှာ မဟုတ်ဘူးလို့ထင်ပါတယ်။ တစ်ချိန်ပြီး တစ်ချိန်၊ တစ်နာရီပြီးတစ်နာရီ သေခြင်းနဲ့ ပိုမိုနီးကပ်လာ တယ်လို့ ထင်ပါတယ်။ အင်မတန်ကျမ္မာပြီးတော့ သန်စွမ်းတဲ့ အမျိုးသမီးတွေကတော့ ကြောက်မက်ဖွယ်အခြေအနေ ဖြစ်နေပါ တယ်။ တစ်ခါတစ်လေ သူတို့က ဟော်မုန်းခါတ် ချို့တဲ့တာတွေ ဖြစ်တယ်။ သူတို့က ဆေးရုံတွေသွားတယ်။ နောက်ပြီးတော့ လျှပ်စစ်ကျဉ်စက်နဲ့တို့တဲ့ ဆေးကုသမှု တွေနဲ့ကုတယ်။ အဲဒီအချိန်မှာ အဲလိုဖြစ်ကြပါတယ်။ လူသားတစ်ဦးက ဘ၀အသက်တာ မှာ (၂)ခါပြောင်းလဲမှု ဖြစ်ပါတယ်။

သူတို့ ယောကျ်ားလေးဘ၀ကနေ ယောကျ်ားကြီးဘ၀ကို ပြောင်းလဲတယ်ဆိုရင် မိန်းခလေးငယ်ဘ၀ကနေ အမျိုးသမီးကြီး ဘ၀ကို ပြောင်းလဲတဲ့အချိန်ဘဲ ဖြစ်ပါတယ်။ (၁၆နှစ်၊ ၁၇နှစ်)အရွယ်ဖြစ်ပါတယ်။ သူတို့က ညဖက်ဆိုရင် အုပ်စုဖွဲ့ပြီး လျှောက်လည် တတ်ပါတယ်။ အဲဒီအရွယ်က သင်က သူတို့ကို နားလည်ပေးနိုင်မယ်ဆိုရင် နားလည်ပေး လို့ရပါတယ်။ ကျွန်တော့်မှာလည်း သမီးတစ်ယောက်ရှိပါတယ်။ အဲဒီအရွယ်ဘဲ ဖြစ်တယ်။ နံမယ်က ရီဘက်ခါလို့ခေါ်တယ်။ သူမအတွက် ဆုတောင်းပေးပါ။ နောက်ပြီး တော့ ဘီလီ ကျွန်တော်တို့အားလုံးလည်း အဲဒီလိုမျိုး အရွယ်ကို ဖြတ်သန်းလာခဲ့ရပါတယ်။ ဒါကြောင့် သူတို့ကို ဘယ်လိုခံစားရသလဲလို့ ကျွန်တော်တို့လည်း ခံစားတတ်ပါတယ်။ တစ်စုံတစ်ရာနဲ့ပတ်သက်တာကို ကျွန်တော်တို့ သိနေပါတယ်။ သူတို့ အဲဒီအရွယ်ကို ဖြတ်ကျော်သွားရမှာဘဲ ဖြစ်ပါတယ်။

6 ၆။ အခုအခါမှာ Edith ကတော့ ပြောင်းလဲနေပါတယ်။ (၇)နှစ်ရှိနေပါပြီ။ (၇)နှစ်အရွယ် သင့်ရဲ့အသက်တာဟာ (၇)နှစ်ပြည့်တိုင်းပြည့်တိုင်း ပြောင်းလဲနေပါတယ်။ ၇ - ၇ ဖြစ်ပါတယ်။ မာကျောတဲ့အရွယ်ဘဲ ဖြစ်ပါတယ်။ လုံး၀ပြောင်း လဲသွားတဲ့ အရွယ်ဘဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေကိုတော့ ပြောင်းလဲစေပါတယ်။ အမျိုးသားတွေကတော့ များသောအားဖြင့် ရီစရာကောင်းပါတယ်။ သူတို့အဲဒီအချိန်မှာ ဘာလုပ်ကြသလဲဆိုတော့ တစ်ခါတစ်လေ သူတို့ ဇနီးသည်တွေကို ထားခဲ့တတ် ပါတယ်။ ဒါပေမဲ့လည်း အမျိုးသမီးတွေကတော့ အဲလိုဖြစ်ပြီးနောက်ပိုင်းမှာ ကလေးမရကြတော့ပါဘူး။ ကျွန်တော်တို့ အဲဒါတွေအားလုံးကို ဖြတ်ကျော်သွားရတာဖြစ်ပါတယ်။ ကျွန်တော်တို့ သတိရရမဲ့အရာကတော့ တစ်ယောက်နဲ့ တစ်ယောက် ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ကြည့်ပြီး နားလည်ဘို့ဘဲ ဖြစ်ပါတယ်။ ဒီအရာတွေကို နားလည်ရမှာ ဖြစ်ပါတယ်။

Edithကတော့ ဒီလိုအခြေအနေမျိုး ရှိပါတယ်။ အလေးချိန်တွေလည်း အရမ်းကျသွားပါတယ်။ သူမကိုကြည့်ရတာလည်း မကောင်းပါဘူး။ တစ်ညကဆိုရင် ခင်ဗျားတို့ အားလုံး အတူတကွ မရှိကြပါဘူး။ တစ်ချို့လည်း အောက်ပိုင်းကို အလည်သွား ကြပါတယ်။ သူမနဲ့အတူ သူတို့ထိုင်နေကြပါတယ်။ နေ့ရောညရော ထိုင်ပေးပါတယ်။ ဒီတဲ တော်ကနေပြီးတော့ ခရီးထွက် သွားပါတယ်။ တစ်ခြားတဲတွေဆီကို သွားခြင်းဘဲ ဖြစ်ပါတယ်။ တစ်ခြားညီမရဲ့ တဲတွေဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ထဲက တစ် ချို့တွေက ဆင်းသွား ပြီးတော့ Wright မိသားစုလေးကို သွားကြည့်ကြပါတယ်။ သူတို့ အဲဒါကို နှစ်သက်မယ် ဆိုတာကို ကျွန်တော့်ဘက်က သေချာပါတယ်။ ဆင်းသွားပါ။ သူတို့နဲ့အတူ အချိန်အ နည်းငယ်ပေးပြီး ထိုင်ပါ။ စကားပြောပါ။ လက်ဆွဲ နုတ်ဆက်ပါ။ အဲဒါထက်ပိုပြီးတော့ လုပ်နိုင်မယ်ဆိုရင်တော့ အဲဒါထက် ပိုပြီးတော့ ရင်းနှီးတဲ့ လုပ်ကိုင်ဆောင်ရွက်မှုမျိုးဘဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ အဲဒါကို မေ့ပျောက်ဖြစ်ဖို့ အရမ်းလွယ်ကူပါတယ်။ ကျွန်တော်တို့ အိမ်မှာ ရောက်လာရင် ကျွန်တော်တို့ အဲဒါကို အရမ်းသဘောကျပါတယ်။ ကျွန်တော်တို့ သတိရရမဲ့အရာကတော့ အခြားလူတွေလည်း အဲဒါကို သဘောကျကြပါတယ်။ Wright မိသားစုဖြစ်ပါတယ်။ အဲဒါကို နှစ်သက်ကြမယ်ဆိုတာ သေချာပါတယ်။ ဒီလိုအခြေအနေ မျိုး ရောက်ရှိလာတယ်ဆိုရင် ခင်ဗျားတို့ သိရမယ်လို့လည်း ကျွန်တော် ထင်ပါတယ်။ ဒါပေမဲ့လည်း ခင်ဗျားတို့ မသိကြပါဘူး။ ဒီနေ့မနက်ဘဲ ကျွန်တော် အဲဒီအကြောင်းကို ပြောပြခြင်းဘဲ ဖြစ်ပါတယ်။

7 ၇။ Wright မိသားစုဆီကို သွားပြီးတော့ လည်ပါ။ Edith ကိုလည်း သွားပြီးတော့ နုတ်ဆက်ပါ။ သူမအခြေအ နေဆိုးတယ်လို့လည်း သူမကို အဲလိုသွားမပြောပါနဲ့။ သူမကို ကြည့်ရတာ အရမ်းကို လှပတယ်။ ကောင်းတယ်၊ မကြာခင် နေကောင်းသွားမယ်၊ စသည် ဖြင့် အားပေးစကားပြောပါ။ သူ့ကို ကျွန်တော်တို့ အားပေးမယ်ဆိုရင် သူက တစ်ဖြည်း ဖြည်းနဲ့ ကောင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကို ရောက်ရှိနေတာဟာ အဲဒီအတွက်ဘဲ ဖြစ်ပါတယ်။ သူမဟာ ကျွန်တော်တို့ရဲ့ ညီမတစ်ဦးဘဲ ဖြစ်ပါတယ်။ အဲဒီကလေးငယ်ရဲ့ ဒီလိုအချိန်မှာ ကျွန်တော်တို့ အားပေးရမှာဖြစ်ပါတယ်။ ကျွန်တော့်ကို တစ်စုံတစ် ယောက်က အားပေးတာကို ကျွန်တော် လိုချင်သလိုဘဲ ဖြစ်ပါတယ်။ ကျွန်တော့်အတွက် ဆုတောင်းပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အတွက် အခက်အခဲတွေကို ရင်ဆိုင်နေရတဲ့ အခါမှာ ကျွန်တော်ဆုတောင်း ပေးဘို့ လိုပါတယ်။ သင့်အတွက် သင်တစ်စုံတစ်ယောက် သောသူကို လိုအပ်နေပါတယ်။

Wrightမိသားစုကတော့ ဟိုးလွန်ခဲ့တဲ့အချိန်အခါက ဒီလို၀တ်ပြုစည်းဝေးတွေ လူစုဝေးတဲ့နေရာတွေကို ရောက်ရှိပါတယ်။ အသင်းသား အဟောင်းဆုံး အသင်းသား တွေဘဲ ဖြစ်ပါတယ်။ ကျွန်တော် စဉ်းစားမိတာကတော့ Bro.Roy Slaughter နဲ့ Sis. Slaughter တို့ဘဲ ဖြစ်ပါတယ်။ ခုနတုန်းက ကျွန်တော် သူတို့ကို တွေ့လိုက်ပါတယ်။ ကျွန်တော် လက်ဖွေ့ရမ်းပြပါတယ်။ သူတို့ ၀င်လာကြပါတယ်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း စဉ်းစားမိပါတယ်။ ကျွန်တော် အဲဒီဒေါင့်ကနေ ကွေ့ပြီးမောင်း သွားတဲ့အခါမှာ ကျွန်တော် နှစ်ပေါင်းဘယ်နှစ်နှစ်များ ဘုရားသာနဲ့ စစ္စတယ်တို့ကို တွေ့ခဲ့သလဲ? ဒီအသင်းတော်မှာ သူတို့ရဲ့နေရာကို ယူခဲ့သလဲ¿အခက်အခဲတွေ၊ အကောင်းတွေ၊ အဆိုးတွေ၊ လှိုင်းတံဘိုး ရိုက်ခတ်တာတွေကို ကျော်လွှားသွားရပါတယ်။ နောက်ပြီးတော့ Wright မိသားစုကလည်း အဲဒီလိုဘဲ ဖြစ်ပါတယ်။ လူတွေကို သူတို့ လေးစားပါတယ်။ သူတို့ကို ကျွန်တော်တို့ ကျေးဇူးတင်တဲ့အကြောင်းကို ဖေါ်ပြကြရမှာ ဖြစ်ပါတယ်။

8 ၈။ ဒီနေ့မှာ ကျွန်တော် အင်မတန်ရှည်လျားတဲ့ သတင်းတစ်ခုကို ရခဲ့ပါတယ်။ အဲဒီသတင်းစကားကတော့ စွပ်စွဲခံရခြင်း ဆိုတဲ့ သတင်းစကားဘဲ ဖြစ်ပါတယ်။

ဒီည ပွဲတော်မင်္ဂလာရှိတယ်လို့ ကျွန်တော် ကြားရပါတယ်။ နောက်ပြီး ခြေဆေး ခြင်းလည်း ရှိတယ်လို့ ကြားရပါတယ်။ ဒါကြောင့်မို့လို့ သင်းအုပ်ဆရာနဲ့ စကားပြောရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆင်းလာရမှာ ဖြစ်ပါတယ်။ သူတို့ အနီးအနားမှာ ရှိတယ်ဆို ရင် လာပြီးတော့ သင်းအုပ်ဆရာအတွက် သတင်းစကားကို လက်ခံကြပါ။ ကိုယ်တော် ရှင်ထံမှလာတဲ့ သတင်းစကား ဖြစ်ပါတယ်။ နောက်ပြီးတော့ ခြေဆေးခြင်း ပွဲတော်မင်္ဂလာ ဒီနေ့ညရှိပါတယ်။ အဲဒီကလာတဲ့ သတင်းစကားဘဲ ဖြစ်ပါတယ်။ တစ်ကယ်ဘဲ ဒီနေ့ညကတော့ လူများမယ်လို့ ထင်ပါတယ်။ ခင်ဗျားတို့ လာကြမဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်။ ခင်ဗျားတို့ တစ်ခြားသွားစရာ နေရာမရှိရင် ဒီကိုလာကြပါ။

DomRedel ကိုလည်း ကျွန်တော်တို့ ချီးမြှောက်ပါတယ်။ ချီးမွမ်းပါတယ်။ လေးစားပါတယ်။ ကျွန်တော်တို့ရဲ့ ညီကိုဖြစ်တယ်။ Bro. Jackson ကိုလည်း ကျွန်တော်တို့ တစ်ကယ်ဘဲ လေးစားပါတယ်။ ဒီညီကိုတွေဟာ ကျွန်တော်တို့ရဲ့ညီကိုတွေ ဖြစ်တယ်။ ကျွန်တော်တို့နဲ့ လက်တွဲနေတဲ့ မောင်နှမ၊ ညီမ၊ အသင်းတော်တွေဘဲ ဖြစ် တယ်။ Bro. Jackson လည်း ဒီနားမှာ ရှိပါတယ်။ သူကတော့ ဒီအဖွဲ့ကို ဂျော်ဂျီယာပြည်နယ်မှာ မပြိုမလဲစေဘဲ တစ်စုတစ်ဝေးတည်း ရှိနေစေတဲ့သူဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ စိတ်နှလုံးထဲကနေ ကျွန်တော်တို့ ဒီလူတွေအားလုံးကို လေးစားပါတယ်။ ကျွန်တော်တို့ ဝတ်ပြုစည်းဝေးတွေ လုပ်တဲ့အခါတိုင်းမှာ ကျွန်တော်ရောက်လာတဲ့အခါမှာ သူတို့က ကျွန်တော့်ကို လာပြီးတော့ နှုတ်ဆက်ပါတယ်။ ကျွန်တော် အဲဒါကို အရမ်းသ ဘောကျပါတယ်။

9 ၉။ ယနေ့မနက် ကျွန်တော့်ရဲ့သူငယ်ချင်းကောင်းဖြစ်သူ ဒေါက်တာလီးလ်ဘေးလ် နဲ့ သူ့ဇနီးသည် ရောက်လာပါတယ်။ စစ္စတာဗီးလ်ကို ကျွန်တော် မှတ်မိပါတယ်။ ပထမ ဆုံးအကြိမ် ဘရာသာလီးလ် ဘယ်နေရာမှာ ရောက်နေလဲဆိုတာကို ကျွန်တော် လှည့် ပတ်ပြီး ကြည့်နေမိပါတယ်။ တောင်ပိုင်းသားရဲ့ ပုံစံမျိုး ကျွန်တော် တွေ့ရပါတယ်။ ဘယ်အချိန်ဘဲဖြစ်ဖြစ် သူ့ရဲ့တောင်ပိုင်းသား ဖေါ်ပြချက်ကတော့ ဘယ်လိုမှ လွဲသွေမ သွားနိုင်ပါဘူး။ နေ့တိုင်းဘဲ ကျွန်တော် သူ့ကို ရှာမိပါတယ်။ အဲဒီညီလာခံမှာလည်း ကျွန်တော် ရှာပါတယ်။ ကျွန်တော့်ကို ကူညီနိုင်မလားဆိုတာ ကျွန်တော် ရှာကြည့်ပါ တယ်။ နောက်ပြီး ကျွန်တော် ဘာပြောသလဲဆိုတော့ ဘရာသာလီးလ် လာရင်သူ့ကို တရားဟောခိုင်းရမှာ ဖြစ်ပါတယ်။ ဖျားနာတဲ့သူတွေအ တွက်လည်း ကျွန်တော် ဆုတောင်းပေးမှာ ဖြစ်ပါတယ်လို့ ကျွန်တော် ပြောပါတယ်။ သူ့ကို ကျွန်တော်တို့က စာမျက်နှာ တပ်လိုက်ပါတယ်။ အဖက်ဖက်ကနေပြီးတော့ သူ့ကို ကျွန်တော်တို့ ရှာလို့မတွေ့နိုင်လောက်အောင် ဖြစ်ပါတယ်။ နောက်ဆုံးမှာတော့ ကျွန်တော်တွေ့ပါ တယ်။ သူ့ရဲ့ပုံစံကို ကျွန်တော် ဖမ်းမိပါတယ်။ ကျွန်တော် သူ့ကို စကားပြောဘို့ ဖြစ်ပါ တယ်။ ဘရာသာနဲ့ စစ္စတာဗီးလ်ကို ဒီနေ့မနက် ရောက်လာတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာပါတယ်။

ကျွန်တော်တို့ နားမလည်နိုင်တဲ့အရာတွေ တော်တော်များများ ရှိကောင်းရှိ အုန်းမှာ ဖြစ်ပါတယ်။ ညီမတစ်ယောက်ကိုလည်း ကျွန်တော် တွေ့ပါတယ်။ ရှိကာဂိုက လို့ ကျွန်တော် ထင်ပါတယ်။ ဒီမှာရှိတဲ့အုပ်စုလေးကို ကျွန်တော် သိပါတယ်။ ဒါပေမဲ့ လည်း သူတို့ရဲ့နံမည်တွေကိုတော့ ကျွန်တော် အတိအကျ မခေါ်နိုင်ပါဘူး။ ဘယ်နေရာ ကဘဲဖြစ်ဖြစ် သူတို့ကို ကျွန်တော် အင်မတန်မှ လေးစားပါတယ်။ ဘယ်နေရာကဘဲလာ လာ သူတို့ကို ကျွန်တော် အင်မတန်မှ လေးစားပါတယ်။

10 ၁၀။ ညီအစ်ကိုတွေကို ကျွန်တော် ဒီမှာ တွေ့ရပါတယ်။ လူငယ်နှစ်ယောက်ဘဲ ဖြစ်ပါတယ်။ သူတို့ကို ဘိသိတ်ပေးမှာ ဖြစ်ပါတယ်။ သူတို့က သာသနာပြုတဲ့ လုပ်သက်က နုပါသေးတယ်။ ဒီမနက်ဘဲသူတို့ကို ဘိသိတ်ပေးမလို့ဘဲ ဖြစ်ပါတယ်။ နယူးယောက်မှ လာတဲ့ ကျွန်တော်တို့လူမျိုး အသားမဲနှစ်ယောက်လည်း ရှိပါတယ်။ သူတို့နဲ့ ပတ်သက်တဲ့ အသေးစိတ်အ ကြောင်းအရာတွေကိုလည်း ကျွန်တော် ရရှိထားပါတယ်။ ဖီလာဒဲလ်ဖီး ယားအသင်းတော်ကနေ ရရှိခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ ဘယ်ကနေလာလဲဆိုပြီးတော့ ဒီအသင်းတော်ကို ပေးပို့လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူတို့အပေါ်ကို ကျွန်တော်တို့ လက်ကိုတင်လိုက်ပြီးတော့ ဆုတောင်းပေးမှာ ဖြစ်ပါတယ်။ ဘုရားသခင်ကလည်း နယူးယော့မြို့မှာ ဒီသာသနာကို ကောင်း ချီးပေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ အသင်းတော်လေးနှစ်သင်းသုံးသင်း ရှိပါတယ်။ ဘရာသာမန်လင်းနိုးကတော့ အဲဒီ အုပ်စုလေး (၂)စုထဲက တစ်စုဘဲ ဖြစ်ပါတယ်။ သူတို့ကိုလည်း ကျွန်တော်တို့ လေးစားပါတယ်။ နောက်ပြီးတော့ (၂)ယောက် ထပ်ပြီးတော့ ဒီကနေ ထွက်သွားမှာ ဖြစ်ပါတယ်။ သူတို့ ကတော့ လူတွေအတွက် ဝတ်ပြုစည်းဝေးတွေပြုလုပ်ပေးမှာ ဖြစ်ပါတယ်၊ ဒီအရာတွေကိုလည်း ကျွန်တော်တို့သဘောကျပါတယ်။

ဘုရားသခင် သင်တို့ကို ကောင်းချီးမြှောက်များစွာ ချပေးပါစေ။

11 ၁၁။ကျွန်တော် လှည့်ပတ်ပြီး ကြည့်လိုက်တဲ့အခါမှာ တစ်ယောက် နဲ့တစ်ယောက် မတူညီတဲ့သူတွေကို တွေ့ရပါတယ်။ သူတို့ကို နံမည်ခေါ်လို့မရပါဘူး။ ဒါပေမဲ့လည်း ကိုယ်တော်ရှင် နားလည်မယ်လို့ ကျွန်တော် သိပါတယ်။

ကျွန်တော် ယုံကြည်တဲ့အရာကတော့ ကျွန်တော်တို့ရဲ့ညီမ၊ ပီယာနိုတီးတဲ့ညီမ ဒါမှမဟုတ်ရင်လည်း သူတို့ထဲက တစ်ယောက် ယောက်က ဒီကိုလာပြီးတော့ ကျွန်တော် တို့ကို ပီယာနိုတီးပေးမယ်ဆိုရင် အရမ်းကောင်းမှာ ဖြစ်ပါတယ်။ ပရောဖက်ကိုမီး သွေးမီးက တို့ထိလိုက်တဲ့အခါမှာ သူဟာ အတတ်နိုင်ဆုံးသန့်စင်သွားမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အသံတော်က ဘာ ပြောလဲဆိုတော့ ဘယ်သူ ငါတို့အတွက် သွားပေးမှာ လဲ¿ အဲဒီတော့သူက ဒီမှာကျွန်တော်ရှိပါတယ်။ ကျွန်တော့်ကို သုံးပါလို့ ပြောလိုက်ပါတယ်။

ကျွန်တော်တို့ ဒီဆရာတွေကို ဘိသိတ်ပေးပြီးတော့ လက်တင်ဆုတောင်းပေး လိုက်တဲ့အခါမှာ ကျမ်းစာရဲ့နည်းလမ်းအားဖြင့် အမှုတော်မြတ်အတွက် ဘိသိတ်ပေးခြင်း လက်တင်ဆုတောင်းခြင်းအကြောင်းကို ကျွန်တော်တို့ သိကြပါတယ်။ ကျွန်တော် တို့ရဲ့ နောက်လာမဲ့ မိုးနဲ့ရေကို ဘယ်ရောက်နေလဲ? ဒါမှမဟုတ် ဘယ်တယ်လ်ဖော့တ်ကရေတွေ ဘယ်ရောက်နေလဲ စသည်ဖြင့် ဖြစ်ပါတယ်။ အားလုံးဟာရောထွေးနေပါတယ်။ သူတို့ အဲဒါကို တွေ့တဲ့အခါမှာ လက်တင်ဆုတောင်းပေးတာတို့ ဝိညာဉ်ဆုကျေးဇူးတွေ ပါဝင်စေတာတို့တွေကို တွေ့မြင်ရပါတယ်။ ဒါပေမဲ့လည်း ဝိညာဉ်ဆုကျေးဇူးတွေဟာ လက်တင်ဆု တောင်းခြင်းဖြင့် ကျရောက်လာတယ်လို့

ကျွန်တော်တို့ မယုံကြည်ပါဘူး။ လက်တင်ဆုတောင်းခြင်းကတော့ သန့်ရှင်းစင်ကြယ် စေပြီးတော့ ကျွန်တော်တို့ တွေ့တဲ့အရာကို ပိုပြီးတော့ စင်ကြယ်စေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ အာမင်လို့ ဆိုခြင်းဘဲ ဖြစ်ပါတယ်။

12 ၁၂။ သူတို့ တိမောသေကို လက်တင်ဆုတောင်းပေးတယ်။ ဒီညီကိုတွေကို သူတို့ လက်တင်ဆုတောင်းပေးတဲ့အခါမှာ သူတို့ သတိထားမိတဲ့အရာကတော့ အဲဒီလူတွေကတော့ သူတို့ထဲမှာ ဆုကျေးဇူးပါရှိပြီးသားဘဲ ဖြစ်ပါတယ်။ သင့်ဆီမှာ ရှိတဲ့ဝိညာဉ်ဆု ကျေးဇူးကို ဖေါ်ထုတ်ပါ။ သင့်ရဲ့အဖွားဖြစ်တဲ့သူထံက ရတဲ့ဆုကျေးဇူးဘဲ ဖြစ်ပါတယ်။ တိမောသေမှာလည်း ဒီဆုကျေးဇူးကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အသင်းတော်လူကြီးတွေက သူ့အပေါ်မှာ လက်တင်ပြီးတော့ ဘိသိတ် ပေးပြီးတော့ ဆုတောင်းပေးပါတယ်။ ဘာမှဖေါ်ပြခြင်းမရှိတဲ့ လူတွေအပေါ်မှာ လက်တင်ခြင်း မဟုတ်ပါဘူး။ သူတို့ ကောင်းချီး တောင်းခံခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးလည်း အဲဒါကို ယုံကြည်ပါတယ်။ ကျွန်တော်တို့မှာ ဝိညာဉ်ဆုကျေး ဇူးတွေကို ပေးခြင်း မဟုတ်ပါဘူး။ အသိအမှတ်ပြုခြင်း ဘဲ ဖြစ်ပါတယ်။ သူတို့အပေါ်မှာ လက်တင်ဆုတောင်းပြီးတော့ သူတို့ကို သန့်ရှင်းစင် ကြယ်စေပြီးတော့ သူတို့ကို ဘုရားသခင်က အဲဒီအရာတွေကို အဲဒီလူတွေအပေါ်မှာ အမှုပြုတယ်လို့ ကျွန်တော်တို့ ယုံကြည်ကြပါတယ်။

ဒီမနက် ကျွန်တော် သတိပြုမိတဲ့အရာကတော့ ဘရာသာမက်ကင်နီနဲ့ ပတ် သက်လို့ ဟိုးနောက်ဖက်က အကြောင်းတွေဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ မက်သဒစ် သင်းအုပ်ဆရာဖြစ်ပြီးတော့ သူနောက်မှာထိုင်နေပါတယ်။ သူကဘိတ်သိပ်ရတာ သိပ် မကြာသေးပါဘူး။ ကျွန်တော်ထင်ပါတယ်။ ဒီပလက်ဖောင်းကနေပြီးတော့ သူကအိုဟိုင်း အိုးမှာ နေထိုင်တဲ့သူဘဲဖြစ်ပါတယ်။ ဘရာသာဒေါ့နှင့် အိုးဟိုင်းအိုးမှာရှိတဲ့ အုပ်စုထဲ မှာ လာပါတယ်။

ကျွန်တော်တို့အားလုံးအတူတကွစုဝေးပြီးတော့ နေတဲ့အခါမှာ ဒီနေရာလေးတွေ အားလုံးစုမိကြပါတယ်။ အဲဒါသိပ်ကောင်း ပါတယ်။ ဂိုဏ်းဂဏလည်းမရှိပါဘူး။

ဘာမှချည်နှောင်ခြင်းတွေလည်းမရှိပါဘူး။ သခင်ယေရှုခရစ်သာရှိပါတယ်။ အဲဒါဘဲ ဖြစ်ပါတယ်။ ကောင်းကင်ဆိုင်ရာမှာ အတူတကွထိုင်နေခြင်းဘဲဖြစ်ပါတယ်။

13 ၁၃။ ကောင်းပါပြီညီအစ်မ၊ ကျွန်တော်တို့ကို ပီရယ်နီ့ တီးပေးမယ်ဆိုရင် ကျွန်တော်တို့ သီချင်းတပုဒ်ဆိုချင်ပါတယ်။ ကျောက်မီးသွေးမီးဟာ ခွက်ကိုထိလိုက်လို့ရှိရင်ဆိုတဲ့ သီချင်းဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ယခုအတူတကွ သီချင်းကို ဆိုကြပါစို့။ ကျောက် မီးသွေးမီးက ပရောဖက်ကို တို့ထိလို့ရှိရင် သူဟာအသန့်စင်ဆုံးဖြစ်အောင် သန့်စင် သွားပါတယ်။

ဘုရားသခင်ရဲ့အသံတော်က ငါတို့အတွက်ဘယ်သူသွားမလဲလို့ မေးလိုက်တဲ့အခါမှာ ဘယ်လိုဖြေသလဲဆိုတော့ ဒီမှာ ကျွန်ုပ်ရှိပါတယ်။ ကျွန်ုပ်ကိုစေလွှတ်ပါလို့ ပြန်ဖြေပါတယ်။

မိန့်တော်မူပါကိုယ်တော်၊ မိန့်တော်မူပါ။

ကျွန်တော်ညီအစ်ကိုတွေ ရှေ့ထွက်လာပါတယ်။

ကိုယ်တော်အလိုရှိရင်သူတို့ထွက်လာမှာ ဖြစ်ပါတယ်။

အဲဒါဆိုရင် ကျွန်တော်အလျှင်အမြန် ကျွန်တော် လုပ်နိုင်ပါတယ်။

တခြားညီအစ်ကိုတွေလည်း ရှေ့ကိုထွက်လာပါ။

သူတို့မှာ ဆန္ဒရှိတယ်ဆိုလို့ သူတို့အပေါ်မှာ လက်တင်ပြီး ဆုတောင်းပေးပါ့ မယ်။

ကျွန်ုပ်ရဲ့သခင်ကျွန်ုပ်ကိုစေလွှတ်ပါ။ ဒီသီချင်းကို ဆိုမှာဖြစ်ပါတယ်။

ဒီနေရာမှာလာပြီး ဒီတဲတော်ရဲ့ တွဲဖက်အမှုတော် ဆောင်တွေလုပ်ပါ။

ဘရာသာတမ်၊ ဘရာသာလန်သူတို့အားလုံးပါပါတယ်။

ခင်ဗျားတို့ဆန္ဒရှိရင် လာပြီးမတ်တပ်ရပ်ပါ။

ယခု ဖြေးဖြေးလေး သီချင်းဆိုနိုင်ပါတယ်။

သန်းပေါင်းများစွာ အပြစ်ထဲမှာ နစ်မြောနေပြီးတော့ သေလုနီးပါး ရှက်ဖွယ်ဖြစ်နေပါ တယ်။

သူတို့ရဲ့ ဝမ်းနည်းဘွယ် နာကျည်းဖွယ် ငိုသံတွေကို နားထောင်ပါ။

နားထောင်ပါ။ညီ အစ်ကိုတို့ ကူညီပါ။

မဆိုင်းမတွ ကူညီပါ။

ချက်ချင်းဘဲ ကျွန်ုပ်ဒီမှာရှိပါတယ်။

ကိုယ် တော်မိန့်တော်မူပါကိုယ်တော်၊ မိန့်တော်မူပါ။

ကိုယ်တော်ကိုဖြေဖို့အတွက် အလျှင်အမြန် ကျွန်ုပ်ရှိနေပါတယ်။

ပြောပါကိုယ်တော်၊ မိန့်တော်မူပါ။ မိန့်တော်မူပါ။

ကျွန်ုပ်ဖြေပါ့မယ်။ ကိုယ်တော်ကျွန်ုပ်ကို စေလွတ်ပါလို့ ကျွန်ုပ်ဖြေပါ့မယ်။

ညီအစ်ကိုနာမည်ကိုဘယ်လိုခေါ်သလဲ။

ညီအစ်ကိုကဘယ်လိုဖြေသလဲဆိုတော့ အိုလမ်တိုဟမ့်လို့ ပြန်ဖြေပါတယ်။

အယ်ဒီတာမှတ်ချက်။ ဘရာသာအိုလမ်တိုဟမ့် ခင်ဗျားက နယူးယောက်ကဖြစ်တယ်။

အဲဒါပဲဟုတ်လား။ နောက်ပြီးတော့ တခြားညီအစ် ကိုတစ်ဦးကိုလည်း ပြောပါတယ်။

ဂျိုးဇက်ဒိုးမန်းဖြစ်တယ်။

ဂျိုးဇက်ဒိုးမန်း ပရိသတ်ဖက်ကို လှည့်ပါ။ ကျွန်တော်ရဲ့ညီအစ်ကိုတို့ ..

14 ၁၄။ ညီအစ်ကို နှစ်ဦးဖြစ်တဲ့ ဟပ်နဲ့ ကိုးမဲတို့ကို ဘုရားသခင်ကခေါ်ပါတယ်။ သူတို့ ရဲ့စိတ်နှလုံးတွေအပေါ်မှာ ဘုရားသခင် ခေါ်ဆိုနေခြင်းရှိနေပါတယ်။ ဒီသီချင်းကို ကျွန် တော်ဆိုသလိုဘဲဖြစ်နေပါတယ်။ သန်းပေါင်းများစွာတို့ဟာ အပြစ်ထဲမှာ ရှိနေတယ်။ ရှက်ဖွယ်အရာဖြစ်နေတယ်။ သေဆုံးရတော့မှာ ဖြစ်နေပါတယ်။ သူတို့ဟာ အဲလိုဝမ်း နည်းဖွယ်နာကျည်း ဖွယ်တို့ကို ကြားနေရပါတယ်။ သူတို့ကို ကျွန်တော်တို့က မေးပါတယ်။ ညီအစ်ကိုတို့ချက်ချင်းဘဲ သူတို့ကိုသွားပြီးတော့ ကယ်ပါ။ ချက်ချင်းဘဲဖြေပါ။ သခင်ကျွန်ုပ်ဒီမှာရှိတယ်လို့ဖြေပါ။ အဲဒီနည်းအတိုင်းဘဲ သူတို့ကအဖြေပေးနေပါတယ်။ ဒီနံနက်ဘဲဖြစ်ပါတယ်။

ယခုအခါမှာ ဒီအသင်းတော်ရဲ့ညီအစ်ကိုတွေဖြစ်တဲ့ ညီအစ်ကိုတွေဟာ ဒီအုပ်စုဟာ ဒီသန့်ရှင်းခြင်းကို ပြုလုပ်ပေးပါတယ်။ လက်တွေကို သူတို့အပေါ်မှာတင်ပြီးတော့ ညာဖက်လက်နဲ့ မိတ်သဟာယဖွဲ့ခွင့်ပေးပါတယ်။ သခင်ယေရှုရဲ့သက်သေခံတွေ ဘဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ ပံ့ပိုးမှုနဲ့ဘဲ သူတို့ကို နောက်ကွယ်ရာကနေ ပံ့ပိုးပေးပြီးတော့ တကယ်ကိုလေးစားစရာ မှန်ကန်တဲ့အရာတွေ ဧဝံဂေလိတရားတွေကိုဘဲ ပံ့ပိုးပေးမှာ ဖြစ်ပါတယ်။ သူတို့အတွက် ဆုတောင်းခြင်းတွေကလည်း အမြဲတမ်းဘဲ ဒီလူတွေအတွက် ဆုတောင်းပေးနေမှာ ဖြစ်ပါတယ်။ ဘုရားသခင်ကသူတို့ကို အသုံးပြုပြီးတော့ ဘုရားသခင် ဘုန်းထင်ရှားစေဘို့အတွက်ဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့သာသနာပြုခြင်းတွေကတော့ တကယ်ကို ကြွယ်ဝပြီးတော့ နယူးယောက်မြို့မှာ ကြီးကျယ်လာဖို့ဘဲ ဆုတောင်းပါတယ်။ သူတို့ရဲ့အသက်တာတွေဟာ ကိုယ်တော်ရှင်ကို အစေခံခြင်းနဲ့ ပြည့်ဝစေနိုင်ဖို့ ဖြစ်ပါတယ်။ နိုင်ငံတော်ထဲကိုလည်း တန်ဖိုးရှိတဲ့ ကောက်လှိုင်းကြီးတွေ ယူဆောင်လာနိုင်ဖို့ မစတော်မူပါ။ သူတို့အသက်ရှင်စေပါ။ ပျော်ရွှင်စေပါ။ ကိုယ်တော်ရှင်က သူတို့ကို အသုံးပြုတော်မူပါ။ သူရဲ့ထာဝရသူ့ရှေ့တော်မှာ အမြဲ တမ်းဘဲ သူတို့ကို ကျန်းမာခြင်း ခွန်အားနဲ့ ပြည်စုံစေပြီးတော့ သူရဲ့အမှုတော်မြတ်အတွက် သူတို့ကိုထာဝရအိမ်တော်ကို ခေါ်ပြီးတော့ သူတို့အတွက် ကောင်းကင်မှာ နားနေရတဲ့အချိန်တိုင်အောင် သူတို့ကို အသုံးပြုတော်မူပါ။

15 ၁၅။ ယခုအခါမှာ ကျွန်တော်တို့ ခေါင်းငုံ့ပြီးတော့ ရှေ့ဆက်ပြီးတော့ အမှုတော် ဆောင်တွေအတွက် ဆုတောင်းပေးမှာ ဖြစ်ပါတယ်ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဖ ကျွန်တော်တို့ ဘရာသာဟန့်ကို ယေရှုနာမ၌ လက်တင်ပြီး ဆုတောင်းပေး ပါတယ်။ သူကိုကျွန်တော်တို့သိခဲ့ သလိုဘဲ ကိုယ်တော်ရှင်သူသည်ဖြောင့်မတ်ပါသည်။ သူရဲ့သာသနာပြုခြင်းအတွက် သူရဲ့ အသက်တာတခုလုံးကို ဆက်ကပ်ဖို့ ဖြစ်တဲ့အတွက် ကိုယ်တော်ကျေးဇူးတင်ပါတယ်။ ဒီညီအစ်ကိုအားဖြင့် မိန့်တော်မူပြီးတော့ ဝိညာဉ်တွေကို ကယ်တင်ပါ။ လွတ်မြောက် စေပါကိုယ်တော်။ ချည်နှောင်ခြင်းခံရတဲ့သူတွေ၊ ဖျားနာတဲ့လူတွေ၊ စိတ်ပိုင်းဆိုင် ရာ၊ ရုပ်ပိုင်းဆိုင်ရာ မလွတ်လပ်တဲ့သူများကိုလည်း တကယ်စစ်မှန်တဲ့ သာသနာပြုခြင်းကို ပေးတော်မူပါ။ လမ်းဆုံးရောက် တဲ့အထိ သူတို့ကနောက်ကိုလှည့်မကြည့်ဘဲ အဲဒီလမ်း ဆုံးအထိသူတို့ တွေ့မြင်ဖို့မစမူပါ။ ဘုရားရှင် ကျေးဇူးတော်အားဖြင့် ရန်သူတွေအားလုံးကို ဖမ်းဆီးချုပ်နှောင်နိုင်ဖို့ မစပါ။ သခင်ယေရှု ကျွန်ုပ်တို့ရဲ့ သခင်အားဖြင့် ကျွန်ုပ်တို့ ဆုတောင်းကြပါ တယ်။ အာမင်။

16 ၁၆။ ဘရာသာခိုမန်းအပေါ်မှာ ကျွန်တော်တို့ လက်တင်ပြီး ဆုတောင်းပါတယ်။ ကိုယ်တော်ရှင်ရဲ့သက်သေတွေအနေနဲ့ ကိုယ်တော်ရှင် သူ့ကိုရွေးချယ်ခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်စေတော်မူပါ။ ဒီအသင်းတော်၊ ဒီအုပ်စုမှာ သခင်ယေရှုရဲ့ အစေခံကျွန် အဖြစ် သူ့ကို ယုံကြည်ကြပါတယ်။ သူ့ကို ကောင်းချီးပေးပါ။ သူ့ကို အင်မတန်ကြီးမား ခိုင်မာတဲ့ သာသနာ ပြုခြင်းကို ပေးတော်မူပါ။ သူတို့ ကိုယ်တော်ရှင်အတွက် ဝိညာဉ် မြောက်များစွာကို ဖမ်းဆီးနိုင်ဘို့၊ ဖျားနာတဲ့သူတွေ ချည် နှောင်ခြင်းခံရတဲ့သူတွေ၊ စာတန်ရဲ့ တန်ခိုးတွေကို ချိုးဖျက်ပြီးတော့ သူနဲ့ ပေါင်းသင်းတဲ့သူတွေရဲ့ အသက်တာအားလုံးကို ကူညီနိုင်ဘို့ ဘုရားရှင် မစတော်မူပါ။ တစ်ကယ်အသီးသီးတဲ့အသက်တာ၊ ကျမ္မာ ခြင်းခွန်အားနဲ့ သူ့ကိုပြည့်စုံစေတော်မူပါ။ လမ်းဆုံးကို ရောက်လာတဲ့အခါမှာ ကိုယ်တော်ရှင်ဘုရားသခင် တစ်ကယ်အဝေးကိုမြင်နိုင်ဖို့ ကိုယ်တော်ရှင် သူ့ကိုမစ တော်မူပါ။ သခင်ယေရှုရဲ့ ကျေးဇူးတော်အားဖြင့် ဖြစ်ပါတယ်။ သူဟာ ရန်သူရဲ့ချည်နှောင်ခြင်းတွေ အားလုံးကို ချိုးဖျက်နိုင်ဘို့ ဘုရားဘုန်းတော်နဲ့ မစတော်မူပါ။

ကောင်းကင်ဘုံရှင် အဖဘုရားသခင် ဒီလူတွေအားလုံး အသက်ရှင်ပြီးတော့ ကိုယ်တော်ရှင်ရဲ့ရိုက်သိမ်းခြင်းကာလမှာ အလုပ်လုပ်စေတော်မူပါ။ ကိုယ်တော်ရှင်ရဲ့ ကောင်းချီးတွေ သူတို့အပေါ်မှာ သက်ရောက်စေတော်မူပါ။ သူတို့ရဲ့အနားမှာ ရှိတော်မူပါ။ ကျွန်တော်တို့အားလုံးစုဝေးပြီးတော့ ကိုယ်တော်ရှင်ရဲ့ကျေးဇူးတော် ကြီးမြတ် တော်မူတဲ့သခင်ရဲ့ ခြေတော်ရင်း မှာ စည်းရုံးခွင့်ကို

ပေးတော်မူပါ။ သခင်ယေရှုနာမဌ် ကျွန်တော်တို့ ဆုတောင်းပေးကြပါတယ်။ အာမင်။

ဘုရားသခင် ကောင်းချီးပေးပါစေ ဘရာသာဟန်းန်၊ တစ်ကယ် အသီးသီးတဲ့သာသနာကို ပေးပါစေ။ ဘုရားသခင် ကောင်းချီးပေးပါစေလို့ နောက်ပြီးတော့ သင်တို့ကို အသီးသီးတဲ့ သာသနာကို ပေးပါစေ။ ဘရာသာခိုးမန်း ဘုရားသခင် ကောင်းချီးပေးပါစေ။ တစ်ဖန်ဆက်ပြီးတော့ ကောင်းကင် မီးကျောက်မီးသွေးက ပရောဖက်ကို တို့ထိပါတယ်။ အသန့်ရှင်းဆုံး သူ့ကို သန့်ရှင်းစေပါတယ်။ ဘုရားသခင်ရဲ့အသံတော်က ကျွန်ုပ် တို့အတွက် မည်သူသွားမှာနည်းလို့ ပြောတဲ့အခါမှာ သူက ပြန်ဖြေပါတယ်။ ဒီမှာ ကျွန်ုပ်ရှိပါတယ်ကိုယ်တော်၊ ကျွန်ုပ်ကို စေလွှတ်တော်မူပါ။ ငယ်ရွယ်တဲ့နှလုံးသားတွေကို ကိုယ်တော်ရှင် မိန့်တော်မူပါ။ ကိုယ်တော်ရှင် မိန့်တော်မူပါ။ ကိုယ်တော် ခေါ်တော်မူပါ။ အဲဒီတော့မှ ကိုယ်တော်ရှင်ကို သူတို့ လျင်မြန်စွာ ဖြေဆိုကြမှာ ဖြစ်ပါတယ်။ ကိုယ်တော် ရှင် မိန့်တော်မူပါ။ ကိုယ်တော်ရှင် မိန့်တော်မူပါ။ အဲဒီအခါမှာ ကျွန်တော်က ကိုယ်တော် ရှင် ကျွန်တော့်ကို စေလွှတ်ပါလို့ ပြန်ပြောမှာ ဖြစ်ပါတယ်။

17 ၁၇။ ဒီလိုကြီးမြတ်တဲ့ ဂုဏ်ပြုခြင်းခံရတဲ့အတွက် ကိုယ်တော်ရှင်ကို အရမ်းကျေးဇူး တင်ပါတယ်။ အသင်းတော်တွေက ထွက်ပြီးတော့ သက်သေခံကြပါတယ်။ ဒီနောက်ဆုံး သောနေ့ရက်ကာလတွေမှာ သူတို့ဟာ ထွက်သွားပြီးတော့ အမှုတော် ဆောင်တွေအားလုံးကို စေလွှတ်ပြီးတော့ သက်သေခံစေပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ဟာ သင်နဲ့အတူ ပါရှိပါစေ၊ ညီအစ်ကိုများ၊ ဟိုးအဝေးသာသနာကွင်းတွေကို ကိုယ်တော်ရှင် သင့်ကို စေလွှတ်ပါမယ်။ ကမ္ဘာကိုပတ်ပြီးတော့ သခင်ယေရှု ခရစ်ရဲ့အမှုတော်ကို ရှာဖွေဘို့ မတွေ့ရှိနိုင်လောက်အောင် များပြားလှတဲ့ ဟောပြောချက်တွေကို ပြောရမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့နေရာမှာ သွားရောက်ပြောပြရမှာ ဖြစ်ပါတယ်။ အရမ်းလိုအပ်တဲ့ ကမ္ဘာကြီးက ယနေ့ အခြေအနေမျိုးမှာ ရှိနေပါ တယ်။

အင်မတန်များပြားလှတဲ့ ကောင်းမြတ်တဲ့အရာတွေ ဖြစ်ပါတယ်။ ဒီနေရာမှာ နဲနဲ ဟိုးနေရာမှာနဲနဲ ကျွန်တော်တို့အားလုံး ဒီမနက်ရအောင်လို့ ယူရမှာ ဖြစ်ပါတယ်။ ကျွန်တော် အခုပြောမဲ့အကြောင်းအရာကတော့ တစ်ခါတစ်ရံမှာ ကျွန်တော် ဒီတစ်ကယ့် မှန်ကန်ပြီးတော့ တစ်ကယ်ကြောက်မက်ဖွယ် အချိန်ကာလတွေကို ကျွန်တော် မရောက် ချင်ပါဘူး။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ခင်ဗျားတို့ ဒီမှာမလာခဲ့ဘူးဆိုရင် သတင်းစကားကို မကြားခဲ့ဘူးဆိုရင် ခင်ဗျားတို့တိတ်ခွေတွေကို ပြန်ပြီးနားထောင်လို့ ရပါတယ်။ ပြီးခဲ့တဲ့ အပါတ်က သတင်းစကားရဲ့ခေါင်းစဉ်က တတိယမြောက် ထွက်မြောက်ခြင်း လို့နံမည် ပေးထားတဲ့ သတင်းစကားဘဲ ဖြစ်ပါတယ်။

18 ၁၈။ ကျွန်တော်တို့မှာ ဘာရှိပါသလဲ ? ဖျားနာနေတဲ့လူကလေးတစ်ယောက် ဒါမှမဟုတ် တစ်ခုခုရှိပါတယ်။ လက်ခြေမသန် မစွမ်းတဲ့ ကလေးလေးတစ်ယောက် ဖြစ်ပါတယ်။ ဘုရားသခင် သူ့ကို ကောင်းချီးပေးပါစေ။ ဝတ်ပြုစည်းဝေးပြီးသွားတဲ့အ ချိန်မှာ အဲဒီ ဖျားနာနေတဲ့သူအတွက် ကျွန်တော်တို့ သွားပြီးဆုတောင်းပေးမှာ ဖြစ်ပါတယ်။

ကျွန်တော် ခင်ဗျားတို့ကို မေးချင်တဲ့အရာကတော့ ခင်ဗျားတို့ ဖြစ်နိုင်မယ်ဆိုရင် သတင်းစကားကို ရရှိပြီး ဒီတတိယမြောက် ထွက်မြောက်ခြင်း အလင်းတရားနဲ့ပတ်သက်လို့ တတိယအကြိမ် ကောင်းကင်တမန်၊ ထာဝရဘုရားရဲ့ကောင်းကင်တမန်က လူတွေကို ထွက်မြောက်ဘို့ ခေါ်တဲ့အခါမှာ သိသိသာသာနဲ့ မိမိကိုယ်ကိုမိမိ ဒီကမ္ဘာလောကကြီးမှာ ဖေါ်ပြပါတယ်။ အဲဒါထွက်မြောက်ရာကျမ်းထဲမှာ ပါပါတယ်။ အဲဒါ တစ်ကယ်ကို ကျွန်တော့်အတွက်ဆိုရင် အင်မတန်မှ ကောင်းမွန် ထူးခြားတဲ့အရာဘဲ ဖြစ်ပါတယ်။ တတိယမြောက် ထွက်မြောက်ခြင်းဘဲ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ကုတ်အင်္ကျီကို ကျွန်တော်ချွတ်လိုက်မယ်ဆိုရင် ခင်ဗျားတို့ ဘယ် လိုမှ သဘောမထားပါနဲ့။ ပရိတ်သတ်ကလည်း ကိစ္စမရှိပါဘူးလို့ ပြန်ပြောပါတယ်။ (အယ်ဒီတာမှတ်ချက်) အမြဲတမ်းဘဲ ဒီတဲတော်ထဲမှာ နွေးနွေးထွေးထွေးဖြစ်နေပါတယ်။ ဒီမနက်လည်း ဒီအတိုင်းဘဲ ဖြစ်နေပါတယ်။ လေအေးပေးစက်ကလည်း သိပ်ပြီးတော့ မအေးပါဘူး။ ဒါကြောင့်မို့ ကိုယ့်ကိုယ်ကို ယပ်ခတ်နေရပါတယ်။ ကိုယ့်ရဲ့အားကိုဘဲ သုံးပြီး ကိုယ့်ကိုယ်ကို အေးအောင်လုပ်နေရပါတယ်။ ကျွန်တော်တို့ စီစဉ်ထားတဲ့အတိုင်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပိုပြီးတော့အေးနိုင်မဲ့ နည်းကိုသုံးပြီးတော့ လုပ်မယ်လို့စီစဉ် ထားပါတယ်။ အားလုံးကို တပ်ဆင်ပြီးတာနဲ့ တပြိုင်နက်တည်း ပြုလုပ်မှာ ဖြစ်ပါတယ်။

19 ၁၉။ ကျွန်တော်တို့ အရမ်းဘဲ သဘောကျပါတယ်။ ခင်ဗျားတို့လည်း ဒီသတင်းစကားကို နားထောင်လိုမယ်ဆိုရင် ကျွန်တော်လည်း ကျေနပ်ရမှာ ဖြစ်ပါတယ်။ တတိယမြောက် ထွက်မြောက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ထွက် မြောက်ခြင်းတွေ အမျိုးမျိုး ရှိပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့လက်ကို တိတိကျကျ တစ်နေရာရာမှာဘဲ ထားနိုင် မှာပါ။ တစ်နေရာရာ တစ်ချိန်မှာဘဲ ဖြစ်ပါတယ်။ ထွက်မြောက်ခြင်း (၃)ခုရှိ ပါတယ်။ မီးတိုင်ရဲ့ပုံသဏ္ဍာန်အားဖြင့် ကိုယ်တော်ရှင် ဆင်းသက်လာပြီးတော့ လူတွေကို ခွဲခြားလိုက်ပါတယ်။ အခုအခါမှာလည်း လူတွေကို ခွဲခြားထားလိုက်ပါတယ်။

ကျွန်တော်တို့ ရှာဖွေတွေ့ရှိလိုက်ရတဲ့အရာကတော့ ကိုယ်တော်ရှင်ရဲ့ ပထမဆုံး ထွက်မြောက်ခြင်းကို သူက ရွေးချယ် လိုက်တဲ့အခါမှာ သူတို့ရှေ့မှာ မီးတိုင်ကို ကိုယ်တော် ရှင်ရှေ့က သွားပါတယ်။ ကိုယ်တော်ရှင် သူတို့ကို ရှေ့ကနေ လမ်းပြပြီးတော့ ခေါ်ဆောင် သွားပါတယ်။ မကြာခင်မှာဘဲ ကိုယ်တော်ရှင် သူတို့ရှေ့မှာ ပေါ်လာပါတယ်။ သူတို့ရှေ့မှာ ပေါ်လာတဲ့လူသားကတော့ သခင်ယေရှုခရစ်ဘဲ ဖြစ်ပါတယ်။ သူက ဘုရားသခင် ဆီကနေ လာပြီးတော့ ဘုရားသခင်ဆီကို သွားပါတယ်။ နောက်ပြီးတော့ သူက ငြင်းပယ် ခံရပါတယ်။ သူနောက်ပြီးတော့ လာပါတယ်။ လူတွေကို ခေါ်ပါတယ်။ ပုံမှန်အခြေအနေ အားဖြင့် သူတို့ လက်ခံရရှိပါတယ်။ အီဂျစ်နိုင်ငံမှာကဲ့သို့ဘဲ ဖြစ်ပါတယ်။ အပြစ်တွေအားလုံးကို ဖြေလွှတ်ပြီး တော့ အီဂျစ်လူမျိုးတွေရဲ့ နည်းလမ်းများအတိုင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က သူတို့ကို ရွေးနုတ်ပြီးတော့ ခေါ်ထုတ်သွား ပါတယ်။

အခု ဒုတိယအကြိမ် ကျွန်တော်တို့ တွေ့ရပါတယ်။ သူတို့ကို ရောမအင်ပါယာ ထဲကနေပြီးတော့ ချုပ်နှောင်ထားခြင်းကနေ လွတ်မြောက်စေခြင်းဘဲ ဖြစ်ပါတယ်။ သူတို့က ယုံကြည်ချက်တွေကနေပြီးတော့ သွားရတာ ဖြစ်ပါတယ်။ တစ်ကယ် မှန်ကန်တဲ့ ဝတ်ပြုကိုးကွယ်မှုကနေ ထွက်သွားရပါတယ်။ ဘုရားသခင်ကတစ်ဖန် နောက်ထပ် ထွက်မြောက်ခြင်းကို ဖြေလွတ်ပါတယ်။ သူက လူသားပုံသဏ္ဍာန်နဲ့ သူတို့ကို ဦးဆောင် သွားပါတယ်။

20 ၂၀။ ပထမဆုံးထွက်မြောက်ခြင်းမှာ သူကတော့ မီးတိုင်ဘဲ ဖြစ်ပါတယ်။ သူကမ္ဘာ လောကကြီးကို ကြွလာပါတယ်။ သူတို့ကို ဦးဆောင်သွားတဲ့ ညီအစ်ကိုဘဲ ဖြစ်ပါတယ်။ အင်မတန်လှပတဲ့ ပုံသဏ္ဍာန်ဖြစ်ပြီးတော့ မိလေနီကာလမှာ ရှိနေမှာ ဖြစ်ပါတယ်။ သူဟာ ယခုအခါမှာ အသင်းတော်ကို ဦးဆောင်သွားတဲ့နေရာဘဲ ဖြစ်ပါတယ်။ ကိုယ် တော်ရှင်ကို အရှိအတိုင်းဘဲ ကျွန်တော်တို့ မြင်ရမှာဖြစ်ပြီးတော့ သူ့ရဲ့ဘုန်းထင်ရှားစေတဲ့ ကိုယ်ခန္ဓာအတိုင်းဘဲ ကျွန်တော်တို့လည်း သူတို့ ကိုယ်ခန္ဓာအဖြစ်ပြောင်းလဲသွားမှာဖြစ်ပါ တယ်။

ယနေ့အခါမှာ ဧဝံဂေလိတရားရဲ့အလင်းက ရောင်ပြန်ဟပ်နေပါတယ်။ တစ်ကယ့်အလင်းကနေပြီး ရောင်ပြန်ဟပ်ပြီးတော့ မီးတိုင်ကိုလည်း ကျွန်ုပ်တို့အလယ်မှာ ထင်ရှားစွာ တွေ့မြင်နေရပါတယ်။ သိပ္ပံပညာအားဖြင့်လည်း တွေ့ရပါတယ်။ မဂ္ဂဇင်းတွေ အားဖြင့်လည်း တွေ့နေရတယ်၊ တစ်ကမ္ဘာလုံး တွေ့နေရပါတယ်။ အဲဒါကတော့ သိပ္ပံ နည်းကျဖြစ်သလို ဝိညာဉ်ရေးရာအရလည်း ဖြစ်နေပါတယ်။ အလားတူမီးတိုင်အဖြစ်နဲ့ လည်း အသိအမှတ်ပြုပါတယ်။ နိမိတ်လက္ခဏာတွေ အလားတူအရာတွေ ဖြစ်ပျက်ခဲ့ သမ္မာအတိုင်းဘဲ ဖြစ်ပါတယ်။ အခု နေ့ရက်ကာလရဲ့အလယ်တွေမှာ ဘာရှိလဲဆိုတော့ အရမ်းကို အစွန်းရောက်နေတဲ့အရာတွေနဲ့ ရှိနေပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်က မိမိကိုယ်မိမိ အမြဲတမ်းဘဲ ဖော်ပြပါတယ်။ အဲဒါကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ဒီအကြောင်းအရာကို သိရတဲ့အခါမှာ ဘုရားဘယ်လောက် ဘုန်းကြီးတဲ့အရာ ဖြစ်ပါသလဲ? ဒီလောကဆိုင်ရာ တဲတော်ဟာ တစ်နေ့သောအခါမှာ ဒီကိုယ်ခန္ဓာဟာ ကျွန်တော်တို့အားလုံး ဖျားနာပြီးတော့ ပျက်စီးရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကိုယ် တော်ရှင်ရဲ့ဘုန်းထင်ရှားစေသော ကိုယ်ခန္ဓာအဖြစ်နဲ့ပြောင်းလဲသွားပြီးတော့ ကျွန်တော် တို့အားလုံးဟာ ကိုယ်တော်ရှင်ကို မျက်နှာချင်းဆိုင် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ကိုယ်တော်ရှင်ရှိတော်မူတဲ့ နေရာမှာ ကျွန်တော်တို့ ကိုယ်တော်နဲ့အတူ ရှိနေမှာ ဖြစ်ပါတယ်။ အခု မတ်တပ်ရပ်ပြီး သီချင်းဆိုနေတဲ့သူတွေ ကျွန်တော်တို့အားလုံးဟာ ဂတိထား တော်မူတဲ့ပြည့်အတွက် ဖြစ်တယ်လို့ သီချင်းကို ဆိုနေကြပါတယ်။ သူတို့တစ် ကယ်ဘဲ ဗတ္တိဇံခံတဲ့ ဝတ်ပြုစည်းဝေးပွဲတွေမှာ သီဆိုမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ရဲ့ တစ်ကယ်ဘဲ ဗတ္တိဇံခံခြင်း အကျင့်တွေဘဲ ဖြစ်ပါတယ်။

21 ၂၁။ အခုအခါမှာ ညီအကိုတို့ ဒီမှာရှိတဲ့လူတွေဘဲဖြစ်ဖြစ် တိတ်ခွေတွေနဲ့ ဘယ်နေ ရာကိုဘဲရောက်ရောက် ကမ္ဘာကို ပတ်ပြီးတော့ ရောက်သွားတဲ့ တိတ်ခွေတွေဘဲဖြစ်ဖြစ် ဒီသတင်းစကားတွေကတော့ လူတစ်ဦးတစ်ယောက်ဆီကို သေသေ ချာချာ ရည်ရွယ်ပြီး ပို့လိုက်တာတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ လူတွေကိုပို့ဆောင်ပြီးတော့ လူမျိုးနွယ်စုတွေကို ရွေးပြီးတော့ အဲလိုမျိုး မျိုးချစ်တွေကို ရွေးပြီးတော့ ပို့ဆောင်နေခြင်းဘဲ မဟုတ်ပါဘူး။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ တစ်နေရာရာမှာ စုဝေးနေကြတာလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ သိသိသာသာနဲ့ ယုံကြည်ခြင်း မရှိဘဲနဲ့ ကိုယ့်ကိုယ်ကို ခွဲခြားထုတ်လို့ မရပါဘူး။ ဒါမှမဟုတ်လည်း ကျွန်တော်တို့ကို ဘယ်သူ့ဆီမှ ခွဲထုတ်လို့ မရပါဘူး။ ဘုရားသခင်ကိုလည်း ဆန့်ကျင်လို့ မရပါဘူး။ အသင်းတော်ကိုလည်း ဆန့်ကျင်လို့ မရပါဘူး။ ကျွန်တော်တို့ဟာ အသင်းတော် အတွက် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့က ကြိုးစားပြီးတော့ ညွှန်ပြနေတာက ဘာလဲဆိုတော့ သန့်ရှင်းသောဝိ ညာဉ်တော်နဲ့ သူ့ရဲ့အကူအညီအားဖြင့် ဒီလိုမျိုးခွဲခြားခြင်းရဲ့အကြောင်းရင်း ဒီနေ့မှာ ကျွန်တော်တို့နဲ့ရှိနေတယ်။ ကွဲပြားနေဆဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒါကို အယုံအ ကြည်မရှိပါဘူး။

အသင်းတော်တွေအားလုံးဟာ တစ်ဦးနဲ့တစ်ဦး မိဿဟာယဖွဲ့ဘို့ဘဲ ဖြစ်ပါတယ်။ ကွဲပြားခြားနားဘို့ မဟုတ်ပါဘူး။ မက်သဒစ်အုပ်စုတွေလည်း မက်သဒစ်အုပ် စုတွေနဲ့ ဖြစ်နေရပါမယ်။ နှစ်ခြင်းတွေလည်း ဒီအတိုင်းဘဲ တြိနီတီသမားတွေရော ယူနီတေးရီးယန်းသမားတွေရော၊ ကျွန်တော်ဘာဘဲရှိရှိ အားလုံးဟာ ခွဲခြားပြီးတော့ ရှိပါတယ်။ ကျွန်တော်တို့အားလုံး အတူ တကွ ရှိသင့်တယ်လို့ ယုံပါတယ်။ သခင်ယေရှု ခရစ်တည်းဟူသော အုပ်စုကြီးတစ်စုထဲမှာ အင်မတန်ကြီးမားတဲ့ အုပ်စု ကြီးတစ်စုထဲမှာ အားလုံးစုပေါင်းဘို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကြွလာတော်မူမယ်ဆိုတာ အချိန်ကို စောင့်မျှော်နေခြင်းဘဲ ဖြစ်ပါတယ်။ သူတို့အားလုံးကိုတော့ ကျွန်တော်တို့ ခွဲခြားထား လို့မသင့်ပါဘူး။

22 ၂၂။ ဘာက ခွဲခြားတာလဲ? အခြေခံအားဖြင့် အကြောင်းရင်း ရှိပါတယ်။ ကျွန်တော်တို့ဟာ အတူတကွ မဟုတ်ပါဘူး။ ကျွန်တော်တို့ လေ့လာတဲ့အခါမှာ ကျွန်တော်တို့ သိရတဲ့အရာကတော့ ကျွန်တော်တို့ရဲ့ အသားအရေကြောင့်လည်း မဟုတ်ပါဘူး။ အမဲတို့၊ အညိုတို့၊ အဝါတို့၊ အဖြူတို့ကြောင့်လည်း မဟုတ်ပါဘူး။ အဖွဲ့အစည်းတွေနဲ့ဘဲ ကျွန်တော်တို့ ကွဲပြားနေခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ စားသောက်တဲ့ အစားအသောက် ကြောင့်လည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ စားသောက်တဲ့အစားအသောက်ကလည်း တူညီမှုရှိပါတယ်။ ကျွန်တော်တို့အဝတ်အစားတွေလည်း တူညီမှုရှိပါတယ်။ အဓိက အခြေခံအားဖြင့်ကတော့ ဧဝံဂေလိတရားနဲ့ပတ်သက်လို့ လူတစ်ဦးက ဘယ်လိုလူ သွန်သင်ခြင်းကို ခံရသလဲ? တစ်ယောက်စီ နဲ့ပတ်သက်လို့ဘဲ ဖြစ်ပါတယ်။

တစ်ကယ်ဘဲ အတိအကျ ဖော်ပြနိုင်တဲ့နည်းလမ်းရှိပါတယ်။ မှားသလား၊ မှန်သ လားဆိုတာ ခွဲခြားနိုင်တဲ့ နည်းလမ်းရှိပါတယ်။ တခုတည်းသောနည်းလမ်းအားဖြင့် သင်လုပ်နိုင်မဲ့အရာကတော့ နှုတ်ကပတ်တော်ကို ဘာမှအနက်ဖွင့်ဆိုခြင်းမလုပ်ဘဲနဲ့ သူရှိတဲ့ နည်းလမ်းအတိုင်းဘဲ ဖတ်ဖို့ယုံကြည်ဖို့ဘဲ ဖြစ်ပါတယ်။

23 ၂၃။ လူတစ်ယောက်စီက သူဟာနဲ့သူအနက်ဖွင့်ဆိုပါတယ်။ တစုံတခုခြားနားမှုကိုလည်း ပြောဆိုပါတယ်။ မူရင်း ကက်သလစ်အသင်းတော် အဖွဲ့အစည်းကိုလည်းရောက် သွားပါတယ်။ ကက်သလစ်အသင်းတော်ကတော့ ဘုရားသခင်က သူတို့ရဲ့ ဘုရား

ကျောင်းထဲမှာ ရှိတယ်လို့ ယုံကြပါတယ်။ နောက်ပြီးတော့ နှုတ်ကပတ်တော်နဲ့ပတ်သက်လို့ သူတို့ဘာမှ မလုပ်ပါဘူး။ ဘုရားသခင်ကဘဲ သူ့ရဲ့အသင်းတော်ထဲမှာ သူကြည့်ပါတယ်။

ကျွန်တော်တို့က ပရိုတက်စတင့်တွေဖြစ်ပြီးတော့ ကျွန်တော်တို့တွေ့ရှိရတဲ့ နေရာကတော့ ဗျာဒိတ်ကျမ်း အခန်းကြီး(၁၇)မှာကဲ့သို့ဘဲ ဖြစ်ပါတယ်။ အားလုံးဟာ အတူတကွ စုပေါင်းပြီးတော့ နေပါတယ်။ ကက်သလစ်အသင်းတော်ကလည်း အဖွဲ့အ စည်းတွေအားလုံးရဲ့ မိခင်ဖြစ်နေပါတယ်။ ပရိုတက်စတင့်အဖွဲ့အစည်းကလည်း မျက်စိကွယ်လျှက်ရှိပြီးတော့ ကက်သလစ်အ သင်းတော်ရဲ့ သဘောသဘာဝအတိုင်းဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာကတော့ ကက်သလစ်အသင်းတော်ကို ပြည်တန်ဆာ လို့ ခေါ်ပါတယ်။ ပရိုတက်စတင့်အသင်းတော်ကိုတော့ ပြည်တန်ဆာရဲ့ သမီးများလို့ ဆိုထားပါတယ်။ သူကတော့ ပြည်တန်ဆာတို့ရဲ့မိခင်ဘဲ ဖြစ်ပါတယ်။ အဲဒါက လူတွေဖြစ်ပါတယ်။ အဲဒါကတော့ ကံကြမာဆိုးတဲ့အမျိုးသမီးတွေဘဲ ဖြစ်ပြီး တော့ သူ့ရဲ့လက်ထပ်ပြီးတော့ လက်ထပ်တဲ့အခါမှာ ကျိန်ဆိုထားတဲ့ ဂတိထားတဲ့အတိုင်းဘဲ သူက မစစ်မှန်တော့လို့ဘဲ ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံးဟာ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ခရစ်တော်ရဲ့သတို့ သမီးလို့ဆိုပါတယ်။ ဒါပေမဲ့လည်း မမှန်ကန် ပါဘူး။ ဘာကြောင့် မမှန်ကန်ရပါသလဲ? ဘုရားသခင်ရဲ့ စည်းကမ်းဥပဒေတွေကို ဆန့်ကျင်ပြီး အသက်ရှင်လို့ပါဘဲ။ သတို့သမီးကို သူ့ဟာသူ အသက်ရှင်ပြီးတော့ ဘေးဖယ်ထားလို့ဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော့်ရဲ့အယူအဆဖြစ် တယ်။ သမ္မာကျမ်းစာလည်း အဲဒီအတိုင်းဘဲ ဆိုထားပါတယ်။ သမ္မာကျမ်းစာကတော့ ဘုရားသခင်ရဲ့ မမှားယွင်းတဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ ကျွန်တော် အဲလိုဘဲ ယုံကြည်ပါတယ်။

24 ၂၄။ ထို့ကြောင့် ကျွန်တော်တို့ ပင်တေကုတ္တေအသင်းတော်က အဖွဲ့အစည်းအနေနဲ့ဖြစ်ဘို့အတွက် မိမိကိုယ်ကို ခွဲခြားပြီးတော့ ထားပါတယ်။ သမ္မာကျမ်းစာကနေတောင် ခွဲခြားထားပါတယ်။ သူတို့ အဖွဲ့အစည်း လုပ်နိုင်ဘို့အတွက်ဘဲ ဖြစ်ပါတယ်။ သင်းအုပ်ဆရာတွေကိုလည်း ဘီသိတ်ပေးပါတယ်။

ယခုကျွန်တော်ရဲ့ စာကြည့်ခန်းထဲကို လာတယ်။ အခန်းထဲကိုလာပါတယ်။ လပေါင်းများစွာဘဲဖြစ်ပြီးတော့ သူတို့က ကျွန်တော်ကိုပြောပါတယ်။ ဘာရာသာဘရန်ဟမ် ခင်ဗျားကလူတွေကို စိန်ခေါ်တယ်။ အဲဒါနဲ့ပတ်သက်လို့ ဘယ်သူမျှဆန့် ကျင်ပြီး ရပ်တည်မှာမဟုတ်ပါဘူး။ အဲဒါကအမှန်တရားဖြစ်တယ်ဆိုတာကို သူတို့သိပါတယ်။ ဘာကြောင့်လဲ ဘာကြောင့် ခင်ဗျားတို့အဲလိုလုပ်တာလဲ။ ကျွန်တော်ကပြန်မေးလိုက်ပါ တယ်။

ကျွန်တော်အဲလိုလုပ်တယ်ဆိုလို့ရှိရင် ကျွန်တော်သူတောင်းစားဖြစ်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်မှာအလုပ်ရှိပါတယ်။ ကျွန်တော်ဘုရားသခင်ဆီကို ရောက်ဖို့ဘဲဖြစ်ပါတယ်။ ကျွန်တော်လူတွေဆီကို ရောက်အောင်သွားရမှာဖြစ်ပါတယ်။ ကျွန် တော်မှာ ကျောထောက်နောက်ခံမရှိပါဘူး။

ခရစ်တော်သည် ကျွန်တော်တို့ရဲ့ ကျောတောက်နောက်ခံဖြစ်တယ်ဆိုတာကို သိပါသလား။ သမ္မာကျမ်းစာက ကျွန်တော်တို့ရဲ့ ကျောတောက်နောက်ခံဘဲဖြစ်ပါတယ်။

ဒါပေမဲ့လည်း ပင်တေကုတ္တေအသင်းတော်ကို ဖယ်ထုတ်လိုက်သလိုဖြစ်ပြီးတော့ အတိအကျဘဲ ကက်သလိပ်အသင်းတော်လို ဘဲဖြစ်တယ်။

25 ၂၅။ ကက်သလိပ်အသင်းတော်ကတော့ ဘာကိုမှ ဂရုမစိုက်ပါဘူး။ အဲဒါကိုမ ကောင်းဘူးဆိုလိုခြင်းလည်းမဟုတ်ပါဘူး။ သမ္မာကျမ်းစာကို ဂရုမစိုက်ဘူးလို့ ကျွန်တော်ပြောဆိုခြင်းဘဲ ဖြစ်ပါတယ်။ သူတို့သမ္မာကျမ်းစာကိုသိပါတယ်။ သူတို့က တမန်တော်ကနေဆက်နွယ်နေတဲ့ ဆင်းသက်လာတဲ့ ကက်သလိပ်အသင်းတော်အခြေပြု ပြီးပြောဆိုကြပါတယ်။ ပုပ်ရဟန်း မင်းတွေရဲ့ အစဉ်အဆက် ဆက်စပ်ပြီးတော့ ဆင်းလာခြင်းဘဲဖြစ်ပါတယ်။ ပေတရုကပထမဦးဆုံး ပုပ်ရဟန်းမင်း ကြီးဖြစ်ပါတယ်။ နောက်ပြီး တော့ တစ်ယောက်ပြီးတော့တစ်ယောက်ရှိပါတယ်။ အဲဒါကို သူတို့ယုံကြည်ပါတယ်။ သူတို့အဲဒါကို အလေးအနက်ထားပြီး ယုံကြည်ပါတယ်။

ပရိုတက်စတင့်တွေကို ကြည့်မယ်ဆိုရင် သူတို့က စုဝေးပြီး အဖွဲ့အစည်း ဖွဲ့စည်းပါတယ်။ နိစိန်ကောင်စီမှာသူတို့လုပ်တဲ့အ တိုင်းဘဲဖြစ်ပါတယ်။ ရောမမှာဘဲဖြစ် ပါတယ်။ သူတို့က အဖွဲ့အစည်းကို ဖွဲ့စည်းတယ်။ ကက်သလိပ်အသင်းတော်လို့ဆိုပါ တယ်။ နိစိန်ကောင်စီမှာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့တွေ့ရှိရတဲ့အရာကတော့ သူတို့ဟာ အတူတူဘဲဖြစ်ပါတယ်။ သူတို့နှစ်ဦးစလုံးတူညီမှုရှိပါတယ်။ သူတို့သည် ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ကျောခိုင်းတယ်။ နောက်ပြီးတော့အ ဖွဲ့အစည်းဖွဲ့စည်းပါတယ်။ နောက်ပြီးတော့ တကယ်ကြီးမားတဲ့ သမ္မာတရားတွေက သူတို့အတွက် အထူး အဆန်းတွေဖြစ် နေပါတယ်။ သူတို့မသိတဲ့အရာတွေ ဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ ရိုးရာအစဉ်အလာအားဖြင့် သူတို့သွန်သင်ထားသောကြောင့် ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ အစဉ်အလာမရှိပါဘူး။ သမ္မာကျမ်းစာဘဲ ရှိပါတယ်။ ကျွန်တော်တို့မှာ ဘာမှမရှိပါဘူး။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဘဲ ရှိပါတယ်။ အဲဒီအပေါ် မှာဘဲ ကျွန်တော်တို့ရပ်တည်ပါတယ်။

26 ၂၆။ ယနေ့အချိန်မှာ ကျွန်တော်ဟာ ကျမ်းစာတွေကို ဖတ်ချင်ပါတယ်။ တကယ်ဘဲ မြင့်မြတ်သန့်ရှင်းတဲ့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။ ရှင်လုကာကျမ်း ထဲမှာပါတဲ့အကြောင်းအရာကို ဖတ်ချင်ပါတယ်။ ရှင်လုကာအခန်းကြီး ၂၃ ဖြစ်ပြီးတော့ ကျွန်တော်ပြောချင်တဲ့အဓိကအ ကြောင်းအရာကတော့ ဒီနေ့ကျွန်တော်ပြောမဲ့ တရား ဟောချက်ဘဲဖြစ်ပါတယ်။ ယခု ရှင်လုကာ အခန်းကြီး ၂၃ကို ဖွင့်ပြီးဖတ်ပါ။ ကျွန်တော် ကျမ်းပုဒ်တပုဒ်ကို ဖတ်ချင်ပါတယ်။ ဒီမနက်ကျွန်တော် အခြေပြုချင်တဲ့ကျမ်း ချက်ကတော့ အဲဒီကျမ်းချက်ဘဲဖြစ်ပါတယ်။ (အခန်းကြီး ၂၃း၃၃) ဘဲဖြစ်ပါတယ်။ကရာနီ အမည်ရှိသောအရပ်သို့ ရောက်သောအခါ ကိုယ်တော် ထိုလူဆိုးတို့ကို လက်ယာဖက်၌ တစ်ယောက်၊ လက်ဝဲတော်ဖက် ၌တစ်ယောက် လက်ဝါးကားတိုင်မှာ ရိုက်ထားကြ၏။

အဲဒီကျမ်းပုဒ်ထဲက စာလုံးလေးလုံးကို ကျွန်တော်ထုတ်လိုပါတယ်။ ကျွန်တော် ပြောချင်တဲ့အရာကို ကျွန်တော်အခြေပြု ဘို့ဘဲဖြစ်ပါတယ်။ အဲဒီစကားလုံးလေးလုံးက တော့ လက်ဝါးကားတိုင်မှာ ရိုက်ထားကြ၏။ ‘ Crucified ’ ဖြစ်ပါတယ်။ စကားလုံးလေးလုံးဘဲဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဒီနေ့ပြောမဲ့အရာကတော့ အပြစ်တင်ခြင်း၊ ဆွဲချက်တင်ခြင်း၊ ဖြစ်ပြီးတော့ ဂိုဏ်းဂဏဆိုင်ရာ၊ အသင်းတော်တွေကို ကျွန်တော်ဒီနေ့ဒီရပ်မှာ ဆွဲချက်တင်ပြီးတော့ လွတ်လွတ်လပ်လပ်နေသောသူအား လုံးကိုလည်း အပြစ်တင်ခြင်းဘဲ ဖြစ်ပါတယ်။ သခင်ယေရှုကို ကားတိုင်တင်ခြင်းဘဲဖြစ် ပါတယ်။ သူတို့ကို အပြစ်တင်ပါတယ်။ နံနက်ပြောလိုတဲ့အကြောင်းအရာကတော့ ဆွဲ ချက်တင်ခြင်း၊ အပြစ်တင်ခြင်း ခေါင်းစဉ်ဘဲဖြစ်ပါတယ်။

27 ၂၇။ နောက်ပြီးတော့ ကျွန်တော်ဒီအခန်းကိုလည်း တရားဟောအခန်းလို ပြင်ဆင် ချင်ပါတယ်။ တရားဟောပလ္လင်လည်း ရှိမယ်။ အသင်းတော်မှာလည်း တရားရုံးကဲ့သို့ နေရာလည်း ရှိမှာဖြစ်တယ်။ သမ္မာကျမ်းစာမိန့်တော်မူတဲ့အတိုင်းဘဲ တရားစီရင်တဲ့ နေရာရှိပါတယ်။ တရားစီရင်တဲ့ ပလင်ဘဲဖြစ်ပါတယ်။ အဲဒါကတော့ ကိုယ်တော်ရှင်ရဲ့အိမ်တော်မှာဘဲဖြစ် တယ်။ အဲဒါကဘာနဲ့တူသလဲဆိုတော့ ပလ္လင်ရှိတယ်။ တရားစီရင်မဲ့ တရားသူကြီးတွေရှိတယ်။ သက်သေတွေရှိတယ် စသည်ဖြင့်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်ရဲ့သက်သေကတော့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။

ကျွန်တော်ရဲ့ အပြစ်တင်ခြင်း၊ စွပ်ဆွဲခြင်းကတော့ အသင်းတော်တွေ ယနေ့အသင်းတော်တွေကို ဆွဲချက်တင်ခြင်း ဘဲဖြစ်ပါတယ်။ အပြစ်သားတွေကိုတော့ ကျွန်တော် ဒီထဲကို မယူဆောင်လာပါဘူး။ ကျွန်တော်အသင်းတော်ကို အဲဒီလိုဘဲ ပြောခြင်းဘဲဖြစ် ပါတယ်။ တိတ်ခွေတွေထဲမှာလည်း အဲလိုဘဲ ပါသွားမှာဖြစ်ပါတယ်။ အတတ်နိုင်ဆုံး အမြန်ဆုံးပြီးသွားအောင် ကျွန်တော်ပြောလိုပါတယ်။ အပြစ်တင်ခြင်းကတော့ ဒီခေတ် မှာရှိတဲ့ လူသားမျိုးနွယ်တွေကို အပြစ်တင်ခြင်းဘဲဖြစ်ပါတယ်။ သခင်ခရစ်တော်ကို ဒုတိယအကြိမ်ကားတိုင်တင်ခြင်းကြောင့်ဘဲဖြစ်ပါတယ်။

28 ၂၈။ ဒီခေတ်ဒီကာလမှာ ဒီလိုလုပ်တဲ့အကြောင်းအရာကတော့ ကျွန်တော် အထောက်အထားပြဘို့လိုလို့ဘဲဖြစ်ပါတယ်။ ကျွန်တော် ဆွဲချက်တင်တော့မယ်ဆိုရင် ကျွန်တော်ကတော့ ကျွန်တော်ဆွဲချက်တင်မဲ့လူတစ်ယောက်ကို အထောက်အထား အခိုင်အလုံ ပြထားရမှာဖြစ်ပါတယ်။ သူတို့ကို အပြစ်ရှိတဲ့အကြောင်းကို ခိုင်ခိုင်လုံလုံဖော်ပြ ရမှာဖြစ်ပါတယ်။ သူတို့ရှေ့မှာ ယူဆောင်လာရမှာဖြစ်ပါတယ်။ အထောက်အထားခိုင် လုံစွာနဲ့ ဖြစ်ပါတယ်။ ကျွန်တော်ပြောတဲ့အကြောင်းအရာကတော့ တကယ့်တရားသူကြီး အရှေ့မှာ ရပ်တည်ပြီးပြောဆိုရမှာဖြစ်ပါတယ်။ ကျွန်တော်ကိုကျွန်တော်လည်း ရှေ့နေ တစ်ယောက်အ နေနဲ့ ဒီလိုဆွဲချက်တင်မှုကို ပြုလုပ်ခြင်းဘဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်က ကျွန်တော်ရဲ့ သက်သေဘဲဖြစ်ပါ တယ်။ ဒီခေတ်မှာရှိတဲ့လူသား တွေကို ဆွဲချက်တင်တာကတော့ ကားတိုင်တင်ခြင်းကြောင့်ဘဲဖြစ်ပါတယ်။

29 ၂၉။ ကျွန်တော်ဖော်ပြမှာဖြစ်ပါတယ်။ ဖော်လည်းဖော်ပြမှာဖြစ်ပါတယ်။ ဒီနေ့လူ တွေရဲ့စိတ်နှလုံးထဲမှာ အလားတူဘဲဖြစ် နေပါတယ်။ ပထမဦးဆုံးကားတိုင်တင်ခြင်းကဲ့ သို့ဘဲ ရှိနေပါတယ်။ အဲဒီအတိုင်းဘဲ သူတို့ လုပ်နေပါတယ်။ ကျွန်တော် အဲဒါကြောင့် မို့လို့ သူတို့ဟာ ခရစ်တော်ကို ကားတိုင်တင်ပြီးသတ်တယ်ဆိုတာကို ကျွန်တော်ပြရမှာ ဖြစ်ပါတယ်။ လူတွေကို ဒီနေ့သူတို့မှာ ရှိနေတဲ့စိတ်နေသဘောထားတွေက ခရစ်တော်ကို ကားတိုင်တင်တဲ့လူတွေရဲ့ သဘောထားအတိုင်း ဘဲဖြစ်တယ်။ ဝိညာဉ်ရေးရာအရပ် အဲလိုဖြစ်တဲ့အတွက် ရပ်ပိုင်းဆိုင်ရာမှာလဲ သူတို့အဲလိုလုပ်နေကြတယ်လို့ ကျွန်တော်ဖော် ပြရမှာဖြစ်ပါတယ်။ သူတို့ဟာ ရုပ်ပိုင်းဆိုင်ရာအရ သခင်ယေရှုခရစ် ဘုရားသားတော် ကို ကားတိုင်တင်ခဲ့ပါတယ်။ ဒီနေ့ လူတွေကတော့ အဲဒီနှုတ်ကပတ်တော်အတိုင်းဘဲ အဲဒီ သန့်ရှင်းသောဝိညာဉ်တော်အတိုင်းဘဲ ဖြစ်ပါတယ်။ အသင်း တော်တွေကို ကျွန်တော် ပြလိုပါတယ်။ သူတို့ ဘယ်နေရာမှာ ရပ်တည်နေသလဲ? သူတို့ အလားတူအရာကိုဘဲ သူတို့ပြန်ပြီးတော့ လုပ်နေပါတယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ သူတို့ လုပ်မယ်ဆိုတဲ့အရာကို သူတို့လုပ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ အသက်ရှင်နေထိုင်တဲ့ ခေတ်ကာလမှာလည်း ဒီအတိုင်းဖြစ်နေတဲ့အကြောင်း သက်သေပြချင်ပါတယ်။ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းကတော့ မဖြစ်နိုင်ခဲ့ပါဘူး။ လွန်ခဲ့တဲ့နှစ်(၅၀) လောက်ကဆိုရင်မဖြစ်နိုင်ပါဘူး။ဒါပေမဲ့ ဒီနေ့ အခုအချိန်မှာတော့ တစ်ကယ်ကို ဖြစ်နေပါတယ်။ လွန်ခဲ့တဲ့(၁၀)နှစ်၊ဖြစ်ကောင်း ဖြစ်မှာပါ။ ဒါပေမဲ့လည်း ဒီနေ့ ဖြစ်နေပါ တယ်။ ဘာကြောင့်လဲဆိုတော့ အချိန်မရှိတော့လို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ နောက်ဆုံးသောအချိန်ကို ရောက်နေ ပါပြီ။ ကိုယ်တော်ရှင်ရဲ့ အစေခံကျွန်အနေနနဲ့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီမြေကနေ ကျွန်တော်တို့ ကျော်လွှားပြီးတော့ တစ်ခြားမြေ တစ်မြေ၊ တစ်ခြားနယ်တစ်နယ်ကို ကျွန်တော်တို့ သွားရပါတော့မယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ နောင်တရဘို့ လိုပါတယ်။ နိုင်ငံတစ်နိုင်ငံက နောင်တမရရင် ပျက်စီးသွားမှာ ဖြစ်ပါတယ်။ ဒီနိုင်ငံကတော့ ဘယ်လိုမှ နောင်တမရ နိုင်ပါဘူး။ သူတို့ဟာ ဂရုဏာတော်နဲ့ တရားစီရင်ခြင်း ကြားမှာနယ်နိမိတ်လမ်းကြောင်း ကို ကျော်ဖြတ်ပါတယ်။ ဒါပေမဲ့လည်း သူမက ကြားကနေပြီး ဟိုဘက်ဒီဘက် သူ့ကို ချိန်ဆနေတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

30 ၃၀။ ဘာရာသာဇရမ်ဟမ်၊ ခင်ဗျားအမှုကို ခင်ဗျားမစတင်ခင်မှာ ဘယ်လိုသက်သေ ပြမလဲလို့ မေးခွန်းမေးနိုင်ပါတယ်။ ကျွန်တော်တို့ဟာ အပြစ်ရှိပါတယ်။ ဘုရားသခင်ဟာ ကမ္ဘာလောကကြီးကို ဖျက်ဆီးပစ်လိုက်တဲ့အထိ ဖြစ်နိုင်တဲ့ ပြစ်မှုကို ကျွန်တော်တို့ ကျူးလွန်ထားပါတယ်။ ဟိုးရှေးခေတ်ကာလက ကိုယ်တော်ရှင် ကမ္ဘာလောကကြီးကို ဖျက်ဆီးခဲ့တဲ့အတိုင်းဘဲ ကျွန်တော်တို့လည်း အခု အဲဒီအလားတူအပြစ် ဖြစ်နေပါတယ်။ သောဒုံမြို့နဲ့ ဂေါမောရ မြို့ကို ဖျက်ဆီးပစ်ရလောက်တဲ့ အပြစ်တွေ ဒီနေ့ ကျွန်တော်တို့ လုပ်ပါတယ်။ ကျွန်တော် တို့မှာ အလားတူ ဝိညာဉ်ရေးရာ အထောက်အထား ကျွန်တော်တို့ ပြနိုင်ပါတယ်။ ဝိညာဉ်ရေးရာ အဖြစ်အပျက်တွေ ရှိပါတယ်။ တစ်ကမ္ဘာလုံးလည်း သိပါတယ်။ ဘုရား သခင် ဂရုဏာတော်တွေ ဒီမျိုးဆက်အပေါ်မှာ သက်ရောက်စေတဲ့အရာဘဲ ဖြစ်ပါတယ်။ အဲဒါတွေ ငြင်းပယ်တဲ့အတွက် တရားစီရင်ခြင်း ခံရမှာဖြစ်ပါတယ်။ ဒီခေတ်မှာ ဒီလူ တွေက ငြင်းပယ်မယ်ဆိုရင် သူတို့ရဲ့ခေတ်ကာလမှာ ဂရုဏာတော်ကို ငြင်းပယ်ထားတဲ့ အတိုင်းဘဲ ဘုရားသခင်က တရားစီရင်ခြင်း မခံရဘဲနဲ့ သူတို့ကို လွတ်မြောက်စေမှာ ဖြစ်ပါတယ်။

ဂျက်မိုးဆိုတာ ကျွန်တော့်ရဲ့ မိတ်ဆွေတစ်ယောက် ဖြစ်ပါတယ်။ တစ်ချိန်က သူပြောခဲ့ပါတယ်။ ဒီနိုင်ငံက ဘုရားသခင် တရားစီရင်ခြင်းမရှိဘူးဆိုရင် သောဒုံမြို့နဲ့ ဂေါမောရမြို့ကို တစ်ဖန်ပြန်ပြီးတော့ တည်ထောင်ပြီးတော့ သူတို့ကို တစ်ဖန်ပြန်ပြီး တော့ ဘုရားသခင်က တောင်းပန်ရမှာ ဖြစ်ပါတယ်လို့ ဆိုထားပါတယ်။

31 ၃၁။ ဝိညာဉ်ရေးရာအရ ကြည့်မယ်ဆိုရင် ဒီနေ့လည်း သူတို့ ဒီလိုဘဲ အပြစ်လုပ်နေ ကြပါတယ်။ ရည်ရွယ်ချက်လည်း တူနေပါတယ်။ နည်းလမ်းလည်း တူနေပါတယ်။ သခင်ယေရှုခရစ်ကို ကားတိုင်တင်ခြင်းဘဲ ဖြစ်ပါတယ်။ ဝိညာဉ်ပိုင်း ဆိုင်ရာအရ တင်နေခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ အဲဒီလိုလုပ်ခြင်းကတော့ မနာလိုဖြစ်ခြင်းကြောင့်ဘဲ ဖြစ်ပါတယ်၊ ဝိညာဉ်ရေးရာမျက်စိကွယ်ခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။ သူတို့ မတွေ့လိုမမြင်လိုတဲ့အရာဘဲ ဖြစ်ပါတယ်။ သူတို့ နာခံမှုမရှိ နားမထောင်လိုတဲ့အရာဘဲ ဖြစ်ပါတယ်။

သခင်ယေရှုက ဒီကမ္ဘာလောကကြီးထဲမှာ ခရီးသွားနေတဲ့အခါမှာ ဟေရှာယ ပြောဆိုသကဲ့သို့ဘဲ ခင်ဗျားတို့ မျက်စိရှိပြီးတော့ ခင်ဗျားတို့ မမြင်ရဘူး။ ခင်ဗျားတို့နား ရှိပြီးတော့ မကြားရဘူးဆိုတဲ့အတိုင်းဘဲ ဖြစ်နေပါတယ်။

အဲဒီအကြောင်းကြောင့်ဘဲ အဲဒီရည်ရွယ်ချက်ကြောင့် အကြောင်းပြချက်များကြောင့်ဘဲ သူတို့ဟာ ခရစ်တော်ကို ကားတိုင် ထမ်းရန်ယူဆောင်ခြင်းဘဲ ဖြစ်ပါတယ်။ အသစ်ပြန်လည်ပြီးတော့ ဖြစ်ပေါ်လာစေပါတယ်။ အဲဒီအကြောင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ မကြာခင် ပြောပြမှာ ဖြစ်ပါတယ်။ အရင်တုန်းကလည်း သူတို့ဟာ အလားတူ အကြောင်းများကြောင့်ဘဲ အပြစ်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။

သူတို့ဟာ ဘယ်လိုမှ ဆန့်ကျင်ဖက်အရာကို ရှာဖွေမတွေ့ရှိနိုင်ပါဘူး။ သူတို့ဟာ ဘယ်လိုမှလည်း စိမ်မခေါ်နိုင်ပါဘူး။ စိမ်မခေါ်ရဲပါဘူး။ အထောက်အထား အဲဒီမှာ ရှိနေပါတယ်။ သမ္မာကျမ်းစာ ဘာဆိုထားသလဲဆိုတာလည်း သူတို့ သိပါတယ်။ သူတို့ လုပ်နိုင်တဲ့အရာတစ်ခုက ဘာလဲဆိုတော့ ညစ်ညျူးစေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီအကြောင်းတွေကလည်း သူယူပြီးတော့ ရှိနေပါတယ်။

32 ၃၂။ ဒီအခြေခံအကြောင်းရင်းကြောင့်ဘဲ သခင်ယေရှုကို ကားတင်ခြင်းနဲ့ ပတ်သက်လို့ ဒီမျိုးဆက်ကို ကျွန်တော် အမည်ဖော်လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကားတင် ခြင်းဖြစ်တယ်။ အပြစ်တင်ခြင်းဖြစ်တယ်။ ညစ်ပတ်ပြီးတော့ ယုတ် မာပြီးတော့ တစ်ကိုယ်ကောင်းဆန်ပြီးတော့ ဂိုဏ်းဂဏဆိုင်ရာလက်တွေနဲ့ အသက်တာရဲ့ ဘုရင်ကို ကားတင်ကြပါတယ်။ ဘုရင်ထံကိုလည်း သူတို့ကိုယ်သူတို့ တင်ပြလိုခြင်း ဖြစ်ပါတယ်။ အလားတူ ပုဂ္ဂိုလ်ဖြစ်တယ်လို့ သင်ပြောမှာ ဖြစ်ပါတယ်။ အစအဦးမှာ နှုတ်ကပတ်တော် ရှိတယ်။ နှုတ်ကပတ်တော်ဟာ ဘုရားသခင်ဖြစ် တယ်။ နှုတ်ကပတ်တော်က လူဇာတိခံပြီး တော့ မိမိကိုယ်ကို မိမိဖော်ပြတယ်လို့ ဆိုပါတယ်။ နှုတ်ကပတ်တော်ကို လူဇာတိခံပါတယ်။ သူတို့ကတော့ အဲဒီလူဇာတိ ခံယူခြင်းကို အမင်္ဂလာအဖြစ် ကျိန်ဆိုပြီးတော့ သေဒဏ်ပေးခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ နှုတ်ကပတ်တော်ကို ဖော်ပြခဲ့လို့ဘဲ ဖြစ်ပါတယ်။ (ဟေဗြဲ ၁၃း၈)မှာသခင်ယေရှုဟာ မနေ့၊ ယနေ့၊ ထာဝရကာလအထိဘဲ ဖြစ်တယ်လို့ဆိုထားပါ တယ်။ အလားတူ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ အကြောင်းရင်းလည်း တူညီနေပါတယ်။ သူတို့ဟာ နှုတ်ကပတ်တော်ကို ကားတင်သတ်ဘို့ ကြိုးစားနေပါတယ်။

33 ၃၃။ အခုအခါမှာ ကျွန်တော် ဖတ်ခဲ့တဲ့ ကျမ်းပိုဒ်ကို ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် ကျွန်တော်ပြောလိုတဲ့အကြောင်းကို ကျွန်တော်ပြောရမယ်ဆိုရင် စကားလုံး(၄)လုံးဘဲ ဖြစ်ပါတယ်။ အဲဒီ စကားလုံး(၄)လုံးမှာ ပထမဆုံးစကားလုံးဖြစ်တဲ့ There ကို ရှင်းပြ ရမှာဖြစ်ပါတယ်။ There ဆိုတာကတော့ ယေရုရှလင်မြို့ဖြစ်ပြီးတော့ ကမ္ဘာပေါ်မှာ အသန့်ရှင်းဆုံးမြို့ ဖြစ်ပါတယ်။ အဲဒီ There ဆိုပြီးတော့ အဲဒီနေရာမှာ ကမ္ဘာပေါ်မှာ ရှိနေတဲ့ ဘာသာတရား အကိုင်းအရှိုင်းဆုံးမြို့ ဖြစ်နေပါတယ်။ They ဆိုတဲ့စကားလုံး ဖြစ်နေပါတယ်။ အဲဒီမှာ ကမ္ဘာပေါ်မှာ ဘာသာတရား အကိုင်းရှိုင်းဆုံး လူတွေတစ်ကယ့်ကို ဘာသာရေး ပွဲခံနေတဲ့နေ့၊ ဘာသာရေးပွဲတော်ကလည်း ပသခါပွဲတော်ဖြစ်တယ်။ အဲဒီနေရာမှာ ဘာသာတရား အကိုင်းရှိုင်းဆုံးနေရာ ဖြစ်ပြီးတော့ ဘာသာတရား အကိုင်းရှိုင်းဆုံးပွဲတော် ဖြစ်ပြီးတော့ အဖွဲ့အစည်းတွေထဲမှာလည်း အကြီးမားဆုံးဖြစ် ပြီးတော့ အားလုံးရဲ့ ဦးစီးဦးဆောင် ပြုနေတယ်။ အဲဒီမှာ သူတို့ဟာ ကမ္ဘာပေါ်မှာ ဘာသာတရား အကိုင်းရှိုင်းဆုံးလူတွေ ဖြစ်တယ်။ တစ်ကမ္ဘာလုံးကနေပြီးတော့ အားလုံး အဲဒီမှာ စုဝေးကြတယ်။ သူတို့ဘာလုပ်ကြလဲဆိုတော့ ခရူစီဖိုင်းဆိုတဲ့ ကားတိုင် တင်ခြင်းတွေ လုပ်ပါတယ်။ အင်မတန်မှ ရှက်ဖွယ်ကောင်းတဲ့ သေခြင်းဖြစ်ပြီးတော့ လူတစ်ယောက်ကို သတ်တယ်ဆိုရင် အဆိုးဝါးဆုံး သတ်ခြင်းဘဲ ဖြစ်ပါတယ်။ သူ့ရဲ့ကိုယ် ခန္ဓာမှာရှိတဲ့အဝတ်တွေ အကုန်လုံးကို ဆွဲချွတ်ပြီးတော့ သူဟာ အဝတ်အချည်းဘဲ ဖြစ်သွားပါတယ်။ သူ့ကို အသရေဖျက်ထားခြင်းဘဲ ဖြစ်ပါတယ်။ အဲလိုမျိုး အဝတ်စုတ်နဲ့ ပတ်ထားတဲ့လူကို ကားတင်သတ်ခြင်းဘဲ ဖြစ်ပါတယ်။ သူ့ရဲ့အဝတ်တွေကို သူ့ဆီကနေ ဆွဲချွတ်လိုက်ပါတယ်။ ရှက်ဖွယ်အကောင်းဆုံး အခြေ အနေ ဖြစ်ပါတယ်။

34 ၃၄။ တစ်ကယ့် ဘာသာတရား အကိုင်းရှိုင်းဆုံးမြို့တော်ကြီးမှာ သူတို့ဟာ ဘာသာ တရားအကိုင်းရှိုင်းဆုံးလူတွေဖြစ်ပြီး တော့ ကားတင်ပါတယ်။ ရှက်ဖွယ်အကောင်းဆုံး သေခြင်းနဲ့ ကိုယ်တော်ရှင်ဟာ တန်ဘိုးအရှိဆုံး ကိုယ်တော်က သေခြင်းခံရ ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီခေတ်မှာရှိတဲ့လူတွေကို တရားစီရင်ဘို့အတွက် အထောက်အထား မခိုင်လုံပေဘူးလား?

ကမ္ဘာပေါ်မှာ ဘာသာတရားအကိုင်းရှိုင်းဆုံး အဖွဲ့အစည်း အကြီးမားဆုံး အသင်းတော်ကြီးတွေ စုစည်းပြီးတော့ တစ်နေရာ တည်းမှာ စုဝေးကြတယ်။ သူတို့တွေ ဟာဘာသာတရားအကိုင်းရှိုင်းဆုံးတွေ ဖြစ်တယ်။ လူမျိုးတကာကနေ လာတဲ့သူတွေ ဖြစ်တယ်။ သူတို့အားလုံးဟာ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ကြတယ်။ အကြီးမားဆုံး ပွဲတော်ကြီးမှာ သူတို့ စုဝေးပြီးတော့ ပသခါပွဲနေ့ကြီး ဖြစ်တယ်။ သူတို့ကို ချည်နှောင်ခြင်း ထဲကနေ လွတ်မြောက်ခွင့်ပေးတဲ့ နေ့ကြီးဖြစ်တယ်။ အဲဒီအချိန်မှာ သူတို့ဟာ ဘာသာ တရားအကိုင်းရှိုင်းဆုံး လူတွေဖြစ်ပြီးတော့ တစ်ကယ့်ကို ဘာသာရေးအထွဋ်အထိပ်ပွဲ တော်ကြီးမှာ နောက်ပြီးတော့ တစ်ကယ့်ကို ဘာသာရေးနဲ့ ပတ်သက်လို့ အကြီးမြတ်ဆုံး နေရာမှာ အသက်တာရဲ့ဘုရင်ကို ယူဆောင် လာပြီးတော့ အရှက်ကွဲခြင်း ဖြစ်ပါတယ်။ လူတစ်ယောက်ကို အဝတ်ချွတ်ပြီးတော့ ကားတိုင်မှာ ချိတ်ထားခြင်းကတော့ သူ့ကို အဆိုးဝါးဆုံးအရှက်ခွဲတာဘဲ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ကျိန်ခြင်းခံရပါ တယ်လို့ ပညတ်တော်ထဲမှာ ဆိုထားပါတယ်။ ကားတိုင်မှာ ဆွဲထားခြင်းခံရတဲ့သူဟာ ကျိန်ခြင်းခံရတဲ့သူဖြစ်တယ်လို့ ဆိုတယ်။ ကျွန်တော်တို့အတွက်နဲ့

သူဟာ ကျိန်ခြင်းခံရ တယ်၊ အဝတ်တွေ ချွတ်ခြင်းခံရပါတယ်၊ ရိုက်နှက်ခံရပါတယ်။ လှောင်ပြောင်ခြင်းခံရ ပါတယ်။ ကောင်းကင်ရဲ့ဘုရားဘဲဖြစ်ပြီးတော့ သူ့ရဲ့အဝတ်တွေကို သူ့ဆီကနေ ချွတ်ယူပြီးတော့ သူ့ကို ကားတိုင်မှာ ရိုက်ထားပါ တယ်။ ကိုယ်တော်ရှင်ကို သူတို့ ကားတိုင်မှာတင် ထားပါတယ်။ ရောမရဲ့သြဇာအာဏာအားဖြင့် ပြစ်ဒါဏ်ပေးခြင်းဘဲ ဖြစ်ပါတယ်။

35 ၃၅။ ရှက်ဖွယ်အကောင်းဆုံးသေခြင်းကတော့ ဒီနေ့အတွက်ဆိုရင် သေနတ်နဲ့ပစ် သတ်ခြင်း မဟုတ်ပါဘူး။ ရှက်ဖွယ်အ ကောင်းဆုံး၊ ဒီနေ့ရှက်ဖွယ်အကောင်းဆုံး နေရာကတော့ ကားတိုက်ခံရလို့ သေသွားခြင်းလည်း မဟုတ်ပါဘူး။ ရေနစ်လို့ လည်း မဟုတ်ပါဘူး။ မီးလောင်လို့လည်း မဟုတ်ပါဘူး။ ဒီနေ့ရှက်ဖွယ်အကောင်းဆုံး သေခြင်းကတော့ လူတွေအ များကြီးရှေ့မှာ ပြစ်ဒါဏ်စီရင်ခြင်းဘဲ ဖြစ်ပြီးတော့ တကမ္ဘာလုံးက တရားစီရင်မှာဖြစ်ပြီးတော့ သင့်ကို အပြစ်ရှိတယ်လို့ ပြော ဆိုမှာဖြစ်တဲ့အကြောင်းဘဲ ဖြစ်ပါ တယ်။

တစ်ကမ္ဘာလုံးက သူတို့ရဲ့လက်တွေကို ဒီလူအပေါ်မှာတင်ပြီးတော့ သူ့ကို အပြစ်ရှိတယ်လို့ ဆိုပါတယ်။ တစ်ကယ့်တစ် ကယ်တော့ သူက အပြစ်မရှိပါဘူး။ ရန်သူရဲ့ လက်အောက်မှာ သူအသေခံရပါတယ်။ မိတ်ဆွေတွေရဲ့ လက်ထဲမှာ မဟုတ်ပါ ဘူး။ သူ့ရဲ့ပညတ်အားဖြင့်လည်း မဟုတ်ပါဘူး။ ရန်သူတွေရဲ့ ကားတင်သတ်ခြင်း အောက်မှာဘဲ ဖြစ်ပါတယ်။ အသက်တာ နဲ့ဆိုရင် တန်ဘိုးအရှိဆုံး ပုဂ္ဂိုလ်သခင်ယေရှုခရစ် ကိုယ်တော်တိုင်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ တန်ဘိုးအရှိဆုံး လူသားတစ်ဦးဖြစ်ပါတယ်။ စိတ်နှလုံးထဲမှာ အဲလိုမှတ်ထားပြီးတော့ အဲဒီစင်ကို ဒီနေ့ ကျွန်တော်တို့ တည်ဆောက်မှာ ဖြစ်ပါ တယ်။

36 ၃၆။ ခင်ဗျားတို့ စဉ်းစားမိပါသလား? တွေးမိပါသလား? ယေရုရှလင်ကဲ့သို့ မြို့ဖြစ် ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀) ဒါမှမဟုတ်အဲဒါထက်ပိုပြီးကြာမှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းရာနဲ့ချီပြီးတော့ ပြောရမယ်ဆိုရင် ကျွန်တော် နဲနဲအ ချိန်ယူပြီး အချိန်ကြာကောင်းကြာမှာပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း (၈၀၀၊ ၉၀၀)လောက်ရှိမှာပါ။ အဲဒီအချိန်မှာ ဘယ်လိုဖြစ်သလဲ? ဘယ်လောက်အကွာအဝေး ရှိသလဲ? ရှောလမုန်မင်းကြီး တည်ဆောက်ထားတဲ့အချိန်နဲ့ ဘယ်လောက်ကွာခြားသလဲ? ကျွန်တော် အဲဒါတွေကို စဉ်းစားမိတဲ့အခါမှာ နှစ်ပေါင်း(၈၀၀)လောက်ကွာခြားမယ်လို့ထင်ပါတယ်။

သူတို့ဟာပြန်ကြွလာမဲ့ မေရှိယကို မျှော်လျှက်ရှိပါတယ်။ သူတို့ ပသခါပွဲနေ့အတွက် ဒီမှာ အားလုံးစုဝေးပြီးရောက်ရှိနေကြ ပါတယ်။ အခုအချိန်မှာ ခင်ဗျားတို့ အဲဒါကို စဉ်းစားကြည့်ပါ။ ဖာရိရှဲတွေ ဇဒ္ဒုကဲတွေရဲ့ခေါင်းဆောင်၊ သူတို့အားလုံး ရှိနေပါတယ်။ ဒီဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ဘို့အတွက် ဒီလိုစုဝေး နေတာကို သူတို့ရောက်နေပါတယ်။ ယေရှုရှလင်မြို့ ကလည်း အသန့်ရှင်းဆုံး နေရာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ဗိမာန်တော် ရှိတယ်။ ဘုရားသခင်ရဲ့ လူတွေရှိတယ်။ လူမျိုး တော်ရှိတယ်။ ကိုယ်တော်ရှင် ကိုယ်တော်တိုင် သူတို့က ကားတင်ခဲ့ပါတယ်။ သူတို့ အဓိက ပြစ်ဒါဏ်ပေးခြင်းဘဲ ဖြစ်ပါတယ်။

37 ၃၇။ အဲဒီ စကားလုံး(၄)လုံးတွေ၊ (Crucified) (၄)လုံးအကြောင်းကို ပြောပြခြင်း ဘဲဖြစ်ပါတယ်။ အခုသမ္မာကျမ်းစာကို သင်ဖေါ်ပြနေပါတယ်။ စကားလုံး(၄)လုံးဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သမ္မာကျမ်းစာကတော့ ၎င်းရဲ့သမ္မာတရားတွေ အားလုံးကို ချုပ်ကိုင်ထားလိုက်ပါတယ်။

ယခုအခါမှာ ကျွန်တော်က လှည့်ပတ်ပြီး သွားရမှာ ဖြစ်ပါတယ်။ ကျွန်တော် ဘာပြောသလဲဆိုတဲ့အကြောင်းကို ရှင်းပြရမှာ ဖြစ်ပါတယ်။ သမ္မာကျမ်းစာကတော့ ဘာမှ ရှင်းပြစရာမလိုပါဘူး။ အဲဒါတွေအားလုံးဟာ သမ္မာတရားတွေဖြစ်ပါတယ်။ သမ္မာ ကျမ်းစာကနေပြီးတော့ တစ်ခုခုကို ရှင်းပြဘို့ ဘာမှမလိုပါဘူး။ လုံးဝကို ရှင်းပြဘို့မလို ပါဘူး။ ဘာကြောင့်လဲဆိုတော့ သမ္မာတရားချည်းသက်သက် ဖြစ်နေလို့ဘဲ ဖြစ်ပါတယ်။

စကားလုံး(၄)လုံးနဲ့ ပတ်သက်တဲ့ သမ္မာတရားအကြောင်း ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော် ရှင်းပြဘို့ ကြိုးစားပါမယ်။ သေသေချာချာ ရှင်းရှင်းလင်းလင်း ရှင်းပြမှာ ဖြစ်ပါတယ်။ အဲလိုရှင်းပြတဲ့အခါမှာ အသေးစိတ်ရှင်းပြရမှာ ဖြစ်တဲ့အတွက် စာကြည့် တိုက်တစ်တိုက် လောက်စာတော့ ဖြစ်သွားမှာ ဖြစ်ပါတယ်။ တစ်ခြားနည်းလမ်းအားဖြင့် လည်း ကျွန်တော် ဖွင့်ပြဘို့ နည်းလမ်းမရှိတော့ပါဘူး။ ဒါကြောင့်မို့လို့ အခု ကျွန်တော် တို့ဟာ ဘုရားသခင်အကူအညီနဲ့ ဒီနှုတ်ကပတ်တော်ကို ဘုရားသခင်က ရေးသားထား တဲ့အတွက် ဒီစကားလုံးလေး(၄)လုံးကို ရှင်းပြဘို့ဘဲ ဖြစ်ပါတယ်။ ဒါမှဘဲ လူတွေကအဲဒါ ကို နားလည်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှေ့မှာ ဘာရှိပါသလဲ? ပထမဆုံး ကားတင်သတ်ဖြတ်ခြင်းဟာ ကျွန်တော်တို့ခေတ်မတိုင်မီမှာ ရှိခဲ့ပါတယ်။ အသန့်ရှင်းဆုံးနေရာ ဘာသာတရားအကိုင်း ရှိုင်းဆုံးလူ၊ ရှက်စရာအကောင်းဆုံး သေခြင်းတရား၊ တန်ဘိုးအရှိဆုံး ပုဂ္ဂိုလ်အတွက် ဖြစ်နေပါတယ်။ အဲဒါက တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။ အမင်္ဂလာဖြစ် နေပါတယ်။

38 ၃၈။ အခု ကျွန်တော်တို့ ပထမဆုံး စကားလုံး There ဆိုတဲ့ ထိုနေရာမှာဆိုတဲ့ စကားလုံးကို ရှင်းပြမှာ ဖြစ်ပါတယ်။ ဒီအပြစ် စွဲချက်တင်တယ်။ အပြစ်တင်ခြင်းဆိုတဲ့ ခေါင်းစဉ်ကို မသွားခင် ကျွန်တော်တို့ မိနစ်အနည်းငယ် ပြောကြားဘို့ လိုပါတယ်။ ဒါကို ခဏဖယ်ထားပြီးတော့ သူတို့ ဘာလုပ်နေသလဲဆိုတာကို လေ့လာမှာ ဖြစ်ပါတယ်။ နောက်ပြီးမှသာ ကျွန်တော့်ရဲ့ အပြစ်တင်ခြင်းဆိုတဲ့ ခေါင်းစဉ်က မှန်မမှန် ကျွန်တော်တို့ လေ့လာကြမှာ ဖြစ်ပါတယ်။ There ဆိုတာကတော့ ယေရုရှလင်ဖြစ်တယ်။ အသန့် ရှင်းဆုံးနေရာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီမှာ ဗိမ္မာန်တော် ရှိလို့ဘဲဖြစ်ပါတယ်။ အ သန့်ရှင်းဆုံးနေရာဖြစ်တယ်။ ဗိမ္မာန်တော် ဖြစ်တယ်။ ဗိမ္မာန်တော် အဲဒီနေရာ မှာရှိပါတယ်။ ဂျူးတွေက တစ်ကမ္ဘာလုံးက နေပြီးတော့ ဒီနေရာတစ်နေရာတည်းကနေ စုဝေးပြီးတော့ ဝတ်ပြုကိုးကွယ်ပါတယ်။ သူတို့ ဝတ်ပြုကိုးကွယ်ဘို့ စုဝေးဘို့ မြေနေရာဘဲ ဖြစ်ပါတယ်။ အကြီးမားဆုံး ဝတ်ပြုကိုးကွယ်တဲ့နေရာကတော့ ယေရုရှလင်မြို့ဘဲ ဖြစ်ပါ တယ်။ ဗိမာန်တော် အဲဒီမှာ ရှိပါတယ်။ အဲဒီမှာ ဘာရေးထားသလဲဆိုတော့ လူသားတိုင်း ဟာ ယေရုရှလင်မြို့မှာ ဝတ်ပြုကိုးကွယ်ရမယ်လို့ ဆိုထားပါတယ်။ ဘာကြောင့်လဲဆို တော့ ဝတ်ပြုကိုးကွယ်ခြင်းရဲ့ ဗဟိုအချက်အခြာ ဖြစ်နေလို့ပါဘဲ။

ယနေ့ သူတို့ပြောစကားကို သင်တို့ကြားရပါတယ်။ သူတို့ထဲက တစ်ယောက်က ဘာပြောချင်လဲဆိုတော့ ကျွန်တော်တို့ဟာ ဒီကြီးမြတ်လှတဲ့ ဌာနချုပ်ကြီးတွေထဲကို လာပါတယ်။ ဒီဂိုဏ်းဂဏပေါင်းစုံလည်း အဲဒီမှာ ရှိနေပါတယ်။ နောက်ပြီးတော့ ကျွန် တော်တို့ဟာ ဘာကို ဖွင့်ချလိုက်သလဲဆိုတော့ ဗာတီကန်မြို့တော်မှာ ဘိသိတ်ပေးခြင်း တွေ၊ ပုပ်ရဟန်းမင်းတွေ၊ သိက္ခာတင်ပေးခြင်းတွေကို ပြုလုပ်ကြပါတယ်။ လူတိုင်းက လည်း ဘာပြောသလဲဆိုတော့ ကျွန်တော်တို့ဟာ မက်သဒစ်စ်တွေဆီသွားမယ်။ ဒါမှမ ဟုတ်၊ နှစ်ခြင်းဌာနချုပ်တွေဆီသွားမယ်။ ရောမကို သွားမယ်။ အဲဒါကတော့ ကြီးမားတဲ့ စုဝေးတဲ့နေရာလို့ သူတို့က ခေါ်ပါတယ်။ ခရစ်ယာန်ဘာသာအတွက်ဘဲ ဖြစ်ပါတယ်။

39 ၃၉။ နောက်ဆုံးဖြစ်ခဲ့တဲ့ ကမ္ဘာစစ်တုန်းကဆိုရင် ရောမမြို့တော်ဟာ ကျဆင်းသွားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ လူငယ်ပိုင်းက တော်တော်များများ သိကြပါတယ်။ ဂျာမန် စစ်သားတွေက ဗာတီကန်မြို့တော်ထဲကို ပြန်ဝင်သွားကြပါတယ်။ နောက်ပြီး အမေရိကန်စစ်သားတွေကို သူတို့က မီးရှို့ပြီးတိုက်ခိုက်ပါတယ်။ သူတို့ သေနတ်တွေနဲ့ ပစ်ကြပါ တယ်။ ဘရာသာဖန့်န်၊ ဘရာသာ ဩော်ရော်ဘန်ဆန်နဲ့ ဘရာသာဘီလာတော်တော် များများ၊ ညီကိုတော်တော်များများကတော့ စစ်ထဲမှာ ပါသွားပါတယ်။ သူတို့ ဒီစစ်ဖြစ် နေတဲ့ အချိန်မှာ ရှိနေပါတယ်။ သူတို့သိပါတယ်။ ခင်ဗျားတို့ ဘာကို သိသလဲ; ကျွန်တော်တို့ က အဲဒီနေ့မှာ ပစ်မိန့်ပေးထားတဲ့အတွက် ပစ်ခတ်နိုင်ဘို့ အခွင့်ရှိပါတယ်။ အဲဒီ ရောမမြို့တော်ကို သေနတ်နဲ့ ပစ်ကြပါတယ်။ အမေရိကန်တွေက အဲဒီမှာ ရပ်နေကြပါတယ်။ သူတို့အတွက်လည်း သင်တို့ဟာ ပစ်မှတ်တွေ ဖြစ်နေပါတယ်။ ဝက်စ်မန်စတန် အေဘီဆိုတဲ့အင်္ဂလန်မြို့မှာရှိတဲ့ ဘုန်းကြီးကျောင်းမှာဆိုရင်လည်း သေနတ်နဲ့ ပစ်နိုင်ပါတယ်။ ပစ်ခွင့်ရှိပါ တယ်။ အဲဒီမှာတော့ ပရိတက်စတင့်တွေအားလုံး စုဝေးတဲ့နေရာဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သေနတ်ပစ်ခွင့်ရှိပါတယ်။ ဒါပေမဲ့လည်း ဗာတီကန်မြို့ တော်ကို သေနတ်မပစ်ဘို့အတွက် အမိန့်ပေးလိုက်ပါတယ်။ သမ္မတရုစ်ဘက်ဘဲ ဖြစ်ပါတယ်။ သူမိန့်ခွန်းပြောတာကို ကျွန်တော် ကြားခဲ့ပါတယ်။ အဲဒီညက သူက ရေဒီယိုကနေ မိန့်ခွန်းပြောပြီး သတိပေးပါတယ်။ ဖိုင်းရဲစ်တော့ပ်လို့ခေါ်တဲ့ ပစ်ကွင်းပစ်နေတဲ့ဘေးနား က စကားပြောခြင်းဘဲဖြစ်ပါတယ်။ သူဘာပြောလဲဆိုတော့ ရောမမြို့ကြီး ကျဆင်းသွားမယ်ဆိုရင် အင်မတန် ရှက်စရာကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ရောမက ခရစ်ယာန်ဘာသာတို့ရဲ့ အထွဋ်အထိပ်မြို့တော် ဖြစ်လို့ပါဘဲလို့ ပြောပါတယ်။ ပရိတက်စတင့်တစ်ယောက်က အဲလိုပြောတယ်ဆိုတာကို ခင်ဗျားစဉ်း စားမိပါသလား?

40 ၄၀။ အဲဒီ ခရစ်ယာန်ဘာသာရေး အချုပ်အခြာနေရာကြီးမှာ ကျွန်တော်တို့ သွားကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ယေရုရှလင်မြို့ကဲ့သို့ အဲဒီမြို့ကြီးကို လုပ်မှာ ဖြစ်ပါတယ်။ လုပ်ချင်လို့ လုပ်ကြခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါကို လုပ်ချင်တယ်ဆိုရင် အဲဒါကို ယေရုရှလင်မြို့က ထားကြပါစို့။ အခြားအရာတွေရဲ့ ဦးစီးခေါင်းဆောင်တွေ ဖြစ်ပါတယ်။ ယုဒတရားစရပ်၊ ဖာရိရှဲတွေ၊ ဇဒ္ဒုကဲတွေ သူတို့အားလုံးဟာ ယေရုရှလင်မြို့ကို တက် သွားကြပါတယ်။ အဲဒါတစ်ကယ်ဘဲ ဌာနချုပ်ဖြစ်နေပါတယ်။

ဂိုဏ်းဂဏအဖွဲ့အစည်းတွေရဲ့ အသက်တာမှာ ကျွန်တော်တို့ဝန်ခံရမဲ့အ ကြောင်းအရာကတော့ ရောမကာသိုလိပ်အသင်း တော်ကြီးကတော့ မိခင်ကြီးဖြစ်နေပါ တယ်။ အားလုံးရဲ့ မိခင်ကြီး ဖြစ်နေပါတယ်။ တစ်ကယ်လည်း ဟုတ်ပါတယ်။ အဲဒါက ဘယ်ကနေစတင်ခဲ့သလဲဆိုတော့ ပင်တေကုတ္တေနေ့က စတင်ခဲ့ခြင်းဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သူတို့ အဖွဲ့အစည်းဖွဲ့စည်း တဲ့အခါမှာ သူတို့ အဲလိုဘဲ ပြုလုပ်ခဲ့ပါတယ်။ အခုအချိန်မှာတော့ ပရိတက်စတင့်တွေက ဒီအသင်းတော်ရဲ့ညီမလေးများဘဲ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ဟာ ယနေ့ခေတ်ကာလမှာ ဗာတီကန်မှာဘဲ ဌာနချုပ်ဖြစ်နေပါတယ်။

41 ၄၁။ ယေရုရှလင်မြို့မှာဆိုရင် အဲဒီမြို့၊ အဲဒီနေ့ရက်ကာလမှာ ဒီလူတွေအားလုံးဟာ ယေရုရှလင်မြို့ကိုလာပြီး ဝတ်ပြုကိုး ကွယ်ရပါတယ်။ အဲဒါကို ဘာကြောင့် သခင်ယေရှုရဲ့ နေ့ရက်ကာလတုန်းက သူတို့ အဲလိုလုပ်ပါသလဲ? ယေရုရှလင်မြို့မှာ အားလုံးလာပြီး ဝတ်ပြုကိုးကွယ်ရမယ်လို့ ဘာကြောင့် သူတို့ ပြောပါသလဲ? ဘာကြောင့်လဲဆိုတော့ ဘုရားသခင်နဲ့လူ မိဿဟာယဖွဲ့တဲ့ တစ်ခုတည်းသောအရာ ဖြစ်လို့ဘဲ ဖြစ်ပါတယ်။ အသွေးအားဖြင့် ဝတ်ပြုယဇ်ပူဇော်တဲ့နေရာ ဖြစ်နေလို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ဟာ ယေရုSရလင်မြို့ကို လာရခြင်းဘဲ ဖြစ်ပါတယ်။

ဘုရားသခင်ဟာ ဘယ်တော့မှ လူနဲ့တွေ့ဆုံမှာ မဟုတ်ပါဘူး။ အသွေးအားဖြင့်သာ၊ အသွေးတော်ရဲ့အောက်မှာ တွေ့ဆုံခွင့်ရ မှာ ဖြစ်ပါတယ်။ အဲဒီအသွေးတော်ကို ဖယ်ရှားလိုက်တယ်ဆိုရင် ဘုရားသခင်နဲ့သင် တွေ့ဆုံတာ ဖယ်ရှားခြင်း ခံရမှာ ဖြစ်ပါ တယ်။ ဘုရားသခင်ဟာ ဇဒင်ဥယျာဉ်ကြီးထဲမှာ သူပထမဆုံး ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ သူဟာ သူ့ကို ဝတ်ပြုကိုးကွယ်တဲ့ အချိန်မှာ အသွေးအားဖြင့် ယဇ်ပူဇော်ခြင်းအောက်မှာသာ ဝတ်ပြုကိုးကွယ်နိုင်တယ်လို့ ဆိုပါတယ်။ အဲဒါကတော့ ဘုရားသခင် နဲ့လူ တွေ့ဆုံနိုင် တဲ့တစ်ခုတည်းသောနေရာ ဖြစ်ပါတယ်။ အဲဒီ နေရာတစ်နေရာတည်းသာ ဘုရားသခင်က သူနဲ့ဆုံတွေ့ ပါတယ်။

42 ၄၂။ ဒီနေ့လည်း ကိုယ်တော်ရှင် လူနဲ့ဆုံတွေ့တဲ့နေရာတစ်နေရာတည်း ရှိပါတယ်။ အဲဒါကတော့ အသွေးသွန်းလောင်း ပြီးတော့ ယဇ်ပူဇော်ထားတဲ့နေရာအောက်မှာဘဲ ဖြစ်ပါတယ်။ ခင်ဗျားက မက်သဒစ်စ်ဘဲ ဖြစ်ပါစေ၊ နှစ်ခြင်းဘဲ ဖြစ်ပါစေ၊ ပရက်စ်ဘီ တေးရီးယန်းဘဲ ဖြစ်ပါစေ၊ ကျွန်တော် ဂရုမစိုက်ပါဘူး။ ကွာခြားချက်ကလေးကို ခင်ဗျား ခဏမေ့ထားပါ။ ရိုမန်ကက် သလစ်ဘဲဖြစ်ပါစေ၊ ဘာဘဲဖြစ်ဖြစ် ဒါပေမဲ့လည်း အသွေးသွန်းလောင်းခြင်းအောက်ကို ခင်ဗျားလာရမှာ ဖြစ်ပါတယ်။ ဘုရားသခင်က အရင်ဦး ဆုံး အဲဒီနေရာမှာ တွေ့ဆုံမှာ ဖြစ်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့အားလုံးတွေ့ဆုံ ပြီးတော့ မိဿဟာယဖွဲ့နိုင်မှာ ဖြစ်ပါတယ်။ မြေနေရာ တစ်နေရာတည်းမှာဘဲ ဖြစ်ပါတယ်။ ဒါမှမဟုတ်ပါက ကိုယ်တော်ရှင် ဘယ်လိုမှ ကျွန်တော်တို့ကို ဆုံတွေ့န်ို်င်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားက မက်သဒစ်ဖြစ်ပါတယ်။ သင်က ပင်တေကုတ္တေဖြစ်တဲ့အတွက် ကိုယ်တော်ရှင် သင့်ကို တွေ့ဆုံနိုင်မှာ မဟုတ်ပါဘူး။ အခြေအနေတစ်ခုအောက်မှာဘဲ ကိုယ် တော်ရှင် သင့်ကို ဆုံတွေ့မှာ ဖြစ်ပါတယ်။ အဲဒါကတော့ သွန်းလောင်းထားတဲ့ အသွေးတော်ရဲ့အောက်မှာဘဲ ဖြစ်ပါတယ်။ ခင်ဗျားရဲ့အပြစ်တွေကို ဝန်ချတောင်းပန်ပြီးတော့ ကိုယ်တော်ရှင်ရဲ့ ရှေ့တော်မှောက်ကို ရောက်သွားမယ်ဆိုရင် အသွေး တော်အားဖြင့်သာ ရောက်နိုင်ပါတယ်။ အသွေးတော်က အမြဲတမ်း ကိုယ်တော်ရှင်ရှေ့မှာ ရှိပါတယ်။ ဒါကြောင့်မို့ က်ိုယ်တော် ရှင်က သင့်ကို တွေ့မြင်နိုင်ခြင်း နည်းလမ်းကတော့ သွန်းလောင်းထားတဲ့ အသွေးတော်အောက်မှာဘဲ ဖြစ်ပါတယ်။ သင်ဟာ နှင်းပွင့်ကဲ့သို့ ဖြူဖွေးပါတယ်။ သင့်ရဲ့အပြစ်တွေကို ဝန်ချတောင်းပန်ရမှာ ဖြစ်ပါတယ်။ အဲလိုမှ မဟုတ်ရင် သင်ဟာ ဘုရားသခင်နဲ့

မိသယဟာယမဖွဲ့နိုင်ပါဘူး။

43 ၄၃။ အသင်းတော်များမှာ ဖြစ်ပျက်ခဲ့တဲ့အရာကို သင်မတွေ့မြင်ခဲ့တဲ့ အကြောင်းရင်းဘဲ ဖြစ်ပါတယ်။ သူတို့က သူတို့ရဲ့အသွေးတော်ကို ယုံကြည်တယ်လို့ ဝန်ခံပါတယ်။ ဒါပေမဲ့လည်း အသွေးတော်ကို ရောက်နိုင်မဲ့အကြံအစည်ကိုတော့ သူတို့ငြင်းပယ်ပါတယ်။ နှုတ်ကပတ်တော်ကို ငြင်းပယ်ခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ထံကို တစ်ခုတည်းသောနည်း လမ်းအားဖြင့်သာ ရောက်နိုင်ဘို့ ဘုန်းတော်ထင်ရှားစေတဲ့ နည်းလမ်း ဖြစ်ပါတယ်။ သင်က ဘယ်တော့မှ နှုတ်ကပတ်တော်ကို မလေးစားပါဘူး။ သင်လာပြီးတော့ ဘာပြောသလဲဆိုတော့ ကျွန်တော်က ကက်သလစ်ဖြစ်ပါတယ်။ ဒါလုပ်ပေးပါလို့ ကျွန်တော် အမိန့်ပေးမှာလို့ ပြောမှာ ဖြစ်ပါတယ်။ ခင်ဗျားလို မလုပ်နိုင်ပါဘူး။ မက်သဒစ်စ်၊ နှစ်ခြင်း၊ ဒါမှမဟုတ် ပင်တေ ကုတ္တေမလုပ်နိုင်ပါဘူး။

လုပ်နိုင်တဲ့နည်းလမ်း တစ်နည်းလမ်းထဲကတော့ ဘုရားသခင်ရဲ့ဂရုဏာတော် အောက်မှာဘဲ ဖြစ်ပြီးတော့ သူ့ရဲ့ကျေးဇူး တော်ဘဲ ဖြစ်ပါတယ်။ ဘာအားဖြင့် လာရမလဲ ဆိုတော့ သခင်ယေရှုရဲ့အသွေးတော်အားဖြင့်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် က ဂတိတော်တွေကို ဆွဲကိုင်ပြီး ပြောတယ်လို့ ကျွန်တော်က ပြောပါတယ်။ သင်က တစ်ကယ်ဘဲ အသွေးတော်အောက်မှာ ရှိတယ်ဆိုရင် ဘုရားသခင်က နှုတ်ကပတ်တော်အတွက်ဘဲ ဖြစ်ပါတယ်။ သို့သော်လည်း သင်ဟာ ပထမဆုံး အသွေးတော် အောက်မှာ ရှိရပါမယ်။ သဘောပေါက်ပါသလား? ပရိတ်သတ်ကလည်း အာမင်လို့ ဆိုပါတယ်။ (အယ်ဒီတာ မှတ်ချက်)

44 ၄၄။ ဘယ်လိုမှ သူတို့က အံ့ဘွယ်နိမိတ်လက္ခဏာများကို မယုံကြည်နိုင်ပါဘူး။ သဘာဝထက် လွန်ကဲတဲ့အရာတွေကို လည်း သင်မယုံကြည်နိုင်ပါဘူး။ သူတို့ကျိန်ဆိုတယ် ဆိုတာလည်း အံ့ဩဘွယ် မဟုတ်ပါဘူး။ သူတို့ ကျိန်ဆိုတဲ့အ ကြောင်းရင်းကတော့ ယနေ့သူတို့ ကျိန်ဆိုခြင်းဘဲ ဖြစ်ပါတယ်။ သူတို့အပြစ်ရှိတယ်ဆိုတာကလည်း သူတို့ အပြစ်ရှိနိုင်သ လောက် သိလို့ဘဲဖြစ်ပါတယ်။ အသွေးတော်ရဲ့အောက်မှာသာလျှင် အပြစ် လုပ်ခွင့် ရှိပါတယ်။

လုပ်ရဲတဲ့သူတွေက ညီကိုအချို့ လုပ်ရဲပါတယ်။ နှိမ့်ချခြင်းဖြင့် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ယူဆောင်ပြီးတော့ သူတို့ရဲ့အပြစ်တွေကို ခွင့်လွတ်ပြီးတော့ သူတို့ရဲ့ အပြစ်တွေကို ဝန်ချတောင်းပန်ပြီး သူတို့ရဲ့ဩဝါဒတွေ၊ ယုံကြည်ချက်တွေ အားလုံးကို ဖျောက်ပစ်ရမှာ ဖြစ်ပါတယ်။ အသွးတော်အောက်မှာ ရပ်နေရမှာ ဖြစ်ပါတယ်။ ယုံကြည်မှာ ဖြစ်ပါတယ်။ သူတို့ကိုလည်း သူတို့က အစွန်းရောက်သူများလို့ ခေါ်ပါတယ်။ သူ့ကို အတန်းအစား ခွဲခြားလိုပါတယ်။ တရားဟောပလ္လင် ရှေ့မှာ အဲဒီကောင်းတဲ့စကား လုံးကို အသုံးပြုဘို့ မဟုတ်ပါဘူး။ သို့သော်လည်း သင်နားလည်မှာ ဖြစ်ပါတယ်။ သူကတော့ သူများနဲ့မတူတဲ့သူတစ်ဦး ဖြစ်ပါတယ်။

အဲဒါတွေအားလုံး ပြီးတဲ့နောက်မှာ ကျွန်တော်တို့အားလုံးလည်း သူများနဲ့မတူ တဲ့သူတွေ မဟုတ်ပါဘူး။ မဖြစ်ပေဘူးလား? ယုံကြည်သူတစ်ယောက်ကတော့ မယုံကြည်သူတစ်ဦးအတွက်တော့ ထူးခြားတဲ့လူတစ်ယောက် ဖြစ်ပါတယ်။ မယုံကြည်သူ တစ်ဦးကတော့ ယုံကြည်သူတစ်ဦးအတွက် မတူညီတဲ့သူတစ်ဦးဘဲ ဖြစ်ပါတယ်။ အဲဒါကြောင့် မတူညီတဲ့သူက ဘာဖြစ်ပါ သလဲ? စီးပွားရေးသမားတစ်ယောက်နဲ့ မတူညီတဲ့သူ လယ် သမားတစ်ယောက်ဖြစ်ပြီးတော့ လယ်သမားနဲ့ မတူညီတဲ့သူဘဲ စီးပွားရေးသမား တစ်ယောက်ဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သူက ဘယ်သူလဲ? ဘယ်သူဖြစ်ပါသလဲ?

သင့်ကို ကျွန်တော်ပြောနိုင်တဲ့အရာကတော့ ကယ်တင်ခြင်းဟာ လူအသိနဲ့ ဆိုင်တဲ့ကိစ္စဖြစ်ပြီး လူနဲ့ဘုရားနဲ့ လူတစ်ဦးတစ် ယောက်စီနဲ့သာ ဆိုင်ပါတယ်။ ကျွန်ုပ်တို့ရဲ့ ကယ်တင်ခြင်းကို ရှာဖွေလိုက်တဲ့အခါမှာ ကြောက်ရွံ့ထိတ်လန့်ခြင်းတွေ ဖြစ်ပါတယ်။ ကျွန်တော်က တစ်ခြားအခြေခံအရာတွေကို ဘာမှ မသိပါဘူး။ ဆရာတစ်ဦးအနေနဲ့ ဒီမနက်မှာ ဒါမှမဟုတ် သခင်ယေရှုခရစ်ထံကနေ လာတဲ့အမှုတော်ဆောင်တစ်ဦးအဖြစ် နဲ့ နှုတ်ကပတ်တော်အပေါ်မှာ ရပ်တည်ရမှာ ဖြစ်ပါတယ်။ အဲဒီနှုတ်ကပတ်တော်အစား တစ်ခြားဘယ်ဟာကိုမှ အစားထိုးလို့မရပါဘူး။

45 ၄၅။ အခုအခါမှာ ကျွန်တော်တို့ တွေ့ရပါတယ်။ အသွေးတော်အောက်မှာ ဖြစ်ပါတယ်။ ဘုရားသခင်က ဝတ်ပြုကိုးကွယ် သူကို တွေ့ပါတယ်။ သူတို့ဟာ ယေရုရှလင်မြို့မှာ တွေ့ဆုံကြပါတယ်။

ခရစ်တော်က ဘုရားသခင် ပံ့ပိုးပေးတဲ့ ယဇ်ပလ္လင်၊ သိုးသူငယ်ဖြစ်ပါတယ်။ အခုလည်း နေရာတစ်နေရာတည်းသာ ရှိပြီးတော့ အဲဒီတစ်နေရာတည်းမှာသာ ဘုရားသခင်နဲ့လူ ဆုံတွေ့နိုင်မှာ ဖြစ်ပါတယ်။ အဲဒါကတော့ ယေရှုခရစ်ရဲ့ အသွေးတော်အောက် မှာဘဲဖြစ်ပါတယ်။ ဘယ်နေရာမှာဘဲဖြစ်စေ၊ တရားစီရင်ခြင်း ခံရပါတယ်။ ဘုရားသခင်က ဘယ်တော့မှ ကြားရမှာ မဟုတ်ပါဘူး။ စိတ်လှုပ်ရှားမှုတွေအမျိုးစုံ၊ အယူဝါဒတွေ အမျိုးစုံ၊ ခုန်ပေါက်ပြီး မိမိကိုယ်ကိုလှုပ်ပြီးတော့ သွေးတွေ၊ မီးခိုးငွေ့တွေနဲ့ အမျိုးမျိုး ပြုလုပ်ကြပါတယ်။ ဒါပေမဲ့လည်း နှုတ်ကပတ်တော်နဲ့ ဒီဘဝအသက်တာကို နှိုင်းယှဉ်လို့ မရသမျှကာလပတ်လုံး ဘုရားသခင်က အဲဒီအသက်တာကို အမှတ်အသားပြုပါတယ်။ ဘာမှ ကြိုးစားဘို့ မလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ သင်က အပြင်ရောက်နေလို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က အသွေးတော်အောက်မှာ ရောက်လာမှသာ ဘုရားသခင်နဲ့ ဆုံတွေ့မှာ ဖြစ်ပါတယ်။

46 ၄၆။ ကျမ်းချက်တွေထဲမှာ ကြည့်တဲ့အခါမှာ ယေရုရှလင်မြို့ကို တွေ့ရပါတယ်။ အသင်းတော်ဘဲရှိပါတယ်။ အဲဒါကတော့ ကောင်းကင်မှာဘဲ ရှိပါတယ်။ ကောင်းကင်ဆိုင်ရာ ယေရုရှလင်ဖြစ်ပြီး ဘုရားသခင်က ဘုရားသခင်ဖြစ်ပါတယ်။ နောက်ပြီး တော့ ဒီနေ့ဒီကာလမှာ ယုံကြည်ချက် တစ်စုံတစ်ခုခုအောက်မှာ မရှိပါဘူး။ အဲဒါကိုတော့ ယေရုရှလင်အသစ်ဘဲ ကျွန်တော်တို့ လုပ်ထားပါတယ်။ ကျွန်တော်တို့ဟာ မက်သဒစ်များကဲ့သို့ ဖြစ်ပါတယ်။ မက်သဒစ်ဌာနချုပ်ကို ယေရုရှလင်မြို့မှာ လုပ်ထားပါတယ်။ ကက်သလစ်ကလည်း ရောမမြို့ကို ပြုလုပ်ချင်ပါတယ်။ တူညီတဲ့နေရာတွေမှာ ကျွန်တော်တို့မှာ ဌာနချုပ် တွေ ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ထင်မြင်မှုကို ကျွန်တော်တို့ ပြုလုပ်နေကြပါတယ်။ ဒါပေမဲ့လည်း သမ္မာကျမ်းစာဆိုထား တာကတော့ ကျွန်တော်တို့ရဲ့ ယေရုရှလင်မြို့ဟာ အထက်အရပ်မှာ ရှိပါတယ်။ ယုံကြည်သူတွေအားလုံးရဲ့ မိခင်ဘဲ ဖြစ်ပါတယ်။

47 ၄၇။ ခရစ်တော်ဘုရားက ဘုရားသခင်ပံ့ပိုးပေးတဲ့ သိုးသူငယ်ဖြစ်ပါတယ်။ အခုအခါမှာ မည်မျှသင့်တော်သလဲဆိုတာ သတိပြုမိမှာဖြစ်ပါတယ်။ ယေရုရှလင်မြို့ဟာ တစ်ဖြည်းဖြည်း မှေးမှိန်သွားမှာ ဖြစ်ပါတယ်။ ဘယ်အချိန်မှာလဲ? အဲဒီအချိန် ကာလ ရောက်တဲ့အထိ အကျိုးသက်ရောက်မှု မရှိခဲ့ပါဘူး။ သိုးသူငယ်ရဲ့ အသွေးတော်ကတော့ အဲဒီနေ့ရက်အထိ အကျိုးသက်ရောက်မှု ရှိပါတယ်။ ဒါပေမဲ့လည်း အခုအခါမှာကားတိုင် တည်နေရာ ပြောင်းလဲသွားပါတယ်။ စံနစ်ဟောင်းက ပြီးဆုံးသွားပါတယ်။ အခုအခါမှာ စံနစ်အသစ် ဖြစ်ပါတယ်။ သိုးသူငယ်ကတော့ ပူဇော်ရာယဇ်ဖြစ်ပါတယ်။ သိုးသူငယ် ဖြစ်တယ်။ ပူဇော်ရာ သိုးသူငယ်ဖြစ်ပြီးတော့ သူတို့ဟာ အဓိကဖြစ်နေပါတယ်။ သူတို့က အပြစ်တင်ပါတယ်။ သူတို့လုပ်ရမဲ့အ ရာကို သူတို့လုပ်နေပါတယ်။

ဘုရားသခင်က ကောင်းချီးခံစားရစေမှာ ဖြစ်ပါတယ်။ ဒီကောင်းကင်ဆိုင်ရာ နှစ်သက်စရာအလင်းကို နောက်ဆုံးသော နေ့ရက်အထိ တွေ့ရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အသင်းတော်တွေက အလားတူအရာတွေကို ယနေ့ခေတ် ကာလမှာ ပြုလုပ်နေလို့ ရပါတယ်။ အဖွဲ့အစည်းဆိုင်ရာဘာသာရပ်ကို စီရင်ပြီးတော့ ဘုရားသခင် ရဲ့နှုတ်ကပတ်တော်၊ သခင်ခရစ်တော်ရဲ့ ယဇ်ပူဇော်ခြင်းဆိုင်ရာ နှုတ်ကပတ်တော်ကို သက်သေပြပါတယ်။ အဲဒီကနေ နှုတ်ကပတ်တော် ရောက်လာပါတယ်။ နှုတ်ကပတ် တော် တစ်ခုစီ ဖြစ်ပါတယ်။ ဟိုးရှေးအခါကာလက ပသခါသိုးသူငယ်က မရှိတော့ပါဘူး။ ခရစ်တော်သာလျှင် ကျွန်ုပ်တို့ရဲ့ သိုးသူငယ်ဖြစ်ပါတယ်။ ကားတိုင်တင်တဲ့အချိန်မှာ ဂိုဏ်းဂဏဆိုင်ရာ ဘုရားသခင် ရဲ့နှုတ်ကပတ်တော်ကို ကားတိုင်တင်လိုက်ပါတယ်။ နောက်ပြီးတော့ ယုံကြည်ချက်ကိုနှုတ်ကပတ်တော်အစား လက်ခံလိုက်ပါ တယ်။ အဲဒီ နေ့ရက်ကာတော့ နှုတ်ကပတ်တော် အပြည့်အဝ အကျိုးသက်ရောက်စွာနဲ့ ရောက်လာတဲ့ အချိန်ဘဲ ဖြစ်ပါတယ်။ သိပ်မကြာသေးခင်ကာလကဘဲ ဖြစ်ပါတယ်။

48 ၄၈။ ဒုတိယအကြိမ် ကြည့်ရမယ်ဆိုရင် ဒုတိယမြောက် ပြောရမယ်ဆိုရင် ပထမဆုံး ထိုနေရာဆိုတာ ယေရုရှလင်ဘဲ ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ပြောရမယ်ဆိုရင် သူတို့ တွေဘဲ ဖြစ်ပါတယ်။ မည်သူများ ဖြစ်ပါသလဲ? ဂျူးလူမျိုးများ ဖြစ်ပါတယ်။ ဝတ်ပြုကိုး ကွယ်သူဘဲ ဖြစ်ပါတယ်။ စဉ်းစားကြည့်ပါ။ ဝတ်ပြုကိုးကွယ်သူများကိုယ်တိုင်က ကိုယ်တော်ရှင်ကို သတ်ဖြတ်နေပါတယ်။ သူတို့ ဝတ်ပြုကိုးကွယ်နေတယ်လို့ သူတို့ ကြွေးကြော် သူကို သူတို့သတ်ဖြတ်ပစ်လိုက်တယ်။ အဲလိုအရာမျိုးကို သင်စဉ်းစားမိပါသလား¿ အဲဒီလူတွေကတော့ အရမ်းကိုစူးစမ်းလေ့လာသူများဖြစ်ပြီးညဏ်ကောင်းတဲ့ ယဇ်ပု ရောဟိတ်များ ဖြစ်ပါတယ်။ သူတို့ကို သင်တန်းပေးပြီးသားဖြစ်ပါတယ်။ သူတို့မှာ ဒေါက်တာဘွဲ့တွေ ရှိပါတယ်။ သူတို့ဟာ ခေတ်ကာလတစ်ခုမှာ သူတို့ဟာ မျိုးနွယ်စုတစ်စုနဲ့ပေါ်ထွက်လာပါတယ်။ သူတို့ ယဇ်ပုရောဟိတ်များ မဖြစ်မီတိုင်အောင်ဘဲ ဖြစ်ပါ တယ်။ သူတို့ဟာ လေဝိအမျိုးအနွယ်ဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့ဖခင်များက ယဇ်ပုရောဟိတ်များ ဖြစ်ပါတယ်။ သူတို့ရဲ့အဖိုးများက ယဇ်ပုရောဟိတ်များ ဖြစ်ပါတယ်။ သူတို့ရဲ့ ဘိုးဘေးဘီဘင်တွေကလည်း ယဇ်ပုရောဟိတ်များ ဖြစ်ပါတယ်။ သူတို့ဟာ အင်မတန် ဆက်ကပ်ပြီး သန့်ရှင်းစင်ကြယ်တဲ့အသက်တာနဲ့ အသက်ရှင်ရပါ တယ်။ သူတို့မှာ ဘာမှ အမှားအယွင်းတစ်ခုမှ မရှိပါဘူး။ အကယ်၍ နဲနဲပါးပါးလေးအမှားရှိရင်တောင်မှ ခဲနဲ့ ပေါက်သတ်ခြင်း ခံရမှာ ဖြစ်ပါတယ်။ ဘာဂရုဏာမှ သက်ရောက်မှာ မဟုတ်ပါဘူး။ သန့်ရှင်းခြင်း ဟုတ်ပါသလား? ဟုတ်ပါတယ်။ မိမိအ တွက်မိမိ သန့်ရှင်းခြင်းဘဲ ပြုလုပ် ထားခြင်း ဖြစ်ပါတယ်။ အဲလိုဘဲ ပြုမူရမှာ ဖြစ်ပါတယ်။ သူတို့ရဲ့အသင်းတော်အတွက် သူတို့ မျက်နှာပြရမှာ ဖြစ်ပါတယ်။ သူတို့အထဲမှာ ဖြစ်ပါတယ်။ သခင်ယေရှုမိန့်တော် မူတာကတော့ သင်တို့ဟာ လူသေအရိုးတွေနဲ့ ပြည့်နေတယ်လို့ ဆိုထားပါတယ်။

ကျွန်တော်ဟာ ဘယ်လိုလုပ်ပြီး အပြစ်တင်ချက်ကို ယူဆောင်လာနိုင်မှာလဲ? သမ္မာတရားလို့ သိထားတဲ့လူဘဲ ဖြစ်ပါတယ်။ အဲဒီနှုတ်ကပတ်တော်ကတော့ သမ္မာတရားဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ အပေးအယူလုပ်မှာ ဖြစ်ပါတယ်။ အဖွဲ့အစည်း တစ်ချို့အတွက် မျက်နှာရဘို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော့်မှာ အပြစ်တင်ခွင့်ရှိပါတယ်။ ဘုရားသခင် နှုတ်ကပတ်တော်အ ပေါ်မှာ ဖြစ်ပါတယ်။

49 ၄၉။ They လို့ပြောတဲ့သူတို့ ဝတ်ပြုကိုးကွယ်မှုများ လူတွေဖြစ်ပြီးတော့ သူတို့ ဂတိတော်ကို ရှာဖွေလျှက်ရှိပါတယ်။ သူတို့ဟာ ဂတိတော်ကို စောင့်စားလျှက်ရှိပါတယ်။ နှစ်ပေါင်းများစွာ ခေတ်ပေါင်းများစွာ စောင့်ဆိုင်းလျှက်ရှိပါတယ်။ ဘာမှ လုပ်စရာမလိုဘဲနဲ့ အမြဲတမ်းဘဲ ကျမ်းစာကျောင်းတက်နေခြင်းဖြစ်ပါတယ်။ သူတို့ဟာ နှုတ်ကပတ် တော်ကို ပိုင်းခြားပြီးတော့ သူတို့ရဲ့ ကျမ်းစာကျောင်းတွေက သင်ပေးတဲ့အတိုင်းလက်ခံ ကြပါတယ်။ အဲဒီတော့ သူတို့က တစ်ကယ်စစ်မှန်တဲ့ အမှန်တရားနဲ့ လွဲသွားရပါတယ်။ သူတို့ဟာ ယဇ်ပုရောဟိတ်များဖြစ်ပါတယ်။ သူတို့ရဲ့ခေတ်ကာလက သာသနာပြု ခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့ ဌာနချုပ်ဘဲ ဖြစ်ပါတယ်။ There ကတော့ သူတို့ရဲ့ဌာနချုပ်ဖြစ် ပါတယ်။ They ကတော့ သူတို့ရဲ့ ခေတ်ကာလ သာသနာဘဲ ဖြစ်ပါတယ်။ အဲဒီအရာက နေပြီးတော့ တစ်ကယ့်သိုးသူငယ် တစ်ကယ့်ဘုရားသခင်က်ိုသတ်ဘို့ ဖြစ်ပါတယ်။ ဘုရားသခင်ကတော့ သိုးသူငယ်ဘဲ ဖြစ်ပါတယ်။ သူတို့ဝတ်ပြုကိုးကွယ်ဘို့ သူတို့ ကြွေးကြော် ထားတဲ့သူကိုဘဲ တန်ပြန်ပြီးတော့ သတ်ခြင်းဖြစ်ပါတယ်။

ယနေ့လည်း ကျွန်တော်က ဘိသိတ် သိက္ခာရပြီးသား အမှုတော်ဆောင်အုပ်စု ကို အပြစ်ဖို့လိုပါတယ်။ သူတို့ရဲ့ ယုံကြည်ချက် တွေ၊ ဂိုဏ်းဂဏတွေ အားဖြင့် သူတို့က လူတွေကိုကားတင်နေပါတယ်။ ဘုရားသခင်ကိုလည်း ကားတင်နေခြင်း ဖြစ်ပါတယ်။ သူတို့ အစေခံနေတယ်ဆိုတဲ့ ဘုရားသခင်ကို သူတို့ကိုချစ်ပြီး အစေခံတယ်လို့ဆိုတဲ့ ကားတင်နေခြင်းဘဲ ဖြစ်ပါတယ်။ ဒီအမှု တော်ဆောင်တွေကို ကျွန်တော် အပြစ်တင်လိုပါတယ်။ သခင်ယေရှုခရစ်တော်ရဲ့နာမဥ္စ သူတို့အပေါ် အပြစ်တင်လိုတယ်။ သူတို့ ယုံကြည်ချက်တွေ ဩဝါဒတွေကိုလည်း အပြစ်တင်လိုပါတယ်။ အံ့ဘွယ်နိမိတ်လက္ခဏာတွေနဲ့ ပြည့်စုံတဲ့ နေ့ရက်ကာ လတွေ လွန်သွားပြီလို့ သူတို့က ပြောပါတယ်။ ယေရှုနာမဥ္စရေဗတ္တိဇံခြင်း မလိုအပ်တော့ဘူး။ မမှန်ကန်တော့ဘူး။ ပြောတာ တွေကိုလည်း ကျွန်တော်ပြော လိုပါတယ်။ ဒီနှုတ်ကပတ်တော်တွေနဲ့ပတ်သက်လို့ သူတို့ရဲ့ယုံကြည်ချက်တွေနဲ့ သူတို့ဆိုပါ တယ်။ သူတို့ကို ကျွန်တော်က အပြစ်တင်ပါတယ်။ သူတို့က အပြစ်ရှိပါတယ်။သခင် ယေရှုရဲ့အသွေးတော်ဟာ သူတို့ရဲ့လက်တွေပေါ်မှာ သက်ရောက်နေမှာ ဖြစ်ပါတယ်။ သခင်ယေရှုကို သူတို့က ကားတင်သတ်ခြင်းကြောင့်ဘဲ ဖြစ်ပါ တယ်။ ဒုတိယအကြိမ် ကားစင်တင်ခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာ ခရစ်တော်ကို ကားစင်တင်ထားပါတယ်။ လူထုရှေ့မှာဘဲ သူတို့က ခရစ်တော်ကို ကားတင်တာဖြစ်ပါတယ်။ သူတို့ကိုယ်သူတို့သူတို့ အတွက်ဆိုပြီးတော့ ပေးထားတယ်လို့ ပြောနေတဲ့ အရာတွေကို သူတို့က ပြန်ယူနေခြင်းဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ တစ်စုံတစ်ခုနဲ့ အစားထိုးခြင်းဘဲ

ဖြစ်ပါတယ်။ အသင်း တော်ယုံကြည်ချက်နဲ့ အစားထိုးပါတယ်။ ရေပန်းစားဘို့ရန်အတွက်ဘဲ ဖြစ်ပါတယ်။

50 ၅၀။ သူတို့ကတော့ သူတို့ကိုယ်သူတို့ ပိုပြီးတော့သိဘို့ကောင်းတဲ့လူတွေဘဲ ဖြစ်ပါ တယ်။ တစ်စုံတစ်ယောက်သောသူဟာ ပိုပြီးတော့ သိဘို့ကောင်းမယ်ဆိုရင် အမှုတော် ဆောင်တွေဖြစ်တဲ့ သူတို့ကိုယ်သူတို့ဘဲ သိဘို့လိုပါတယ်။ ပိုပြီးတော့ သိသင့်တယ်။ ပိုပြီးတော့လိုတယ်ဆိုရင်လည်း အဲဒီနေ့ရက်ကာလက အမှုတော်ဆောင်တွေလည်း သိသင့် ပါတယ်။ တစ်စုံ တစ်ယောက်သောသူက သိသင့်တယ်ဆိုရင် သာသနာပိုင်ဘီးရှော့တွေ သာသနာပိုင် အပ်သ်ဘီးရှော့တွေနဲ့ အမှုတော်ဆောင် တွေ၊ ဒေါက်တာဘီလီ၊ ဒေါက်တာ အော့စ်ဒီဗီနီတီ ဘွဲ့ရများတွေ သူတို့ကိုယ်သူတို့ ပိုပြီးတော့ သိသင့်ပါတယ်။ ဘာကြောင့် မသိနိုင်ကြသလဲ? မည်မျှ အတိုက်အခံ ဖြစ်နေပါသလဲ¿ ကျွန်တော်တို့ရှေ့မှာ ကျွန်တော်တို့မှာ ရှိနေတဲ့အရာကတော့ အတိုက်အခံ ဖြစ်နေခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ကြွေးကြော်တဲ့ အရာကတော့ သူတို့ဟာ ဘုရားကို ဝတ်ပြုကိုးကွယ်နေ တယ်လို့ သူတို့ ကြွေးကြော်ပါတယ်။ နောက်ပြီးတော့ သူတို့ဟာ အသက်တာရဲ့ ဘုရင်ကို သတ်နေခြင်းဘဲ ဖြစ်ပါ တယ်။ ကိုယ်တော်ရှင်ကို သတ်နေခြင်းဘဲ ဖြစ်ပါတယ်။ အလားတူဘဲ ဒီနေရာမှာ သူ တို့ထိုကဲ့သို့ ပြုမူပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကိုယ်တော်ရှင်က နှုတ်ကပတ်တော် ဖြစ်နေလို့ပါဘဲ။

ကိုယ်တော်ရှင် ထိုအရာဖြစ်သောကြောင့်ဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကို ရောင်ပြန်ဟပ်ခြင်းဘဲ ဖြစ်ပါတယ်။ ယနေ့လည်း ကိုယ်တော်ရှင် ထိုကဲ့သို့ဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကို ရောင်ပြန်ဟပ်ခြင်း ဖြစ်ပါတယ်။ မိမိအားဖြင့် မိမိကိုယ်ကို ရောင် ပြန်ဟပ်မဲ့သူတစ်ယောက်ကို ပြောဆိုနေခြင်းဘဲ ဖြစ်ပါတယ်။

51 ၅၁။ ဒီလူတွေဟာ ပရိတ်သတ်တွေကို ဘုရားသခင်နဲ့ ဝေးကွာစေပါတယ်။ တစ်ခုခု ဖြစ်လာပြီဆိုရင် ပရိတ်သတ်အ ကြောင်း သူတို့က ပြောပါတယ်။ ဟိုးစင်ပေါ်ကနေပြီးတော့ လူတွေကို အပြစ်တင်ပါတယ်။ တရားဟောပလ္လင်ကနေပြီးတော့ သူတို့ကပြောပါတယ်။ အဲဒါအရမ်းကို အစွန်းရောက်နေတယ်။ အဲဒါနဲ့ဝေးဝေးနေပါ။ အဲလိုလုပ်ခြင်းအားဖြင့် သူတို့ဟာ (၁၉၆၃)ခုနှစ်မှာသခင်ယေရှုခရစ်ကိုကားတိုင်တင်ခဲ့ပါတယ်။သူတို့ဟာဟိုးတစ်ချိန်သောကာလကအပြစ်ရှိသောသူများကဲ့သို့ပင် အပြစ်ရှိပါတယ်။အဲဒါဟာကြောက်မက်ဖွယ်စကားဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒါကအမှန်တရားဘဲ ဖြစ်ပါတယ်။ ယနေ့လည်း သူတို့က ထိုကဲ့သို့အတိအကျ ထိုကဲ့သို့ပင် ပြုမူနေကြပါတယ်။

ဒီမြေကြီးပေါ်မှာ သခင်ယေရှုကို ကားတိုင်တင်တဲ့ မြေကြီးပေါ်မှာ နှုတ်ကပတ်တော်ကို ယူဆောင်တဲ့အပေါ်မှာ မူတည်ပြီးတော့ လူတွေထံကနေ ယူဆောင်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူတို့အတိအကျဘဲ အဲဒီမှာ အဲဒီလိုဘဲ လုပ်နေကြပါတယ်။ ဘုရားသခင်က သူ့ရဲ့သားတော်အားဖြင့် နှုတ်ကပတ်တော်ကို ရောင်ပြန်ဟပ်စေပါတယ်။ နှုတ်ကပတ်တော် အဲဒါမှန်ကန် တယ်ဆိုတာ သက်သေပြပါတယ်။ သူတို့ ဖြစ်တယ်လို့ သူတို့ ကြွေးကြော်ထားတဲ့ ကိုယ်တော်ဘဲ ဖြစ်ပါတယ်။ ယေဟောဝါ ဘုရား ဖြစ်ပြီးတော့ သမ္မာကျမ်း စာအားဖြင့် မိမိကိုယ်ကိုမိမိဖေါ်ပြတဲ့ ဘုရားဘဲဖြစ်ပါတယ်။ သူအမှုပြုမယ် လို့ဆိုထား တဲ့အတိုင်းဘဲ အမှုပြုခဲ့ခြင်းဘဲ ဖြစ်ပါတယ်။ သူပြောတဲ့အတိုင်းဘဲ လုပ်တဲ့ဘုရား ဖြစ်ပါ တယ်။ သူတို့ရှေ့မှာ မိမိကိုယ်ကို ရောင်ပြန်ဟပ် ဖေါ်ပြလျှက်ရှိပါတယ်။ သူတို့ရဲ့ဘုရား ကျောင်း အုပ်စုတွေကို သူတို့ချစ်တဲ့အတွက် အဲဒီအရာတွေကို သူတို့ နှစ်သက်တဲ့အတွက် အသက်တာဘုရင်ကို သူတို့က တရားစီရင်ခြင်းဘဲဖြစ်ပါတယ်။

52 ၅၂။ ယနေ့လည်း အလားတူအုပ်စုကိုဘဲ ကျွန်တော် ပြောလိုပါတယ်။ အပြစ်တင်လို ပါတယ်။ ဘုရားသခင်ရှေ့မှာ သူတို့အပြစ်ရှိပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော် အားဖြင့် သူတို့ဟာ အဲဒီအတိုင်းဘဲ ပြုလုပ်နေကြပါတယ်။ ဒီမျိုးဆက်က အပြစ်တင်ခံ ရမဲ့ မျိုးဆက်ဘဲ ဖြစ်ပါတယ်။ (ဟေဗြဲ၁၃း၈ကို )သတိရပါ။ ကိုယ်တော်ရှင်ဟာ မနေ့၊ ယနေ့၊ ထာဝရကာလ ပြောင်းလဲခြင်း မရှိပါဘူး။

ကိုယ်တော်ရှင်ကို သူတို့ ဘယ်လိုအပြစ်တင်သလဲ? သူတို့ရဲ့ ယုံကြည်ချက်တွေက ကိုယ်တော်ကို လက်မခံလို့ဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့နှလုံးသားထဲမှာ သူတို့ တစ်မျိုးသိထားပါတယ်။ နိကောဒင်ဟာ ရှင်ယောဟန်ခရစ်ဝင်ကျမ်း(အခန်းကြီး ၃)မှာ နိကောဒင် အကြောင်းကိုလည်း သေသေချာချာ ဖေါ်ပြထားတယ်မဟုတ်ပါလား? ဘောဓိဆရာက ကျွန်တော်တို့ဟာ ဖာရိရှဲတွေ ဖြစ်ပါတယ်လို့ ပြောလိုပါတယ်။ တရားဟောဆရာတွေ၊ ဓမ္မဆရာတွေ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ဘုရားထံကနေ စေလွှတ်ခြင်းခံရတဲ့သူ ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဘယ်သူမှ ကိုယ်တော်ရှင် ပြုတဲ့အမှုမျိုး မပြု နိုင်ပါဘူး။ ဘုရားသခင် သူနဲ့အတူ မပါရှိရင် သူဘယ်လိုမှ မလုပ်နိုင်ဘူးလို့ ဆိုပါတယ်။ သူတို့ လူတွေအများစုမှာ သက်သေခံခဲ့ပါတယ်။ သူတို့ သိထားတဲ့ လူတွေအားဖြင့်ဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့ကြောင့်လည်း သူတို့ဟာ ခရစ်တော်ကို ကားတိုင်တင်ခြင်းဘဲ ဖြစ်ပါတယ်။

ယနေ့လည်း (တမန်တော်၂း၃၈)ကို မဖတ်နိုင်တဲ့သူ ဘယ်သူမှ မရှိပါဘူး။ ကျွန်တော်ဖတ်သကဲ့သို့ ဖတ်နိုင်ပါတယ်။ ကျွန်တော် ဖတ်တတ်သလိုဘဲ တစ်ခြားသူတွေ လည်း ဖတ်တတ်ပါတယ်။ သူတို့ရဲ့ယုံကြည်ချက်တွေနဲ့ သူတို့ရဲ့ ဂိုဏ်းဂဏ လက်မှတ်တွေက သူတို့ဂိုဏ်းဂဏလက်မှတ်တွေကို သူတို့အိပ်ထဲမှာ ထည့်ထားကြတယ်။ သားရဲရဲ့တံ ဆိပ်လက်မှတ်တွေကို သူတို့ရဲ့ မိဿဟာယ ကပ်ပြားတွေပေါ်မှာ တင်ထားကြတယ်။ အဲဒီအကြောင်းတွေကြောင့် သူတို့ဟာ သခင်ယေရှုခရစ်ထံကို သူတို့ကိုယ်သူတို့ ကား တိုင်တင်ခြင်းဘဲ ဖြစ်ပါတယ်။ လူထုရဲ့ရှေ့မှာ သူတို့ကိုယ်သူတို့ ကားတိုင်တင်ကြပါ တယ်။ ဒီအရာကို ပြုလုပ်မယ်ဆိုပြီးတော့ ဂတိထားခဲ့တဲ့ သူတို့ရဲ့ဘုရားကိုဘဲ သူတို့ ပြန်ပြီးတော့ ညစ်ညူးစေခြင်းဘဲ ဖြစ်ပါတယ်။ မိမိရဲ့မျိုးဆက်အပေါ်မှာ မိမိပြန်လည်ပြီး တော့ ကျိန်ဆိုခြင်းဘဲ ဖြစ်ပါတယ်။ ကျိန်စာတိုက်ရအောင် ပြုလုပ်ခြင်းဖြစ်ပါတယ်။

53 ၅၃။ သူတို့ကတော့ အပြစ်သားတွေ မဟုတ်ပါဘူး။ သူတို့ကတော့ ခေတ်ကာလရဲ့ အသင်းတော်တွေဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော် ဖြစ်တဲ့လူကို သူတို့ကအပြစ်စီရင်ကြပါတယ်။ အဲဒါမှန်ပါသလား။ နှုတ်ကပတ်တော် ဖြစ် နေတဲ့ လူသားအပေါ်မှာ သူတို့က အပြစ်ရှာကြပါတယ်။ နှုတ်ကပတ်တော်ကို အပြစ်ရှာပြီးတော့ လူသားတွေကြားတဲမှာ အပြစ်ရှာပြီး အမှုပြုနေတဲ့ နှုတ်ကပတ်တော်ကို အပြစ်ရှာခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ သူတို့ပြောင်းပြန်ပြု လုပ်နေခြင်း ဘဲ ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်ထဲမှာရှိတဲ့အရာကို

ပြောင်းပြန်လုပ်ခြင်းဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က အမှုပြုလျှက် ရှိပါတယ်။ ဘုရားသခင်ဖေါ်ပြခြင်းဘဲ ဖြစ်ပါတယ်။

သူဟာ ခရစ်တော်ဖြစ်တယ်ဆိုတာ သူတို့ဘယ်လိုသိကြပါသလဲ။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့အမှုတွေက သူခရစ်တော်ဖြစ်တဲ့အကြောင်းကို သက်သေခံနေလို့ဘဲ ဖြစ်ပါတယ်။ ငါ့မှာအပြစ်ရှိတယ်လို့ သင်တို့အထဲက ဘယ်သူက ပြောနိုင် သလဲ။ သမ္မာကျမ်းစာအတိုင်း အတိအကျငါပြုလုပ်တယ်ဆိုရင် ငါလုပ်တာဘဲဖြစ်ပါတယ်။ တစ်စုံတစ်ယောက်သောသူက တစ်နေရာရာမှာ ငါမှားယွင်းတယ်ဆိုတာကို ဖေါ်ပြမယ်ဆိုရင် ဖေါ်ပြနိုင်ပါတယ်။ ငါဟာမေရှိယဖြစ်တယ်ဆိုတဲ့ နိမိတ် လက္ခဏာကို ငါမဖေါ်ပြခဲ့ဘူးဆိုရင် ငါဟာသင်တို့ဂတိထားတော်မူတဲ့ သူဘဲဖြစ်ပါတယ်။ သူတို့အားလုံးကလည်း ကျွန်တော် တို့မှာ မောရှေရှိတယ်။ ကျွန်တော်တို့ မောရှေကို ယုံကြည်ကြပါတယ်လို့ ဆိုပါတယ်။

မောရှေကို သင်တို့ ယုံကြည်ခဲ့မယ်ဆိုရင် ငါ့ကိုလည်း ယုံကြည်မှာ ဖြစ်ပါတယ်။ မောရှေက ငါ့ရဲ့နေ့ရက်ကာလတွေကို တွေ့မြင်ပြီးတော့ နှစ်သက်ခဲ့ပါတယ်။ ငါ့ရဲ့နေ့ကာလမှာ အသက်ရှင်ချင်တဲ့ ဆန္ဒရှိခဲ့ပါတယ်။ မောရှေကတော့ အလွန်ဝေး ကွာခဲ့ပြီး ဖြစ်ပါတယ်။ မောရှေနဲ့ပရောဖက်တွေအားလုံးက အလွန်ဝေးကွာခဲ့ပါတယ်။ အခု သင်တို့ကတော့ အခုဘဲ အသက်ရှင်နေပါတယ်။ နောက်တော့ တရားစီရင်နေပါတယ်။ သင်တို့ဟာ သူတော်ကောင်းယောင်ဆောင်တွေ ဖြစ်ပါတယ်။ ကောင်းကင်မျက်နှာပြင်မှာဘဲ သင်တို့ဟာ ပိုင်းခြားနားလည်တတ်ပါတယ်။ ဒါပေမဲ့လည်း ခေတ်ကာလရဲ့လက္ခဏာကို တော့ သင်တို့ပိုင်းခြားနားလည်နိုင်ခြင်း မရှိပါဘူး။

54 ၅၄။ ခေတ်ကာလရဲ့ နိမိတ်လက္ခဏာရှိပါတယ်။ ကိုယ်တော်ရှင်ကို သူတို့က ဘယ်လိုအတန်းအစားခွဲပါသလဲ။ ကြောင်နေတဲ့သူ၊ အစွန်းရောက်နေတဲ့သူလို့ ဆိုပါတယ်။ ဟုတ်တယ်။ နှုတ်ကပတ်တော်တည်းဟူသောပုဂ္ဂိုလ်ကို သူတို့က အပြစ်ရှာပါတယ်။

ကိုယ်တော်ရှင်က နှုတ်ကပတ်တော် ဖြစ်ပါတယ်။ (ယောဟန်၁)မှာဖေါ်ပြထားပါတယ်။အစအဦးမှာ နှုတ်ကပတ် တော်ရှိတယ်။ နှုတ်ကပတ်တော်ဟာ ဘုရားသခင်နဲ့အတူရှိတယ်။ နှုတ်ကပတ်တော်ဟာ လူဇာတိကိုခံယူပြီး ကျွန်ုပ်တို့နဲ့အတူ ကျိန်းဝပ်တော်မူတယ်တဲ့၊ ကိုယ်တော်ရှင်ဟာ အသက်ရှင်သော နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်ဟာသူ့အားဖြင့် ဘုရားသခင်ကို ဖေါ်ပြပါတယ်။ ကိုယ်တော်ရှင်ဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို လုံးဝအသေခံတယ်။ လုံးဝအပြည့်အဝကို ဦးထိပ်ထားပြီး အသေခံပါတယ်။ ကိုယ်တော်ရှင်နဲ့ နှုတ်ကပတ်တော် အတူတူဘဲ ဖြစ်ပါတယ်။ ယနေ့အသင်းတော်ကလည်း ဒီတိုင်းအတိအကျ ဖြစ်သင့်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဟာ အလားတူဖြစ်တဲ့အကြောင်း ဘဲဖြစ်ပါတယ်။

55 သင်ဟာ ဘယ်လိုလုပ် နှုတ်ကပတ်တော်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်ပြီး တစ်ကယ့်လက်တွေ့အားဖြင့်တော့ ငြင်းပယ်ထား တဲ့အရာ ဘယ်လိုဖြစ်နိုင်သလဲ။ အကြောင်းပြချက်ကတော့ အဲဒီအတိုင်း ဖြစ်ခဲ့လို့ဘဲ ဖြစ်ပါတယ်။ လူတွေအတွက်ကြောင့် မဟုတ်ပါဘူး။ အဲဒီအကြောင်းကြောင့် ဘုရားသခင်က ကိုယ်စားပြောပြီးတော့ သူ့လူတွေကို ရွေးချယ်ပါတယ်။ သူ့လူတွေ ကတော့ Riekys and Riekattas တွေဘဲ ဖြစ်နေပါတယ်။ သူတို့ရဲ့ အတ္တကြီးတဲ့ ဂိုဏ်းဂဏများကြောင့်ဘဲ ဖြစ်ပါတယ်။ သူတို့လူတွေဟာ သူတို့အသက်ရှင်လိုတဲ့နည်းလမ်းအတိုင်းဘဲ ဖြစ်နေတတ်ပါတယ်။ သူတို့ဟာ သမ္မာတရားကို ကားတိုင် တင်ထားပါတယ်။ လူတွေကအဲဒါကို ဘုရားသခင်ကိုညစ်ညူးစေခြင်းလို့ ခေါ်ပါတယ်။ ဘုရားသခင်ကို ညစ်ညူးစေဘို့ ပြုလုပ် ပါတယ်။ အဲဒါကတော့ အစွန်းရောက်ခြင်းဖြစ်ပါသည်။ သူတို့ဟာ ဘုရားကျောင်းကို သွားပြီးတော့ အစေခံနေတဲ့ ဘုရားကိုဘဲ သွားပြီးတော့ သူတို့အစေခံပြီးတော့ ညစ်ညူးစေခြင်းဘဲဖြစ်ပါတယ်။

ယနေ့ အဲဒီလို ပြုမူနေတဲ့အမှုတော်ဆောင်တွေကို ကျွန်တော် အပြစ်တင်လိုပါ တယ်။ ဒီခေတ်ကာလက လူတွေကို ကျွန်တော် အပြစ်တင်လိုပါတယ်။ သခင်ယေရှုနာမဖြင့် ဘုရားသခင်နှုတ်ကပတ်တော်ရဲ့ ဩဇာအာဏာတန်ခိုးအောက်မှာ သူတို့ဟာ ကိုယ်တော်ရှင်ကို တစ်ဖန်ပြန်လည်ပြီးတော့ ကားတင်နေတဲ့အကြောင်းကို ပြောလိုပါ တယ်။

ကိုယ်တော်ရှင်ဟာ မနေ့၊ ယနေ့နဲ့ ထာဝရကာလ အတူတူဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို လူထဲမှာ ဖေါ်ပြနေခြင်းဘဲ ဖြစ်ပါတယ်။ ကားတိုင်တင်ခြင်းနှစ်ခုကို နှိုင်းယှဉ်ကြည့်လိုက်ပါ။ သူတို့ဘယ်လိုအပြစ်တင်သလဲဆိုတာကို နှိုင်းယှဉ်ကြည့်ပါ။ သူ့ကိုယ်သူ ဘုရားလို့ဆိုတယ်။ ဒီလိုလူစားမျိုး အုပ်ချုပ်တာကို ကျွန်တော်တို့ မလိုချင်ဘူးလို့ ဆိုကြပါတယ်။

56 ၅၅။ သူတို့အပြစ်တင်ကြတဲ့အခါမှာ ဘယ်လိုအပြစ်တင်ခွင့်ကို ရှာနေပါသလဲ။ အဲဒီမနက်က ယုဒဘာသာရေး တရား ရေးရာမှာ သခင်ယေရှုကို ကားတင်တဲ့အခါမှာ ဘယ်လိုအပြစ်တင်ခွင့်ကို ရှာပါသလဲ။ သူ့ကိုယ်သူ ဘုရားယောင် ဆောင်တယ်လို့ ဆိုပါတယ်။ သူကဘုရားဖြစ်ပါတယ်။ သူကဥပုဒ်နေ့ကို ဖျက်ဆီးတယ်လို့လည်း ဆိုပါတယ်။ ကိုယ်တော် ရှင်ဟာ ဥပုဒ်နေ့ရဲ့သခင် ဖြစ်ပါတယ်။ သူတို့အပြစ်တင်တာကတော့ သူ့ကိုယ်သူဘုရားဖြစ်ခြင်း ဖြစ်တယ်လို့ ပြောတဲ့အတွက် ဖြစ်ပါတယ်။ ထိုကဲ့သို့ ပြုလုပ်ခွင့်မရှိပါဘူး။ ဘယ်လိုမှ ပြုလုပ်ခွင့်မရှိပါဘူး။ ကျွန်တော်တို့ရဲ့ ယဇ်ပုရောဟိတ်အကြီးတွေနဲ့ တစ်ခုခုကရောက်လာမယ်ဆိုရင် ယဇ်ပုရောဟိတ် တွေအားဖြင့်သာသွားရမှာ ဖြစ်ပါတယ်။ ဒီနေ့လည်း ကားတိုင်နဲ့နှိုင်း ယှဉ်ကြည့်ပါ။

ဘုရားသခင်က ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ကို အရမ်းသဘောကျနှစ်သက်နေတဲ့အချိန်မှာ သူ့ရဲ့ သားတော်ကို ပြန်ပြီးတော့ ချီးမြှောက်ပါတယ်။ မာရိရဲ့လွှမ်းမိုးမှုအောက်မှာ ရှိပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်တော်ရှင်ကို အစေခံမဲ့ကိုယ်ခန္ဓာကို ဆောင်ယူလာပါတယ်။ ကိုယ်တော်ရှင်ရဲ့အလိုတော်ကို ပြည့်စုံစေပါတယ်။ ခရစ်တော်ထဲ၌ ဘုရားသခင်ရှိပါတယ်။ ဘုရားသခင်ရဲ့ ကိုယ်ခန္ဓာအပြည့်အဝဟာ ခရစ်တော်ထဲမှာ ရှိပါတယ်။ ဘုရားသခင် ဘာဖြစ်သလဲဆိုတာ ရောင်ပြန်ဟပ်စေပါတယ်။ လူတွေကို သိစေပါတယ်။ ကမ္ဘာလောကကြီးတစ်ခုလုံးကို သိစေပါတယ်။ လူတစ်ဦးတစ်ယောက်ဆီကို ဘုရားသခင်က သိစေပါတယ်။ သားတော်၊ သမီးတော်၊ သား၊ သမီး စသည်ဖြင့် ဖြစ်ပါတယ်။ လူတစ်ဦးကို ယူပြီးတော့ အမှုပြုခဲ့ပါတယ်။ သူဟာ သူတို့ရဲ့ ဂိုဏ်းဂဏဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာများကို ဝင်ယူပြီး ဝင်ယူတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ သူ့ကို အပြစ်တင်ပြီးတော့ သူ့ကို ကားတင်ခဲ့ပါတယ်။

57 ၅၆။ အခုအခါမှာ အဲဒီကားတိုင်နဲ့ ယနေ့ နှိုင်းယှဉ်ကြည့်ပါ။ ဂိုဏ်းဂဏဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ ကွာခြားမှုတွေ ကျမ်းတတ်ပုဂ္ဂိုလ်တွေ တစ်ယောက်နဲ့တစ်ယောက် မကြည်ဖြူမှုတွေ၊ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို သိသင့်တယ်။ အကြံအစည်ကို သိသင့်တယ်။ ဒါပေမဲ့ မသိကြပါဘူး။ ဘာကြောင့်လဲဆိုတော့ဘုရားသခင်ကတော့ လူစုကလေးတစ်စုကို ယူပြီးတော့ အဲဒီလူတွေအားဖြင့် သူ့အမှုပြုခဲ့ပါတယ်။ အရာရာမှာ မိမိကိုယ်ကို မိမိဖော်ပြခဲ့ပါတယ်။ သူတို့ကိုယ်သူတို့ နှိမ့်ချပြီးတော့ နှုတ်ကပတ်တော်ကို လက်ခံတဲ့သူတွေအနေနဲ့ ဘုရားသခင်ကို တွေ့ခဲ့ပါတယ်။ အဲဒါမဖြစ်နိုင်ဘူးလို့ သူတို့က မပြောန်ိုင်ခဲ့ပါဘူး။

ကိုယ်တော်ရှင်အမှု မပြုဘူးလို့ သူတို့ မပြောနိုင်ခဲ့ပါဘူး။ သူတို့ရဲ့ ပရိတ်သတ်က သက်သေဖြစ်နေပါတယ်။ သူတို့ရှေ့မှာ ရှိနေပါတယ်။ သူတို့မငြင်းပယ်နိုင်ပါဘူး။ သူကြွေးကြော်ထားတဲ့အရာတွေကို သူတို့မငြင်းပယ်နိုင်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ အဲဒီနှုတ်ကပတ်တော်ကဘဲ သူတို့ယုံကြည်တယ်လို့ဘဲ သူတို့ပြောတဲ့ နှုတ်ကပတ်တော်က ကိုယ်တော်ရှင်ဟာ စစ်မှန်တဲ့အကြောင်းကို သက်သေပြခဲ့ပါတယ်။ ဘုရားသခင်ဟာ နှုတ်ကပတ်တော်ကို ယူပြီးတော့ မေရှိယဖြစ်သူကို အဲဒီ မေရှိယအားဖြင့်ဘဲ ပြခဲ့ပါတယ်။ ကိုယ်တော်ရှင်ကို သူတို့က လက်ခံရမှာ ဖြစ်ပါတယ်။ အဲဒီတစ်နည်းအားဖြင့်ဘဲ သူတို့ သွားနိုင်မှာ ဖြစ်ပါတယ်။ မေရှိယကို လက်ခံသွားရမှာဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့ကလက်မခံခဲ့ဘူး။ သူတို့ရဲ့ ဝိညာဉ်မျက်စိကွယ်ခြင်း၊ ဂရုမပြုခြင်းကြောင့်ဘဲဖြစ်ပါတယ်။ သူတို့ရဲ့ပညာများတွေနဲ့လည်း သူတို့ဟာမသိမမြင်၊ နားမ လည်ခြင်းတွေ ရှိခဲ့ပါတယ်။ သူတို့ဟာ တော်ပါတယ်။ စူးစမ်းတတ်ပါတယ်။ လောကဆိုင်ရာအတိုင်း ပြောဆိုတတ်ကြပါတယ်။

တစ်ညသောအခါက ကျွန်တော်တို့ နှိုင်းယှဉ်ပြီး ပြောသကဲ့သို့ဘဲ အလင်းက အင်မတန် ချမ်းသာတဲ့ လူငယ်ဘဏ္ဍာစိုး အပေါ်မှာ အလင်းသက်ရောက်တဲ့အခါမှာ သူဘာဘာလုပ်ပါသလဲ။ သူငြင်းပယ်လိုက်ပါတယ်။ သူဟာ လူတော်တစ် ယောက်ဖြစ်ပါတယ်။ ပေါလုလည်း နောက်ထပ်လူတော်တစ်ယောက် ဖြစ်ပါတယ်။ အလင်းသူ့ကို တို့ထိပါတယ်။ သူဘာ လုပ်ပါသလဲ။ သူလက်ခံပါတယ်။ ဖြစ်ပျက်ခဲ့သမျှအားလုံးကို သူမေ့ခဲ့ပြီးတော့ သူဘုရားသခင်ဖြစ်တဲ့ သခင်ခရစ်တော်ကို လက်ခံပါတယ်။ သူ့ရဲ့အသက်တာဟာ ဧဝံဂေလိတရားအတွက် ထိုက်တန်ပါတယ်။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့ညက သတင်း စကားဘဲ ဖြစ်ပါတယ်။

58 ၅၇။ ယနေ့လည်း ဒီအတိုင်းဘဲ ဖြစ်ပါတယ်။ လူကလေးတွေကို တို့ထိမှာ ဖြစ်ပါတယ်။ သူတို့ နားမထောင်ပါဘူး။ ဘုရားသခင်ခေါ်တာကို ဂရုမစိုက်ပါဘူး။ သူတို့က ကျမ်းစာကျောင်းတွေသွားတယ်။ ယုံကြည်ချက်တွေကို သင်ကြားတယ်။ နှုတ်ကပတ်တော် မဟုတ်ဘဲနဲ့ အဲဒီကျမ်းစာယုံကြည်ချက်အားဖြင့် အသက်ရှင်တယ်။ သူတို့ရဲ့မိသ ဟာယကဒ်ပြား တွေကိုလည်း သူတို့စွန့်လွှတ်ခဲ့ပါတယ်။ အဲဒီလိုလုပ်မယ်ဆိုရင် သူ့မှာအမဲစက်ရယ်၊ ဘယ်သူ့မှသူ့ကို လက်ခံမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တစ်ချိန်က တစ်ခုခုနဲ့ သူတို့က သက်ဆိုင်နေတယ်။ အခုတော့သူက မသက်ဆိုင် တော့ပါဘူး။ အဲဒီလူနဲ့ပတ်သက်လို့ တစ်စုံတစ်ခု မှားယွင်းနေတယ်လို့ သူတို့က ထောက်ပြပါတယ်။ သူတို့က သူတို့ရဲ့ အဖွဲ့အ စည်းထဲမှာ သူတို့ရဲ့ လူစုထဲမှာ သူ့ကိုလက်မခံပါဘူး။ အဲဒီ အဖွဲ့အစည်းက နိမိတ်လက္ခဏာတစ်ခုထဲကို ကြည့်နေခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ ဘာယုံ ကြည်သလဲဆိုတာ သူယုံကြည်ဘို့ ဖြစ်ပါတယ်။

သူ့မှာ ကဒ်ပြားရှိတယ်။ သူဟာ မက်သဒစ်ဖြစ်တယ်။ သူဟာ တစ်ခြားမိသဟာယတစ်ခုခုမှာ ပါဝင်တယ်။ ဒါမှမဟုတ် တစ်ပါးတည်းသောဘုရားကို ယုံကြည်တဲ့အဖွဲ့ထဲမှာပါတယ်။ ဒါမှမဟုတ် တြိုင်တီအဖွဲ့ထဲမှာပါတယ်။ ဘာဘဲဖြစ်ဖြစ် ဘုရားသခင်ရဲ့အသင်းတော်ဘဲဖြစ်ဖြစ် ပင်တေကုတ္တေမှာဘဲဖြစ်ဖြစ် အဲဒါတွေအားလုံးထဲမှာဘဲဖြစ်ဖြစ် သူ့မှာ ကဒ်ပြား ရှိပါတယ်။ သူ့ကို ဌာနချုပ်က ကြည့်နေတယ်ဆိုတာ ခံစားရပါတယ်။ သူ့ရဲ့စိတ်နှလုံးကို စစ်ဆေးပါတယ်။ သူ့ကို စိတ်ရော ဂါအထူးကုရဲ့ စစ်ဆေးမှုတွေကို လုပ်ထားပါတယ်။ သူ့ရဲ့အိုင်ကျူကဘယ်လောက်ထိ မြင့်မားတယ်။ သူ့ရှေ့မှာ သူတို့ ဘယ်လိုပြောသင့်တယ်။ အကယ်၍ သူမဟုတ်ဘူးဆိုရင် သူတို့ ဖယ်ရှားလိုက်မှာ ဖြစ်ပါ တယ်။

59 ၅၈။ ဒါပေမဲ့လည်း ပရိတ်သတ်ကြည့်နေရမဲ့အရာကတော့ ကိုယ်တော်ရှင်ရဲ့လက် တော်ကိုဘဲ ကြည့်နေရမှာ ဖြစ်ပါတယ်။ ဘုရားသခင်က သူ့ကိုဘိသိတ်ပေးခြင်း ဟုတ်မဟုတ်ဆိုတာကို ကြည့်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘာကိုကြည့် သင့်ပါသလဲ။ ယနေ့ သူတို့ကသူ့ကို ကားတင်သတ်ကြပါတယ်။ ဘုရားသားတော်ကို ကားတင်ခြင်းဘဲ ဖြစ်ပါတယ်။ လူတစ်ယောက်က တတ်နိုင်တယ်ဆိုရင် ဘုရားကျေးဇူးတော်အားဖြင့် ဘုရားသခင်ရွေးချယ်ခြင်း ခံရပြီးတော့ မိမိကိုယ်ကို သူ့အားဖြင့် ဘုရားသခင်က ရောင်ပြန်ဟပ်စေမှာ ဖြစ်ပါတယ်။ ငါပြုသောအမှုတို့ထက် ကြီးသောအမှုတို့ကို ပြုကြလိမ့်မည်လို့ ကိုယ်တော်ရှင်ဆိုထားခဲ့ပါတယ်။ အခုကျွန်တော်တို့ အသက်ရှင်နေထိုင်နေတဲ့ခေတ်ကာ လကို ဘယ်လိုစဉ်းစားကြည့်ပါ။

သူတို့က ကားတိုင်ကို ယူပါတယ်။ ဒီမနက်လည်း ကျွန်တော်တို့ ယူပါတယ်။ အဲဒီအကြောင်းအရင်းတစ်ခုတည်းနဲ့ ယူနိုင်ပါတယ်။ အဲဒါဟာ သမ္မာတရားဖြစ်တယ်ဆိုတာ သူတို့ သိပါတယ်။ ဒါပေမဲ့လည်း မနာလိုခြင်း၊ မနှစ်သက်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ သခင်ယေရှုက သူတို့ကိုဘာလုပ်ပါသလဲ။ နတ်ဆိုးတွေကို မောင်းထုတ်တယ်။ ဘယ်သူ့လက်ညိုးနဲ့ နတ်ဆိုး တွေကို မောင်းထုတ်တာလဲ။ သူတို့ကို ဘယ်သူက မောင်းထုတ်တာလဲ။ အဲဒီလူတွေက သင့်ကို တရားစီရင်ပါစေ။ ဘုရားသ ခင်ရဲ့လက်တော်အား ဖြင့် နတ်ဆိုးတွေကို မောင်းထုတ်တယ်ဆိုရင် ငါက သင်တို့ရဲ့တရားစီရင်သူ ဖြစ်ပါစေ။ ဆိုပါတယ်။

သူတို့ပြောသကဲ့သို့ဘဲ သူတို့ပြောတာကို သင်ကြားသကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့လက်တော်ဖြစ်တယ်ဆိုတာကို သက်သေပြနိုင်ပါသလား။ ငါကြည့်ချင်ပါတယ်။ သူ့ကို မေးခွန်း၊ က်ိုယ်တော်ရှင်ကို မေးခွန်းမေးတာကို ကျွန်တော် ကြားချင်ပါ တယ်။

သူ့ကိုယ်သူ ဘုရားဖြစ်အောင်လုပ်ခြင်းအတွက်ကြောင့် သူဘုရားဖြစ်ပါတယ်။ ကျွန်တော်တို့က ကိုယ်တော်ကို ကျွန်တော် တို့အပေါ်မှာ အုပ်စိုးခွင့်ပေးမှာ မဟုတ်ပါဘူး။

60 ၅၉။ ဒါပေမဲ့လည်း တစ်ဖန်ပြန်လည်ပြီးတော့ အဲလိုမျိုး ကြွေးကြော်တာကို ကြားရပါတယ်။ သမ္မာကျမ်းစာကို လူတွေက ရေးတာလို့

သူတို့က ဆိုပါတယ်။ အဲဒီကျမ်းစာအား ဖြင့်လည်း အသက်ရှင်စရာမလိုဘူးလို့ သူတို့ကပြောပါတယ်။ အဲဒါ ဘုရားဖြစ်ပါတယ်။ အဲဒါ ဘုရားသခင်ရဲ့နှုတ်ကပတ်တော် ဖြစ်ပါတ်ယ။ ဘုရားကိုယ်တော်တိုင်း ဖြစ်ပါတယ်။ မနေ့က ကျွန်တော်ဟာ လူတစ်ယောက်ကို စကားပြောနေပါတယ်။ တစ်စုံတစ်ယောက်သောသူကတော့ သမ္မာကျမ်းစာကို ရေး တာဖြစ်နိုင်ပါတယ်လို့ဆိုပါတယ်။ ကျွန်တော်က ဘာပြောလဲဆိုတော့ ဟုတ်ပါတယ်၊ ရှိခဲ့ပါတယ်။ သူ့ရဲ့နာမက ဘုရားအဖြစ်နဲ့ ကျွန်တော်တို့ သိခဲ့သူဘဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀၀၀)လောက်ကရေးသားခဲ့ပါတယ်။ကျမ်းစာဖြစ်ပါတယ်။ယောဘဝတ္ထုကစပြီးတော့ဓမ္မသစ် ကျမ်းအထိ ရာပေါင်းများစွာသောသူတို့ ရေးသားခဲ့ပါတယ်။ နှစ်ရာပေါင်းများစွာ ကွာခြားကြာမြင့်ခဲ့ပါတယ်။ လူတွေလည်း တစ်ယောက်နဲ့တစ်ယောက် မတူပါဘူး။ မတူညီတဲ့သူတွေက ရေးခဲ့ခြင်း ဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက်လည်း မသိကြပါဘူး။ နိုင်ငံရဲ့ မတူညီတဲ့အပိုင်းတွေက လူတွေဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်တစ်ခုက အခြားနှုတ်ကပတ်တော် တစ်ခုကို အပြစ်ဆိုမှာ မဟုတ်ပါဘူး။ စီရင်ချက်ချမှာလည်း မဟုတ်ပါဘူး။ ဘယ်သူဘဲဖြစ်ဖြစ် သခင်ယေရှုရဲ့ အသွေးတော် အောက်မှာ လာနိုင်ပါတယ်။ ဂတိတော်ကို ကြွေးကြော်နိုင်ပါတယ်။ ဘုရားသခင်က အဲဒါကို ကြည့်ရှုစောင့်ရှောက်ဘို့အတွက် တာဝန်ယူထားခြင်းဘဲ ဖြစ်ပါ တယ်။

ဒါပေမဲ့လည်း သူတို့က အဲလိုမလုပ်ပါဘူး။ သူတို့လာကြမှာ ဖြစ်ပါတယ်။ အို.ဘုရားသခင်၊ကျွန်တော်တစ်ခုခုကိုလုပ်ချင် ပါတယ်။ ကျွန်တော့်ကို အင်မတန်ကြီးမားတဲ့ ဆုကျေးဇူးကိုပေးပါ။ ဟာလေလုယာ၊ ဘုန်းထင်ရှားပါစေကိုယ်တော်၊ ကျွန်တော် ရတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဟာလေလုယာ၊ အဲဒီတော့ ဘယ်တော့မှ အလုပ်မဖြစ်ပါဘူး။ သင်ကမြောက် များစွာသော စိတ်ပိုင်းဆိုင်ရာတွေကို ယူဆောင်လာမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အလုပ်မဖြစ်ပါဘူး။

ဘုရားသခင်က အဲဒီနောင်တရခြင်းကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဘုရားသခင်က အဲဒါကို အမှုပြုရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒါနဲ့ပတ်သက်လို့ အများကြီး ပြောစရာရှိပါတယ်။ ဒါပေမဲ့လည်း ကျွန် တော်မျှော်လင့်တဲ့အရာကတော့ သင်နားလည်မယ်လို့ဘဲဖြစ်ပါတယ်။

61 ၆၁။ သူတို့မှာ နှုတ်ကပတ်တော် သူတို့အပေါ်မှာ အုပ်စိုးဘို့အတွက် သူတို့ လက်မခံပါဘူး။ သင်တို့ရဲ့အထဲမှာ အားလုံးက သွားကြပါ။ ဗတ္တိဇံခံတာ မှားနေပါတယ်။ ကက်သ လစ်အသင်းတော်မှာ သင်က ဗတ္တိဇံခံခဲ့ပါတယ်။

သင်က ဘယ်သူဖြစ်လို့ ကျွန်တော်တို့ကို အဲလိုပြောရတာလဲ။ ကျွန်တော် မဟုတ်ပါဘူး။ အဲဒါနှုတ်ကပတ်တော် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ ယုံကြည်ပါတယ်။ သင်ဘာကို ယုံကြည်လဲဆိုတာ ကျွန်တော် ဂရုမစိုက်ပါဘူး။ အဲဒါ သမ္မာကျမ်းစာ ပြောတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အဲဒါအားဖြင့် အသက်ရှင်ဘို့ မဟုတ် ပါဘူး။

သင်အဲဒါကို အမှုပြုခဲ့ပါတယ်။ ဒီသမ္မာကျမ်းစာရဲ့ တရားစီရင်မှုအောက်မှာ သင်ရောက်ရှိနေပါတယ်။ ဘယ်သူဘဲဖြစ်ဖြစ် နှုတ်ကပတ်တော်ကို ယူဆောင်ပြီးတော့ အမှုပြုတယ်ဆိုရင် အပြစ်ရှိပါတယ်။ ဗိန္ဓုတစ်လုံးကို ထုတ်ယူသည်ဖြစ်စေ၊ ပေါင်း ထည့်သည်ဖြစ်စေ၊ မပြုလုပ်ရပါဘူး။ အသက်စာစောင်ထဲကနေပြီးတော့ မိမိရဲ့အမည်ကိုလည်း ထုတ်ခြင်းခံရမှာ ဖြစ်ပါတယ် သူဟာ အမှုတော်ဆောင်ဘဲဖြစ်ဖြစ်၊ ဘုရားဝတ်ကို ပြုတဲ့သူဘဲဖြစ်ဖြစ်၊ ဘယ်သူဘဲဖြစ်နေပါစေ၊ ဘုရားသခင်ရဲ့ နှုတ်က ပတ်တော် ဦးဆောင်မှု အောက်မှာသာ ရှိရပါမယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါဘုရားဖြစ်လို့ပါဘဲ။ သမ္မာကျမ်းစာဆိုထား တဲ့အတိုင်းဘဲ အဲဒါက ဘုရားသခင်ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အဲဒီအရာ ကျွန်တော်တို့မှာ အုပ်စိုးသွားခွင့်ကို ကျွန်တော်တို့ မပေးပါဘူး။ သူတို့ရဲ့ ယုံကြည်ချက်တွေ၊ ဂိုဏ်းဂဏတွေ၊ အရာတွေအားလုံး၊ သူတို့ယုံ ကြည်တဲ့အရာတွေအားလုံးကို သူတို့က ယုံကြည်ကြပါတယ်။ လူတွေရဲ့ အဖွဲ့အစည်းတွေက အဲဒါကို လက်ခံကျင့်သုံးပါတယ်။ ဘုရားသခင် နှုတ်ကပတ်တော်အစား လူလုပ်တဲ့အရာကို လက်ခံ ကျင့်သုံးခြင်း ဖြစ်ပါတယ်။

62 ၆၁။ သူတို့ ဘာလုပ်သလဲ။ သူတို့က ဗာရဗ္ဗကို ရွေးချယ်ပါတယ်။ ဗာရဗ္ဗက လူဆိုးကြီး၊ လူသတ်သမားဖြစ်တယ်။ ဘုရား သားတော်အစား သူ့ကို ရွေးချယ်တယ်။ ပထမဆုံး ကားတိုင်တင်ခြင်းဘဲ ဖြစ်ပါတယ်။

ဒီနေ့မှာတော့ လူတွေရဲ့စကားကို သူတို့ ယူဆောင်နေကြပါတယ်။ အဲဒါက လှည့်ဖျားလိမ်ညာခြင်း၊ သေခြင်းလမ်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့လမ်းကို ရွေးမဲ့အ စား၊ ဘုရားသခင်ကိုငြင်းပယ်ကြပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ငြင်းပယ် ပါတယ်။ ခေတ်ကာလမှာ ရှိတဲ့သူတွေကို အပြစ်စီရင်ဘို့ဘဲဖြစ်ပါတယ်။ အပြစ်တင်ဘို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ထဲမှာ သူတို့က မှားယွင်းပါတယ်။ ကား စင်တင်ခြင်းက သူတို့အပြစ်ရှိတယ်ဆိုတာကို ဖေါ်ပြပါတယ်။ ဝိညာဉ်တော်ကို ကားစင် တင်ကြဘို့ ကြိုးစားနေပါတယ်။

နေရာတိုင်းမှာ သူတို့က နိုးထမှုအတွက် တောင်းဆိုနေပါတယ်။ နှုတ်ကပတ် တော်က အမှုမပြုနိုင်တဲ့အခါမှာ ဘယ် လိုလုပ်ပြီး နိုးထမှုရနိုင်မှာလဲ။ ဘယ်လိုအားဖြင့် လူတွေနိုးထနိုင်မှာလဲ။ အဲဒီအဖြေကို ကျွန်တော့်အတွက် ဖြေပေး စေချင်ပါတယ်။ ဘယ်လိုဖြစ်နိုင်မှာလဲ။ တစ်ကယ့်နှုတ်ကပတ်တော်တည်းဟူသော နိုးထမှုကြီးကို မိမိကငြင်းပယ်ထားမယ်ဆိုရင် ဘယ်လိုနိုးထ မှုမျိုးရနိုင်မှာလဲ။ ပရောဖက်တွေ ပြောတဲ့အတိုင်းဘဲ ဘုရားမဲ့တဲ့ပုံစံများဘဲ ဖြစ်နေပါတယ်။ သူတို့ရဲ့ ပုံစံတွေ၊ နှုတ်ကပတ် တော်ကို ငြင်းပယ်ခြင်းတွေဘဲ ဖြစ်ပါတယ်။ အဲဒီကိုဘဲ ပြန်ရောက်သွားမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ ကိုယ်ပိုင်ပုံစံ ယနေ့ရှိနေ ပါတယ်။ သူတို့အတွက် နိုးထမှုဖြစ်စေမဲ့အရာကို ငြင်းပယ်ထားပါတယ်။ သူတို့ရဲ့ယုံကြည်ချက်တွေ ပုံစံတွေဘဲ ဖြစ်ပါတယ်။

သူတို့ဟာ ဂိုဏ်းဂဏနဲ့သူတို့ရဲ့ ယုံကြည်ချက်တွေကို ဘုရားသခင်နှုတ်ကပတ်တော်အစား လက်ခံလိုက်ပါတယ်။ ကိုယ်တော် ရှင်ရဲ့နှုတ်ကပတ်တော်ကို ကားစင်တင်ခြင်းဘဲ ဖြစ်ပြီးတော့ သူ့ရဲ့နှုတ်ကပတ်တော် လူတွေအပေါ်မှာ အကျိုးသက်ရောက် စေဘို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို သူတို့တွေ့တဲ့အခါမှာ ရှင်းရှင်းလင်းလင်း သူတို့မြင်ရတဲ့အရာ ကတော့ နှုတ်ကပတ်တော် ကိုယ်တော်တိုင် နေရာယူပြီးတော့ ဘုရားသခင်က ဂတိပေးပြီးတော့ သူအမှုပြုမယ်လို့ ဂတိပေး တဲ့အတိုင်း ဖြစ်ပါတယ်။ သူက အခုလုပ်နေပါတယ်။ အဲဒါကို

ဟာသလုပ်ပါတယ်။ အဲဒါကနေ ဝေးကွာအောင် သွားပါတယ်။ အဲဒါကတော့ ကျိန်ခြင်းအမင်္ဂလာဘဲ ဖြစ်ပါတယ်။ အဲဒါကို သူတို့ ကားတင်ဘို့အတွက် ကြိုးစားနေပါတယ်။

ဘာကြောင့် သူတို့က ကားတင်ရပါသလဲ။ သူတို့နှုတ်ကပတ်တော်ကို ကားတင်လို့မရပါဘူး။ ဘုရားကို ကားတင်သကဲ့သို့ ဘဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ကိုယ်ခန္ဓာ၊ ဘုရားသားတော်ကို သူတို့ကားတင်လို့ရပါတယ်။ ဒါပေမဲ့လည်း ဘုရားကို ကား တင်လို့ မရပါဘူး။ အဲဒီအချိန်မှာ ယဇ်ကောင်အဖြစ်နဲ့ ဖြစ်ရမှာ ဖြစ်ပြီးတော့ သား ကောင်မြောက်များစွာကို ထာဝရအသက်ကို ရစေဘို့အတွက် ကြိုတင်ခွဲခန့်မှတ်သားစေ ခြင်း၊ ခံယူခဲ့ခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက သူတို့ လုပ်ရမှာ ဖြစ်ပါတယ်။ အခုအချိန်မှာ သူတို့မလုပ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ နှုတ်ကပတ်တော်က ဆက်လက်ပြီးတော့ အသက်ရှင်ထင်ရှား နေလို့ဘဲ ဖြစ်ပါတယ်။

63 ၆၃။ သူတို့ဘာလုပ်သလဲ။ သူတို့ဘယ်လိုပုံစံဖြစ်သလဲ။ သူတို့ဘယ်လိုပြောသလဲ။ သူတို့ရဲ့တရားဟောပလ္လင်ကို ဘယ်လို တည်ဆောက်သလဲ။ အဲလိုတည်ဆောက်ပြီးတော့ ကိုယ်တော်ကို ဘယ်လိုကားတင်ခဲ့ပါသလဲ။

သူတို့က ဧဝံဂေလိအကျိုးများကို ကားတင်ထားပါတယ်။ လူတွေအပေါ်မှာ သူတို့ရဲ့ယုံကြည်ချက်တွေကို သက်ရောက်စေ ပါတယ်။ အဲဒါကတော့ ကားတင်ခြင်းဘဲ ဖြစ်ပါတယ်။ လူထုက အင်မတန်ကြီးမားတဲ့ ဘုရားကျောင်းကြီးတွေ၊ အင်မတန်ကြီး မားတဲ့ ဝတ်ပြုကိုးကွယ်ဖို့ နေရာကြီးတွေ နောက်ပြီးတော့ ယုံကြည်ချက်တွေကို ပြုလုပ်ကြပါတယ်။ နှုတ်ကပတ်တော်ကတော့ သူတို့အပေါ်မှာ အကျိုးမသက်ရောက်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ခရစ်တော်ပြောတဲ့အတိုင်းဘဲ သူတို့က နေရာယူပြီး တရားစီရင်လို့ဘဲဖြစ်ပါတယ်။ သူတို့ရဲ့ ယုံကြည်ခြင်းတွေကတော့ ဘယ်လိုမှအလုပ်မဖြစ်ပါဘူး။

သခင်ယေရှု သူတို့ရဲ့နားလည်မှုနဲ့ ရောက်ရှိလာပါတယ်။ သူ့ရဲ့နည်းလမ်းအတိုင်းဘဲ ဘုရားသခင်စေလွှတ်တဲ့အတိုင်း သူလာပြီးတော့ နှုတ်ကပတ်တော်အတိုင်းဘဲ ဖြစ်ပါတယ်။ ပညာတတ်တွေရဲ့ မျက်စိမှာသူကို မမြင်ဘဲရှိတယ်ဆိုတာ အံ့ဩဖွယ်ရာ မဟုတ်ပါဘူး။ ဘာမှမတတ်တဲ့ ခလေးသူငယ်လေးများကသာ နားလည်မှုကို ရရှိပါတယ်။ အဲဒီလိုပြောတာကို နားလည်ပါသလား။ ပရိသတ်ကလည်း အာမင်လို့ ဆိုပါ တယ်။ အယ်ဒီတာမှတ်ချက်။

64 ၆၄။ သူတို့က နှုတ်ကပတ်တော်ရဲ့အကျိုးသက်ရောက်မှုကို ကားတင်ခဲ့ပါတယ်။ ကျမ်းစာနဲ့ ပတ်သက်တဲ့အရာတွေ ကျွန်တော်မှာ ရှိပါတယ်။ ကျမ်းချက်နှစ်ချက်ကို ကျွန်တော်အညွှန်းပြုလို့ရပါတယ်။ သူတို့ကားစင်တင်နိုင်ခြင်းဘဲဖြစ်ပါတယ်။ နှုတ်က ပတ်တော်ကို သူတို့ဘယ်လိုကားစင်တင်နိုင်မှာလဲ။

သခင်ယေရှုက သူသည် မနေ့၊ ယနေ့၊ ထာဝရ အတူတူဖြစ်တယ်လို့ စကားရှိပါတယ်။ (ဟေဗြဲ ၁၃း၈) မှာပြောပါတယ်။ ကိုယ်တော်ရှင်ရဲ့ နည်းလမ်းအတိုင်းဘဲဖြစ် ပါတယ်။

သခင်ယေရှုက အသင်းတော်ကို နောက်ဆုံး ပညတ်တခုချလိုက်ပါတယ်။ မာကု ၁၆ မှာ လူမျိုးတကာတို့ကို ဧဝံဂေလိတရား ကို ဟောပြောဖို့အတွက်ဘဲဖြစ်ပါတယ်။ ယုံကြည်တဲ့သူတွေအပေါ်မှာ ဖြစ်ပေါ်လာမဲ့နိမိတ်လက္ခဏာတွေကတော့ အားလုံး အတူတူဘဲဖြစ်လာမှာ ဖြစ်ပါတယ်။ လူတဝက်တောင်မှ မရောက်နိုင်သေးဘူးဆိုလို့ရှိရင် ဒီဧဝံဂေလိဟောပြောပွဲသည် မပြီးဆုံး သေးလို့ ဖြစ်ပါတယ်။ လူသန်းပေါင်းများစွာ နှစ်စဉ်သေဆုံးနေပါတယ်။ သခင်ယေရှုနာမကို တခါမှ မကြားဘူးတဲ့လူတွေ ဖြစ်ကြပါတယ်။ အထွေထွေမှတ်ချက်များလည်း ရှိနေဆဲဘဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ပညတ်တွေလည်း ဖြစ်နေ ဆဲဖြစ်ပါတယ်။ ကမ္ဘာလောကတခုလုံးသို့ သွား၍ ဧဝံဂေလိတရားကို လူမျိုးတကာတို့ကို ဟောပြောရမှာ ဖြစ်ပါတယ်။ ယုံကြည်ပြီးတော့ ဗိတ္တိဇံခံတဲ့လူကတော့ ကယ်တင်ခြင်းရမှာဖြစ်ပါတယ်။ သူ့ကိုမယုံကြည်သောသူကတော့တရားစီရင်ခြင်း ကို ခံရမှာဖြစ်ပါတယ်။ ဒီနိမိတ်လက္ခဏာတွေပေါ်ထွက်လာပြီးတော့ ငါရဲ့နာမကို ယုံကြည်သောသူက နတ်ဆိုးတို့ကို မောင်း ထုတ်တယ်။ အခြားသောဘာသာစကားပြောမည်။ မြွေဆိုးတို့ကို လက်နဲ့ကိုင်ဖမ်းတယ်။ ဒါမှမဟုတ် သေလောက် တဲ့အဆိပ်ကို သောက်မည်။ ဒါပေမဲ့ သူတို့မှာ ဘာမှအန္တရာယ်မရှိဘဲ ဖြစ်မှာဖြစ်တယ်။ ဖျားနာတဲ့ သူတွေအပေါ်မှာ လက် တင်ပြီးဆုတောင်းပေးရန် သူတို့အနာရောဂါပျောက်မှာဖြစ်တယ်။ သူတို့ဘာပြောလဲဆိုတော့ အဲဒီမျိုးနွယ်စုအတွက်ဘဲဖြစ်ပါ တယ်။ ဘုရားသခင်ရဲ့ ပညတ်တော်ကို သူတို့ပြုလုပ်ပြီးတော့ ဘာမှထိရောက်မှုမရှိပါဘူး။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် အတွက် အကျိုးသက်ရောက်မှုဖြစ်စေဘို့ သူတို့က ကားတင်ခြင်းဘဲ ဖြစ်ပါတယ်။ အာမင်။

65 ၆၅။ ပင်တေကုတ္တေနေ့မှာ ပေတရုပြောဆိုတဲ့အတိုင်းဘဲ နိုင်ငံတော်အတွက်သော့ များရှိပါတယ်။ သခင်ယေရှုက သူ့ကို ပေးထားတဲ့သော့များဘဲဖြစ်ပါတယ်။ သင်ပြောတဲ့အရာရာ သင်ဘာဘဲပြောပြော ဟိုးမိုးကောင်းကင်အထက်မှာ သင်ပြောတဲ့ အတိုင်းဘဲ ငါပြောမယ်လို့ ပြောထားပါတယ်။

ပင်တေကုတ္တေနေ့မှာ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိပြီးလား။ သူတို့ မေးကြပါတယ်။ သူတို့အရမ်းကို နှစ်သက်ကြပါတယ်။ အခြားသောသူတွေက ဒါc ကြောင်တွေရဲ့အလုပ်၊ ခုန်လိုက်၊ ပေါက်လိုက်၊ လဲလိုက်နဲ့ အရက်မူးသလိုမျိုး သူတို့ဖြစ် နေကြတယ်။ ဝေဖန်ကြပါတယ်။ ဒီလူတွေအားလုံး အရက်မူးနေကြတယ်။ သူတို့ကပြော ကြပါတယ်။

66 ၆၆။ ဒါပေမဲ့လည်း အဲဒီအချိန်မှာ အနီးအနားမှာ ရပ်နေတဲ့သူကတော့ ပေတရုဘဲဖြစ်ပါတယ်။ ပေတရုကတော့ ကောင်း ကင်နိုင်ငံရဲ့သော့များကို ကိုင်ဆောင်ထားပါတယ်။ သူတို့က အရက်မူးနေကြတာမဟုတ်ပါဘူးလို့ ပြောပါတယ်။ တ မနက်တော်အခန်းကြီး ၂ မှာ ဖြစ်ပါတယ်။ သင်တို့ထင်သလိုမဟုတ်ပါဘူး။ နေ့ရက်တရက်ရဲ့ တတိယ အချိန်မှာဘဲဖြစ်ပါတယ်။ အဲဒီနေ့ရက်အကြောင်းကို ပြောပြခြင်းဘဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကို ပြန်လည်ပြီးတော့ ကြည့်ရှုရမှာဖြစ်ပါတယ်။ ဝိညာဉ်တော်ကလည်း

နှုတ်ကပတ်တော်ဖြစ်ကြောင်းကို ပြောနေခြင်းဘဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်က ဝိညာဉ် တော်ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။ ပရောဖက် ယောလပြောခဲ့သလိုဘဲ ဖြစ်ပေါ်လာမှာ ဖြစ် ပါတယ်။ ယောလ၂း၂၈ နောက်ဆုံးသော နေ့ရက်ကာလမှာ ဘုရားသခင်မိန့်တော်မူတဲ့အတိုင်းဘဲ ငါရဲ့ဝိညာဉ်ကို လူသား တွေရဲ့ အပေါ်မှာ ငါသွန်းလောင်းမယ်လို့ ဆိုထားပါတယ်။

အဲဒီမှာ ပရောဖက်ရပ်နေတာကို နားထောင်ကြည့်ပါ။ ကြောက်ရွံ့ခြင်းကင်း မဲ့ပြီး အဲဒီအထဲမှာ သူကရပ်နေပါတယ်။ သူတို့ကို အပြစ်ပြောပါတယ်။ သူတို့အပြစ်တင် ပါတယ်။ ပရောဖက်တွေရဲ့ ပြောတဲ့စကားဘဲဖြစ်ပါတယ်။ ငါရဲ့ဝိညာဉ်ကို လူသားတွေ ရဲ့အပေါ်မှာ ငါသွန်းလောင်းမယ်။ သင်တို့ရဲ့သားတွေသမီးတွေက ပရောဖက်ပြုမယ်။ ငါရဲ့အစေခံကျွန်မတွေ ယော၊ကျားတွေ အပေါ်မှာ ငါဝိညာဉ်ကို ငါသွန်းလောင်းပြီး တော့ အထက်ကောင်းကင်မှာ နိမိတ်လက္ခဏာတွေကို ပြသမည်။ မြေကြီးပေါ်မှာ လည်း မီးတိုင် အခိုးအငွေ့တိုင်များကို ငါပြုလုပ်မည်။ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပါတယ်။ အဲဒါနှုတ်ကပတ်တော်ဖြစ် ကြောင်းကိုလည်း သက်သေခံပါတယ်။

သူတို့လှောင်ပြောင်ရယ်မောကြပါတယ်။ သူတို့တရားစီရင်ခြင်းကို ခံရပါတယ်။ အဲဒီမြို့က မီးလောင်ကျွမ်းကို ခံရပါတယ်။ သူတို့ရဲ့သားသမီးတွေကို သူတို့က စား သောက်ရတဲ့အဖြစ်ထိဖြစ်သွားပါတယ်။ ကမ္ဘာတဝှမ်းလုံးကို ပျံ့နှံ့သွားပါတယ်။ သန့်ရှင်း သောဝိညာဉ်တော်က ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ထဲမှာ အမြဲတမ်းရှိနေပါတယ်။ အသက်ရှင်နေဖို့အတွက် နှုတ်ကပတ်တော်ကို ဆောင်ယူလာဖို့အတွက်ဘဲဖြစ်ပါတယ်။

67 ၆၇။ သခင်ယေရှုကတော့ ပုဂ္ဂိုလ်တပါးဖြစ်ပါတယ်။ လူသားလည်း ဖြစ်တယ်။ ဘုရားလည်းဖြစ်ပါတယ်။ ဟာလေလုယာ။ ဖော်ပြခြင်းခံရတဲ့သူလည်းဖြစ်ပါတယ်။ ကိုယ်တော်သည် ဘုရားဖြစ်ပြီးတော့ ခန္ဓာကိုယ်ပုံစံအားဖြင့်ဖြစ်ပါတယ်။ အဲဒီခေတ် ကာလအတွက် နှုတ်ကပတ်တော်ကို ရောင်ပြန်ဟပ်စေပါတယ်။ အဲဒီခေတ်ကာလအတွက် ဘုရားသခင်ဂတိတော်ကို အဲဒီခေတ်ကာလအတွက်လုပ်ဆောင်ပေးခြင်းဘဲဖြစ်ပါတယ်။

သန့်ရှင်းသောဝိညာဉ်တော်က ယနေ့ပြောင်းလဲခြင်းမရှိပါဘူး။ ဘုရားသခင်ရဲ့ ဝိညာဉ်တော်က ရေးသားထားတဲ့ နှုတ်က ပတ်တော်အပေါ်မှာ သက်ရောက်ပါတယ်။ ဒီခေတ်ကာလမှာ တစုံတစ်ယောက်သောသူကို ရှာဖွေပြီးတော့ ရောင်ပြန် ဟပ်စေမှာ ဖြစ်ပါတယ်။ သူသည် မနေ့၊ ယနေ့၊ ထာဝရမပြောင်းလဲဘူးဆိုတာကို သက်သေပြဖို့ ဘဲဖြစ်ပါတယ်။ (ယောဘ၁၄း ၁၂) မှာငါပြုသောအမှုတို့ကိုသင်တို့လည်း ပြုကြလိမ့်မည် လို့ဆိုထားပါတယ်။ သခင်ယေရှုခရစ်တော်က ယနေ့၊ ယနေ့၊ နောင်ကာလအတူတူဘဲ ဖြစ်ပါတယ်။ မိမိကိုယ်ကိုမိမိ အမြဲတမ်းဘဲ နည်းလမ်းကို ရှာနေဆဲဖြစ်ပါတယ်။

သူတို့မလုပ်နိုင်ပါဘူး။ သူတို့ရဲ့ ဂိုဏ်းဂဏများအတွက် သူတို့ကအများကြီး စဉ်းစားပါတယ်။ သူတို့ရဲ့ အသိုက်အမြုံလေးတွေ ရှိပါတယ်။ သူတို့ရဲ့အသိုက်အမြုံလေး တွေကို သူတို့က အသင်တော်လေးတွေလို့ သူတို့ကခေါ်ပါတယ်။ ဒါကြောင့်မို့လို့သူတို့ က စကားကို နားမထောင်ဘူးဖြစ်မှာပါ။ ယနေ့သူတို့က အလားတူအမှုကို ပြုပါတယ်။ ကားတင်ခြင်းအမှုကို ပြုပါတယ်။ ပေတရုက ပင်တေကုတ္တေနေ့မှာ ဘာပြော သလဲဆို တော့ ယေရုဆလင်မြို့မှာ ကျိန်းဝပ်နေတဲ့ လူသားတွေ၊ ယုဒပြည်မှာ နေတဲ့ လူသားတွေ ငါစကားကိုနားထောင်ပါ။ ဒီလူတွေက အရက်မူးနေကြတာမဟုတ်ပါဘူး။ မင်းတို့ဖြောင့်မတ်စွာ နေကြမယ်ဆိုလို့ရှိရင် အဲဒါဘာလဲဆိုတာကို သင်တို့ကိုငါပြမည်။ သူကဆက်လက်ပြီးတော့ သူတို့ကို အဲဒီအကြောင်း အရာတွေကို ရှင်းပြပါတယ်။

68 ၆၈။ သူတို့ရဲ့နှလုံးသားများကို ထိုးစိုက်လိုက်သလိုဖြစ်သွားလို့ရှိရင် သူတို့ဒီအကြောင်းအရာတွေကို ကြားရလို့ဘဲဖြစ် ပါတယ်။ ကယ်တင်ခြင်းရဖို့ဘာလုပ်ရမလဲ။ ဒီအရာကိုရရှိဖို့အတွက်ဘာလုပ်မလဲ။ သင်ပြောချက်တွေက မှန်ကန်တယ်ဆိုတာ ကို စိတ်ချယုံ ကြည်ပါတယ်လို့ သူတို့ဆိုပါတယ်။

သူဘာပြောသလဲဆိုတော့ နောင်တရကြ၊ မင်းတို့အားလုံးနောင်တရကြ။သခင် ယေရှုနာမ၌ ဗတ္တိဇံကိုခံကြ။ အပြစ် တွေအ ကုန်လုံးကို ခွင့်လွှတ်ဖို့ရန်အတွက် ယေရှုနာမ၌ဗတ္တိဇံကို ခံကြပြီးတော့ သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးကို သင်တို့ လက်ခံရရှိလိမ့်မည်လို့ ဆိုပါတယ်။ သင်အတွက်နဲ့ သင်ရဲ့သားသမီးတွေအတွက် ဟိုးအဝေးမှာ ရှိနေတဲ့လူတွေအတွက် ဘယ်လောက်ဘဲ ဝေးကွာဝေးကွာ ငါတို့ရဲ့ဘုရားသခင်က ရွေးချယ်ခေါ်ယူမှာဘဲဖြစ်ပါတယ်။ ဒါကတော့ သူတို့ လုပ်ရမဲ့အရာ ဘဲဖြစ် တယ်။ နောင်တရပြီတော့ ယေရှုနာမ၌ ဗတ္တိဇံကို ခံဖို့အတွက်ဘဲဖြစ်ပါတယ်။

69 ၆၉။ ဒီနေ့မှာ ရောမကက်သိုလိပ်အသင်းတော်ကနေပြီးတော့ မွေးစားလိုက်တဲ့အ ရာကတော့ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဘဲဖြစ်ပါတယ်။ အဲဒီနေရာကိုယူဖို့ဘဲဖြစ်တယ်။ အဲဒီအစား ပွဲတော်မင်္ဂလာအစား၊ လျှာအ ရှည်ကြီးကို ထုတ် ပြီးတော့ ဝေစာကိုယူ ဘုန်းကြီးက ဝိုင်စပျစ်ရည်ကို တိုက်မှာဖြစ်ပါတယ်။ သင်တို့အားလုံးဟာ အတူတကွ တလုံးတဝတည်းဖြစ်သွားပါတယ်။ ပွဲတော်မင်္ဂလာယူခြင်းကတော့ သန့်ရှင်းသောဝိညာဉ်တော်ကို အစားထိုးခြင်းဘဲဖြစ်ပါ တယ်။ သန့်ရှင်းတဲ့ ပွဲတော်မင်္ဂလာရက် ယူးဂရစ် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ကတော့ သုံးပါး တဆူ ဗိတ္တိဇံဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ ဖော်ပြထားတဲ့အရာမဟုတ်ပါဘူး။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ် တော်ရဲ့နာမတော်တွေကတော့ တကယ် ဆိုရင် သခင်ယေရှုဘဲဖြစ်ပါတယ်။ ယခုလာမဲ့မျိုးဆက်ကို ဖော်ပြရမှာဖြစ်ပါတယ်။ ပေတရုကို ပြောသလိုဘဲ မိမိကိုယ်ကို မိမိကယ်တင်ပါ။ အခုလာမဲ့မျိုးဆက်အတွက်ကို ကယ်တင်ပါ။ သင်က သူတို့ကို ပြလ်ုကတဲ့အခါမှာ သူတို့ ဘာလုပ်သလဲ။ ပျက်ယယ်ပြုကြပါတယ်။ နောက်ပြီး ဘာပြောသလဲဆိုတော့ ငါတို့အသင်းတော် ငါတို့ကို ဒီလိုပုံစံမျိုး သင်မပေးဘူး။ အဲဒီအခါမှာ သင်က အပြစ်ရှိသွားပြီ ဖြစ်ပါတယ်။ ယေရှုခရစ်တော်ကို ကားတင်ခြင်း ကြောင့် အပြစ်ရှိပါတယ်။ ဘုရားသခင်ရဲ့တန်ခိုးတော်ကို လူတို့ထံမှာ ထုတ်ယူလိုက်ခြင်းကြောင့် အပြစ်ရှိပါတယ်။ သင်ဟာ နှုတ်ကပတ်တော်ကို ကားတိုင်တင်ခြင်း ဖြစ်ပါတယ်။ မိမိကိုယ်ကို မိမိပြန်လည်ပြီးတော့ အပြစ်တင်နေခြင်း ဖြစ်ပါတယ်။ တစ်ကယ်သေခြင်းတရားရဲ့ ထောင်ချောက်ထဲကို သူတို့ကို လမ်းပြပို့ဆောင်နေ ခြင်း ဖြစ်ပါတယ်။

70 ၇၀။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အဲဒီဆရာအကြောင်း ကျွန်တော်ပြောတဲ့အခါမှာ ဒေါက်တာမာတင်လူသာကင်းက သူတို့နဲ့ အတူ ရှိပါတယ်။ သူတို့ကို သေခြင်းထောင်ချောက်ထဲကို လမ်းပြပို့ဆောင်ခဲ့ပါတယ်။ အဲဒီလူအကြောင်း ပြောလိုက်တယ် ဆိုရင် တစ်ကယ်ဘဲ ကျောင်းတွေကို သူက ဆန္ဒပြအောင် သူလုပ်ခဲ့တယ်။ ဘာကွာခြားချက် ရှိပါသလဲ¿ လူတွေကအဲဒီလို လူမျိုးနဲ့ ပေါင်းသင်းမဖွဲ့ဘူးဆိုရင် သူ့ရဲ့အသားရောင်ကြောင့် မပေါင်းသင်းဘူးဆိုရင် သူတို့ဟာ အပြစ်စီရင်ခြင်းခံရပြီး သေရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း သူတို့ကို အခွင့်အရေးပေးထားပါတယ်။ အဲဒါကို မတိုက်ခိုက်ပါနဲ့။ လုံး၀ မတိုက်ခိုက်ပါနဲ့။ တစ်စုံတစ်ယောက်သောသူက အိုင်းရစ်ခ်ျ၊ ဒါမှမဟုတ် တစ်စုံတစ်ယောက်၊ ဂျာမန်တွေ ဒါမှမဟုတ် တစ်စုံတစ်ယောက်နဲ့ မပေါင်းသင်းနဲ့လို့ ပြောလိုက်ရင် ဘယ်လိုဖြစ်သွားမလဲ။ ခရစ်ယာန်တွေကိုတော့ ဘာမှ မဖြစ်စေပါဘူး။ သူတို့ကတော့ ဆက်လက်ပြီးတော့ ပေါင်းသင်းနေမှာ ဖြစ်ပါတယ်။ အဲဒီလူက ခရစ်ယာန်ဖြစ်တယ်။ တရားဟော ဆရာဖြစ်တယ်။ လူတွေကို တော်လှန်ရေးလုပ်ဖို့ ဆန္ဒပြဖို့ ဘယ်တော့မှ လမ်းမပြပါဘူး။ သူတို့ဟာ လူသားပေါင်းများစွာ ကယ်ဘို့အတွက် အကြောင်းဖန်လာပါ တယ်။ နောက်ထပ် တော်လှန်ရေးတစ်ခု မဟုတ်ပါဘူး။ အဲလိုလုပ်ဘို့ရန်လည်း .......

71 ၇၁။ အလားတူအရာ ဒီနေရာမှာဘဲ ဖြစ်ပေါ်လာပါတယ်။ တစ်ဖန်ထိုအရာဘဲ ဖြစ်ပါတယ်။ လူတွေကတော့ သမ္မာ တရားကို သူတို့ကြည့်တယ်။ သမ္မာတရားဘာလဲဆိုတာကို သူတို့ကြည့်နေကြပါတယ်။ ကျွန်တော်တို့ရဲ့ ဘုရားကျောင်းတွေက အဲဒါကို မယုံကြည်ဘူး။ တစ်ခြားနည်းလမ်းတွေ ကျွန်တော်တို့မှာရှိပါတယ်။ အဲဒါကတော့ မှန်ကန်တဲ့နည်းလမ်း မဟုတ်ဘူး။ အဲဒါကတော့ မဖြစ်သင့်တဲ့အရာဘဲ။

သူဘာပြောလဲဆိုတော့ နောင်တရပါ။ ယေရှုခရစ်တော်ရဲ့ နာမဥ္ဇဗတ္တိဇံခံပါ။ ဒါမှ မိမိတို့အပြစ်တွေကို ဖြေလွှတ်နိုင်မှာ ဖြစ်ပါတယ်။ သူတို့ အဲဒါကို မလုပ်ပါဘူး။ ဒါဆို သူတို့ ဘာလုပ်ကြသလဲ¿ တစ်ခုဘဲရှိပါတယ်။ ရာပေါင်းများစွာ ဖြစ်ပါတယ်။အဲဒီကို ရောက်ဖို့အတွက် ဖြစ်နိုင်ရင် အမြန်ဆုံး မြန်အောင် ကျွန်တော်တို့သွားရမှာ ဖြစ်ပါတယ်။

72 ၇၂။ ဒုတိယအကြိမ် ထပ်မံပြီးတော့ ကားစင်တင်ခြင်းဘဲ ဖြစ်ပါတယ်။ လူတစ်ယောက်က ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံတယ်ဆိုရင် နှုတ်ကပတ်တော်အစား အဲဒီယုံကြည်ချက်ကိုဘဲ လက်ခံတယ်ဆိုရင် ဘွဲ့တံဆိပ်တွေအစား နာမတော်ကိုဘဲ လက်ခံတယ်ဆိုရင် လူတွေကို သူတို့ဘယ်လို လုပ်နေသလဲ။ နှုတ်ကပတ်တော်ရဲ့ အကျိုးသက်ရောက်မှုကို သူတို့က ကားတိုင်ပေါ်မှာတင်ခြင်းဘဲ ဖြစ်တယ်။ လူတွေအတွက်ဘဲ ဖြစ်တယ်။ သူဘာပြော သလဲဆိုတော့ (မာကု ၁၆)ကတော့အဲဒီမျိုးဆက်အတွက်ဖြစ်တယ်လို့ ဆိုထားပါတယ်။

ဘုရားသခင်က ဘာပြောလဲဆိုတော့ ကိုယ်တော်ရှင် ကိုယ်တော်တိုင် အဲဒီမှာ ရှိနေပါတယ်။ သူတို့ကို စကားပြောနေတယ်လို့ ဆိုပါတယ်။ သင်တို့သည် လူမျိုးတကာထံ သို့သွား၍ ဧဝံဂေလိတရားကို ဟောကြားလော့၊ ယုံကြည်ပြီးတော့ ဗတ္တိဇံခံ တယ်ဆိုရင် ကယ်တင်ခြင်းရတယ်လို့ ဆိုထားပါတယ်။ မယုံကြည်တဲ့သူတွေကတော့ တရားစီရင်ခြင်း ခံရမယ်။ နောက်ပြီး ယုံကြည်သူတွေက နိမိတ်လက္ခဏာတွေ ဖြစ်ပေါ်လာမယ်လို့ ဆိုပါတယ်။ ဘယ်လောက်ကွာဝေးမှာလဲ။ နိုင်ငံတိုင်း၊ ယုံကြည် ချက်တိုင်း၊ လူမျိုးတိုင်း၊ ဘာသာစကား အမျိုးမျိုးပြောဆိုသူတိုင်း လူတိုင်းဘဲဖြစ်တဲ့ ဧဝံဂေလိတရားကတော့ တူညီမှုရှိပါတယ်။ ယုံကြည်သူတွေကို အံ့ဘွယ်နိမိတ်လက္ခဏာတွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ အဲဒီလူတွေက သမ္မာကျမ်းစာကနေ အဲဒါတွေကိုဖြတ်ပစ်လိုက်ဘို့ ကြိုးစားတယ်ဆိုရင် သူက ဘုရားသခင်ရဲ့ အကျိုးသက်ရောက်မှုတွေကို ကားစင်တင်ခြင်းဘဲ ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီ အသင်းသူအသင်းသားတွေအတွက် ထိုကဲ့သို့ လုပ်ခြင်းဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သင့်ကို ကျွန်ုပ်အပြစ်တင်ပါတယ်။ ယေရှုခရစ်ရဲ့နာမဥ္ဇ အပြစ်တင်တယ်။ သင်ကကိုယ်တော်ရှင်ကို သတ်ဖြတ်ခြင်းအတွက် အပြစ်ရှိ ပါတယ်။

73 ၇၃။ အသင်းတော်က သူ့ကိုမုန်းပါတယ်။ ဘာကြောင့်လဲ။ ကိုယ်တော်ရှင်ဟာ သူတို့ရဲ့ ဘုရားဘဲမဟုတ်ပါလား။ ကိုယ် တော်ကို သူတို့မုန်းပါတယ်။ ကိုယ်တော်ကို ငြင်းပယ်ပါတယ်။ သူတို့ရဲ့မေရှိယအဖြစ်နဲ့ လက်မခံပါဘူး။ သူတို့လိုချင်တဲ့ မေရှိယက အဲဒီလို မေရှိယလည်း မဟုတ်ပါဘူး။

ဒီနေ့အသင်းတော်က အလားတူအရာကိုဘဲ ပြုလုပ်ပါတယ်။ နှုတ်ကပတ်တော် ကို ငြင်းပယ်ပါတယ်။ သူတို့ အဲဒါကို မလိုလားပါဘူး။ သူတို့သွန်သင်ပေးထားတဲ့အရာနဲ့ လုံး၀ဆန့်ကျင်ဖက် ဖြစ်နေပါတယ်။ သူတို့ရဲ့ ယုံကြည်ချက်တွေအားဖြင့် ယုံကြည်ဘို့အ တွက် သူတို့က သွန်သင်ပေးထားခြင်းဘဲ ဖြစ်ပါတယ်။

နှုတ်ကပတ်တော်ဟာ မေရှိယဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ အဲဒါကို ယုံကြည်ပါသလား။ ပရိတ်သတ်ကလည်း အာမင်လို့ဆို ပါတယ်။ (အယ်ဒီတာမှတ်ချက်)နှုတ်က ပတ်တော်ကို ရောင်ပြန်ဟပ်လိုက်တဲ့အခါမှာ အဲဒီအတိုင်းဘဲ ဖြစ်ပါတယ်။ မေရှိယကို ရောင်ပြန်ဟပ်ခြင်းဘဲ ဖြစ်ပါတယ်။ မေရှိယကတော့ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပြီး ကျွန်ုပ်တို့အပေါ်မှာ ကျိန်းဝပ် တော်မူပါတယ်။ သူဟာမိမိကိုယ်ကို မိမိရောင်ပြန်ဟပ်ပြီး ဖေါ်ပြနေပါတယ်။ ဘယ်နေရာမှာဘဲဖြစ်ဖြစ် မီးအိမ်ကို တွေ့တဲ့အ ခါမှာ အဲဒီမီးအိမ်က နေတစ်ဆင့် သူသိနိုင်ပါတယ်။ ဒါပေမဲ့လည်း ယုံကြည်ချက်တွေ တစ်ခြားအရာတွေနဲ့၊ မီးခိုးငွေ့တွေ ဆက်နေရင်တော့ ဘာမှ တွေ့ရတော့မှာ မဟုတ်ပါ ဘူး။ အဲဒီအလင်းကို ကိုယ်တော်ရှင်က ပေးနိုင်ပါတယ်။

74 ၇၄။ သူတို့ထပြီးတော့ သူတို့ မီးခွက်တွေကို သူတို့ ရွေ့ကြပါတယ်။ နောက်ပြီးတော့ သူတို့ရဲ့ မီးခိုးခေါင်းတိုင်တွေကို သန့်ရှင်းရေးလုပ်ပါတယ်။ ဒါပေမဲ့လည်း သိပ်နောက်ကျသွားပါပြီ။ လူတစ်ယောက်က လူသာရင်တွေ၊ ပရက်စ်ဘီ တေးရီး ယန်းတွေ၊ မက်သဒစ်တွေကို တွေ့တဲ့အခါမှာ နောက်ဆုံးသောနေ့ရက်ကာလမှာ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံဘို့ လာကြပါတယ်။ ဒါပေမဲ့ သူတို့ မရကြပါဘူး။ အခြားသောဘာသာစကား ပြောမယ်။ အထက်အောက်ခုန်မယ်။ ဒါပေမဲ့လည်း ဘာဖြစ်လာသလဲ။ ပြီးဆုံးသွားပြီဆို တဲ့ အချိန်ရဲ့ နိမိတ်လက္ခဏာဘဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ အဆုံးမှာ ရောက်နေပါပြီ။ ဘယ်အချိန်မှာဘဲ ဖြစ်ဖြစ် အသင်းတော်က စိမ်ခေါ်သံကို ကြားရမှာ ဖြစ်ပါ တယ်။ အထက်ကို တက်လာပါ။ အာမင်။

ထိုင်နေခြင်းဘဲ သက်သက်ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က သခင်ယေရှုဟာ တစ်ကယ်အမှန်အကန်ဖြစ် တယ်ဆိုတာကို သူ့အမှုပြုတဲ့သူတွေအားဖြင့် ပြနိုင်ပါတယ်။ မိမိကိုယ်ကို သက်သေပြနိုင်ပါတယ်။ တက်ကြွလာပြီး သူ့ရဲ့ ဓါတ်ပုံကို ရိုက်ယူလို့ရပါတယ်။ ပြလို့ရပါတယ်။ သိပ္ပံပညာရှင်တွေအားဖြင့် ရယူလို့ ရပါတယ်။ ပြောဆိုလို့ ရပါတယ်။ အရာခပ် သိမ်းကတော့ အတိအကျဘဲ ဖေါ်ပြထားပါတယ်။ သူလုပ်မယ်ဆိုတဲ့အတိုင်း သူလုပ်ပါတယ်။ သူလုပ်မယ်ဆိုတဲ့ အရာတွေ အတိုင်း သူအတိအကျဘဲ လုပ်ဆောင်ပါတယ်။ ကျမ်းစာအားဖြင့် ဖြစ်ပါတယ်။ အချို့လူတွေက လုပ်ဆောင်မဲ့ အတွေး အခေါ်တွေ ရှိပါတယ်။ သွေးတွေ၊ မီးတွေ၊ မီးခိုးတွေ စသည်ဖြင့် အများကြီး ရှိပါတယ်။ ဒါပေမဲ့လည်း ဝိညာဉ်ရေးရာ မေရှိယကတော့ ဘုရားသခင်မှာ အတုအပတွေ အများကြီးရှိတယ်ဆိုတာကို သက်သေပြခြင်းဘဲ ဖြစ်ပါတယ်။ ဘုရား သခင်ကို လိုက်တုခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီလိုလုပ်ခြင်းအားဖြင့် တစ်ကယ်စစ်မှန်တဲ့ နှုတ်ကပတ်တော်ဟာ အကောင်းဆုံး အလင်းမှာ ဖြစ်ပါတယ်။ အဲဒါအမှန်ဘဲ ဖြစ်ပါတယ်။ ဝိညာဉ်ရေးရာရှိနေတဲ့သူတွေကို အမှားအမှန်ကို ပိုင်းခြား သိမြင်နိုင်တဲ့သူတွေအတွက် အကောင်းဆုံးဘဲ ဖြစ်ပါတယ်။

75 ၇၅။ ကိုယ်တော်ရှင်ကို ငြင်းပယ်ပါတယ်။ သူတို့ရဲ့ မေရှိယကို သူတို့ငြင်းပယ်ပါတယ်။ ကိုယ်တော်ကို သူတို့မလိုလား ပါဘူး။ ဒီနေ့လည်း ထိုနည်းတူဘဲ ဖြစ်ပါတယ်။ လူတစ်ယောက်က ဆင်းသွားပြီးတော့ တစ်ခြားခေတ်ပေါ် အဖွဲ့အစည်းတွေ ကဲ့သို့ လုပ်ဆောင်မယ်ဆိုရင် နှုတ်ကပတ်တော်ကို လုံးဝမလိုလားခြင်းဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကို ရရှိထားတဲ့ သူ တွေလည်း မဟုတ်ပါဘူး။

သူသည် ပစ္စည်းများဖြင့် သက်သေပြသည်။ သူတို့ကိုယ်တော်ကို လက်မခံကြပါ။ သူတို့ ကိုယ်တော်ကို မုန်းကြပါသည်။ ဘာကြောင့်လဲ? ကျွန်ုပ်တို့က သူတို့၏သင်းအုပ်ဆရာများ၊ မိတ်ဆွေ ယောင်ဆောင်ဖွဲ့ကြပါသည်။ သူပြောပါသည်။ သူတို့သည် အဖြူရောင်တံတိုင်းများ ဖြစ်ကြပါသည်။ သင်တို့ မဟုတ်ပါ။ သို့သော် သချ ◌င်းကဲ့သို့ ဖြစ်သည်။ အပြင်မှာ တောက်ပြောင်အောင် ပြုလုပ်ထားပြီး အင်္ကျီကော်လံကဲ့သို့ ဖြစ်ပြီး အတွင်းမှာ လူသေ၏အရိုးများ ရှိလေသည်။ မြင်လား? အခေါင်းထဲမှာ ဘာဝိုင်ပုလင်းမှမထားပါဘူး။ လက်သမားဆရာသားတစ်ဦး ရှိပါသည်။ သူပြောပါသည်။ ဘာမှ မရှိပါဘူး။ ယောဟန်ပြောသည်မှာ ကိုယ်တော်ရှင် ကြွလာတော်မမူခင် ယောဟန်အရင် ရှေ့ပြေးကြွလာခြင်းဘဲ ဖြစ်တယ်လို့ ပြောပါ တယ်။ တစ်ခြားဘာမှ လုပ်စရာမလိုပါဘူး။ အာဗြဟံ ကျွန်ုပ်တို့ရဲ့ဖခင်က ဘာလုပ်တယ်စသည်ဖြင့် ပြောစရာမလိုပါဘူး။ ဘုရားသခင်က ဒီကျောက်တွေကို ရွေးထုတ်ပြီးတော့ အာဗြဟံရဲ့သားသမီးများ ဖြစ်စေနိုင်ပါတယ်။ သစ်ပင်ရဲ့ခြေရင်းမှာ ချထားပါတယ်။ သစ်ပင်တိုင်းကလည်း အသီးကိုသီးမှာ မဟုတ်ပါဘူး။ အသီးကို ဖွင့်ထုတ်မှာဘဲ ဖြစ်ပြီးတော့ မီးထဲကို ပစ်ချ လိုက်မှာ ဖြစ်ပါတယ်။ ဘုရားသခင်က အင်မတန်မှ စံနစ်ကျပြီးတော့ ခိုင်မာပြီး သူ့ရဲ့နှုတ်ကပတ်တော်နဲ့ ပတ်သက်ရင် သူအလွန်ပြတ်သားပါတယ်။

76 ၇၆။ သခင်ယေရှုက နှုတ်ကပတ်တော်အားဖြင့် သက်သေပြပါတယ်။ ခင်ဗျားတို့ ကျွန်တော်ပြောတာကို ကြားကြပါသ လား။ ပရိတ်သတ်ကလည်း အာမင်လို့ ဆိုပါတယ်။ သခင်ယေရှုကတော့ နှုတ်ကပတ်တော်၊ ကျမ်းစာများအားဖြင့် ပြောပါ တယ်။ သူက မေရှိယဖြစ်ပါတယ်။ အဲဒါမှန်ပါသလား။ အာမင်။ ပေတရုရဲ့အပြစ်တင်ခြင်းကို ကျွန်တော်တို့ ခံရမှာ ဖြစ်ပါ တယ်။ မိနစ်အနည်းငယ်အတွင်းမှာ အဲဒါ မဟုတ်ဘူးဆိုတာကို သင်တို့ရှာဖွေတွေ့ရှိမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က တောက်လျှောက်ဘဲ အမှတ် အသားပြုခြင်းကို ခံရပါတယ်။ သူဟာ ဘုရားဖြစ်တယ်။ ဘုရားသားတော်အနေနဲ့ လူသားအနေနဲ့ ဖေါ်ပြခြင်း ခံရပါတယ်။ ကိုယ်တော်ရှင်ကို သေချာစွာဘဲ အမှတ်အသား ပြုပြီး ဖေါ်ပြထားပါတယ်။ ဂတိတော်နဲ့ယှဉ်တဲ့ နှုတ်က ပတ်တော်အကြောင်းဘဲ ဖြစ်ပါတယ်။ မေရှိယဖြစ်ပါတယ်။ မောရှေကလည်း ဘာပြောလဲဆိုတော့ ဒီမေရှိယက ကြွလာတဲ့အခါမှာ သူကပရောဖက်ဖြစ်မယ်လို့ ဆိုထားပါတယ်။ ဒီအရာတွေအားလုံး ဖြစ်ပေါ်လာမယ်လို့လည်း ဆိုထား ပါတယ်။

ရေတွင်းနားမှာ ရပ်နေတဲ့အမျိုးသမီးလေးက ညစ်ပတ်နေတဲ့ အခြေအနေမှာ ရှိပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်သူ့ကို ဘာပြောပါသလဲ။ ဒီနောက်ဆုံးသောနေ့ ရက်ကာလမှာလည်း လူတွေပစ်ပယ်ထားတဲ့သူတွေကို ဘုရားသခင်က ပြန်ပြီး ဆွဲခေါ်မှာ ဖြစ်ပါတယ်။

77 ၇၇။ မနေ့ညက အကြောင်းအရာကို သတိရပါသလား။ မင်္ဂလာဆောင်မှာ ကျွန်တော်တရားဟောခဲ့တဲ့ အကြောင်းဘဲ ဖြစ်ပါတယ်။ မင်္ဂလာဆောင် ညစာစားပွဲမှာ သူတို့အားလုံးက ဒီလူတွေအားလုံးလာပြီးတော့ ပွဲခံကြလို့ငါခေါ်တယ်။ ဒါပေမဲ့ လည်း မလာကြဘဲ အကြောင်းပြပြီးတော့ ငြင်းဆိုကြပါတယ်။ ငါတို့ရဲ့ ယုံကြည်ချက်တွေကို ဖျက်ဆီးပစ်ပစ်မယ်။ ငါမ လာနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ငါ မိန်းမယူထားတယ်။ ငါ့မိန်းမက လာခွင့်ပေးမှာမဟုတ်ဘူး။ စသည်ဖြင့် ခွင့်ပြုချက်တွေ အမျိုးမျိုးနဲ့ ပြောနေ ကြပါတယ်။ ငါဟာ အသင်းတော်တစ်ခုကို လက်ထပ်ထားပါတယ်။ ငါ့ရဲ့အမေက မက်သဒစ်ဖြစ်တယ်။ နှစ်ခြင်းဖြစ်တယ်။ ကက်သလစ်ဖြစ်တယ်။ ငါအဲဒီအတွက် မရပ် တည်နိုင်ဘူးလို့ ဆိုပါတယ်။

ဘာပြောသလဲဆိုတော့ သင်လာမှာ မဟုတ်ဘူး။ ငါ့ရဲ့ညစာကိုလည်း သင်မြည်း ကြည့်မှာ မဟုတ်ဘူး။ အဲဒီကနေ ထွက်သွား၊ ပြည်တန်ဆာတွေအားလုံးကိုလည်း ထွက်ခိုင်းလိုက်၊ အရက်သမားတွေ ဘာဘဲဖြစ်ဖြစ် အားလုံးကို ထွက်ခိုင်းလိုက် သူတို့ကို ပြန်ပြီးတော့ ဝင်ခိုင်းပါ။ သူတို့ကို ငါပြန်ပြီးတော့ တည့်မတ်ပေးမယ်။ ငါ့ရဲ့ညစာကို ငါလုပ်ထားတယ်။ ငါ့ရဲ့ဧည့်သည်တွေ၊ ငါ့ရဲ့စားပွဲကလည်း ရှင်းထားထားပြီးသားဖြစ်တယ်။ အဲဒီမှာ တစ်ယောက်ယောက် လာမှာ ဖြစ်တယ်။ သူတို့လာမှာမဟုတ်ဘူး။ သူတို့ကို သူက အပြစ်စီရင်နေခြင်းဘဲ ဖြစ်ပါတယ်။ ယုဒတွေကို အပြစ်စီရင်နေခြင်းဘဲ ဖြစ်ပါတယ်။ ဒီနေ့ကျတော့ ဘယ်လိုဖြစ်နေလဲ။ ကျွန်တော်က ပရက်စ်ဘီးတေးရီးယန်းအ သင်းတော်ထဲမှာပါဝင်တယ်။ မက်သဒစ်၊ လူသာ ရင်၊ တစ်ပါးတစ်ဆူ၊ နှစ်ပါးနှစ်ဆူ စသည်ဖြင့် ငါကအဲဒီအထဲမှာပါတယ်။ ငါက ဒါဖြစ်လို့ ဒါမလုပ်နိုင်ဘူး။ စသည်ဖြင့် ဘယ်လိုမှ သင်တို့ ဟိုဟာမဖြစ်နိုင်၊ ဒီဟာမဖြစ်နိုင်၊ ပြောနေပါတယ်။ အဲဒါကတော့ သူဆိုလိုနေတဲ့ အဓိကအကြောင်းအရာဖြစ်ပါတယ်။

78 ၇၈။ သေသေချာချာနဲ့ ဖေါ်ပြထားတဲ့ မေရှိယဖြစ်ပါတယ်။ သေသေချာချာနဲ့ ဖေါ်ပြ ထားတဲ့ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ဂတိတော်နဲ့ယှဉ်တဲ့ နှုတ်ကပတ်တော် ဖြစ်ပါ တယာ်။ ဘုရားသခင်က ဂတိပေးထားတဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ အဲဒါက တော့ မေရှိယဘဲဆိုတာ ပြောဘို့ဘဲဖြစ်ပါတယ်။ အခု သူလာပြီးတော့ အမှန်အကန်ဘဲ ရပ်တည်ပါတယ်။ သူတို့ကို သူကဘာပြောလဲဆိုတော့

ငါဒီနေရာမှာ ကျဆင်းခဲ့တယ်။ ငါ့ကို မယုံကြည်ဘူး။ လူတစ်ယောက်အနေနဲ့ မယုံကြည်နိုင် ဘူးဆိုရင် ငါပြုတဲ့အမှုတွေ ကိုတော့ ယုံကြည်ပါ။ အဲဒီပြုတဲ့အမှုကို ကြည့်ခြင်းအားဖြင့် ငါဘယ်သူလဲဆိုတာ သိရမှာ ဖြစ်ပါတယ်။ သူတို့ကတော့ ငါက မေရှိယဖြစ်တယ်လို့ ပြောနေတဲ့အရာတွေဘဲ ဖြစ်ပါတယ်။ သင်တို့ ငါ့ကို မယုံကြည်ချင်ဘူး။ ဘာကြောင့်လဲဆိုတော့ သင်တို့ စဉ်းစား မိတဲ့အရာကတော့ ယောသပ်အကြောင်းဘဲဖြစ်ပါတယ်။ ငါက မွေးဖွားတဲ့အခါမှာတစ် ကယ့်တဲအိုပျက်မှာ မွေးဖွားပါတယ်။ ငါ့ရဲ့ဖခင်ကလည်း လက်သမားဆရာ ဖြစ်ပါတယ်။

79 ၇၉။ သူဂါလိလဲပြည်ကို ဝင်လာတဲ့အခါမှာ သူဘာလုပ်သလဲဆိုတော့ ဒီလူဟာ ဘာလုပ်သလဲဆိုတာကို မေးပါတယ်။ ဒါဘာလဲလို့ မေးပါတယ်။ ဒါလူဖြစ်ပါတယ်။ ယောသပ်နဲ့ သူ့ညီကိုတွေ ဒီမှာရှိတယ်မဟုတ်ပါလားလို့ မေးမှာ ဖြစ်ပါတယ်။ သူ့ရဲ့ညီမ တွေလည်း ငါတို့နဲ့ အတူရှိတယ်မဟုတ်လား။ သူ့ရဲ့အမေ မာရိမဟုတ်လား။ သူ့ရဲ့ဖခင် ယောသပ်မဟုတ်လား။ အဲလိုမျိုးလူစားမျိုးကို ဘယ်ကနေ ရလာသလဲ။ ဘာကျောင်း သူတက်သလဲ။ သူ့မှာ မိဿဟာယလုပ်တဲ့ ကဒ်ပြားလည်း မရှိဘူး။ ဘာမှလည်း အမှတ် အသားတွေ၊ ဘွဲ့တွေ၊ ဒီဂရီတွေလည်း မရှိဘူး။ ဒီလိုမျိုးလူကို ဘယ်ကနေ ရလာတာလဲ။

သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ သူက သူ့ကိုယ်သူ ကာကွယ်ထားပါတယ်။ အင်မတန် အံ့သြဘွယ်အမှုတွေကို ငါလုပ်နိုင် မယ်။ နောက်ပြီးတော့ ကျော်ခိုင်းပြီးတော့ လျှောက်ထွက်သွားမှာ ဖြစ်ပါတယ်။ သူဘာပြောလဲဆိုတော့ ပရောဖက်က သူ့ရဲ့လူ တွေ ကြားထဲမှာ သူက ဘယ်လိုမှ ချီးမြောက်ခြင်း ခံရမှာ မဟုတ်ပါဘူး။ သူ့ရဲ့နိုင်ငံမှာလည်း သူက ချီးမြောက်ခြင်း ခံရမှာ မဟုတ်ပါဘူးလို့ဆိုထားပါတယ်။ သေသေချာချာ ဖေါ်ပြထားတဲ့ မေရှိယဖြစ်ပါတယ်။ သူ့အတွက် သူဘာအခွင့်အရေးမှ မယူပါ ဘူး။ ငါဘာမှ မလုပ်နိုင်ပါဘူး။ ဒါပေမဲ့လည်း ပြီးတော့ အမှုပြုပါတယ်။ နောက်ပြီးတော့ သူက ဘာစိမ်ခေါ် သလဲဆိုတော့ မေရှိယ ဟုတ်မဟုတ်ဆိုတာကို စိမ် ခေါ်လိုက်ပါတယ်။

80 ၈၀။ ထိုမိန်းမအို မိန်းမငယ်လေးတစ်ယောက်ကို ကြည့်ပါ။ သူမကို သတိရပါသလား။ သူမကို စာပေမတတ်ပါဘူး။ သူမက ကိုယ်ကျင့်တရားအားဖြင့်လည်း မှားယွင်းပါတယ်။ ဘယ်သူမှ သူမကို အရေးမလုပ်ပါဘူး။ ဘုရားသခင်ရဲ့ ပညတ်တော် တွေက အဲဒါကို စီရင်ပါတယ်။ သူမက ကိုယ်ကျင့်တရားအားဖြင့် မှားယွင်းမှုရှိပါတယ်။ ဘုရားသခင်က သင့်ကို တရားမစီရင်ပါ ဘူး။ သင်ဘာလဲဆိုတာကိုလည်း တရားမစီရင်ပါဘူး။ သင်ဘယ်လောက်ကြီးမားတယ်ဆိုတာကိုလည်း တရားမစီရင်ပါဘူး။ သင်ဘယ်လောက် သေးငယ်လဲဆိုတာကိုလည်း တရားမစီရင်ပါဘူး။ သင့်ရဲ့နှလုံးသားကိုဘဲ ကိုယ်တော်ရှင်က တရားစီ ရင်ခြင်းဖြစ်ပါတယ်။ သင်ဖြစ်ချင်တဲ့အရာဘဲ ဖြစ်ပါတယ်။

သူမက အဲဒါတွေနဲ့ ပတ်သက်လို့ ဘာတစ်ခုကိုမှ မလိုလားပါဘူး။ ဒီအရာတွေက သူမရှေ့မှာ အလင်းတန်းလို ဖြတ်ကနဲ ပေါ်လာတဲ့အခါ သူမလိုတဲ့အရာဘဲ ဖြစ်ပါတယ်။ ဘာဘဲဖြစ်ဖြစ် ထိုစဉ်က သူမဘာဖြစ်ခဲ့ဖြစ်ခဲ့ သူမကလာဘို့ အဆင် သင့်ဖြစ်ပါတယ်။ ဘုရားသခင်က နှလုံးသားတွေကို စစ်ကြောစီရင်ပါတယ်။ လူကတော့ ပြင်ပပုံပန်းသဏ္ဌာန်ကိုဘဲ စစ်ကြော စီရင်ပါတယ်။ ဘုရားသခင်က နှလုံးသားတွေကို ကြည့်ပါတယ်။ ဘာဘဲဖြစ်ဖြစ် သူမအလင်းတန်းက ဖြတ်ကနဲလင်း လာပြီးတော့ အဖြေရသွား ပါတယ်။ သူမကတော့ ထာဝရအသက်ရဲ့ အရသာကို ရရှိသွားပြီဖြစ်ပါတယ်။

81 ၈၁။ ဘယ်လောက်ကြွယ်ဝပြီးတော့ ကောင်းမြတ်ပါသလဲ။ သမ္မာတရားကို သိရှိပြီးတော့ နားလည်ခွင့်ရတဲ့အတွက်ဘဲ ဖြစ်ပါတယ်။ ဒီနှုတ်ကပတ်တော်အားဖြင့် ကျွန်တော်ရပ်တည်ပါတယ်။ ကောင်းကင်ဘုံမှာရှိတဲ့ဘုရားသခင်က ထလာ မှာဖြစ်ပြီးတော့ ငါ့ရဲ့အ သံကလည်း ဒီသံလိုက်တိတ်ခွေထဲမှာ ဘုရားသခင်ရဲ့ ကြီးမြတ်တဲ့ အချိန်တိုင်အောင် ဒီမျိုးဆက်ကို ကျိန်ဆိုနေမှာ ဖြစ်ပါတယ်။ နောက်ဆုံးသောနေ့ရက်ကာလမှာဘဲ ဖြစ်ပါတယ်။ သံလိုက်တိတ်ခွေထဲမှာ ရှိနေသလိုဘဲ ထာဝရ တိတ်ခွေထဲမှာလည်း ရှိနေမှာ ဖြစ်ပါတယ်။ ဒီမျိုးဆက်ကို ကျိန်ဆိုပါ၊ ဒီတရားဟောဆရာအုပ်စုတွေကို ကျိန်ဆိုပါ။ သူတို့ဟာ ဘုရားတရား မြဲချင်ယောင်ဆောင်ပြီးတော့ ဘုရားသခင်နှုတ်ကပတ်တော် တန်ခိုးတော်ကို ငြင်းပယ်ပါတယ်။ နှုတ်ကပတ် တော်ကို ဖေါ်ပြချက်ကိုလည်း သေသေချာ ချာ အမှတ်အသားပြု ဖေါ်ပြပါတယ်။ သူက သခင်ယေရှုဖြစ်ပြီးတော့ မနေ့၊ ယနေ့၊ ထာဝရကာလ ပြောင်းလဲခြင်း မရှိပါဘူး။ သူတို့ကို ကျွန်တော်အပြစ်တင်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အားဖြင့်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ နောက်ထပ် ဂတိတစ်ခုပေးရမှာ ဖြစ်ပါတယ်။ မြန်မြန်ဘဲပြောမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့ အချိန်(၁၅)မိနစ်ဘဲရှိတော့လို့ ဖြစ်ပါတယ်။

82 ၈၂။ သူတို့ ဘာဖြစ်သလဲ။ ကျွန်ုပ်ရဲ့ကားတိုင်မှာ ကိုယ်တော်ရှင်ကို ကားတင်ခြင်းဘဲ ဖြစ်ပါတယ်။ တတိယမြောက်အနေနဲ့ ပြောမယ်ဆိုရင် သူတို့က ကိုယ်တော်ကို ကားတင်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်နဲ့ ဆန့်ကျင်တဲ့အသိ အ မှတ်ပြုပြီးတော့ ဖေါ်ပြခြင်းအားဖြင့် မဟုတ်ပါဘူး။ အဲဒီလိုဘာကြောင့် သူတို့ကကားတင်ပါသလဲ။ သင်စဉ်းစားမိပါသလား။ မိနစ်အနည်းငယ် ပြန်ပြီးတော့သွားရမှာ ဖြစ်ပါတယ်။ အဲဒီလူတွေဟာ လူတစ်ယောက်ကို ဘာကြောင့် ကားတင်ပြီးတော့ သတ်လိုက်ပါသလဲ။ ကျွန်တော်ဟာ တစ်ချိန်တုန်းက စာအုပ်တစ်အုပ်ကို ဖတ်တဲ့အခါမှာ အဲဒီစာအုပ်ရဲ့နံမည်က ဒါဝိဒ် အိမ်ရဲ့မင်းသားလို့ နံမည်ရတဲ့ စာအုပ်ဘဲဖြစ်ပါတယ်။ အဲဒီစာအုပ်ကို ရေးသားသူကတော့ အင်ဂရေဟမ်ဖြစ်ပြီးတော့ ဒေါက်တာအင်ဂရေဟမ်ဖြစ်ပါတယ်။ အံ့သြဘွယ်ကောင်းတဲ့ စာအုပ်ဖြစ်ပါတယ်။ အဲဒါက ပြဇာတ်ပုံစံနဲ့ ရေးထားပါတယ်။ တစ်ချို့တစ်စိတ်တစ်ဒေသအားဖြင့် အမှန်အကန်ဘဲ ဖြစ်ပြီးတော့ တစ်ချို့လက်ရေးစာမူ အဟောင်းတွေကတော့ အဒီနာဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ လက်ရေးစာမူကို ယူထား ခြင်းဘဲ ဖြစ်ပါတယ်။ သူမက ပါလာတိနဒေသကို သွားပါတယ်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့က နေဆင်းသွားခြင်း ဖြစ်ပါတယ်။ သူမရဲ့ပညာရေးကို အဆုံးသတ်နိုင်ဘို့အတွက် သူမသွား ခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ခရစ်တော်ရဲ့အချိန်ကာလဘဲ ဖြစ်ပါတယ်။ သူမဟာ အဲဒီအချိန်မှာ သူမဖခင်ထံကို ပြန်ပြီးတော့ စာရေးပါတယ်။ အဲဒီစာကို ပြန်ရရင်အင်မ တန်ကောင်းပါတယ်။ ပြန်ဖတ်ကြည့်လို့ရပါတယ်။ တစ်ကယ်ကောင်းပါတယ်။ ဒါဝိဒ်အိမ် မင်း သားဖြစ်ပါတယ်။ မီးတိုင်ဆိုတဲ့နံမည်နဲ့ ရေးသားတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ စာရေးဆရာကတော့ တူညီပါတယ်။ ပ ညတ်တော်(၁၀)ပါးကိုတော့စစ္စတာဒီမေးလိက ရေးသားထား ခြင်းဖြစ်ပါတယ်။ အဲဒီအထဲကနေ ယူပြီးတော့ ကောက်နုတ် ထားတာ ဖြစ်ပါတယ်။

83 ၈၃။ ဒီစာအုပ်ထဲမှာ ကျွန်တော်တို့ တွေ့ရတဲ့အရာကတော့ အဒီနာရေးသားထားတဲ့စာအုပ်ဘဲ ဖြစ်ပါတယ်။ သူမဘာ ပြောလဲဆိုတော့

ကားတင်သတ်တဲ့နေ့မှာ မာဂဒါလ မာရိက သူ့ကိုယ်ထဲကနေပြီး သခင်ယေရှုက နတ်ဆိုး(၇)ကောင်ကို မောင်းထုတ်ထားရတဲ့ မာဂဒါလမာရိဖြစ်ပြီးတော့ လူအုပ်ထဲကနေ ပြေးထွက်ပြီးတော့ သူဘာအပြစ်လုပ်ခဲ့သလဲ။ သူဘာ အပြစ်လုပ်ခဲ့သလဲ။ အနာရောဂါ ငြိမ်းစေတယ်။ ထောင်ထဲမှာကျနေတဲ့ သူတွေကို လွတ်မြောက်အောင် လုပ်ပေးတယ်။ သူ ဘာလုပ်သလဲ။ အကောင်းတွေဘဲ လုပ်ခဲ့တယ် စသည်ဖြင့် အော်ပါတယ်။

အဲဒီအခါမှာ သူမကို ထပ်ပြီးတော့ ပါးရိုက်လိုက်ပါတယ်။ လူတစ်ယောက်ကနေ ပြီးတော့နောက်ပြီးတော့ ဘာပြောလဲဆိုတော့ ဒီကြောင်နေတဲ့ မိန်းကလေးကို ယုံကြည်သလား။ ခင်ဗျားတို့ရဲ့ ယဇ်ပရောဟိတ်တွေရှေ့မှာဘဲ မေးချင်တယ်လို့ အဲလိုပြော ပါတယ်။ ကိုယ်တော်ရှင် ဘာအပြစ်ပြုမိခဲ့သလဲ။ သူ့ဘာအပြစ်မှ မလုပ်ခဲ့ပါဘူး။ ကိုယ်တော်ကို ဘာကြောင့် ကားတင် သတ်ရပါသလဲ။ ဘာကြောင့်လဲ။ ဘာကြောင့်လဲဆိုတော့ သူဘယ်သူလဲဆိုတာ သူတို့ မသိလို့ဘဲ ဖြစ်ပါတယ်။ ဒီနေ့လည်း အလားတူဘဲ ဖြစ်ပါတယ်။ တရားဟောဆရာတွေ ဒီနေ့ရက်ကာ လမှာ ခေတ်မှီဆရာတွေ အင်မတန် ပညာတတ်တဲ့သူတွေက ယုံကြည်ချက်က ဘယ်လိုဖြစ်နေလဲဆိုတော့ စုန်းကဝေအတတ်တွေ၊ နတ်ဆိုးအတတ်တွေ၊ ဦးနှောက်ပိုင်းဆိုင်ရာ စိတ်နှင့်ဆက်သွယ်ခြင်းကို ယုံကြည်နေပါတယ်။ ဒဏ္ဍာရီပုံပြင်တွေ၊ လှည့်ဖျားမှုအမျိုး အစားတွေကို ယုံကြည်ကြပါတယ်။ နောက်ဆုံး ဘုရားသခင်နှုတ်ကပတ်တော် ဒီနေ့ရက်မှာ ဖေါ်ပြထားတာကိုလည်း လူတွေက မသိတော့ပါဘူး။ ဒါက နောက်ဆုံး သော နိမိတ်လက္ခဏာတွေဘဲ ဖြစ်ပါတယ်။

84 ၈၄။ အသင်းတော်တွေက သူတို့ရဲ့အဖွဲ့အစည်းတွေထဲမှာ မပါဘူးဆိုရင် သူတို့ဘာ ပြောမလဲဆိုတော့ အဲဒါတွေကတော့ တမင်သက်သက် လုပ်ကြံဖန်တီးတာတွေဘဲ၊ အဲဒါ တွေကတော့ ဒဏ္ဍာရီပုံပြင်တွေဘဲ ဖြစ်တယ်။ ဒီမှာကြည့်ပါ။ ဒါကိုကြည့်ပါ၊ ဟိုဟာကို ကြည့်ပါ။ စသည်ဖြင့် သူတို့ ပြောကြမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း တစ်ကယ် စစ်မှန် တဲ့အရာတွေကို သူတို့ လုပ်ကြံထားတယ်ဆိုပြီးတော့ သက်သေပြပြီးတော့ ပြောကြပါတယ်။ အဲဒါက မှားယွင်းတယ်ဆိုပြီးတော့ တစ်ချိန်ကျရင် သူတို့ကို သက်သေပြခိုင်းပါ။ သူတို့ မလုပ်နိုင်ပါဘူး။ အဲဒါက အမှားဖြစ်တယ်ဆိုတာကိုလည်း ဘယ်တော့မှ မသိရ ပါဘူး။ ဘယ်တော့မှလည်း ဖြစ်လာမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒါက ဘုရားနဲ့ဆိုင်လို့ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့က ညွှန်ပြချင်ပါတယ်။ သူတို့ ဘာစဉ်းစားလဲဆိုတော့ အင်မတန် ကြီးမြတ်တဲ့ နံမည်နဲ့ လူတစ်ယောက် ရောက်ကြောင်းကို စဉ်းစားပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါက အုပ်စုသေးသေး လေးတစ်ခုဖြစ်လို့ပါဘဲ။ အပယ်ခံဖြစ်တဲ့ အုပ်စုလေးဘဲ ဖြစ်ပါတယ်။ သူ့ကို ငါတို့ဘုရား ကျောင်းထဲကနေ မောင်းထုတ်ထားတယ်။ ငါတို့အုပ်စုထဲကို သူကလာဘို့ ကြိုးစားတယ်။ ဒါပေမဲ့လည်း သူတို့ ဒါနဲ့ဘဲ ထွက်သွားတယ်။ ဟိုဟာနဲ့ ထွက်သွားတယ်၊ ဘာလဲဆိုတာကို ကြည့်ပါ။ ဘယ်သူလဲဆိုတာကို ကြည့်ပါ။ ကျွန်တော် ဘာကိုမှ ဂရုမစိုက်ပါဘူး။ ပေတရု၊ ယာကုပ်နဲ့ ယောဟန်ကို သူတို့ တစ်ချိန်လုံး ထိုကဲ့သို့ဘဲ ပြောနိုင်ပါတယ်။ အပြစ်ကင်းမဲ့ပြီးတော့ လုံးဝပညာမတတ်တဲ့သူဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့ သတိပြုရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်က တည်းကစပြီးတော့ တစ်ခုခု ဖြစ်ပျက်ခဲ့ပါတယ်။ သူတို့ဟာ ယေရှုနဲ့အတူ ရှိခဲ့ပါတယ်။ အဲဒါက မတူညီတဲ့အရာကို ပြုလုပ်ခြင်းဘဲဖြစ်ပါတယ်။

85 ၈၅။ သူတို့ အဲဒီလိုပြုလုပ်ခြင်းဟာ သူဘယ်သူလဲဆိုတာကို မသိလို့ ဖြစ်ပါတယ်။ ဘုရားသခင် နှုတ်ကပတ်တော် ဖေါ်ပြ ထားတာကို သူတို့ မသိလို့ဘဲ ဖြစ်ပါတယ်။ သူတို့ဟာ အဲဒီအချိန်မှာ ရပ်တည်မနေပါဘူး။ တစ်နေ့သောအခါမှာ အဲဒါက မှန်ကန်ပါတယ်။ တစ်နေ့သောအခါမှာ ပညတ်တော်များကို စောင့်ရှောက်ပါ၊ သို့သော်လည်း ထိုပညတ်တော်များမှာ သူတို့ စောင့်ရှောက်တယ်။ ဘယ်အချိန်ကို ညွှန်ပြသလဲဆိုတော့ ကိုယ်တော်ရှင် ကြွလာတော်မူမဲ့အချိန်ကို ညွှန်ပြတယ်။ ဒီလူက လည်း ကိုယ်တော်ရှင် ဘဲ ဖြစ်မယ်ဆိုပြီတော့ ယူဆရပါတယ်။ အလားတူနေရာကိုဘဲ သူတို့ ပြုလုပ်နေပါတယ်။ သူတို့မှာ အသင်းတော်ရှိ တယ်။ သူတို့ သခင်ယေရှုကို ယုံကြည်ပါတယ်။ သူတို့ ပြုလုပ်တဲ့အရာတွေ ရှိပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ အသက်ရှင်နေထိုင်နိုင်မဲ့အချိန်ကို ငြင်းပယ်လျှက် ရှိပါတယ်။ သူတို့ကျမ်းအဟောင်းကို ပြန်ပြီးတော့ ယူဆောင်လာပါတယ်။ အမြဲတမ်း လူတွေဟာ ဘုရားသခင်ကို ချီးမွမ်းပါတယ်။ ကိုယ်တော်ရှင်အမှုပြုခဲ့တဲ့အတွက်လည်း ဖြစ်ပါတယ်။ ကိုယ် တော်ရှင် ဘာလုပ်မလဲဆိုတာကို မျှော်ကြည့်လျှက်ရှိပါတယ်။ ဒါမှမဟုတ်ရင်လည်း ကိုယ်တော်ရှင် အမှုပြုမှာလား။ ဒါမှမဟုတ် ကိုယ်တော်ရှင် လုပ်တဲ့အရာတွေကို မသိကျိုးကျွန်ပြုမှာလား။ အဲဒီအရာတွေအားဖြင့် တရားစီရင်ခြင်းခံရပါတယ်။ သူတို့ စဉ်းစားတဲ့အရာကတော့ ဘုရားသခင်က နှစ်သက်ဖွယ်ကောင်းတယ်။ ကိုယ်တော်ရှင် ကြီးမြတ်တယ်။ ကိုယ်တော်ရှင် ဘာလုပ်မလဲဆိုတာဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကြွလာတော်မူမယ်။ ချီဆောင်ခြင်းရှိတယ်။ တစ်နေ့သောအခါမှာ အိမ်ပြန်ရမယ်။ နိမိတ်လက္ခဏာတွေကို ငြင်းပယ်ခြင်းကတော့ ကျမ်းချက်တွေ ဆိုထားတဲ့အတိုင်းဘဲ အချိန်ကာလရောက် လာတဲ့အခါမှာ ကိုယ်တော်ရှင် အမှုပြုမှာ ဖြစ်ပါတယ်။ တစ်ခုလုံးကို သူတို့က လွဲချော်သွားပါတယ်။ မျက်စိကန်းသောသူက မျက်စိကန်းသောသူကို လမ်းပြမယ်ဆိုရင် သခင်ယေရှု မိန့်တော်မူတဲ့အတိုင်းဘဲ သူတို့အားလုံး တွင်းထဲကိုကျမှာဖြစ်ပါတယ်။ ဘုရားသခင်ထံကို ဆုတောင်းပြီးတော့ ကျွန်တော်တို့ကို နောက်ဆုံးသော နေ့ရက်ကာလမှာ မျက်စိတွေကို ဖွင့်ပေးဘို့ ဆုတောင်းရမှာ ဖြစ်ပါတယ်။

86 ၈၆။ အခုအခါမှာလည်း ယနေ့ခေတ်ကာလမှာလည်း ထိုကဲ့သို့ဘဲ ပြုလုပ်နေကြပါတယ်။ သူတို့ ဘုရားသခင်ကို ယနေ့ ငြင်းပယ်ပြီး ကားတိုင်ပေါ်မှာ တင်ပြီးသတ်ပါတယ်။ ကိုယ်တော်ရှင်ကို မသိလို့ဘဲ ဖြစ်ပါတယ်။ ထိုနည်းတူ ကိုယ်တော်ကို ငြင်းပယ်ကြပါတယ်။ နောက်ပြီးတော့ ဘာလုပ်သလဲဆိုတော့ ငြင်းပယ်တယ်။ ဒီနေ့ သူတို့လုပ်နေတဲ့အရာတွေကိုလည်း သူတို့ ငြင်းပယ်တယ်။ ခရစ်တော်ကိုတော့ သူတို့ကားတင်သတ်ခြင်း တစ်ဖန်မပြုလုပ်ပါဘူး။ ဒါပေမဲ့လည်း သန့်ရှင်းသော ဝိညာဉ် တော်ကို သူတို့က ကျိန်ဆိုပါတယ်။ အဲဒါကို ပြုလုပ်ခြင်းအားဖြင့် ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကို သူတို့ဘယ်လို အမင်္ဂလာဖြစ်အောင် ကျိန်ဆိုကြပါသလဲ။ သူတို့ ဘယ်လိုမျိုး လွှန်ကျူးပြီး ပြောဆိုသလဲ။ ပြန်ကြည့်ပါ။ သူတို့အဲဒီအချိန် တုန်းကဆိုရင် လွှန်ကျူးပြီး မပြောဆိုနိုင်ပါဘူး။ အခုထက်ထိ ရောက်မလာသေးပါဘူး။ သခင်ယေရှုကို သူတို့ ဗေလဇေဗုလလို့ ခေါ်ပြီးတော့ ဗေလဇေဗုလလို့ ခေါ်ခြင်းအကြောင်းကတော့ သူတို့ရဲ့ နှလုံးသားလျှို့ဝှက်ချက်တွေကို ကိုယ်တော်ရှင် သိနေလို့ ဘဲဖြစ် ပါတယ်။ ဒါဟာနတ်ဆိုးနဲ့ ဆိုင်တယ်လို့ သူတို့ပြောပါတယ်။ တစ်ခြားစကားလုံးများဖြင့် ပြောမယ်ဆိုရင် သူက ဗေဒင်ဟောတဲ့ဆရာဘဲ ဖြစ်တယ်။ သူဘယ်လိုလုပ်သလဲ။ ဗေဒင်ဟောခြင်းအားဖြင့်ဘဲ ဖြစ်တယ်။ သူက ဘာမှမဟုတ်ပါဘူး။ ဒါဟာနတ်ဆိုးဘဲ ဖြစ်တယ်။ နှစ်ပေါင်း(၄၀၀)အတွင်းသူတို့ဆီမှာ ပရောဖက် မရှိခဲ့ပါဘူး။ သူတို့ ဘယ်လိုမှ မလုပ်ခဲ့နိုင်ပါဘူး။ သူတို့ရဲ့ ပညတ်တရားနည်းလမ်းတွေဘဲ သူတို့မှာ ရှိပါတယ်။ သူတို့ ဘာပြောလဲဆိုတော့ ဒါဟာ ဗေလဇေဗုလလို့ဘဲ သူတို့ ပြောကြပါတယ်။

87 ၈၇။ သခင်ယေရှု မိန့်တော်မူတာကတော့ ငါသင့်ကို အဲဒီအတွက်နဲ့ ခွင့်လွှတ်မယ်။ ဒါပေမဲ့ သန့်ရှင်းသောဝိညာဉ်တော် လာတဲ့အခါမှာ အဲဒီနှုတ်ကပတ်တော်ကို ဆန့်ကျင် ပြီးတော့ သင်ပြောဆိုနိုင်ပါတယ်။ ဘယ်တော့မှလည်း ခွင့်လွှတ်ခြင်း ခံရတော့မှာ မ ဟုတ်ပါဘူးလို့ဆိုပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ဂရုဏာတော် မရှိတော့ပါဘူး။ သင်က လွန်ကျူးပြီး ပြောဆို တယ်ဆိုရင် ဘုရားသခင်ရဲ့ ဝိညာဉ်တော် နှုတ်ကပတ်တော်ကို ဘုရားသခင်ရဲ့ဝိညာဉ်တော်အားဖြင့် ဖေါ်ပြထားတဲ့ ဝိညာဉ်ကို ခေါ်ခြင်းဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော် ဘာပြောလဲဆိုတော့ ဝိညာဉ်တော်ကနေ ဖေါ်ပြနေတယ်။ မသန့်ရှင်းသောအရာလို့ သင်က အဲဒါကို ခေါ်ပါတယ်။ သင်က ဂရုဏာတော်နဲ့ တရားစီရင်ခြင်းကြားမှာရှိတဲ့ လမ်းကြောင်းကို ဖြတ်ကျော်လိုက်ပါတယ်။ သင်ဘယ်တော့မှ ခွင့်လွှတ်ခြင်းခံရမှာ မဟုတ်ပါဘူး။ အဲဒီအကြောင်းကြောင့်ဘဲ ဖြစ်ပါတယ်။ ဒီမျိုးဆက်နဲ့ပတ်သက်လို့ ငါအပြစ် တင်ပါတယ်။ အပြစ်ရှိတယ်။ ကားတိုင်တင်တယ်။ ဘုရားကို လွန်ကျူးပြီး ပြောဆိုတယ်။ တစ်ကယ်ဖေါ်ပြခြင်းခံရတဲ့ ဘုရားသားတော်ကတော့ ပရောဖက်တွေအားလုံးက ဂတိတော်နဲ့ ယှဉ်ပြီးတော့ ဖေါ်ပြထားတဲ့သူဖြစ်ပါတယ်။ ခရစ်တော် ကိုယ်တိုင်လည်း ဖြစ်ပါတယ်။ နောက်ဆုံးသောနေ့ရက်ကာလမှာလည်း နောဧရဲ့ ခေတ်ကာလကဲ့သို့ဘဲ ဖြစ်မှာ ဖြစ်ပါတယ်။ သောဒုံမြို့ရဲ့ ခေတ်ကာလကကဲ့သို့ဘဲ ဖြစ်ပါတယ်။ လွန်ကျူးပြောဆိုခြင်း ဖြစ်ပါတယ်။ သူတို့က လူတွေ၊ ဘုရားသား တော်တွေ ကားတင်လိုက်ပါတယ်။ ကိုယ်တော်ရှင်ကတော့ ဖေါ်ပြခြင်းခံရတဲ့ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ စကားလုံး တစ်လုံးဘဲ လွန်ကျူးပြီး ဆန့်ကျင်ပြောဆိုတယ်ဆိုရင် ဘယ်တော့မှ ခွင့်လွှတ်ခြင်း ခံရတော့မှာ မဟုတ်ပါဘူး။ အခုအခါမှာ သင်ဘာလုပ်နေပါသလဲ။ သင်ဘယ်ကဲ့သို့ ရပ်တည်ပါသလဲ။ သူတို့အားလုံး ကျိန်ဆိုခြင်း ခံရပါတယ်။ ဘုရားသခင်ရဲ့ အမျက် တော် နေ့ရက်ကာလကို ကျောခိုင်းနေပါတယ်။ အမျက်တော်ဖလားကို သွန်းလောင်းနေမှာ ဖြစ်ပါတယ်။ သူတို့ကို ကြိတ်ချေ ပစ်လိုက်မှာ ဖြစ်ပါတယ်။

88 ၈၈။ ချစ်စရာကောင်းတဲ့လူတွေ လုပ်ထားတဲ့ ဂိုဏ်းဂဏအယူဝါဒတွေကို ချစ်ခင်နှစ်သက်ခြင်းဖြစ်ပြီးတော့ ဘုရားသခင် ဖေါ်ပြထားတဲ့ နှုတ်ကပတ်တော်ကိုတော့ အလေးမထားခြင်း ဖြစ်ပါတယ်။ ဒီခေတ်ကာလက လူတွေဘဲ ဖြစ်ပါတယ်။ ကျွန်တော်ပြောတာ တော်တော်ရှည်သွားပြီဖြစ်တယ်။ ဒီခေတ်ကာလကလူတွေ ဒီခေတ်ကာလမှာ ဘုရားသခင် ဖေါ်ပြထား တဲ့အရာတွေကို လက်မခံပါဘူး။ ကျွန်တော်တို့ဟာ တမန်တော်ကြီးတွေ လျှောက်တဲ့လမ်းကိုလိုက်လျှောက်ပါတယ်။ အဲဒါမှန် ကန်ပါတယ်။ ဘုရားသခင်က ပြောပါတယ်။ တစ်ခြားလူတွေလည်း အဲဒီလို ပြောပါတယ်။ ဘုရားသခင်က အဲဒါကို ဖေါ်ပြခြင်း ဘဲ ဖြစ်ပါတယ်။ သခင်ယေရှု မိန့်တော်မူတာကတော့ ဒီအလုပ်တွေအားလုံးဟာ ငါ့အကြောင်း ကို မပြောဘူးဆိုရင် ငါပြောတယ်ဆိုတာကို သွားပြီးတော့ ပြောပါ။ ဒါပေမဲ့လည်း ဒီ အလုပ်တွေဟာ နှုတ်မြွက်ပြောဆိုတဲ့အခါမှာ ဒီအလုပ်တွေကို သင်ယုံကြည်ရမှာ ဖြစ်ပါ တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါဟာ နေ့ရက်ကာလဖြစ်လို့ဘဲ ဖြစ်ပါတယ်။ မနက်ဖန် ဆိုရင် နေကလင်းမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ် ရာသီဥတု ဆိုးဝါးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကောင်းကင်က နီတယ်။ နိမ့်ကျနေပါတယ်။ မနက်ဖန်ဆိုတော့ ရာသီဥတုကောင်းမယ်လို့ ဆိုပါတယ်။ ဒီမိုးကောင်းကင် မျက်နှာကျက်ကို ကြည့်ပြီးတော့ ပိုင်း ခြားနိုင်ပါတယ်။ ဒါပေမဲ့လည်း နေ့ရက်ကာလရဲ့အချိန်တွေကို သင်ဘာမှ မသိပါဘူး။ သင်သိခဲ့မယ်ဆိုရင်လည်း ငါ့ရဲ့နေ့ရက်ကာလကို သင်သိမှာဖြစ်ပါတယ်။ သူတို့ ဘာပြော လဲဆိုတော့ သင့်အတွက်သင် များစွာဆောင်ယူထားတယ်။ သင့်ကိုယ်သင် ဘုရားလုပ်တယ်။ ကိုယ်တော်ရှင်ကို ကားတိုင်ပေါ်မှာ တင်ခြင်းဖြစ်ပါတယ်။ ကောင်းကင်ကြီးက နီရဲနေ ပါတယ်။ ကောင်းကင်ကြီးက အနီရောင်ကလည်း တစ်ဖြည်းဖြည်းအောက်ကို နိမ့်ကျနေပါတယ်။ မနက်ဖန်ဆိုရင်တော့ ရာသီဥတု ကောင်းမယ်လို့ ခန့်မှန်းနိုင်ပါတယ်။ ကောင်းကင်မျက်နှာပြင်ကိုကြည့်ပြီးတော့ ပိုင်းခြားဝေဖန်လို့ ရပါတယ်။ ဒါပေမဲ့လည်း အချိန်ကာလရဲ့ နိမိတ်လက္ခဏာများကတော့ ဘယ်လိုမှ မသိမြင်နိုင်ပါဘူး။ ဘုရားသခင်ကို သိမှသာ ဒီခေတ် ကာလ၊ မိမိရဲ့ခေတ်ကာလအကြောင်း သိရမှာ ဖြစ်ပါတယ်။ သူတို့ ဘာပြောလဲဆိုတော့ ကိုယ့်ကိုယ်ကို သိပ်ပြီးတော့ အမွှန်းတင်လွန်းတယ် လို့ဆိုပါတယ်။ မိမိကိုယ်ကို ဘုရားပြုနေခြင်းလို့ ပြောပါတယ်။ ကိုယ်တော်ရှင်ကို ကားတိုင်ပေါ်မှာ တင်ပြီးတော့ သတ်လိုက်ကြပါတယ်။

89 ၈၉။ သန့်ရှင်းသောဝိညာဉ်တော်က ယနေ့ တတိယပုဂ္ဂိုလ်မဟုတ်ပါဘူး။ဘုရား ကိုယ်တော်တိုင်ဘဲ ဖြစ်ပါတယ်။ လူဇာ တိအားဖြင့် ပြခြင်းဖြစ်ပါတယ်။ သခင်ယေရှုရဲ့ အသွေးတော်အားဖြင့် ဖြစ်ပါတယ်။ မိမိကိုယ်ကို မိမိဖေါ်ပြပြီးတော့ သန့်ရှင်းတဲ့အသက်တာ ဖြစ်စေဘို့ဘဲ ဖြစ်ပါတယ်။ သူတို့က အလားတူနှုတ်ကပတ်တော်ကို ကားတင်လိုက်ပါ တယ်။ ဖေါ်ပြလိုက်ပါတယ်။ သင်နားလည်ပါသလား။ ပရိတ်သတ်ကလည်း အာမင်လို့ ဆိုပါတယ်။ (အယ်ဒီတာမှတ်ချက်) ခရစ်တော် ကို ကားတိုင်တင်ခြင်းကတော့ ဒီနေ့မှာဆို ရင် ဒီလူတွေဟာ ဖေါ်ပြထားတဲ့ နှုတ်ကပတ်တော်ကို ငြင်းပယ်ခြင်းဘဲ ဖြစ်ပြီးတော့ ဘုရားသားတော်ကို လူတွေကြားမှာ လက်ခံခြင်းဘဲ ဖြစ်ပါတယ်။ သူ့ရဲ့နှုတ်ကပတ်တော်အားဖြင့် တစ်နေ့ပြီးတစ်နေ့ အချိန်ယူလာမယ်လို့လည်း ကိုယ်တော်ရှင်က မိန့်တော်မူပါတယ်။ အလားတူဘဲ ဖေါ်ပြထားတဲ့အရာကတော့ တူညီရမှာဘဲ ဖြစ်ပါတယ်။ သူဟာအလားတူ ဘုရားသာတော်ဖြစ်မယ်ဆိုရင် (ယော ၁၄း၁၂)မှာပြောထားတဲ့အတိုင်းဘဲငါပြုသောအမှု တို့ကို ပြုကြလိမ့်မည်ဆိုထားပါတယ်။ (ဟေဗြဲ ၁၃း၈)မှာလည်းကိုယ် တော်ရှင်ဟာ မနေ့၊ ယနေ့၊ ထာဝရကာလ အတူတူဘဲ ဖြစ်ပါတယ်။ ငါ၌တည်လျှင် သင်တို့သည် ငါ၌တည်လျှင် ငါပြုသောငါ့စကားတို့သည်လည်း သင်တို့၌တည်လျှင် သင်တို့ တောင်းချင်သမျှကိုလည်း တောင်း၍ရကြလိမ့်မည်လို့ ကိုယ်တော်ရှင် မိန့်တော်မူ ပါတယ်။ (ယော၁၅)

90 ၉၀။ သူတို့ဟာ အရမ်းကို ဘာသာတရားလေးစားတဲ့ လူတွေဖြစ်ပါတယ်။ သူတို့ဟာ ပြင်ပက လူတွေမဟုတ်ပါဘူး။ သူတို့ ဟာ အဲဒီနေ့ရက်ကာလရဲ့ လူတွေဘဲ ဖြစ်ပါတယ်။ ဒီနေ့မှာ အဲဒါကို အမှုပြုနေကြပါတယ်။ ဘာသာတရားကိုင်းရှိုင်းတဲ့သူတွေ ဖြစ်ပြီးတော့ အလားတူ ကားတင်ခြင်းဘဲဖြစ်ပါတယ်။ ယနေ့လည်း အလားတူဘဲ ဖြစ်ပါတယ်။ အဲဒီအခါမှာသူတို့က ကိုယ် တော်ကို ကားတင်လိုက်ပါတယ်။ သူတို့က ဘုရားသခင်နှုတ်ကပတ်တော်ကို ဖေါ်ပြပြီးတော့ အဲဒီဖေါ်ပြထားတဲ့ နှုတ်က ပတ်တော်ကို ငြင်းပယ်နေခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့စကားတွေကို သူတို့ရဲ့ယုံကြည်ချက်တွေကိုဘဲ သူတို့က လက်ခံ တယ်။ နှုတ်ကပတ်တော်က လက်ခံခြင်းဖြစ်ပါတယ်။ ယနေ့ သူတို့ ထိုကဲ့သို့ လုပ်နေတဲ့အရာဘဲ ဟုတ်ပါသလား။ ဒီနေ့လည်း ထိုကဲ့သို့ဘဲ လုပ်နေပါတယ်။ ကိုယ်တော်ရှင်က နှုတ်ကပတ်တော် ဖြစ်ပါတယ်။ သူတို့က နှုတ်ကပတ်တော်ကို ငြင်း ပယ်ပါတယ်။ အဲဒီအချက် တစ်ချက်ကိုတော့ ခင်ဗျားတို့ လွဲမသွားစေချင်ပါဘူး။ ခင်ဗျားတို့ ကိုယ်တော်ရှင်ဟာ နှုတ်ကပတ် တော် ဖြစ်တယ်ဆိုတာကို သိရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို ငြင်းပယ်လိုက်တယ်ဆိုရင် နှုတ်ကပတ်တော်ကို ငြင်းပယ် လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ ကိုယ်တော်ကို ငြင်းပယ်လိုက်တဲ့အခါမှာ နောက်ဆုံးမှာ ကိုယ်တော်ကို

ကားတင်ပြီး သတ်လိုက်ပါတယ်။ ဒီနေ့လည်း သူတို့ဒါဘဲ လုပ်နေပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ငြင်းပယ်ပါတယ်။ သူတို့ရဲ့ယုံကြည်ချက်တွေကို လက်ခံပါတယ်။ လူတွေအများကြီးရှေ့မှာ ကားတင်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့ ပရိတ်သတ်တွေရှေ့မှာဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က အလုပ်လုပ်နေပါတယ်။ သူတို့က အပြစ်ရှိပါတယ်။ ယေရှုနာမ၌ သူတို့ကို ကျွန်ုပ်အပြစ်တင်ပါတယ်။

91 ၉၁။ (၁၅)နှစ်လုံးလုံး ကိုယ်တော်ရှင်ဟာ လှုပ်ရှားသွားတာကို တွေ့ရပါတယ်။ ဒါတောင်မှ သူတို့ရဲ့ ယုံကြည်ချက်တွေကို စွဲစွဲမြဲမြဲ ကိုင်ထားဆဲဖြစ်ပါတယ်။ သူတို့မှာ အပြစ်ရှိပါတယ်။ သူတို့က နှုတ်ကပတ်တော်ကိုယူတယ်။ အသင်းတော်ထဲကို ယူဆောင် လာပါတယ်။ အခြားအသင်းတော်တွေအားလုံး အတူတကွ ကြီးမားတဲ့ ညီညွတ်ခြင်းတွေကို ညီကိုချင်းတွေမှာ ပြုလုပ်ပါတယ်။ ပင်တေကုတ္တေတို့ရဲ့ အလယ်မှာဘဲ ဖြစ်ပြီးတော့ ကျန်တဲ့သူတွေအားလုံး လုပ်မဲ့အစား သူတို့က ငြင်းပယ် လိုက်ပါတယ်။ ဖယ်ရှားလိုက်ပါတယ်။ ဟာသလုပ်ပြီး ပျက်ယယ်ပြုကြပါတယ်။ နံမည်တွေအမျိုးမျိုးခေါ်ပြီးတော့ သမ္မာတရား ကို ပြက်ယယ်ပြုကြပါတယ်။

အသင်းတော်အဖွဲ့အစည်းအနေနဲ့ နတ်ဆိုးရဲ့အကြံအစည်အားဖြင့် ဝင်ရောက် လာပြီးတော့ ဘာပြောသလဲဆိုတော့ အခု ကျွန်တော်တို့ လာကြမယ်။ ထိဝယ်မယ်လို့ ဆိုကြပါတယ်။ သူတို့ကို ငြင်းပယ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာ ခရစ်တော်ကို ငြင်းပယ်လိုက်ခြင်းအားဖြင့် အပြစ်ရှိပါတယ်။ ဘုရားသခင်ဖက်ကနေပြီးတော့ သင် ကြည့်ရမှာ ဖြစ်ပါတယ်။ သင့်ဖက်ကနေကြည့်ရမယ်ဆိုရင်တော့ အလုပ်မဖြစ်ပါဘူး။

92 ၉၂။ ဘုရားသခင် နှုတ်ကပတ်တော် ဖေါ်ပြထားတာကို သူတို့က ငြင်းပယ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ ယုံကြည်ချက်တွေ သူတို့လုပ်ဆောင်ချက်တွေက ဒီနေ့လည်း ထိုနည်းအတိုင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က နှုတ်ကပတ်တော် ဖြစ်ပါတယ်။ (ယော ၁၊ ဟေဗြဲ ၁၃း၈)မှာဖေါ်ပြထားတာကတော့ကိုယ်တော်ရှင်ဟာမနေ့၊ ယနေ့၊ ထာဝရ ကာလ အတူတူဘဲ ဖြစ်ပါတယ်။ အခုအခါမှာ သူတို့ဟာ ကိုယ်တော်ကို လတ်လတ်ဆတ်ဆတ်နဲ့ ကားစင်တင်ခြင်းဘဲ ဖြစ်ပါတယ်။

သမ္မာကျမ်းစာက ကျွန်တော်တို့ လုပ်နိုင်မယ်လို့ပြောထားတာကို သိပါသလား? နည်းနည်းလေးကျမ်းစာကို ဖတ်ကြည့်ကြ ရအောင်။ နောက်ထပ် အချိန်(၁၅)မိနစ်ကျွန်တော့်ကို ထပ်ပေးပါ။ ပရိတ်သတ်ကလည်း အာမင်လို့ ပြောပါတယ်။ အယ်ဒီတာ မှတ်ချက်။ အခု ကျွန်တော်တို့ တစ်မိနစ်လောက် အချိန်ယူပြီး ဖတ်ကြရအောင်။ ကိုယ်တော်ရှင်ကို လတ်လတ်ဆတ်ဆတ်ဘဲ ကားတင်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ (ဟေဗြဲ၆) ကိုဖတ်ကြည့်ရမှာဖြစ်ပါတယ်။(ဟေဗြဲ ၆)မှာ ဆိုရင် ဘုရားသားတော်ကို ကားတင်ခြင်း ဘဲ ဖြစ်ပါတယ်။ ဖြစ်နိုင်မဖြစ်နိုင်ကို ကြည့်ရမှာ ဖြစ်ပါတယ်။ သင်တို့ ဘာပြောမလဲ ဆိုတော့ ကိုယ်တော်ကို ဒုတိယအကြိမ် ကားတင်ပြီးသတ်မယ်လို့ မပြောနိုင်ပါဘူး။

ကျွန်တော်တို့ ဖြစ်နိုင်မဖြစ်နိုင်ကို ကျွန်တော်တို့ ရှာဖွေကြမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်က မှန်ပါတယ်။ အဲဒါမှန်ပါသလား? ပရိတ်သတ်ကလည်း အာမင်လို့ ဆိုပါတယ်။ (အယ်ဒီတာမှတ်ချက်) အဲဒါကတော့ (ဟေဗြဲ ၆း၁)ဘဲဖြစ်ပါတယ်။ ထို့ကြောင့် သေခြင်းနဲ့ စပ်ဆိုင်သောအကျင့်ကို နောင်တရခြင်း၊ ဘုရား သခင်ကို ယုံကြည်ခြင်း၊ သီးခံတရားကို သွန်သင်ခြင်း၊ လက်ကို တင်ခြင်း၊ သေလွန်သော သူတို့ကို ပြန်ရှင်ခြင်း၊ ထာဝရစီရင်ခြင်းတည်းဟူသော မူလအမြစ်ကို ငါတို့သည် ပြန်၍မ တည်ဘဲ ခရစ်တော်၏တရားလမ်းအစောင့် ဖြစ်သောအကြောင်းအရာတို့ကို ထား၍ စုံလင်သောအဖြစ်သို့ တက်ကြကုန်အံ့။

93 ၉၃။ ပေါလုက ဒီအရာတွေကို သိလိုပါတယ်။ အမှန်တစ်ကယ်ဘဲ အရေးကြီးတယ် ဆိုတာကို ပေါလုက သိလိုပါတယ်။ ဗတ္တိဇံများ၊ လက်တင်ဆုတောင်းခြင်းများ၊ ရှင်ပြန် ထမြောက်ခြင်းများ၊ ဒုတိယအကြိမ် ကြွလာတော်မူခြင်း အဲဒီကအရာတွေဘဲ ဖြစ်ပါတယ်။ အဲဒီအရာတွေအားလုံးဟာ လုံးဝအမှန်အကန်ဘဲ ဖြစ်ပါတယ်။

ယခုကြည့်ပါ။ မဖြစ်နိုင်ဘူးလို့ ဆိုထားပါတယ်။ ဒီအခန်းကြီး တစ်ခန်းကို ငါနဲ့အတူ ဖတ်ပါ။ သင်တို့ကို ကျွန်ုပ်နဲ့အတူ ဖတ်စေလိုပါတယ်။ (အခန်းငယ် ၄)ဘဲ ဖြစ်ပါတယ်။ ဘရာသာဗရမ်ဟမ်က ပရိတ်သတ်များ အောက်ပါအခန်းငယ်(၃)ပိုဒ်ကို အားလုံးအတူတကွ ဖတ်ကြပါတယ်။ (အယ်ဒီတာမှတ်ချက်) အလင်းသို့ တစ်ခါရောက်၍ ကောင်းကင်စွမ်းရည်ဆုကျေးဇူးကို မြည်းစမ်းခြင်း၊ သန့်ရှင်းသာဝိညာဉ်တော်ကို ခံယူပြီး ဘုရားသခင်၏တရားစကားကိုင်း၊ နောင်ကပ်ကာလ၏အရာများကိုင်း မြည်းစမ်းခြင်းရှိပြီးမှ ရွေ့လျော့ဖေါက်ပြန်သောသူတို့သည် မိမိတို့တွင် ဘုရားသခင်၏သားတော်ကို လက်ဝါးကပ်တိုင်တော် ပေါ်မှာ ကွပ်မျက်၍ အသရေတော်ကို ရှုံ့ချသောသူဖြစ်သောကြောင့် နောက်တစ်ဖန် နောင်တရအံ့သောငှာ အသစ်ပြု ပြင်ခြင်းသို့ မရောက်နိုင်ကြ။

အဲဒါက ကျွန်တော့်ရဲ့စကားလား? ကိုယ်တော်ရှင်ရဲ့စကားလား? အလင်းသို့ တစ်ခါရောက်၍ ကောင်းကင်ဆုကျေးဇူးကို မြည်းစမ်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကို ခံယူခြင်းဟုရေးသားထားပါတယ်။ သူတို့ ဘယ်တော့မှ မရပါဘူး။ သူတို့က နယ်ခြားကနေ နှစ်ဖက်ခွနေတဲ့ ယုံကြည်သူတွေဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် အသိတရားကို ကျွန်တော် တို့ လက်ခံပြီးနောက်မှာ အသိတရားကနေ ကျွန်တော်တို့ ရရှိခြင်းဘဲ ဖြစ်ပါတယ်။ ထောက်ရှုခြင်း၊ တွေ့မြင်ခြင်းအားဖြင့် ဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒါကို ငြင်းပယ်တယ်။ သင့်အတွက်ဆိုရင် ထာဝရကယ်တင်ခြင်းရဘို့အတွက် မဖြစ်နိုင်တော့ ပါဘူး။ အဲဒါကို အခုအခါမှာ ဖတ်နိုင်ပါသလား? သမ္မာတရားနဲ့ အသိတရားကို ရရှိပြီးနောက်လို့ ဆိုထားပါတယ်။ သင်နား လည်မည်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သင်ရရှိမှာ မဟုတ်ပါဘူး။

94 ၉၄။ ယုံကြည်သူတွေ ဖေါက်ပြန်သွားတာကဲ့သို့ဘဲ ဖြစ်ပါတယ်။ အဲဒါက လမ်းခရီး တစ်ခုနဲ့ ပုံဆောင်လို့ ရပါတယ်။ တတိယမြောက် ထွက်မြောက်ခြင်းဘဲ ဖြစ်ပါတယ်။ တစ်ခြားသောသူတို့ရဲ့ ပုံစံအတိုင်းဘဲ ဖြစ်ပါတယ်။ လှည့်ကြည့်လိုက်ပါ။ အခုအခါမှာ သင်တို့ကို ကျွန်တော် တစ်စုံတစ်ခုကို ပြလိုပါတယ်။ အပြုအမူအတွက်ကိုလည်း ခွင့်လွတ်ပါ။

ဣသရေလက လူ(၁၂)ဦးကို ရွေးချယ်လိုက်ပါတယ်။ မျိုးနွယ်တစ်စုကနေဘဲ တစ်ယောက်စီကို ရွေးချယ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။

ဂိုဏ်းဂဏဆိုင်ရာ ခေါင်းဆောင် တွေဘဲ ဖြစ်ပါတယ်။ သူတို့ကို နယ်စပ်သို့ ခေါ်သွားပါတယ်။ ဂတိတော်နဲ့ယှဉ်တဲ့ နေရာဘဲ ဖြစ်ပါတယ်။ နောင်လာမဲ့ ကောင်းမြတ်တဲ့အရာတွေကို ဖေါ်ပြပါတယ်။ သူတို့မှာ ဘာရှိပါသလဲ? နောက်ပြီး သူတို့ ပြန်လာပါတယ်။ သူတို့ငြီးတွားကြပါတယ်။ အဲဒါကို သူတို့ မလုပ်နိုင်ဘူးလို့ ဆိုကြပါတယ်။

အဲဒီ(၁၂)ယောက်ထဲက နှစ်ယောက်ဘဲ ယောရှုနဲ့ ကာလက်ကတော့ သူတို့က နှုတ်ကပတ်တော်ကို ကြည့်မယ်လို့ ဆိုပါတယ်။ အဲဒါက ကျွန်တော်တို့ ပိုင်ဆိုင်ရမဲ့အရာ ဖြစ်တယ်။ ကျွန်တော်တို့ ရယူပိုင်ဆိုင်ဖို့ထက်ကိုသာပြီးတော့ သာလွန်နေပါတယ်လို့ ဆိုပါတယ်။ မှန်ပါသလား။ ပရိသတ်ကလည်းအာမင်လို့ဆိုပါတယ်။ (အယ်တီတာမှတ် ချက်)

95 ၉၅။ အဲဒါဘာလဲ။ နှစ်ဖက်ခွယုံကြည်သူတွေဘဲဖြစ်ပါတယ်။ သူတို့က တကယ်ဘဲ အသင်းတော်ထဲကို မွေးဖွားလာကြ တယ်။ သူတို့ကလူတွေရဲ့ ခေါင်းဆောင်တွေဖြစ်တယ်။ သူတို့က ဘီးရှော့တွေဖြစ်တယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ် တော်အတိုင်းဘဲ သူတို့လျှောက်လိုက်တယ်။ အဲဒါသမ္မာတရားဆိုတာ သူတို့သိမြင်ပါတယ်။ အဲဒီနေရာမှာ လေရှိတယ်။ သူတို့ ဘယ်တုန်းကမှ မရောက်ခဲ့ဘူးဘူး။ အဲဒီမှာရှိတယ်ဆိုတာလည်း သူတို့မသိကြဘူး။ ဒါပေမဲ့လည်း သူတို့ဆင်းလာပြီး ကြည့်တဲ့ အခါမှာ တွေ့ရပါတယ်။ အဲဒီမှာ ရှိပါတယ်။ ယောရှုနဲ့ကာလက်သွားကြပါတယ်။ သူတို့ဘာပြန်ယူလာလည်း ဆိုတော့ စပျစ်သီးအတွဲကြီးကို ယူလာပြီးတော့ သူတို့ကို စားစေပါတယ်။ သူတို့ကောင်းကောင်းဘဲ အရသာခံစားလိုက်ပါတယ်။ နောက်ပြီးပြန်သွားပါတယ်။ ငါတို့မလုပ်နိုင် ဘူးလို့ သူတို့ကဆိုပါတယ်။

သခင်ယေရှုလက်ထက်က အလားတူအုပ်စုတစုရှိနေပါတယ်။ ဆရာ ကိုယ်တော်သည် ဘုရားသခင်ထံက လာတယ်ဆိုတာကို ကျွန်တော်တို့သိပါတယ်။ နယ်ကြား ကြားခံ၊ နှစ်ဖက်ခွဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်သည် ဘုရားသခင်ထံမှလာသောဆရာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ပြုသောအမှုတွေကို ဘယ်သူမှမပြုနိုင်ပါဘူး။ ဘုရားသခင် ပါရှိတယ်ဆိုတာကို ကျွန်တော်တို့အသိ အမှတ်ပြုပါတယ်။ ဘာကြောင့် သူတို့လက်မခံတာလဲ။ ဘာကြောင့် သူတို့မယူတာလဲ။ နှစ်ဖက်ခွပြီးတော့ ကြားထဲမှာ နေနေတဲ့သူတွေ ဖြစ်နေလို့ဘဲဖြစ်ပါတယ်။

96 ၉၆။ ယခုတတိယကြိမ်မြောက် ထွက်မြောက်ခြင်းရှိပါတယ်။ နိမိတ်လက္ခဏာ တူညီပါတယ်။ ဖော်ပြချက်လည်း တူညီပါတယ်။ ခရစ်တော်လည်းဖြစ်တယ်။ သန့်ရှင်းသော ဝိညာဉ်တော်လည်း ဖြစ်တယ်။ အမှုပြုခြင်းများလည်း ဖြစ်တယ်။ ဘုရားကလည်း ကူညီမှုရှိတယ်။ သတင်းစကားကလည်း ဘာမှမကွာခြားပါဘူး။ သူတို့မယူနိုင်ပါဘူး။ သူတို့ရဲ့ မိတ်သဟာယ ကပ်ပြားတွေကို သူတို့စွန့်ပစ်လိုက်ရမှာဖြစ်ပါတယ်။ အဲဒါကဘာ လဲ။ သမ္မာတရားနဲ့ ပတ်သက်တဲ့ညဏ်သူတို့မှာ ရှိပါတယ်။ အဲဒါသမ္မာတရား ဖြစ်တယ်ဆိုတာကို သူတို့သိရမှာဖြစ်ပါတယ်။ သူတို့မငြင်းပယ်နိုင်ပါဘူး။ မဂ္ဂဇင်းတွေကလည်း တွေလည်း သူတို့တွေ့မြင်တာကို သက်သေခံနိုင်ပါတယ်။ ရုပ်ပုံစက္ကူတွေ သေခြင်းကနေ ရှင်ပြန်ထမြောက်တာတွေ ဆရာဝန်များရဲ့ ပြောစကားတွေ ဖျားနာသူတွေနဲ့ ဆရာဝန်တွေရဲ့ ကောက်ချက်ချမှုတွေ၊ အဲဒါကိုယ်တော်ရှင် အကောင်းဆုံး ပြုလုပ်ခြင်း ဘဲဖြစ်ပါတယ်။ ကြိုတင်ဖော်ပြထားချက်တွေကတော့ ဘာတခုမှ ဖြစ်တယ်ဆိုတာကို မရှိရပါဘူး။ နှစ်ပေါင်းများစွာ ကျော်လွန်ပြီးတဲ့နောက်မှာ သူတို့မှာ အစက်ကလေးတစ်စက် တောင် အမှားအယွင်းမရှိခဲ့ပါဘူး။ အဲဒါကတော့ ဘုရားသခင်နဲ့ ပတ်သက်တဲ့အရာ ဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့ကလက်မခံနိုင်လောက်အောင် ဖြစ်နေပါတယ်။

97 ၉၇။ ချီကာကိုက အုပ်စုတစု ရှိပါတယ်။ သုံးရာလောက်ရှိပါတယ်။ သူတို့ဆင်းလာပြီးတော့ သခင်ယေရှုနာမ၌ ဗိတ္တိဇံခံ ဖို့ဘဲဖြစ်ပါတယ်။ သူတို့ဘယ်မှာ ရောက်နေပါသလဲ။ သူတို့ပေးရမဲ့အဖိုးအခက အရမ်းကို ကြီးမားပါတယ်။ မလုပ်နိုင်ကြပါဘူး။ ဘာဖြစ်လို့လဲ။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ သူတို့ကအဲလိုလုပ်မယ်ဆိုရင် သူတို့ဘာလုပ်သလဲ။ သူတို့ကိုယ်သူတို့ ခွဲခြားပြီးတော့ ဂရုဏာနာနဲ့ တရားစီရင်ခြင်း၊ အကြားမှာ သူတို့ခွဲခြားထားခြင်းဘဲဖြစ်ပါတယ်။ အလင်းသို့တခါရောက်လို့ ကောင်းကင်စမ်းရေ ကျေးဇူးကိုမြည်းစမ်းခြင်း သန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူခြင်း ဘုရားသခင်ကောင်း မြတ်သောတရား စကားကိုသော်၎င်း နောင်ကပ်ကာလ၏တန်ခိုးများကို မြည်းစမ်းပြီးမှ ရွေ့လျော့ဖောက်ပြန်သောသူတို့သည် ဘုရားသခင်၏ သားတော်ကို လက်ဝါးကားတိုင်မှာ ကွပ်မျက်၍ အသရေတော်ကို ရှုံ့ချသောသူဖြစ်သောကြောင့် နောက်တခါ နောင်တရအံ့ သောငှာ အသစ်ပြုပြင်ခြင်းသို့ မရောက်နိုင်ကြ။

98 ၉၈။ ပရက်စ်ဘီတေးရီးယန်းတွေ၊ နှစ်ခြင်းတွေ၊ မက်သဒစ်တွေ၊ လူသာရင်တွေ၊ သတင်းကောင်းအသင်းတော် သူတို့ဝင် လာပါတယ်။ သတင်းစကားကိုလည်း ငြင်းပယ် လိုက်ပါတယ်။ သင့်အသင်းတော်ကိုလည်း ငြင်းပယ်မှာဖြစ်ပါတယ်။ လူတွေ တစ်ယောက်စီ၊ တစ်ယောက်စီ အဲဒီထဲမှာ ရှိတဲ့လူတွေ ဒါပေမဲ့လည်း ဘုရားကျောင်းတော့ မဟုတ်ပါဘူး။ ဘုရားကျောင်း သင်လည်း ဘုရားကျောင်း အသင်းတော်မှ ထွက်ခဲ့ပါ။ ယုံကြည်ပါ။ မြင်လား¿ မှန်ကန်ပါသည်။ တစ်ဦးစီလုပ်ဆောင်ချက်သည် မှန်ကန်ပါသည်။

သို့သော် ပရက်စ်ဘီတေးရီးယန်း အသင်းတော်သည် သန့ရှင်းသောဝိညာဉ် တော်ကို လက်ခံပြီလို့ သင်ထင်ပါလိမ့်မည်။ သူတို့အားလုံး၏ အဓိကအချက်များ ကျဆင်းသွားပြီလို့ သင်ဘယ်တော့မှ မထင်ပါနှင့်။ ထို့အတူ မက်သဒစ်အသင်းတော် လည်း ထိုကဲ့သို့ ဖြစ်ပါသည်။ သင်သည် ထိုကဲ့သို့ မပြုလုပ်ပါ။ သုံးပါးတဆူ အသင်း တော်လည်း သခင်ယေရှုနာမကို လက်ခံပြီး အယောက်တိုင်း ဗတ္တိဇံကို ခံကြပါတယ်။ သင်သည် ထိုကဲ့သို့ မလုပ်ပါနှင့်။ သို့သော် တစ်ဦးချင်း အပြင်သို့ထွက်၍ ပြုလုပ်ပါ။ ၎င်းသည် မှန်ကန်ပါသည်။ ထိုလက္ခဏာသည် ခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာ ခြင်းကို ရည်ညွှန်းပါသည်။ သို့သော် အသင်းတော်များသည် သမ္မာတရားကို တွေ့တဲ့အခါမှာ သူတို့ ကောင်စီတွေရဲ့ အတွေးအခေါ်များကို ငြင်းပယ်ပါ သည်။ ‘၎င်းအ ရာသည် ဖြစ်နိုင်ပါသည်။’

99 ၉၉။ ကျွန်တော်ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အားဖြင့် သူတို့ကို အပြစ်တင်ပါ တယ်။ ဘုရားသခင်က ခင်ဗျားသူတို့ကို အပြစ်တင်ပါသလား။ ဘာရာသာဘာရန်ဟမ်လို့ မေးလို့ရှိရင် သူတို့ကို အပြစ်တင်ပါတယ်။ ဘုရားသခင်ကရှင်းရှင်းလင်းလင်း ဘုရား သခင်၏နှုတ်ကပတ်တော်အားဖြင့် ဖော်ပြထားပါတယ်။ နောက်ဆုံးသောနေ့ရက်ကာ လများမှာ မိမိကိုယ်ကို လူများသိစေပြီးတော့ မနေ့၊ ယနေ့၊ ထာဝရကာလကိုယ်တော် ရှင်ဟာ ပြောင်းလဲခြင်း မရှိဘူးဆိုတာကို သိစေပါတယ်။ သူတို့က အေးစက်စွာနဲ့ဘဲ အဲဒါကို လက်မခံဘဲ

ပယ်ချလိုက်ပါတယ်။ သခင်ယေရှုကို ကားတိုင်တင်ခြင်းကြောင့်ဘဲ အပြစ်ရှိပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကို ရှုံ့ချခြင်းအားဖြင့်ဘဲ ဖြစ်ပါတယ်။

ခင်ဗျားတို့ ကျွန်တော်တို့ (ဟေဗြဲ ၁၀)ကိုတစ်ဖန် ထပ်ပြီးတော့ ဖတ်စေလိုပါတယ်။ အဲဒီထဲမှာ သမ္မာကျမ်းစာပြန်လည် ပြောဆိုခြင်း ဖြစ်ပြီးတော့ မဖြစ်နိုင်ဘူးဆို တာမဟုတ်ပါဘူး။ သင်ဘယ်လိုမှ မလုပ်နိုင်ပါဘူးဆိုတာဘဲ ဖြစ်ပါတယ်။ သင့်ဆီက နေ ကွဲကွာစေခြင်း ဖြစ်ပါတယ်။ ထာဝရကွဲကွာစေခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ရှေ့တော်မှောက်ကို ဘယ်တော့မှ ပြန်ပြီးတော့ လာနိုင်မှာ မဟုတ်တော့ပါဘူး။ သန့်ရှင်းသောဝိညာဉ်တော်ကို ခင်ဗျားက ငြင်းပယ်ပြီးတော့ ဟာသ လုပ်လို့ဘဲ ဖြစ်ပါတယ်။

နှုတ်ကပတ်တော်ကို မြည်းစမ်း၍ဆိုသည့်အရာကို ကြည့်ပါ။ အဲဒါကတော့ ကြားနေ ယုံကြည်သူဘဲဖြစ်ပါတယ်။ အဲဒီလူ တွေဟာ ယုံကြည်သူတွေ မဟုတ်ဘူးလို့သင် ပြောနေမယ်။

သူတို့က ယုံကြည်သူတွေ ဖြစ်ပါတယ်။ ဒါမှမဟုတ် ယုံကြည်ပါတယ်လို့ ဝန်ခံထားတဲ့သူတွေဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း နှုတ်ကပတ်တော်နဲ့ ပတ်သက်လာရင် သူတို့ဟာ ဣသရေလလူမျိုးများကဲ့သို့ဘဲ ဖြစ်ပါတယ်။ သူတို့ဟာ အသွေးတော် အောက်ကနေ ထွက်လာကြတဲ့သူများ ဖြစ်ပါတယ်။ မောရှေရဲ့နိမိတ်လက္ခဏာအောက်ကနေ ထွက်လာကြတဲ့သူများ ဖြစ်ပါတယ်။ သူတို့က ဒီနိမိတ်လက္ခဏာတွေ အလုပ်လုပ်လျှက်ရှိ တာကိုလည်း သူတို့ သိမြင်ခဲ့ပြီး ဖြစ်ပါတယ်။ ဘုရားသခင် ဘာပြောသလဲဆိုတော့ သင်တို့ကိုငါ အခြားတစ်ဖက်ကို ခေါ်ဆောင်သွားမယ်လို့ ဆိုပါတယ်။

အဲဒီအခါမှာ ဘုရားသခင်နှုတ်ကပတ်တော်နဲ့ပတ်သက်တဲ့ အကြောင်းအရာကို ရောက်လာတဲ့အခါမှာ သူတို့ ဘာပြောသလဲ? အို. ကျွန်တော်တို့ သိမြင်ပါသည်လို့ပြော ကြပါတယ်။

ဒီနေရာမှာ သူတို့ ပြန်လာကြပါတယ်။ စပျစ်သီးကြီးတွေနဲ့ ပြန်လာတာကို အဲဒီလူတွေက မှန်ကန်တယ်ဆိုတာကိုလည်း သက်သေပြုကြပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်က မှန်ကန်ပါတယ်။ သင်တို့ကို ငါပေးမယ်လို့ ဆိုထားပါတယ်။ ဒါပေမဲ့လည်း အခြေအနေများအရ ကျွန်ုပ်တို့က နံကောင်လေးတွေဖြစ်ပြီးတော့ သူတို့နဲ့ ယှဉ်လိုက်ရင် တစ်ခြားစီ ဖြစ်နေ ပါတယ်။ ဘယ်လိုဖြစ်ဖြစ် ကျွန်တော် တို့ မဖြစ်နိုင်ပါဘူး။ မလုပ်နိုင်ပါဘူးလို့ ဆိုပါတယ်။

100 ၁၀၀။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းကဆိုရင် ဒီတဲတော်ကြီး ရှိနေတဲ့နေရာမှာ ယဇ်ပလ္လင်အိုကြီး ရှိနေပါတယ်။ လူတစ် ယောက်က ဝင်လာပြီးတော့ အပြင်ကို ထွက်လာပြီးတော့ ကျွန်တော့်ကို ပြောပါတယ်။ ဘီလီ ခင်ဗျားဟာ တရားဟောတဲ့ အခါမှာ ရာထူး (၄)နေရာအတွက် တရားဟောရမှာ ဖြစ်ပါတယ်။ ဒီနေ့ရဲ့ ကာလတွေမှာဆိုရင် ဒီသတင်းစကားကို ဟောပြော တဲ့အခါမှာ ဖြစ်မဲ့အရာဘဲ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ကျွန်တော် နေရာ(၄)နေရာကို တရားဟောမယ်လို့ ပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်က ဒီနေရာတွေကို အာဗြဟံအတွက် သားသမီးတွေကို မွေးထုတ်ပေးဘို့ တတ်နိုင်တဲ့နေရာတွေဘဲ ဖြစ်တယ်လို့ ကျွန်တော်က ပြောပါတယ်။ အဲဒါကတော့ အမှန်တရားဘဲ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ သက်သေ မပြနိုင်ဘူးဆိုရင် ကျွန်တော်တို့ ပြကြရအောင်။ တစ်ကယ်တန်း ပြရမဲ့ နေရာရောက်လာ တဲ့အခါမှာ အသံထွက်နေခြင်းသက်သက်ဘဲ မဟုတ်ပါဘူး။ ကွာခြားမှုရှိပါတယ်။ အဲဒါ ကတော့ ကွာခြားမှုကို ပြုလုပ်ခြင်းဘဲ ဖြစ်ပါတယ်။

သူတို့ရဲ့ယုံကြည်ချက်တွေနဲ့ သူတို့က ကိုယ်တော်ရှင်ကို ကားတင်လိုက်ပါတယ်။ အခုအခါမှာ (ဟေဗြဲ ၆)ကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ဆက်ပြီးတော့ ဖတ်ရမှာ ဖြစ်ပါတယ်။ တောက်လျှောက်ဆက်ပြီးတော့ ဖတ်ရမှာဖြစ်ပါ တယ်။ သူတို့အချိန်အများကြီး ရပါတယ်။ ကျွန်တော် ကျမ်းချက်ကို မှတ်သားထားပြီးတော့ ဘယ်နေရာရှိမလဲဆိုတာ မှတ်သားထားပါတယ်။ (ဟေဗြဲ ၆)ဖြစ်ပါတယ်။ တစ်ချိန်တစ်ခါတုန်းက အလင်းတရားရရှိခဲ့တဲ့သူတွေအတွက် သန့်ရှင်းသော ဝိညာဉ်တော်ကို ရယူဘို့ရန်အတွက် မဖြစ်နိုင်ဘူးလို့ ဆိုထားပါတယ်။ ကျွန်တော်တို့ ဆက်ပြီး ဖတ်ဘို့ အချိန်မရှိတော့ပါဘူး။ တစ်ခြားကျမ်းချက်တွေလည်း ဖတ်ဘို့ ရှိပါသေးတယ်။ ခင်ဗျားတို့ကို ကျွန်တော် အခုဘဲ ဖတ်စေချင်ပါတယ်။ ဘုရားသား တော်ကို သူတို့က ကားတင်ပြီးတော့ သတ်လိုက်ပါတယ်။ သူတို့ ဘာလုပ်သလဲ? သူတို့ မြည်းစမ်းပြီးတော့ သမ္မာတရားကို သိတယ်။ နောက်ပြီးတော့ ငြင်းပယ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ဘာဖြစ် လာပါသလဲ? မဖြစ်နိုင်တဲ့ အရာတွေဘဲ ဖြစ်ပါတယ်။

101 ၁၀၁။ ဒီနိုင်ငံတွေကလည်း ဒီလိုဘဲ ဖြစ်နေပါတယ်။ ဒီလူတွေ ဒီလိုလုပ်ခဲ့လို့ဘဲ ဖြစ်ပါတယ်။ ဒီအသင်းတော်တွေလည်း ဒီလိုဘဲ လုပ်ခဲ့ပါတယ်။ သူတို့က အဲဒါကို ပယ်ဖျက်လိုက်ပါတယ်။ သတင်းစကားကို ကားတင်လိုက်ပါတယ်။ သမ္မာတရားကို ကား တင်လ်ိုက်ပါတယ်။ သခင်ယေရှုကို သူတို့ ဘယ်လိုလုပ်ပါသလဲ¿ သူတို့ကကိုယ်တော်ကို အရှက်ကွဲစေပါတယ်။ ကိုယ်တော်ရဲ့အဝတ်အစားအားလုံးကို ဆွဲချွတ်လိုက်ပါတယ်။ ကားတိုင်ပေါ်မှာ ကိုယ်တော်ကို ချိတ်ဆွဲထားပြီးတော့ သံမှိုနဲ့ ရိုက်ထားလိုက်ပါတယ်။ ကိုယ်တော်ရှင်ဟာ အသက်တာရဲ့ ဘုရင်ဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့ ယုံကြည်ချက်တွေနဲ့ သူတို့လည်း ဒီနေ့ဘဲ ဒီအတိုင်းဘဲ လုပ်နေပါတယ်။ သူတို့ အလားတူအရာကိုဘဲ လုပ်နေပါတယ်။ သူတို့ဟာ အားလုံးကို ဆွဲချွတ် လိုက်တယ်။ ကောင်းမြတ်ခြင်းတွေ၊ ဧဝံဂေလိတရားတွေ၊ အဝတ်အစားတွေကို ဆွဲချွတ်လိုက်ပြီးတော့ တစ်နေရာကို ထား လိုက်ပါတယ်။ ကိုယ်တော်ရှင်ကို ကားတိုင်တင်လိုက်ပြီးတော့ တင်ထားခြင်းဘဲ ဖြစ်ပါတယ်။

102 ၁၀၂။ အဲဒီမှာ သူတို့ ကားတင်သတ်ကြပါတယ်။ နောက်ဆုံး ကျွန်တော်တို့ ညွှန်းထုတ် ပြီးတော့ ယူရမဲ့အရာကတော့ ကိုယ်တော်ဘဲ ဖြစ်ပါတယ်။ အင်မတန် တန်ဘိုးရှိတဲ့ ပုဂ္ဂိုလ်ဘဲ ဖြစ်ပါတယ်။ သူတို့ဘာကြောင့် အဲဒီလိုလုပ်သလဲ? ကိုယ်တော် ကို သူတို့မသိ ကြပါဘူး။ ဒီနေ့လည်း ဘာကြောင့် ငြင်းကြသလဲ? သမ္မာတရားဖြစ်တယ်ဆိုတာ သူတို့ မသိကြလို့ဘဲ ဖြစ်ပါတယ်။ သူတို့ဟာ ဆွံ့အပြီး မျက်စိကွယ်နေကြပါတယ်။ သူတို့ မသိကြပါဘူး။ အဲဒါကတော့ အကြောင်းပြချက်တွေဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့ယုံကြည်ချက်တွေ၊

အစဉ်အလာတွေဟာ နှုတ်ကပတ်တော်နဲ့ ဝေးကွာလျှက်နေပါတယ်။

အခုအခါမှာ သင်လည်း သေသေချာချာ နားထောင်ပါ။ နိဂုံးချုပ်ခါနီးပြီ ဖြစ်ပါတယ်။ အခုလည်း အရမ်းပူပါတယ်။ ကျွန်တော် လည်း အရမ်းပူပါတယ်။

ဒါပေမဲ့လည်း ညီအစ်ကိုတို့ ဒီနှုတ်ကပတ်တော်ဟာ အသက်ဖြစ်တယ်။ ဒီနှုတ် ကပတ်တော်ကို ဆွဲကိုင်ရင် အသက်ကို ဆွဲကိုင်ခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခြားအရာတွေ ပြောဆိုနေခြင်းဘဲ မဟုတ်ပါဘူး။ ဒီနေရာမှာ ဖြစ်ပျက်ပြီး နောင်လည်း ဖြစ်ပျက်မဲ့အရာတွေဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နှင့်အတူ ရှိနေတဲ့အရာဘဲဖြစ်ပါတယ်။ ယခုဖြစ်ပျက်နေ တဲ့အရာဘဲ ဖြစ်ပါတယ်။ နောက်ဖြစ်ပျက်လာမဲ့အရာ မဟုတ်ပါဘူး။ ဖြစ်ပျက်ခဲ့ပြီးသား အရာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့က သက်သေခံနေခြင်းဘဲ မဟုတ်ပါဘူး။ သူဘာလုပ်ခဲ့သလဲဆိုတာကို ကျွန်တော်တို့သိပါတယ်။ သူတို့ဘာလုပ်မလဲ ဆိုတာကို လည်း ကျွန်တော်တို့သိပါတယ်။ ယခုအခါမှာ ကိုယ်တော်ရှင်ဘာလုပ်သလဲ ဆိုတာကို ပြောနေကြပါတယ်။ ယခုအချိန်ခါက တော့ ကျွန်တော်တို့ရဲ့ အချိန်နာရီဘဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ချီဆောင်ခြင်းကို တွေ့မြင်ရတဲ့အသက်ရှင်ရမှာ မဟုတ်ပါဘူး။ ဒီနေ့ကျွန်တော်သေနိုင်တယ်။ ခင်ဗျားတို့ လည်း သေနိုင်ပါတယ်။ဘယ်နေ့ဘယ်အ ချိန်ဆိုတာကို ကျွန်တော်တို့မသိပါဘူး။ ဒါပေမဲ့လည်း ချီဆောင်ခြင်းကတော့ လာမှာပါ။ ဘယ်အချိန်လာမှာလဲ။ ကျွန်တော်တို့ ရှိနေမှာပါ။ မပူပါနှင့်။ တခြားသောသူတွေလည်း ဒီခေတ်ကာလဒေါက် လျှောက်ရှိနေတဲ့သူတွေလည်း ယုံကြည်သူတွေက အဲဒါကို မျှော်လင့်လျက် ရှိပါတယ်။ သူတို့ရဲ့နေ့ရက်ကာလရဲ့အလင်းထဲမှာ လျှောက်ခဲ့ပါတယ်။

ဒီနေရာမှာအလင်းရှိပါတယ်။ သခင်ယေရှုက မနေ့၊ ယနေ့နဲ့ ထာဝရကာလ အတူတူဘဲဖြစ်ပါတယ်။ သင်ရဲ့ယုံကြည်ချက် တွေကို ထားခဲ့ပါ။ ဒီနှုတ်ကပတ်တော်ကိုဘဲ ယုံကြည်ပါ။ ဒါကသမ္မာတရားဖြစ်ပါတယ်။ နှုတ်ကပတ်တော်က သမ္မာတရားဖြစ် ပါတယ်။ သခင်ယေရှုမိန့်တော်မူပါတယ်။ ငါနှုတ်ကပတ်တော်က ဝိညာဉ်ဖြစ်တယ်။ ငါ၏ နှုတ်ကပတ်တော်က အသက်ဖြစ် တယ်။ ယခုအခါမှာ သင်ကအသက်ကို ရမှာဖြစ်ပါတယ်။ အသက်ကို ငြင်းပယ်ခဲ့လို့ရှိရင် အသက်ကို ရမှာဖြစ်ပါတယ်။ ဘယ်လိုသင်က ဩဝါဒနဲ့ ယူဆောင်မှာလဲ။ သေခြင်းတရားက ဘာလဲ။ အသက်တာနဲ့ပတ်သက်တဲ့ နှုတ်ကပတ်တော်က လည်း ဘာလဲ။ အသက်ကိုပေးပိုင်တဲ့ နှုတ်ကပတ်တော်ကို ရှာဖွေပါ။ သေခြင်းတရားကို ယူဆောင်သွားဖို့ဘဲဖြစ်ပါတယ်။ တချိန်ထဲမှာ အသက်ရောသေ ခြင်းရောဘယ်လိုလက်ခံနိုင်မှာလဲ။ လက်မခံနိုင်ပါဘူး။ လူတိုင်းရဲ့စကားတွေက လိမ် ညာစကားတွေ ဖြစ်တယ်။ ဩဝါဒစကားတွေကလည်း လိမ်ညာစကားတွေဖြစ်တယ်။ ဘုရားသခင်နှုတ်ကပတ်တော်သာလျှင် သမ္မာတရားဖြစ်ပါတယ်။

103 ၁၀၃။ ကျွန်တော်လူတိုင်းကို စိန်ခေါ်ပြီးတော့ ကျွန်တော်ကို ပြစေချင်ပါတယ်။ ဒီ တိတ်ခွေကလည်း တကမ္ဘာလုံးကို ပတ်သွားမှာဖြစ်ပါတယ်။ ဘယ်သူဘဲဖြစ်ဖြစ်၊ ဘယ်ဘီးရှော့ဘဲဖြစ်ဖြစ် ကျွန်တော်ရဲ့စာဖတ်ခန်းထဲကို ဝင်လာမယ်။ ဒါမှမဟုတ် ဒီပရိသတ် ရှေ့မှာ ရောက်နေမယ်ဆိုလို့ရှိရင် သူတို့ရဲ့လက်ချောင်းလေးတွေက တနေရာရာကို ပြညွှန်ထားပြီးတော့ ယေရှုနာမ၌ ဗိတ္တိဇံခံခြင်း ဟုတ်သလား၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်လို့ ဓမ္မသစ်ထဲမှာ ပါသလား။ ဗိတ္တိဇံခံတဲ့လူတွေအားလုံးကို ကျွန်တော်ပြမှာဖြစ်ပါတယ်။ ဗိတ္တိဇံကို ခံတဲ့အခါမှာ တူညီမှု မရှိဘူးဆိုလို့ရှိရင် လာပြီး တော့ နောက်တဖန်ဗိတ္တိဇံကို ခံပြီးတော့ ဝိညာဉ်တော်ကို လက်ခံရရှိရမှာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ခင်ဗျားဘာလုပ်မှာလဲ။ ကက်သလိပ်ရဲ့ ယုံကြည်ချက်တွေနဲ့ ဝေးဝေးနေပါ။ ကက်သလိပ်ရဲ့ယုံကြည်ချက် တွေက သေဆုံးနေပြီဖြစ်တဲ့အတွက် ဝေးဝေးကရှောင်နေပါ။ သင်မှာအပြစ်ရှိပါတယ်။ သင်ရဲ့အသက်တာအသစ်အနေနဲ့ အသက်တာရဲ့ မင်းသားကို သင်ယူလိုက်ပါသည်။ နှုတ်ကပတ်တော်အသက်တာဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့လူတွေအ တွက် ကားတိုင်တင်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။

104 ၁၀၄။ ယခုအခါမှာ သူတို့ဘာလုပ်နေသလဲ။ သူတို့ဘာလုပ်နေကြသလဲဆိုတာကိုသူ တို့မသိကြပါဘူး။ ယနေ့လူတွေဟာ ဘာမှမသိဘဲနဲ့ လျှောက်လုမ်းနေကြပါတယ်။ အဲဒါသမ္မာတရား ဖြစ်တယ်ဆိုတာကို သူတို့မသိကြပါဘူး။ သူတို့က ဝါဒတခုခုလို့ဘဲ သူတို့ ကထင်ကြပါတယ်။ သူတို့နက်နက်နဲနဲကို တူးမကြည့်ပါဘူး။ ဝိညာဉ်တော်ရဲ့ ဗျာဒိတ်တွေကို ရရှိနိုင် ဖို့လည်းတူးမကြည့်ကြပါဘူး။ သူတို့ဆုမတောင်းကြပါဘူး။ ဘုရားသခင်ကိုလည်း သူတို့တောင်းဆိုခြင်းမပြုပါဘူး။

သူတို့ပေါ့ပေါ့စစနဲ့ဘဲ လက်ခံကြပါတယ်။ ဘုရားရှိတယ်ဆိုတာကို ကျွန်တော် ယုံကြည်တယ်ဆိုပြီး ပေါ့ပေါ့ဆဆဘဲ ယုံကြည်ကြပါတယ်။ နတ်ဆိုးတွေကလည်း အလား တူဘဲ ယုံကြည်ကြပါတယ်။ နတ်ဆိုးတွေက တခြားသူတွေထက်တောင် ပိုပြီးတော့ ယုံ ကြည်ကြပါတယ်။ နတ်ဆိုးတွေက ယုံကြည်ကြပြီးတော့ ကြောက်ရွံ့တုန်လှုပ်ကြပါတယ်။ လူတွေကတော့ ယုံကြည်ပါတယ်။ နောက်ပြီးတော့ ဆက်သွားကြပါတယ်။ ဒါပေမဲ့လည်း နတ်ဆိုးကတော့ တုတ်လှုပ်သွားပါတယ်။ သူကိုတရားစီရင်မဲ့အချိန် နီးကပ်လာပြီဆိုတာကို သိလို့ပါဘဲ။ လူတွေက အဲဒါကို ယုံကြည်ကြပါတယ်.သူတို့ကတရားစီရင်ခြင်း ရောက်လာတော့မယ်ဆိုတာကိုလည်း ဂရုမစိုက်ကြပါဘူး။

ကိုယ်တော်ရှင်ကို ကားတင်ခြင်းအားဖြင့် တွေ့ရှိကြပါတယ်။ ဒီမျိုးဆက်ကို ကျွန်တော် အပြစ်တင်ပါတယ်။ သူတို့အပြစ်ရှိတယ် ဆိုတာကိုလည်း ကျွန်တော်တွေ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီနှုတ်ကပတ်တော်ကသူတို့ကို အစအဦးကတည်းက အပြစ်ရှိ တယ် ဆိုတာကို သိရှိကြပါတယ်။ သခင်ယေရှု မိန့်တော်မူတဲ့အတိုင်းဘဲ ဘယ်သူကငါ့ကို တရားစီရင်နိုင်မှာလဲ။ ကိုယ်တော် ရှင်က နှုတ်ကပတ်တော်ဖြစ်ပြီးတော့ လူဇာတိကို ခံယူပါတယ်။ ယနေ့အလားတူနှုတ်ကပတ်တော်ကိုလည်း လူဇာတိကို ခံယူ စေချင်လို့ဘဲဖြစ် ပါတယ်။

105 ၁၀၅။ ပေတရုကတော့ သူအပြစ်တင်ခြင်းမှာ တမန်တော်ဝတ္ထုထဲတွင် ဖော်ပြထားပါတယ်။ အဲဒါကို ဖတ်ကြည့်ကြပါစို့။ ပေတရုကတော့ ဘာဖြစ်နေတယ်ဆိုတာကို တွေ့တဲ့အခါမှာ သခင်ခရစ်တော်ကို သူကကာကွယ်ပါတယ်။ သူတို့လုပ်တဲ့အ ရာတွေကို ကာကွယ်ပါတယ်။ ဇဝ်ဂေလိတရားတွေ ဘာလဲဆိုတာကို ငါကာကွယ်နေခြင်းဘဲ ဖြစ်ပါတယ်။ ပေတရုက သခင်ယေရှုခရစ်ကိုသူတို့သတ်ခြင်းကြောင့် အပြစ်ရှိတယ်လို့ပြော ဆိုပါတယ်။ ဘယ်သူက နှုတ်ကပတ်တော်လဲ။ ဒီမျိုးဆက် ကို နှုတ်ကပတ်တော်က သတ်တဲ့အတွက်

ကျွန်တော်ကအပြစ်တင်နေခြင်းဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကိုလူသား အားဖြင့် ဖော်ပြခြင်းဘဲဖြစ်ပါတယ်။ ပေတရုဘာပြောသလဲဆိုတာကို ကြည့်ပါ။ ဖြောင့်မတ်မှန်ကန်တဲ့ ဖော်ပြမှုဘဲဖြစ်ပါတယ်။ သူရဲ့ ဂုဏ်သိက္ခာမြင့်မြင့်မားမားဘဲ ရှိ နေပါတယ်။ တမန်တော်ဝတ္ထု ၂း၂၂ ကနေဖတ်ကြည့်နိုင်ပါတယ်။ ဣသရေလလူတို့ ငါ့စကား ကိုနားထောင်ကြလော့။ သင်တို့သိကြသည့်အတိုင်း နာဇရက်မြို့သားယေရှုသည် ထူးဆန်းသော တန်ခိုး အံ့ဖွယ်သောတန်ခိုး တို့ကို သင်တို့တွင်ပြုရသောအခွင့်နှင့် ဘုရားသခင်ပေးသောသက်သေကိုရသောသူဖြစ်၍ ဟုဆိုထားတာကို တွေ့ရပါတယ်။

သူတို့ဘယ်လို ခံစားရသလဲဆိုတာကို ခံစားကြည့်ပါ။ နားထောင်ကြည့်ပါ။ ဘုရားသခင် ပြဋ္ဌါန်းတော်မူသော အလိုတော်ဖြင့်လည်းကောင်း အနတ္တညဏ်တော်အားဖြင့် အပ်နှံခြင်းကိုလည်းကောင်း ထိုယေရှုကို ဖမ်းဆီး၍ မတရားသော သူတို့၏လက်တို့ ဖြင့် လက်ဝါးကားတိုင်၌ ရိုက်၍ကွက်မျက်ကြသည်။

106 ၁၀၆။ ယခုအခါမှာ အမှုတော်ဆောင်များကို ကျွန်တော် ပြောလိုပါတယ်။ လူတွေကိုလည်း ကျွန်တော်ပြောလိုပါတယ်။ နာဇရက်မြို့သားယေရှု၊ သန့်ရှင်းသောဝိညာဉ်တော် က ဒီနေရာမှာ ပုဂ္ဂိုလ်တစ်ပါးအနေနဲ့ ရှိနေပါတယ်။ အသက်တာကလည်း ကိုယ်တော်ရှင်နဲ့ရှိနေပါတယ်။ လူသားတွေအားဖြင့် ကိုယ်တော်ရှင်က အမှုတော်ဆောင် အလုပ်လုပ်လျက် ရှိပါတယ်။ မိမိကိုယ်ကိုလည်း အံ့ဖွယ်နိမိတ်လက္ခဏာတွေနဲ့ ဖော်ပြနေပါတယ်။ အံ့ဩဖွယ်နိမိတ်လက္ခဏာတွေလည်း ပြုလုပ်နေပါတယ်။ ဒီနေရာမှာ သူတို့ကို နံရံတွေမှာ ချိတ်ဆွဲတယ်။ သိပ္ပံနည်းကျသေချာအောင်ပြုလုပ်တယ်။ လူတွေကအဲဒီမှာ ထိုင်နေကြတယ်။ သေတဲ့လူတွေဖြစ်တယ်။ သူတို့က ယနေ့အသက်ရှင်တယ်။ ကင်ဆာရောဂါ ခံစားရတဲ့လူတွေ ကျန်းမာကြတယ်။ မျက်စိကွယ် တဲ့လူတွေ ယနေ့မျက်စိမြင်ကြတယ်။ လက်ခြေသေနေတဲ့လူတွေ ယနေ့လမ်းလျှောက်နေကြတယ်။ သူကနာဇရက်မြို့ သားယေရှုဘဲ ဖြစ်ပါတယ်။ သေသေချာချာ စဉ်းစားပိုင်းခြားထားခြင်းအားဖြင့် သူကိုကြိုတင်ပြီးတော့ ဘုရားသခင်ဖြစ်ကြောင်း တွေ့မြင်ကြပါတယ်။ သူရဲ့အမှုဆောင် ပြုရမဲ့ အမှုကိုလည်း ကြိုတင်ဖော်ပြထားပြီးသားဖြစ်ပါတယ်။ ကောက်ကျစ်တဲ့လက် တွေ နဲ့သူကို သတ်ဖြတ်ခဲ့ခြင်းဘဲ ဖြစ်ပါတယ်။

107 ၁၀၇။ အဲဒါကအပြစ်ရှိပါသလား။ ပရိသတ်ကအာမင်လို့ဆိုပါတယ်။ အယ်ဒီတာမှတ် ချက်။ သူကဘာကို အပြစ်ရှိပါသလဲ။ (Sanhedrin Counciel) က အပြစ်ရှိပါတယ်။

ကျွန်တော် အပြစ်တင်နေပါတယ်ဒီမနက်။ အသင်းတော်တွေအားလုံးစုပေါင်း ပြီးတော့ ကျွန်တော်ဟာ ပင်တေကုတ္တေတွေကို အပြစ်တင်ပါတယ်။ ပရက်ပေတီးရီးရန်းနှင့် နှစ်ခြင်းတွေ အခြားဂုဏ်းဂဏတွေကို ကျွန်တော်အပြစ်တင်ပါတယ်။ သူတို့ရဲ့ ကောက်ကျစ်ဆင်းလဲပြီးတော့ အတ္တဆန်တဲ့ လောဘတွေကြောင့် နှုတ်ကပတ်တော်ကို ယူပြီးတော့ ကား တိုင်ပေါ်တင်လိုက် ပါတယ်။ လူတွေရှေ့မှာဘဲ အပြစ်တင်ပါတယ်။ ဘုရားသခင်ကို လွှန်ကျူးပြောဆိုပြီးတော့ အဲဒါကို အင်မတန်မှ မျိုးချစ် စိတ်ဓာတ်ရှိတယ်လို့ပြောဆိုကြပါတယ်။ ဘုရားသခင်ဟာ ကျွန်တော်တို့အလယ်မှာ ပေါ်ထွက်လာ ပြီးတော့ ကိုယ်တော်ရှင် ဟာ မနေ့၊ ယနေ့၊ ထာဝရကာလအတူတူဘဲဆိုတာကို သက်သေ ပြပါတယ်။ ဒီမျိုးဆက်ကို ကျွန်တော်အပြစ်တင်ပါတယ်။

108 ၁၀၈။ ဘုရားသခင်က သူအသက်ရှင်တယ်ဆိုတာကို သူသက်သေပြပါတယ်။ ဒါဟာ သူရဲ့နှုတ်ကပတ်တော်ဖြစ် တယ်ဆို တာကိုလည်း သက်သေပြပါတယ်။ သင်မှာဘာရှိပါသလဲ။ ယုံကြည်ချက်သြဝါဒတွေဘဲ ရှိပါတယ်။ ဘယ်မှာလဲအသက်ရှင်တဲ့ ဘုရား ဘယ်မှာရှိလဲဆိုတာကို ပြပါသလား။ အသက်တာရဲ့ နှုတ်ကပတ်တော်ကို သင်ကငြင်းပယ် လိုက်တဲ့အတွက်ကြောင့် သင့်ကို ဒီအရာတွေပေးလိုက်ခြင်းဘဲဖြစ်ပါတယ်။ ယနေ့ကျွန် တော်တို့အသက်ရှင်တဲ့အချိန်နာရီဟာ ဘယ်လိုမျိုးဖြစ်ပါသလဲ။ ပေတရုပြောသလိုဘဲ သင်တို့ဟာ မတရားသောလက်တွေနဲ့ ကိုယ်တော်ရှင်ကို ကားတင်သတ်နေကြခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်က ရှင်ပြန်ထမြောက်စေပြီး သေခြင်းတရား က ဖြေလျှော့ပေးပြီး သူကို အဲလိုချုပ်ထားဖို့အတွက် မဖြစ်နိုင်တော့လို့ဘဲဖြစ်ပါတယ်။

သင်ရဲ့ယုံကြည်ခြင်းတွေ၊ သင်ရဲ့အဖွဲ့အစည်းတွေ သင်တို့ရဲ့ဂိုဏ်းဂဏတွေ ဘုရားမဲ့ပုံစံနဲ့အတူ စကားပြောနေပါတယ်။ ဘုရားမဲ့တဲ့ သင်တို့ရဲ့ပုံစံတွေ သင်တို့သည် ကိုယ်တော်ရှင်ထမြောက်ခြင်းတန်ခိုးကို ငြင်းပယ်ခဲ့ပါတယ်။

ဒါပေမဲ့လည်း အချိန်ရောက်လာတဲ့အခါမှာ နောက်ဆုံးသောနေ့ရက်များမှာ ဘုရားသခင်ဂတိတော်ပေးထားတဲ့အတိုင်းဘဲ မာလခိအခန်းကြီး ၄ မှာ ပါတဲ့အတိုင်း သူကနောက်ဆုံးသောနေ့ရက်ကာလမှာ လူသားတွေရဲ့ နှလုံးသားတွေကို မူရင်း ကောင်းကြီးမင်္ဂလာအတိုင်း ပင်တေကုတ္တေတွေ ယုံကြည်ခြင်း ဘိုးဘေးတွေရဲ့ ယုံကြည်ခြင်းအတိုင်း ပြောင်းလဲပေး မယ်လို့ဆိုပါတယ်။ သင်တို့အဲဒါကို မငြင်းပယ်နိုင်ပါဘူး။ အဲဒါ ကိုလည်း ခံရပ်နိုင်မှာ မဟုတ်ပါဘူး။

ယခုအခါမှာ ငါသင်တို့ကို စီရင်ပါတယ်။ သင်တို့မှာအပြစ်ရှိတယ်။ နောက် ပြီးသင်တို့ကို စိန်ခေါ်လိုပါတယ်။ ဘုရားရှေ့မှာ လည်း အပြစ်တင်လိုပါတယ်။ ကောက်ကျစ်စဉ်းလဲ အတ္တဆန်တဲ့ ဂိုဏ်းဂဏတွေနဲ့ ဘုရားသခင်နှုတ်ကပတ်တော်ကို သင် တို့ကားတင်လိုက်ပါတယ်။ လူတွေရှေ့မှာဘဲဖြစ်ပါတယ်။ နောက်ပြီးတော့ သင်တို့က အပြစ်ရှိတယ်။ တရားစီရင်ခြင်းကို ခံရမယ်ဆိုတာကို ဆိုလိုခြင်းဘဲဖြစ်ပါတယ်။ အာမင်။

ပေတရု ကျွန်တော်လည်း အလားတူအရာကိုဘဲ ပြောလိုက်ပါတယ်။ အဲဒီမျိုး ဆက်အတွက် နောင်တရဖို့ ကျွန်တော် ပြောပါတယ်။ ဒီမျိုးဆက်အတွက် နောင်တရ ဖို့လည်း ကျွန်တော်ပြောပါတယ်။ ဘုရားသခင်ထံတော်ပါးကို နောင်တရဖို့ဘဲ နောက် ပြီးတော့ မူရင်းသမ္မာကျမ်းစာရဲ့ နှုတ်ကပတ်တော် သမ္မာတရားအတိုင်းပြန်လာဖို့ဘဲ ဖြစ်ပါတယ်။ ဘိုးဘေးတို့ရဲ့ ယုံကြည်ခြင်းကို ပြန်လာပါ။ သန့်ရှင်းသောဝိညာဉ်တော် ထံကို ပြန်လာပါ။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်က မပြောင်းလဲနိုင်လို့ဘဲဖြစ် တယ်။

ဘုရားသခင်က ဒီနိမိတ်လက္ခဏာတွေက ယုံကြည်သူတွေမှာ ဖြစ်မယ်လို့ ဆိုထားပါတယ်။ ထာဝရကာလပတ်လုံး ကိုယ်တော် ရှင်က

အဲလိုဘဲ နေထိုင်သွားရမှာ ဖြစ်ပါတယ်။ အဲဒါကိုယ်တော်ရှင် နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။

109 ၁၀၉။ သင်က လက်ဆွဲလက်နှုတ်ဆက်ကြပါ။ ဒါမှမဟုတ် ပွဲတော်မင်္ဂလာယူကြပါ။ ဒါမှမဟုတ်၊ အဲလိုတခုခုလုပ်ပါ။ ယုံကြည်ချက် ဒါမှမဟုတ် အဲဒီအတွေးအခေါ်နဲ့ ပတ်သက် လို့ တခုခု ဘယ်သူဘဲဖြစ်ဖြစ် ဘယ်လိုအရက်သမားဘဲဖြစ်ဖြစ် မယုံကြည်သူဘဲဖြစ်ဖြစ် လုပ်နိုင်တဲ့အရာကို လုပ်ပါ။ အတုယူတဲ့လူတွေ ပြည်တန်ဆာတွေ ဘယ်လိုပြည်တန်ဆာ ဘဲဖြစ်ဖြစ် လုပ်ပါတယ်။ အတူတကွပွဲတော်ယူပါ။ သင်လုပ်နိုင်တဲ့ပုံစံအားလုံးကို ယူပါ။

ဒါပေမဲ့လည်း သခင်ယေရှုက ဒါကအမှတ်အသား ပြုလုပ်ခြင်းဘဲလို့ ဆိုပါတယ်။ နိမိတ်လက္ခဏာတွေကတော့ ဖြစ်လာမှာ ဘဲဖြစ်ပါတယ်။ ခေတ်အဆက်ဆက် မျိုးဆက်တိုင်းမှာ ဖြစ်လာမှာဘဲ ဖြစ်ပါတယ်။ ယုံကြည်သူတွေအတွက်ဘဲဖြစ်ပါတယ်။ ငါရဲ့နာမဌ သူတို့က နတ်ဆိုးတို့ကို မောင်းထုတ်မယ်။ တခြားသောဘာသာစကားတွေ ကိုပြောမယ်။ အသစ်အဆန်းဘာသာ စကားတွေနဲ့ ဆိုမယ်။ နောက်ပြီးတော့ မြွေဆိုး တို့ကို ဖမ်းမယ်။ သေလောက်တဲ့အဆိပ်တွေကို သောက်မယ်။ ဒါပေမဲ့လည်း သူတို့ဘာ မှမဖြစ်ပါဘူး။ သူတို့ရဲ့လက်တွေကို ဖျားနာနေတဲ့လူတွေရဲ့အပေါ်မှာ တင်ပြီးဆုတောင်း မယ်ဆိုလို့ရှိရင် အနာရောဂါငြိမ်းကြမှာဖြစ်ပါတယ်။ အနာရောဂါပျောက်ကင်းခြင်း၊ သေတဲ့လူတွေထမြောက်ခြင်း၊ နတ်ဆိုးတို့ကို မောင်းထုတ်ခြင်း၊ သင်လွတ်လွတ်လပ်လပ်နဲ့ အဖိုးအခလက်ခံရရှိသလို သင်လည်း အခမဲ့ပြန်ပေးပါ။ ဒီလိုငွေရနိုင်တဲ့ လမ်းအားလုံးက ဒီနေ့မှာ အရာဝတ္ထုတွေနဲ့ ချိတ်ဆက်လျက်နေ ပါတယ်။ အဲလိုဖြစ်တာတွေများကြီးဖြစ်လို့ တရားစီရင်ခြင်းဖြစ်တယ်ဆိုတာ အံ့သြဖွယ် မဟုတ်ပါဘူး။

110 ၁၁၀။ ယခုကြည့်ကြပါစို့။ နောင်တရကြပါ။ ကျွန်တော်ကတော့ ယခုအပြစ်တင်နေပါတယ်။

ဒီကားတိုင်အသစ်ကတော့ အသင်းတော်ဘဲဖြစ်ပါတယ်။ အသန့်ရှင်းဆုံးနေရာတွေ ကြီးမားတဲ့ တရားဟောစင်ကြီးတွေ ကက်သလိပ်အယူအဆနဲ့ လုပ်ထားတဲ့ ပလ္လင်ကြီးတွေ တရားဟောစင်လို့ခေါ်ပါတယ်။ မက်သဒစ်၊ နှစ်ခြင်း၊ လူသာရင်၊ ပင်တေကု တွေ၊ အသန့်ရှင်းဆုံးအရာတွေ ရှိပါတယ်။ ကိုယ်တော်ရှင်ဟာ လုံနဲ့ ထိုးစိုက်ခြင်းကို ခံရတဲ့အခါမှာ အဆိုးဆုံး ထိုးစိုက်မှုတွေကို ခံယူနေရပါတယ်။ အသစ်သောကားတိုင် များဘဲ ဖြစ်ပါတယ်။ ဘယ်မှာတွေ့ရပါမလဲ။ သန့်ရှင်းတဲ့နေရာတွေ ဘုရားကျောင်းမှာ ဘဲဖြစ်ပါတယ်။

သူဘယ်နေရာမှာ ကားတိုင်တင်ခြင်းခံရပါသလဲ။ သင်းအုပ်ဆရာတွေထံက ဖြစ်ပါတယ်။ သူတော်ကောင်းယောင်ဆောင် သောသူတွေ သင်တို့ပိုနားလည်ပါတယ်။ စိတ်မဆိုးပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်အထဲမှာရှိတဲ့အရာတခုကတော့ ကျွန်တော်ကို နှိုးဆွနေသလို ဖြစ်နေပါတယ်။ ဘုရားသခင်က သင်တို့ကြားထဲမှာဘဲ မိမိကိုယ်မိမိ အပြန် အလှန် ဖော်ပြနေခြင်း ဘဲဖြစ်တယ်။

သူဒီလှံချက်ရာတွေကို ဘယ်မှာရသလဲ။ နဘေးမှာရှိတဲ့ လှံချက်ရာတွေဘဲ ဖြစ်ပါတယ်။ ဒီလှံနဲ့ ထိုးနှက်ခြင်းခံရတဲ့အရာတွေကို သူဘယ်ကရပါသလဲ။ သူကားတိုင် ပေါ်ကရပါတယ်။ ဘယ်နေရာကနေဒီနေ့ရနေပါသလဲ။ တရားဟောပလ္လင်ပေါ်မှာ ရပ် နေပါတယ်။ သင်မည်သည့်နေရာကလာပါသလဲ။ ယေရုဆလင်မြို့ လာပါတယ်။ သူတို့လည်း ဘယ်ကနေလာပါသလဲ။ ဂိုဏ်းဂဏဖြစ်တယ်။ ကိုယ်တော်ကို ချစ်တယ်လို့ ပြောတဲ့လူတွေထံကနေဘဲ လာပါတယ်။ သူတို့က ပြုလုပ်ခြင်းဘဲဖြစ် ပါ တယ်။ ဒီနေ့လည်း သူတို့ဘဲ ပြုလုပ်နေပါတယ်။ ဒုတိယကားတိုင်ဖြစ်ပါတယ်။ သူလှံချက်ရာတွေကို သူလက်ခံရရှိနေပါတယ်။ အဲဒီလှံချက်အရာတွေကတော့ သူကို နှုတ်ကပတ်တော်ကို ဆန့်ကျင်ပြီး ထိုးနှက်တဲ့အရာတွေဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကဘယ်သူလဲ။ ကိုယ်တော်ရှင်က နှုတ်ကပတ်တော်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က နှုတ်ကပတ်တော် ဖြစ်ပါတယ်။ သူအ ပြင်းထန်ဆုံး ထိုးနှက်ခြင်းကို ဘယ်ကနေရရှိပါသလဲ။ သန့်ရှင်းတဲ့ တရားဟောပလ္လင်တွေကဘဲ ရရှိနေပါတယ်။

111 ၁၁၁။ ကျွန်တော်က ဒီမျိုးဆက်ကို အပြစ်တင်ပိုင်ခွင့်ရှိပါတယ်။ ကျွန်တော်မှာ လုပ်ပိုင်ခွင့်ရှိပါတယ်။ သခင်ယေရှု ဘုရားသခင်ရဲ့ ဧဝံဂေလိတရားကို ဟောကြားတဲ့ ဆရာတစ်ဦးအနေနဲ့ လုပ်ပိုင်ခွင့်ရှိပါတယ်။ နိမိတ်လက္ခဏာတွေနဲ့ သူဟာ ဘုရားဖြစ်တယ် ဆိုတာကို သူပြထားပါတယ်။ ဒီမျိုးဆက်ကို အပြစ်တင်ဖို့ကျွန်တော်မှာ လုပ်ပိုင်ခွင့်ရှိပါတယ်။ ကိုယ်တော် ရှင်ရဲ့ အပြင်းထန်ဆုံး လှံချက်ရာကတော့ ဒီတရားဟောပလ္လင်တွေ ဆီကဘဲ လာတာဖြစ်ပါတယ်။ သူတို့ဝေဖန်ပြီး အပြစ် တင်ကြတယ်။ အဲဒါကို သွားပြီး အပြစ်မတင်နဲ့ အဲဒါက နတ်ဆိုးနဲ့ဆိုင်တယ်လို့ပြောကြပါတယ်။ ကိုယ်တော်ရှင်ကို ချစ် ခင်လေးစားမဲ့ နေရာကနေပြီးတော့ ထိုကဲ့သို့ပြောဆိုခြင်းဘဲဖြစ်ပါတယ်။

သခင်ယေရှုပြောတဲ့နိမိတ်လက္ခဏာတွေ ဖြစ်ပျက်နေပြီဖြစ်ပါတယ်။ ဘုရား သခင်ရဲ့ နှုတ်ကပတ်တော်က အသွားနှစ်ဖက်ရှိတဲ့ ဓါးထက်ထက်မြတ်ပါတယ်။ နှုတ်ကပတ်တော်ဖြစ်ပါတယ်။ စိတ်ဝိညာဉ်တို့ကို ပိုင်းခြားနားလည်နိုင်ပါတယ်။ နှလုံးသား တွေရဲ့ ဆန္ဒတွေကိုလည်း သိရှိနားလည်ပါတယ်။ အဲဒါကတော့ နတ်ဆိုးလို့ဘဲ ခေါ်ပါတယ်။ နတ်ဆိုးထံကလာပါတယ်။ တကယ် တမ်းကြတော့ အဲဒီနေရာတွေက တရား ဟောစင်တွေ သန့်ရှင်းတဲ့နေရာတွေဖြစ်ပါတယ်။

အိုးဘုရားသခင် သူဘယ်လိုငုံကြည့်နိုင်မှာလဲ။ ဂရုဏာသက်သက်ဘဲဖြစ်ပါ တယ်။ ကျေးဇူးတော်သက်သက်ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ဘာမှမလုပ်နိုင်ပါဘူး။ ဒါပေမဲ့လည်း တရားဟောစင်ကို ဦးတည်နေပါတယ်။ ကျွန်တော်တို့ဟာ အဲဒီကို ရောက် နေပါပြီ။

112 ၁၁၂။ အဲဒီအကြောင်းအရာကို စဉ်းစားကြည့်ပါ။ သူကို အပြင်းထန်ဆုံး ထိုးနှက်ချက်တွေက တရားဟောပလ္လင်ပေါ်မှ လာခြင်းဘဲဖြစ်ပါတယ်။ အဲဒီမှာ ကိုယ်တော်ရှင်ရဲ့ အသစ်သောကားတိုင်ကို တွေ့ရပါမည်။ ကိုယ်တော်ရှင်ကို အဲဒီမှာ ကားတင်ကြပါတယ်။ နှုတ်ကပတ်တော်ကိုလည်း အဲဒီပလ္လင်ပေါ်ကနေဘဲ ကားတင်ကြပါတယ်။ ဘယ်လိုသူတို့ လုပ်ကြသလဲ။ သူတို့ရဲ့ ပုံစံတွေက ဘုရားတရားကြည်ညိုတဲ့ ပုံစံတွေဖြစ်နေပါတယ်။

ပရိသတ်ကနေပြီးတော့ သရေဖူဆောင်းပေးလိုက်ပါတယ်။ ဘယ်သူတွေကလဲဆိုတော့ လှောင်ပြောင်ရယ်မောသူတွေ ကဘဲ ဖြစ်ပါတယ်။ သူမှာအသစ်သော ဆူးသရဖူရရှိပါတယ်။ လှောင်ပြောင်သူများဘဲဖြစ်ပါတယ်။ ပလ္လင်ထဲကနေပြီးတော့ ထိုးစိုက်လိုက် ခြင်းဘဲဖြစ်ပါတယ်။

လှောင်ပြောင်သူများကသူကို သရဖူဆောင်းပေးလိုက်ခြင်းဘဲဖြစ် ပါတယ်။ သူတဖန်ပြန် လည်ပြီးတော့ ကားတင်ခြင်းခံရပါသလား။ အသစ်တဖန်ပြန် လည်ဖြစ်ပါသလား။ လူတွေလုပ်တဲ့ယုံကြည်ခြင်းတွေအားဖြင့် ရိုက်နှက်ခြင်းခံရပါတယ်။ ဂိုဏ်းဂဏသွန်သင်ချက်တွေက သူရဲ့နှုတ်ကပတ်တော်ကို ဆန့်ကျင်သွားပါတယ်။ သူတို့က ရိုက်နှက်ထိုးနှက်ကြပါတယ်။ ရှက်ဖွယ်ရာဖြစ်ပါတယ်။ အဲဒီအရာကို တရားစီရင်ရမှာဖြစ်ပါတယ်။

သခင်ယေရှု မိန့်တော်မူတဲ့အရာကတော့ သူတို့ငါကို အချည်းနှီးသက်သက် ဝတ်ပြုကိုးကွယ်နေကြပါတယ်။ အချည်းနှီးသက်သက်သူတို့ဘာမှကောင်းတဲ့အရာမလုပ် ကြနဲ့လို့ သူတို့ပြောကြပါတယ်။ သူတို့ဘယ်သူကို ကိုးကွယ်ပါသလဲ။ သူတို့အဲဒီဘုရား ကိုဘဲ ဝတ်ပြုကိုးကွယ်ကြပါတယ်။ ကိုယ်တော်ရှင် ပထမဦးဆုံး ထမြောက်တဲ့အချိန်ကဘဲ သူတို့ဘုရားကို ဝတ်ပြုကိုးကွယ် နေကြပါတယ်။ အဲဒါကအချည်းနှီးဝတ်ပြုကိုးကွယ် ခြင်းဘဲဖြစ်ပါတယ်။ ဒီနေ့လည်း ထိုနည်းလည်းကောင်းဘဲဖြစ်ပါတယ်။ အချည်းနှီးသက်သက် ဂိုဏ်းဂဏတွေကို တည်ဆောက်တယ်။ ကျမ်းစာကျောင်းတွေ တည်ဆောက်တယ်။ ယုံကြည်ချက် တွေရှိတယ်။ လူတွေရဲ့ ပညတ်တော်တွေ သွန်သင်ချက်တွေကို သွန်သင်ပေးတယ်။ ဘုရားသခင်ရဲ့နှုတ် ကပတ်တော်ကို ငြင်းပယ်ကြပါတယ်။ အသက်တာရဲ့ မင်းသားကို သူတို့က ကားစင်ပေါ်မှာတင်ပြီး သတ်ခြင်းကြောင့်သူတို့မှာ အပြစ်ရှိပါ တယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်အစား လူတွေရဲ့သွန်သင်ချက်တွေကို သွန်သင်ပေးနေပါတယ်။ သူတို့ငါကို အချည်းနှီးသက်သက်ဝတ်ပြုကိုးကွယ်နေကြပါတယ်။ ငါကိုရိုက်နှက်တယ်။ ထိုးနှက်တယ်။ သရဖူဆောင်းပေးပါတယ်။

113 ၁၁၃။ လမ်းထဲမှာဆင်းသောသူကို သင်တွေ့မြင်သောအခါ ခင်ဗျားတို့အမျိုးသမီး တွေအချို့ ဆံပင်ရှည်ရှည်နဲ့ ရှိပါတယ်။ သူမကတော့ ရှေးကျလိုက်တာလို့ ဆိုကြမှာ ဖြစ်ပါတယ်။ အဲဒါက လှောင်ပြောင်သူတွေဖြစ်ပါတယ်။ အဲဒါကတော့ သင်ဆောင်း ထားတဲ့ သရဖူဘဲဖြစ်ပါတယ်။ ဘုရားသခင်က သင်၏ဘုန်းတော်လို့ ဆိုထားပါတယ်။ ဂုဏ်ယူဝန့်ကြွားစွာနဲ့ သရဖူကို ဆောင်းထားပါလို့ဆိုပါတယ်။ ဟာလေလုယာ။ ဂုဏ်ယူစရာနဲ့ဘဲ ဆောင်းထားပါ။ ကိုယ်တော်ရှင်အတွက် သင်က ဆူးသရဖူကို ဆောင်းထားသကဲ့သို့ ဆောင်းထားပါ။ ဂုဏ်ယူစွာနဲ့ဘဲ ဆောင်းထားပါ။ မရှက်ပါနှင့်။ ကိုယ်တော် ရှင်ပြောခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေ့ ယေဇဘေလတွေက ဘယ်လိုဘဲလုပ်လုပ်၊ ဘယ်လိုဘဲ အတုအယောင်တွေက တရားဟောပလင်ပေါ်မှာ ရပ်နေတာဘဲဖြစ်ဖြစ် ခရစ်တော်ကို ကားတင်သတ်နေတဲ့သူတွေဘဲဖြစ်ပါတယ်။ သူတို့ဘာဘဲပြောပြော၊ သင်ကတော့ ဂုဏ်ယူစွာနဲ့ဘဲ ဆောင်းထားပါ။ ဘုရားသခင်မိန့်တော်မူပါတယ်။ အဲဒီစကားကို သင် တည်ပါ။

တဖန်လှောင်ပြောင်သူတွေရှိပါတယ်။ သူတို့က ဆူးရစ်သရဖူကို ဆောင်းပေးထားပါတယ်။ တရားဟောပလ္လင်ကနေ ထိုးနှက် နေပါတယ်။ ယုံကြည်ချက်တွေနဲ့ ထိုးနှက် နေခြင်းဘဲဖြစ်ပါတယ်။

ကိုယ်တော်ရှင်အတွက် ကောလ၊ ကောသအရပ်ဖြစ်ပါတယ်။ သူတို့မှာ ကွာယာ အဝတ်တွေကို ဆိုပြီးတော့ နေပါတယ်။ အဲဒီနေရာကို ကိုယ်တော်ကို ယူသွားပါတယ်။ တိုတိုလေးတွေဝတ်ထားတဲ့မိန်းမတွေ၊ ဆံပင်တိုတိုလေးတွေ ညှပ်ထားတယ်။ မျက်နှာ ချယ်တွေ လိမ်းထားပြီး မျက်နှာကို ချယ်သထားတယ်။ သူတို့ ကောင်းကင်တမန်တွေ လိုဘဲ သီချင်းဆိုနေကြပါတယ်။ သူတို့ရဲ့ ထူးခြားတဲ့အစွမ်းတွေနဲ့ဘဲဖြစ်ပါတယ်။ အဲဒါကတော့ ကိုယ်တော်ရှင်အတွက် အသစ်သော ဂေါလ၊ ဂေါသအရပ်ဘဲ ဖြစ်ပါတယ်။ ခေတ်မှီအဆောင်ယောင်အားဖြင့် ကာကွယ်ထားပါတယ်။ ဥပဒေအရကာကွယ်ထား ခြင်းဖြစ် တယ်။ အဲလိုမျိုးနဲ့ သောဒုန်၊ ဂေါမောရမြို့ကဲ့သို့ဖြစ်ပါတယ်။

114 ၁၁၄။ ခွေးမလေးတစ်ကောင်ကို လမ်းထဲမှာ ဆင်းသွားတာကို သင်တွေ့မြင်ရမှာ ဖြစ်ပါတယ်။ တချို့သောအချိန်တွေမှာ ခွေးထီးတွေရှိပါတယ်။ သူမရှိတဲ့နေရာကို ခွေးထီး တွေက လိုက်သွားပါတယ်။ အဲလိုမျိုးဘဲဖြစ်ပါတယ်။ သူတို့အားလုံးဟာ သူမနောက်ကိုလိုက်သွားမှာဖြစ်ပါတယ်။ သူမအတွက် တစုံတခုဖြစ်သွားမှာဘဲဖြစ်ပါတယ်။

ဒီအမျိုးသမီးတွေက သူတို့အဝတ်အစားတွေကို ချွတ်တယ်။ လမ်းထဲကို လျှောက်သွားတယ်။ အဲဒါနဲ့ အလားတူအရာတွေကို မပြောပါနှင့်။ အဲဒါက အတုယူ ခြင်းဘဲဖြစ်ပါတယ်။ ယော�ကျ်ားတွေကို တရားမစီရင်ပါနှင့်။ သူတို့ကိုတော့ သောတုန် မြို့ရဲ့ ဥပဒေနဲ့ ကာကွယ်ထားပါတယ်။ အဲဒီဥပဒေကတော့ တရားမဲ့ဖြစ်နေပါတယ်။ သူတို့ တရားမဲ့လုပ်ချင်တိုင်းလုပ်နိုင်ပါတယ်။

တရားဟော ပလ္လင်ပေါ်က တရားဟောဆရာတွေ သူတို့မှာ တရားဟောဆရာ အရည်ခြုံထားပါသည်။ အပြင်မှာထွက် နေပြီး တော့ အဲလိုမျိုးရှက်ဖွယ် ကောင်းတဲ့အရာတွေကို လက်ခံမှာဖြစ်ပါတယ်။ ရှက်ဖွယ်ကောင်းတဲ့အရာတွေကို သူတို့က ဆန့်ကျင် ပြောဆိုသလိုလိုနဲ့ သူတို့ ဂိုဏ်းဂဏတွေက မောင်းထုတ်မယ်လို့လည်း ဆိုပါတယ်။ သင်ကကားစင်တင်ခြင်းဘဲ ဖြစ်ပါတယ်။ အသင်းသားတွေကို ကားစင်တင် ခြင်းဘဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကိုလည်း ကားစင်တင်ခြင်းဘဲဖြစ်ပါတယ်။ အမျိုး သမီးအတွက် ရှက်ဖွယ်အရာကတော့ အမျိုးသားတွေရဲ့ အဝတ်အစားကို ဝတ်ဆင်ခြင်း ဘဲဖြစ်တယ်လို့ ပြောပါတယ်။

ထိုအရာကို ကျွန်တော်တရားစီရင်လိုပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော် ကို ကားတင်ခြင်းဖြင့် အပြစ်တင်လိုပါတယ်။ လူတွေရှေ့မှာဘဲ အပြစ်တင်လိုပါတယ်။ ဆံပင်တိုတဲ့အမျိုးသမီးတွေ တိုတိုနှံနှံအမျိုးသမီးတွေ နောက်ပြီးတော့ ဆူးသရဖူ နောက်ပြီးတော့ သူတို့ဟာ သံစုံသီချင်းတီးဝိုင်းမှာ ရပ်နေပါတယ်။

115 ၁၁၅။ တစုံတစ်ယောက်သောသူက ကျွန်တော်ကိုပြောပါတယ်။ ဟိုးတနေ့က မိန်းမ အချို့ကျွန်တော်ကိုမေးပါတယ်။ ဘယ်နေရာမှာ တွေ့မယ်လို့ရှင်ထင်သလဲလို့မေးပါတယ်။

ကျွန်တော်ကလည်း ဘာပြောလဲဆိုတော့ ကျွန်တော်ကို စာရင်းကောက်ခိုင်းရင် တဒါဇင်လောက်ကမ္ဘာကိုပတ်ပြီးတော့ တဒါဇင်ထက်မက စာရင်းကောက်နိုင်တယ်လို့ ဆိုပါတယ်။ ကျွန်တော်က သေလုမြောပါးကို ကြောက်လန့်သွားလောက် အောင်ဘဲဖြစ်တယ်လို့ ပြန်ဖြေလိုက်ပါတယ်။

သန့်ရှင်းသောဝိညာဉ်တော် ပိုင်းခြားနားလည်နိုင်တဲ့အခွင့် ပေးခြင်းအားဖြင့် အဲဒီမှာရပ်ပြီးတော့ ရှိနေပါတယ်။ အင်မတန် ညစ်ညမ်းပြီးတော့ စက်ဆုတ်ရွံ့ရှာဖွယ် ကောင်းတယ်။ နိမ့်ကျတဲ့ စီးကရက်သောက်သူတွေဘဲ ဖြစ်ပါတယ်။ အပြင် ဖက်မှာ ရပ်ပြီး သူတို့အော်နေပြီး နောက်ပြီးတော့ သူတို့က သံစုံသီချင်းဆိုနေတဲ့နေရာမှာ ဝတ်စုံတွေ ဝတ်ပြီး ဆိုနေကြပါတယ်။ အဲဒီအခြေအနေမျိုး သီချင်းဆိုလျက်ရှိပါတယ်။ ပရိသတ်ကလည်း သူတို့ကို တွေ့ကြပါစေ။ ဘာပြောမလဲဆိုတော့ သူမက လုပ်နိုင်တယ်ဆိုရင် ငါလည်းလုပ်နိုင်တယ်လို့ ဆိုပါတယ်။ ခရစ်ယာန်အသက်ကတော့ သန့်ရှင်းစင် ကြယ်မြင့် မြတ်ပြီးတော့ အသက်တာဘဲဖြစ်ပါတယ်။

သူတို့ကို ကျွန်တော်အပြစ်တင်ပါတယ်။ သခင်ယေရှုနာမဥ္စာဘဲ အပြစ်တင်ပါတယ်။ သူတို့ရဲ့ ညစ်ညမ်းခြင်းတွေအတွက်ဘဲ ဖြစ်ပါတယ်။ သူတို့က ဧဝံဂေလိတရား အမင်္ဂလာဖြစ်အောင်လုပ်ပါတယ်။ အဲဒါကို လက်ခံတဲ့လူတွေကတော့ တကယ်အစွန်း ရောက်တွေလို့ဆိုပါတယ်။ အဲဒါက ခေတ်နောက်ကျတယ်။ အသုံးမဝင်တဲ့အရာတွေလို့ သူတို့ပြောကြပါတယ်။ သူတို့ကို ကျွန်တော် ယေရှုနာမဥ္စ အပြစ်တင်လိုပါတယ်။

116 ၁၁၆။ ခေတ်မှီအဝတ်အစားတွေကို ဝတ်စားပြီးတော့ လမ်းမှာလျှောက်သွားတယ်။ ကွာယာသီချင်းတွေကို သီဆိုကြတယ်။ အရက်တွေကို သောက်တယ်။ ညစ်ညမ်းစကားတွေကို ပြောတယ်။ ခင်ပွန်းသည် သုံးလေးယောက်လောက်ရှိတယ်။ ခြောက်ယောက် လောက်ထိလောက်ရှိတယ်။ ပြီးတော့ ကွာယာထဲမှာ သီချင်းဆိုနေပါတယ်။ အဲဒါဆိုတော့ သူတို့မှာ အသံရှိလို့ဘဲဖြစ်ပါတယ်။ သင်ကတော့ အင်မတန်သနားစရာကောင်းတဲ့ ပညာတတ် ဝိညာဉ်ရေးရာနိမ့်ကျပြီးတော့ ကိုယ် နေ့ရက်ကို ငြင်းပယ်ခြင်းခံရတဲ့သူ တွေဘဲဖြစ်ပါတယ်။ သင်ကသမ္မာကျမ်းစာကို ဖတ်ပါတယ်။ လူတွေဖတ်နိုင်တဲ့ ကျမ်းစာမျိုးကို ဖတ်ခြင်းဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်ရဲ့ ဝိညာဉ်ကိုတော့ သင်ကစိတ်ပျက်အောင် လုပ်ထားပါ တယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ အင်မတန်မှ ယုတ်ညံ့ကျဆင်းသွားတဲ့အရာဘဲဖြစ်ပါတယ်။ လှည့်ဖျားခြင်းကို ယုံကြည်ပြီးတော့ အဲဒီ အရာကနေကျိန်ခြင်းကို ခံရခြင်းဘဲဖြစ်ပါတယ်။ သင်ကတကယ်ဘဲမှန်ကန်တယ်လို့ သင်ကိုသင်သိပါတယ်။ သမ္မာကျမ်းစာ ဆိုထားတာကတော့ အဲဒါကို ယုံကြည်ပြီးတော့ မိမိကိုယ်ကို မိမိလည်း ကျိန်ဆဲခြင်းကို ခံရပါတယ်။ အမှန်တရားလို့ ထင်တဲ့အရာက လှည့်ဖျားခြင်းကို အမှန်တရားလို့ထင်တဲ့ယုံကြည်ခြင်း ယုံကြည်မိခြင်းဟာလည်း အမင်္ဂလာ ဘဲဖြစ်ပါတယ်။

ထို့ကြောင့်သင့်ကို ဘုရားသခင်နှုတ်ကပတ်တော်အားဖြင့် အပြစ်တင်ပါတယ်။ လူတွေကို သင်တို့က မှားယွင်းတဲ့အရာတွေကို သွန်သင်ပေးတယ်။ သခင်ယေရှုခရစ် ရဲ့ ဥပဒေသတွေကို ကားစင်တင်သတ်ခြင်းဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ သန့်ရှင်း မြင့်မြတ်တဲ့အသက်တာ အထက်ကလာတဲ့အရာအားလုံးကို ကားစင်တင်ခြင်းဘဲဖြစ်ပါတယ်။ လူတစ်ယောက်က လမ်းထဲကို လျှောက်ထွက်သွားပြီးတော့ တခြားလူတစ်ယောက် ဖြစ်သွားလောက်အောင်အထိ သင်တို့က ခရစ်တော်ရဲ့ ဥပဒေသတွေကို ကားတင်နေ ခြင်း ဘဲဖြစ်ပါတယ်။

117 ၁၁၇။ တရားဟောဆရာတွေက အကခန်းမထဲမှာ ရောက်နေတယ်။ အရက်တွေ သောက်နေတယ်။ ထိမိ၍လဲစရာတွေ ဖြစ်နေပါတယ်။ တစ်ခြားပျက်စီးနေတဲ့လူတွေက တော့ အဲဒီလူတွေနဲ့အတူ သူက ရပ်တည်နေပါတယ်။ အမျိုးသမီးတွေက လည်း သီချင်းဆိုကြတယ်။ တိုတိုနန့်နန့်လေးတွေဝတ်တယ်။ ဆံပင်တိုတိုလေးတွေ ညှပ်ကြတယ်။ မျက်နှာတွေကို လိမ်းချယ်ကြတယ်။ နောက်ပြီးတော့ ညီအစ်မတွေ ညီအစ်ကိုလို စသည်ဖြင့် ပြောပါတယ်။ သမ္မာကျမ်းစာကတော့ အဲဒါမျိုးကို လုံးဝစီရင်ချက် ချထားပါတယ်။ ပါတီပွဲတွေသွားတယ်။ ဒါတောင်မှ အသင်းသားဖြစ်နေဆဲဖြစ်ပါတယ်။ သင့်ရဲ့သက်သေ ခံချက်ကို ထိန်းသိမ်းပါ။ သင်အသက်ရှင်ချင်တိုင်း ရှင်လို့မရပါဘူး။

ပရက်ပီတေးရီးယန်းအကြောင်းတွေ အားလုံးကို ကျွန်တော် ပြောတယ်လို့ မထင်ပါနဲ့။ ပင်တတေကုတ္တေအကြောင်းဘဲ ကျွန်တော် ပြောနေတာဖြစ်ပါတယ်။ တစ်ချိန်က သင်တို့ဟာ သမ္မာတရားကိုသိတယ်။ ဒါပေမဲ့လည်း အဲဒါကို ဆွဲကိုင်မထား နိုင်ဘူးလို့ သင်တို့ဒီလိုယူဆပါတယ်။ သင်တို့ရဲ့သင်းအုပ်ဆရာကိုလည်း သင်တို့ မလွှမ်းမိုးနိုင်ပါဘူး။ သင်နဲ့ သင်းအုပ်ဆရာ တွေကလည်း အလုပ်ကြီးအကိုင်ကြီးတွေလုပ်ပြီးတော့ တပါတ်မှာ ဒေါ်လာရာပေါင်းများစွာ ရအောင် မလုပ်နိုင်ပါဘူး။ အင်မတန်ကြီးမားတဲ့ ဘုရားကျောင်းမှာ တရားဟောရပါတယ်။ သူတို့ လုပ်ရိုးလုပ်စဉ်အတိုင်းဘဲ ဆက်လက် လုပ်ကိုင်နေရပါ တယ်။ သူက အဲဒါကို စီရင်ချက်ချမယ်ဆိုရင် အဲဒီအဖွဲ့အစည်းကသူ့ကို မောင်းထုတ်လိုက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူက အဲလိုဘဲဟောပြောနေရခြင်းဘဲ ဖြစ်ပါတယ်။ သူ့ရဲ့သားဦးအရာကို သူကရောင်းချလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ဧသောရဲ့ ဥပမာအတိုင်းဘဲ လောကအရာတွေအတွက် သူက သူ့သားဦးအရာကို ရောင်းချလိုက် ခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူဘာရမှာလဲ ? ရောင်းချခြင်းကြောင့် သူဘာရမှာလဲ ? သူတို့ နှစ်ဦးစလုံး အင်မတန် စီရင်ခြင်းခံရမဲ့ တွင်းထဲကိုရောက်သွားမှာ ဖြစ်ပါတယ်။ တရားစီရင်ခြင်း ခံရမှာ ဖြစ်ပါတယ်။ သူတို့ကို ကျွန်တော် အပြစ်တင်ပါတယ်။ ဧဝံဂေလိတရားကို ရောင်းစား နေတဲ့ ပြည်တန်ဆာများဘဲ ဖြစ်ပါတယ်။

118 ၁၁၈။ ကျွန်တော်ဟာ ကွာယာသီချင်းဝိုင်းထဲမှာဘဲ ရှိနေပါတယ်။ အင်မတန် နံမယ်ကြီးပြီးတော့ ကြီးမားတဲ့ နေရာကြီးဘဲ ဖြစ်ပါတယ်။ သိပ်မကြာသေးခင်က ကျွန် တော်ရောက်သွားခြင်းဘဲ ဖြစ်ပါတယ်။ ပင်တေကုတ္တေရဲ့အမြင့်မားဆုံးနေရာဘဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ညီအစ်ကိုတစ်ဦးရဲ့ စာဖတ်ခန်းထဲမှာ ကျွန်တော်ထိုင်နေပါတယ်။ အဲဒီအချိန်မှာ ကွာယာသံစုံ အဖွဲ့ပေါင်းလေးငါးဖွဲ့ လူကရောက်ရှိလာပြီးတော့ တစ်ချိန်ထဲမှာဘဲ ပင်တေကုတ္တေတွေအားလုံးထဲမှာ အကောင်းဆုံး အဖွဲ့အစည်းများဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့ သင်းအုပ်ဆရာတွေရဲ့ စာဖတ်ခန်းထဲမှာ ရောက်ရှိနေတာကို သူတို့ မသိပါဘူး။ အိုကလာဟိုးမားမှာဘဲ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်ထိုင်နေပါ တယ်။ အမှုတော်ဆောင်တွေရဲ့ စာဖတ်ခန်းထဲမှာဘဲ ဖြစ်ပါတယ်။ သူက စင်ပေါ်ကို မတက်လာခင်အချိန်မှာဘဲ ဖြစ်ပါတယ်။

အဲဒီမှာ ရေကီတို့၊ ရေကက်တာတို့ ရှိနေကြပါတယ်။ မျက်နှာတွေကိုလည်း လိမ်းချယ်ထားပါတယ်။ သူတို့မှာ ဆံပင်ရှည် ရှည်ကြီးတွေ တစ်ယောက်မှ မရှိပါဘူး။ အကုန်လုံး ဆံပင်တိုလေးတွေဘဲ ဖြစ်ပါတယ်။ မိတ်ကပ်တွေလည်း လူတိုင်းလိမ်း ထားကြပါတယ်။ သူတို့အားလုံးဟာလည်း ဝတ်စုံတွေ ဝတ်ထားပါတယ်။ အဲဒီမှာ ရေကီလေးတစ် ယောက်ရပ်နေတာကို တွေ့ရပါတယ်။ အဲလိုဘဲ ဆက်သွားနေတာကို တွေ့ရပါတယ်။ နောက်လူတစ်ယောက်ကလည်း သာသနာပြုတွေအ တွက်ဆိုပြီး အလှူခံပါတယ်။ သူ့ရဲ့ အပြုအမူကတော့

သူကမျက်စိမမြင်တဲ့ လူတစ်ယောက် ခွက်ဖလားကိုခံပြီး တောင်းနေ သကဲ့သို့ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ပါးစပ်ကလည်း အမင်္ဂလာအကြောင်းအရာတွေ အားလုံးကို ပြောဆိုပြီးတော့ အလှူငွေ ခံနေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီအပြင်ဘက် မှာဆိုရင် သီချင်းဆိုဘို့ ကြိုးစားကြပါတယ်။ မေရှိယကတော့ အဲဒီမှာ အလုပ်ကောင်း ကောင်း လုပ်နိုင်မှာဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီမှာ ဘာမှ မရှိပါဘူး။ သေခြင်း တရားဘဲ ရှိပါတယ်။ ကိုယ်တော်ရှင်ရဲ့ ဂေါလဂေါသအရပ် အစစ်ဘဲ ဖြစ်ပါတယ်။

119 ၁၁၉။ မိန်းကလေးငယ်လေး တစ်ယောက်နဲ့ပတ်သက်လို့ ဒါမှမဟုတ် အမျိုးသမီးငယ်လေးနဲ့ ပတ်သက်လို့ ခင်ဗျား ဘယ်လိုစဉ်းစားမိပါသလဲ? သူက အဲဒီအထဲကို ဝင်လာပြီးတော့ သူမရဲ့ဝတ်စားဆင်ယင်မှုက ဆံပင်အရှည်ကြီးနဲ့ မျက်နှာတွေကိုလည်း ဘာမှ မလိမ်းချယ်ထားဘူးဆိုရင် သူမကို သူတို့က လှောင်ပြောင်ကြပါတယ်။ သူမမတ်တပ်ရပ် လိုက်ပြီးတော့ အဲဒါတွေကို လုပ်မယ်ဆိုရင် လူငယ်တွေက အယောက်(၃၀-၄၀)လောက် ရှိနေပါတယ်။ ပင်တေကု တွေရဲ့အခွင့်အရေးထောက်ထားခြင်း ခံစားရတဲ့အကြောင်းဘဲ ဖြစ်ပါတယ်။ အဲဒါတွေကို သူတို့ ပြုလုပ်မှာ ဖြစ်ပါတယ်။ အဲဒီ မိန်းကလေးငယ်လေးက သူတို့နဲ့ ပတ်သက်လို့ တစ်ခုခုရှိနေပါတယ်။ သူမကိုလည်း သံစုံသီချင်းများ၊ သီချင်း တီးဝိုင်းထဲကနေ ထုတ်ပယ်မှာ ဖြစ်ပါတယ်။

ဧဝံဂေလိတရားဟောပြောတဲ့သူ လူတရားဟောဆရာက တရားဟောပလ္လင် မှာ ရပ်ပြီးတော့ တစ်ခုခု ပြောဆိုခိုင်းပါ။ သူတို့က သူ့ကို အဖွဲ့အစည်းထဲကနေ ထုတ်ပစ် လိုက်မှာ ဖြစ်ပါတယ်။ သင်ဟာ ဘုရားသားတော်ကို လတ်လတ်ဆတ်ဆတ်ဘဲ ကားတင် သတ်ခြင်းဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူ့ကို အရှက်ခွဲခြင်းဘဲ ဖြစ်ပါတယ်။ ဧဝံဂေလိတရားက သင်ဟော ပြောဘို့ရန်အတွက် ကြွေးကြော်ခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို သင်ကားတင်သတ်လိုက်ခြင်းဘဲ ဖြစ်ပါ တယ်။ ကျွန်တော်ကတော့ ဘုရားသခင်ကို ငြင်းပယ်တဲ့ ဒီခေတ်ကာလလူတွေကို အပြစ်တင်နေခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အားဖြင့် ဒီနောက်ဆုံးသောကာလရဲ့ တန်ခိုးအားဖြင့် ဖေါ်ပြထားခြင်း ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ အသက်ရှင်နေဆဲဘဲ ဖြစ်ပါတယ်။ သူတို့ဟာ သန့်ရှင်းပြီးတော့ ဖေါ်ပြထားတဲ့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဆန့်ကျင် ပါတယ်။ သူတို့ရဲ့ အဖွဲ့အစည်းများကလည်း ဘယ်လိုမှ မရပ်တည်နိုင်တော့ပါဘူး။

120 ၁၂၀။ အသင်းတော်အကြီးကြီးတွေ၊ ဂိုဏ်းဂဏအကြီးကြီးတွေက သူ့ရဲ့ကားတိုင်အစစ်ဘဲ ဖြစ်ပါတယ်။ ထပ်ပြီးပြောချင်ပါ တယ်။ သူတို့ရဲ့ခေတ်ပေါ် အချော်အချွတ် အလှောင် အပြောင်တွေကတော့ သူတို့ရဲ့ သံစုံသီချင်းတွေဘဲ ဖြစ်ပါတယ်။

ယဇ်ပရောဟိတ်အကြီးကတော့ ဂိုဏ်းဂဏတိုင်းမှာ ရှိပြီးတော့ ဟိုတုန်းကနေ့ ရက်ကာလ ယဇ်ပုရောဟိတ်ကြီးလိုဘဲ ကြွေး ကြော်နေပါတယ်။ ဆင်းလာပါ။ ငါတို့ကို နိမိတ်လက္ခဏာတွေပြပါ။ အဲဒါတွေက ပထမဆုံး ကားစင်တင်ခြင်းဘဲ ဖြစ်ပါတယ်။

ဒီနေ့လည်း ထိုနည်းတူဘဲ ဖြစ်ပါတယ်။ သူတို့ ဘာပြောလဲဆိုတော့ သေတဲ့သူကို သူတို့ ရှင်ပြန်ထမြောက်အောင် လုပ်နိုင်လား? အဲဒီပေါ်ကိုတက်သွားပါ။ ဟိုသချႋင်းကုန်းမှာ ဇနီးသည်ရှိတယ်မဟုတ်လား? ဟိုးကောင်းကင်မှာ ကလေးရှိတယ် မဟုတ်လား? အဲလိုမျိုးသူတို့က ပြောကြပါတယ်။

ကိုယ်တော်ရှင်ကို သူတို့ ဘာပြောလဲဆိုတော့ သင်ဟာ သေနေတဲ့သူကိုရှင် ပြန်ထမြောက်စေတယ်လို့ ကျွန်တော်တို့ ကြားပါတယ်။ ကျွန်တော်တို့မှာ သချႋင်းကုန်းအပြည့် သေနေတဲ့သူတွေ ရှိပါတယ်။ လာပြီးတော့ သူတို့ကို ရှင်ပြန်ထမြောက် စေပါလို့ ဆိုပါတယ်။ မသိနားမလည်ခြင်းက မသိနားမလည်ခြင်းကိုသာ ပေါက်ဖွားစေမှာ ဖြစ်ပါတယ်။

အသင်းတော်ကြီးများ၊ ကွာယာသီချင်းသံစုံတီးဝိုင်းကြီးများ၊ ဒီနေ့ဒီရက်ကာလ ရဲ့၊ ယဇ်ပုရောဟိတ်ကြီးများ ဆင်းလာကြပါ။ ကျွန်တော်တို့ ဂိုဏ်းဂဏမှာ မလုပ်နိုင်တဲ့ အံ့ဖွယ်နိမိတ်လက္ခဏာကို ကျွန်တော်တို့ကိုပြပါ။

121 ၁၂၁။ ကျွန်တော့်မှာ လူတစ်ဦးရှိပါတယ်။ သိပ်မကြာသေးခင်က သူက ဘယ်လို ကောက်ချက်ချပြောသလဲဆိုတော့ သူအသံလွှင့်စက်တစ်ခုထဲမှာ ဒီဂျုန်းဘိုရိုမြို့ကလေး မှာဘဲ ဖြစ်ပါတယ်။ အာကင်းစပ်စ်ပြည်နယ်ထဲမှာဘဲ ဖြစ်ပါတယ်။ အမျိုးသမီးအချို့ အနာရောဂါငြိမ်းသွားတဲ့အကြောင်းကို သူကပြောပါတယ်။ ဒီလူကတော့ ဂိုဏ်းဂဏတစ်ခုရဲ့ အသင်းတော် တစ်ခုရဲ့ အသင်းသားတစ်ဦး ဖြစ်ပါတယ်။ သူ့နောက်ကွယ်မှာ အဲဒီ အသင်းတော်ရှိပါတယ်။ ဘယ်သူ့ကိုဘဲဖြစ်ဖြစ် ကျွန်တော် စိမ်ခေါ်ပါတယ်။ ကျွန်တော့် ဆီကိုလာပြီးတော့ အံ့ဘွယ်နိမိတ်လက္ခဏာပြပါလို့ သူကပြောပါတယ်။

ကျွန်တော်ကသွားပြီးတော့ ဆရာဝန်တစ်ယောက်ကို ခေါ်လာပါတယ်။ အဲဒီ လူက အနာရောဂါငြိမ်းသွားတဲ့သူဘဲ ဖြစ်ပါတယ်။ သူ့ရဲ့ရောဂါကတော့ ကင်ဆာရောဂါ ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော် သွားပြီးတော့ အမျိုးသမီးတစ်ယောက်ကို ခေါ်ပါတယ်။ နှစ်ပေါင်း(၂၀)လုံးလုံးဘီးတပ်ကုလားထိုင်ပေါ်မှာထိုင်နေတဲ့ အမျိုးသမီးဘဲ ဖြစ်ပါတယ်။ သူမရဲ့ အဆစ်အ မြစ်ကိုက်ခဲတဲ့ရောဂါ ပျောက်ကင်းသွားပါတယ်။ သူဟာ အဆစ်အမြစ်ကိုက်ခဲတဲ့ ရောဂါနဲ့လမ်းမလျှောက်နိုင်ဘဲ ဘီးတပ်ကု လားထိုင် ပေါ်မှာ နေခဲ့ရသူဘဲ ဖြစ်ပါတယ်။ ကျွန်တော် တစ်ဖန်ပြောပါတယ်။ အခုအခါမှာ ကျွန်တော် ပိုက်ဆံလိုချင်တယ်။ ဒေါ်လာ(၁၀၀၀) လိုချင်တယ်လို့ ဆိုလိုက်ပါတယ်။

သူဘာပြောလဲဆိုတော့ အဲဒါတော့ မရှိဘူး။ အဲဒါကတော့ တက္ကဆက်ပြည်နယ် ဝါစ်ကိုမှာဘဲ ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ရဲ့ ဌာနချုပ်ရှိတယ်လို့ဘဲလို့ သူကပြော လိုက်ပါတယ်။

122 ၁၂၂။ ကျွန်တော်က ဘာပြောလဲဆိုတော့ ကောင်းပြီ။ အဲဒီကို ကျွန်တော်တို့သွားပြီးတော့ ပိုက်ဆံကို ယူမယ်လို့ပြောပါ တယ်။ ခင်ဗျားစီစဉ်စရာရှိတာကို စီစဉ်ပြီးရင် ကျွန်တော်တို့ အဲဒီကိုသွားမယ်လို့ ကျွန်တော် ပြောလိုက်ပါတယ်။ ငါတို့ စာပို့လိုက်မယ် လို့လည်း ပြောပါတယ်။ ဒီမှာ ဆရာဝန်ရှိတယ်။ ဒီလူဟာ ကင်ဆာရောဂါ ခံစားရတဲ့သူ ဖြစ်တယ်။ ဒါကတော့ ဒီမှာ သူ့ကို ရိုက်ထားတဲ့ ဓါတ်မှန်ပြားတွေ ရှိပါတယ်။ ဒီအမျိုး သမီးကလည်း သူမတစ်သက်လုံးဘီးတပ်ကုလားထိုင်ပေါ်မှာ အနှစ်(၂၀)လုံးလုံးနေခဲ့တာကို သက်သေခံပေးမဲ့ ဘေးပတ်ဝန်းကျင် အိမ်နီးနားချင်းတွေဘဲ ရှိပါတယ်။ အခုအခါ မှာတော့ သူမက လမ်းလျှောက်နေပါပြီ။

ဆရာဝန်များတစ်ယောက်ပြီးတစ်ယောက် သက်သေခံမှာဖြစ်ပါတယ်။ သူမကတော့ ဒီနေ့အ သက်ရှင်နေပါတယ်။ ခင်ဗျားမှာ ဒေါ်လာ(၁၀၀၀)ရှိတယ်လို့ပြောတယ်မဟုတ်လား ? မစ်ရှင်နရီ သာသနာပြုတွေရဲ့ ဘဏ္ဍာ ထဲကို ကျွန်တော် ထည့်ချင်ပါတယ်။ ကျွန်တော် လိုချင်ပါတယ်။ သူကဘာပြန်ဖြေ သလဲဆိုတော့ တက္ကဆက်ပြည်နယ်မှာရှိတဲ့ ဝါစကိုမှာရှိပါတယ်လို့ သူကပြောပါတယ်။ ကျွန်တော်ကလည်း မနက်ဖန် ကျွန်တော်တို့ သွားကြမယ်လို့ ပြောလိုက်ပါတယ်။

အဲဒီအခါမှာ သူက ခဏစောင့်ပါအုန်း။ ခင်ဗျားကို တစ်ခုပြောချင်ပါတယ်။ ကလေးမလေးတစ်ယောက်ကို ကျွန်တော်ခေါ်သွား ရမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ရီဇာဘရိတ်ဓါးတစ် ချောင်းလည်းယူသွားပြီးတော့ သူမရဲ့လက်ကို ဖြတ်လိုက်မှာ ဖြစ်ပါတယ်။ အဲဒါကို ခင်ဗျား အနာရောဂါငြိမ်းစေရမှာ ဖြစ်ပါတယ်။ ကျွန်တော့် ညီကိုတွေရှေ့မှာ လက်တွေ့လုပ်ပြပါ။ အဲဒါမှ သူတို့က ခင်ဗျားကို ပ်ိုက်ဆံပေးမှာ ဖြစ်ပါတယ်။ ကျွန်တော် ပြောလိုက်သည်။ သင်သည် နတ်ဆိုးဘဲ။

ခင်ဗျားက ဘုရားသားတော်ဖြစ်တယ်ဆိုရင် ကားတိုင်ပေါ်က ဆင်းလာပါ။ ခင်ဗျားကို ဘယ်သူပါးရိုက်သလဲဆိုတာ ကျွန်တော် တို့ကို ပြောပါ။ သူ့ခေါင်းကို အဝတ်နဲ့ အုပ်ထားပြီးတော့ သူ့မျက်နှာကို ရေနဲ့ပက်ပြီးတော့ ပြောပါတယ်။ ခင်ဗျားပရောဖက်ဖြစ် တယ်ဆိုရင် ဘယ်သူရိုက်သလဲဆိုတာကို ပြောပါ။ ဘုရားသားတော်ဖြစ်တယ်ဆိုရင် ကားတိုင်ပေါ်ကနေ ဆင်းလာပါလို့ ပြောသလိုဘဲ ဖြစ်ပါတယ်။

မျက်မမြင်တို့ကို လမ်းပြနေတဲ့ မျက်မမြင်ခေါင်းဆောင်တွေ ခင်ဗျားတို့ ဦးနှောက်ပိုင်းဆိုင်ရာ အနာရောဂါငြိမ်းစေဘို့ လိုအပ်ပါ တယ်။ အဲလိုလုပ်တဲ့သူဟာဆိုရင် ကျွန်တော် အဲလိုဘဲမှတ်ချက်ချချင်ပါတယ်။

123 ၁၂၃။ ကျွန်တော် သိကျွမ်းပြီးသားဖြစ်တဲ့ အော်ဟစ်သံကို ကြားရပါတယ်။ ခင်ဗျား အံ့ဘွယ်နိမိတ်လက္ခဏာ လုပ်တယ်ဆို တာကို ကျွန်တော်တို့ ကြည့်ချင်ပါတယ်။ ခင်ဗျားထံကနေ အံ့ဘွယ်နိမိတ်လက္ခဏာကို ကျွန်တော်တို့ လိုချင်ပါတယ်။ နေ့တိုင်းနေ့တိုင်း အချိန်တိုင်းမှာ ဖြစ်ပျက်နေတဲ့အရာဘဲဖြစ်ပါတယ်။ ဘုရားသခင်ကလည်း လမ်းပြပြီးတော့ နိမိတ်လက္ခဏာ တွေကို ဖြစ်စေပါတယ်။ ဒါပေမဲ့လည်း သူတို့မရှိပါဘူး။ သူတို့ရှိရင်လည်း သူတို့က ဘာပြောလဲဆိုတော့ ဗေလဇေဗုလနတ် ဆိုးလို့ ပြောပါတယ်။ ကျွန်တော်တို့ လုပ်စေချင်သလို က်ိုယ်တော်ရှင် လုပ်ပေးတာကို ကျွန်တော်တို့ ကြည့်လိုပါတယ်။ ကိုယ်တော်ရှင် ဘယ်သွားစေချင်သလဲဆိုတာကိုလည်း သွားလိုပါတယ်။ ဘာလုပ်စေချင်သလဲဆိုတာကိုလည်း ကျွန်တော်တို့ လုပ်စေချင်တာကို ကိုယ်တော်လုပ်ရ မှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို သူတို့ ကြိုးနဲ့ချည်ထားချင်ပါတယ်။ အဲဒီအကြောင်း ကြောင့် က်ိုယ်တော်ရှင်ကို သူတို့အလယ်ကနေ ဘယ်ကိုမှမောင်းမထုတ်ပါဘူး။ ဒီနေ့ လည်း ဒီလိုဘဲ ဖြစ်ပါတယ်။ အသင်းတော် ပေါင်းစုံမိဿဟာယဖွဲ့ပြီးတော့ နောက်ဆုံးမှာ ပြုလုပ်ဘို့ သူတို့အကောင်အထည်ဖေါ်လိုက်ပါတယ်။ သူတို့အားလုံးအတူတကွ သွားကြပါတယ်။ ရင်းနှီးပြီးသား ပြောဆိုတဲ့ ငိုကြွေးတဲ့စကားသံဘဲဖြစ်ပါတယ်။

124 ၁၂၄။ အခုအခါ ကျွန်တော်တို့ တစ်ဖန်ထပ်မံကြည့်ရှုရပါတယ်။ အင်မတန်မှ ဘာသာတရားကိုင်းရှိုင်းတဲ့နေရာမှာ အတော်ဆုံး အတတ်ဆုံးသီဩြော်လော်ဂျီပညာရှင်တွေ ပေါ်နေပါတယ်။ ကိုယ်တော်ရှင်ကို ဆန့်ကျင်ပြီး ကြွေးကြော်နေပါ တယ်။ အတော်ဆုံး သီဩြော်လော်ဂျီပညာရှင်တွေ၊ အမြင့်မားဆုံး အသင်းတော် ခေါင်းဆောင်ကြီးတွေ၊ အဖက်ဖက်က တတ်သိနားလည်တဲ့သူတွေ၊ သေချာသင်တန်းတွေ တက်ထားတဲ့ သီဩြော်လော်ဂျီ ပညာရှင်တွေ ကိုယ်တော်ရှင်ကို သူတို့ အလယ်ကနေပြီးတော့ မောင်းထုတ်လိုက်ပါတယ်။ သူတို့ လုံးဝမလိုလားပါဘူး။ ဘာရာသာဗရမ်ဟမ် မှားနေပြီလို့ သူကပြော သည်။ အဲဒီအခါမှာ သင်ကအသင်းတော်ခေတ်ကာလကို သိစေရန်အတွက် ဒီနေရာမှာ မရှိပါဘူး။ တရားဟောသံလည်း မကြားရပါဘူး။ သင်ဒီနေရာမှာ မရှိပါဘူး။ လောဒိကိအသင်းတော် ခေတ်ကာလကတော့ ကိုယ်တော်ရှင်ကို အသင်းတော် ညထဲကနေ မောင်းထုတ်တဲ့ အသင်းတော်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က အပြင်ဖက်မှာ ရောက်နေပါတယ်။ အပြင်ဖက်မှာရောက်ပြီးတော့ အထဲကိုပြန်ဝင်နိုင်ဖို့ တံခါးကိုခေါက်နေပါတယ်။ သူ့ကို မောင်းထုတ်လိုက်ပါတယ်။ ဘာကြောင့် လဲဆိုတော့ သူ့ကို လုံးဝအလိုမရှိ လို့ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို ကားတင်လိုက်ပါတယ်။ အာမင်။ ဘယ်လောက် ကြာကြာ ကျွန်တော်တို့ ဆက်သွားရအုန်းမှာလဲ ¿

125 ၁၂၅။ ဘုရားသခင် နှုတ်ကပတ်တော်ရဲ့ပရောဖက်က ကျွန်တော်တို့ကို ကြိုတင်ပြီး ပြောထားပြီးသားဖြစ်ပါတယ်။ တိမော သေ ဩဝါဒစာ အခန်းကြီး(၃)မှာ ခင်ဗျားလိုက် ရေးနေမယ်ဆိုရင် လိုက်ပြီးတော့ ကျမ်းချက်တွေကို မှတ်ထားပြီးတော့ နောက်အချိန်ရ တဲ့အခါမှာ ဖတ်လို့ရပါတယ်။ အဲဒီအထဲမှာ ဘယ်လိုရေးထားသလဲဆိုရင် နောင်ကာလ သည် ခဲယဉ်းသောကာလဖြစ်မည်ဟု သိကြလော့။ လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသော သူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကို ရှုတ်ချသောသူ၊ မိဘစကားကို နားမထောင်သောသူ၊ ညစ်ညူးခြင်းရှိ သောသူ၊ သန့်ရှင်းခြင်း မရှိဘဲ ပကတိကြင်နာစုံမက်ခြင်းနှင့်ကင်းသောသူ၊ အငြိုးဖွဲ့သောသူ၊ ချောစားတတ်သော သူ၊ ကိုယ်အိ န္ဒြေကို မချုပ်တည်းနိုင်သောသူ၊ သီးမခံသောသူ၊ သူတော်ကောင်းကို မုန်းသောသူ၊ သူ့ဥစ္စာကိုဖျက်တတ်သောသူ၊ သတိပေး ခြင်းကို မခံသောသူ၊ မာန်မာနနှင့် ယဇ်မူးသောသူ၊ ဘုရားသခင်ကို နှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကို နှစ်သက် သောသူ၊ ဘုရားဝတ်၌ မွေ့လျော်ယောင်ဆောင်၍ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူဖြစ်ကြလိမ့်မည်။ ထိုသူတို့ကို ရှောင်လော့လို့ ပြောထားပါတယ်။ အဲလိုမျိုး အရာတွေအားလုံးဟာ မကောင်းတဲ့အရာတွေ ဖြစ်ပါတယ်။ ဆံပင်ရှည်ရှည်ကို ထားပြီးတော့ ဘောင်းဘီရှည်နဲ့ မျက်နှာလိမ်းချယ်ပြီးတော့ တစ်နေရာကနေ တစ်နေရာကို သွားပြီးတော့ နေတဲ့သူတွေဟာ စာတန်ရဲ့ဖမ်းစားခြင်းကို ခံရတဲ့သူတွေဘဲ ဖြစ်ပါတယ်။

ကိုယ်တော်ရှင် မိန့်တော်မူချက်ကတော့ ခေတ်ကာလတွေနဲ့ အဲလိုလိုက်ပြီးမ လုပ်ဘဲနေပါ။ နောက်ဆုံးသော နေ့ရက်ကာလ မှာ ထိုကဲ့သို့ ဖြစ်လိမ့်မယ်လို့ ဆိုပါတယ်။ ပရောဖက်စကားကို ကျွန်တော်တို့နာခံကြရမှာ ဖြစ်ပါတယ်။ နောက်ဆုံးသော နေ့ရက်ကာလမှာ ဒီအရာတွေအားလုံးကို ကျော်ခိုင်းပြီးတော့ အသင်းတော်ကို ခေါ်ဆောင်ရမှာ ဖြစ်ပါတယ်။ အသင်းတော် ကလည်း အဲဒီအရာတွေနဲ့ ကင်းကင်းရှင်းရှင်းနေရမှာ ဖြစ်ပါတယ်။

126 ၁၂၆။ အဲဒီနေ့ရက်က အမှုတော်ဆောင်တွေက ဒါတွေကို သိထားဘို့ လိုပါတယ်။ သခင်ယေရှုရဲ့နေ့ရက်ကာလတွေလည်း သိစေပါတယ်။ သူတို့အားလုံး သိရမှာဖြစ်ပါ တယ်။ အခုလည်း သူတို့ သိသင့်ပါတယ်။ ဒါပေမဲ့လည်း သူတို့ မသိကြပါဘူး။ ယုဒတွေက သူတို့ရဲ့နေ့ရက်ကာလတုန်းက ကိုယ်တော်ရှင်ကို သူတို့ သိသင့်ပါတယ်။ ဒီနေ့လည်း ထိုနည်းဋ္ဌင်းဘဲ ဖြစ်ပါတယ်။ ရှင်းရှင်းလင်းလင်းနဲ့ နှုတ်ကပတ်တော်ကို ဖေါ်ပြပါတယ်။ ကိုယ်တော်ရှင်က နှုတ်ကပတ်တော် ဖြစ်ပါတယ်။ သင်ဟာ နှုတ်ကပတ်တော် ဖြစ်တဲ့အကြောင်း သိကြပါတယ်။ ထိုနေ့ရက်ကာလရဲ့ နှုတ်ကပတ်တော် ဖြစ်တဲ့အကြောင်းကို သူသက်သေပြပါတယ်။ ဘုရားသခင်ကတော့ ယနေ့မှာ သက်သေပြပါတယ်။ ဒီနေ့ရက် ကာလရဲ့ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ အချိန်ကာလရဲ့ အလင်းဘဲဖြစ်ပါတယ်။ သူတို့ သိသင့်ပါတယ်။ အခုလည်း သိသင့်ပါတယ်။

ကိုယ်တော်ရှင်ကို သူတို့ ကားတင်ကြပါတယ်။ အခုလည်း ကိုယ်တော်ကို သူတို့ ကားတင်ကြပါတယ်။ အဲဒီအပြစ်ကြောင့် သူတို့ကို ကျွန်တော် အပြစ်တင်ပါတယ်။ ကျွန်တော့်ကို အလင်းမီးမောင်းထိုးပြသကဲ့သို့ဘဲ ဖြစ်ပါတယ်။ သူတို့ကို အပြစ်တင် ပါ။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်က တစ်နေ့မှာ အဲဒီအဖိုးအခကို သူတို့ကို ပြန်လည် ပေးဆပ်စေမှာ ဖြစ်ပါတယ်။

127 ၁၂၇။ ယုဒများသည် သူတို့ခေတ်ကာလက ဖြစ်ပါတယ်။ ထိုနေ့ရက်ကာလတွင် သခင် ယေရှုကပြောပါသည်။ ယေရုရှလင်၊ ယေရုရှလင်၊ ငါသည် အဘယ်ကဲ့သို့ တစ်လုံးတစ်ဂ တည်းဖြစ်ရန် ကြိုးစားပါသည်။ သို့သော် သင်လက်မခံပါ။ နောက်ဆုံးသော နေ့ရက်ကာလမှာ သူ့လူတွေအားလုံးကို စုဝေးစေမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မရပါဘူး။ သူ့ယုံကြည် ချက်ဘဲ သူလိုလားပါတယ်။ အဲဒီအတွက် ကြောင့်မို့လို့ ပျက်စီးခြင်းကို သူရောက်သွားရပါတယ်။ ယေရုရှလင် ရရှိထားတဲ့ အရာကတော့ သူမကို ဖြိုချဖျက်ဆီး မီးရှို့ပစ်ခြင်းကို ခံရပါတယ်။ သူမက ဆက်လက်ပြီးတော့ ရပ်မနေတော့ပါဘူး။ ဒီနေ့ရက် ကာလမှာလည်း အဲဒီအတိုင်းဘဲ ဖြစ်မှာဖြစ်ပါတယ်။ ဒီကြီးမြတ်တဲ့အရာတွေ ရှိပါတယ်။ သူတို့ရဲ့ ယုံကြည်ခြင်းအသစ်တွေ၊ ဂိုဏ်းဂဏတွေ၊ အားလုံး သေဆုံးပျောက်ပျက်သွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကတော့ ထာဝရတည်မြဲပြီးတော့ ထာဝရအသက်ရှင်နေမှာ ဖြစ်ပါတယ်။ မြင်လား?

128 ၁၂၈။ ကိုယ်တော်ရှင်ရဲ့အနက်နဲဆုံး ဒါဏ်ရာဒါဏ်ချက်တွေက သူ့ကိုမိတ်ဆွေလို့ခေါ် တဲ့ပုံကလာခြင်း ဖြစ်ပါတယ်။ အဲဒါကို စဉ်းစားကြည့်ပါ။ စဉ်းစားကြည့်ပါ။ ပြပါ။ ကျွန်တော် စောင့်နေပါမယ်။ အဲဒါအမှုတော်ဆောင်တွေ စဉ်းစားပါ။ သူ့ရဲ့ ဒါဏ်ရာ ဒါဏ်ချက်တွေ ဘယ်ကလာပါသလဲ? သူ့ရဲ့ မိတ်ဆွေလို့ ခေါ်တဲ့သူတွေရဲ့ထံက လာခြင်းဘဲ ဖြစ်ပါတယ်။ စဉ်းစားပါ။ ကား တိုင်ပေါ်မှာ သူဟာ လူသားစားတဲ့သူတွေ၊ မကောင်း တဲ့သူတွေ၊ ဝန်းရံခြင်း ခံခဲ့ရတာ မဟုတ်ပါဘူး။ အမှုတော်ဆောင်တွေ၊ သူ့ကိုချစ်တယ်လို့ ကြွေးကြော်တဲ့သူတွေဘဲ သူ့ကိုဝန်းရံထားတာပါ။ ယနေ့လည်း ဇဝ်ဂေလိတရားကို သေသေချာချာ အမှတ်အသားပြုပြီး ပြောမယ်ဆိုရင် ဒီကြီးမားတဲ့ နိမိတ်လက္ခဏာတွေ၊ သူရှင်ပြန်ထမြောက်ခြင်းတွေဟာ ကျွန်တော်တို့အ လယ်မှာ သက်သေခံလျှက် ရှိနေပါတယ်။ အဲဒီ လမ်းထဲမှာ မဟုတ်ပါဘူး။ လမ်းထဲကနေပြီးတော့ သင်ကိုခုန်ထွက်ပြီး အုပ်တာ မဟုတ်ပါဘူး။ အဲဒါကတော့ အမှုတော်ဆောင်များလို့ နံမည်ခံတဲ့သူတွေဘဲ ဖြစ်ပါတယ်။

ကိုယ်တော်ကို ချစ်တဲ့လို့ ပြောတဲ့သူတွေဘဲ ဒီနေ့ကိုယ်တော်ကို ဝန်းရံထားတာ ဖြစ်ပါတယ်။ အဲလိုဟာမျိုး ကျွန်တော်တို့အ ထဲမှာ မရှိပါဘူး။ ကျွန်တော်တို့ကို လူကအုပ်ချုပ်သွားတာကို ကျွန်တော်တို့ မခံပါဘူး။ ကျွန်တော်တို့ မပံ့ပိုးပါဘူး။ အဲဒါနဲ့ပတ် သက်လို့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ခြင်း မလုပ်ပါဘူး။ ဒီမြို့ထဲမှာ အဲလိုမျိုးရောက်လာ မယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ မဖြစ်ပါဘူး။ အဲဒါက ဘာမှမဟုတ်ပါဘူး။ ဝိညာဉ်ပညာဘဲ ဖြစ်ပါတယ်။ နတ်ဆိုးနဲ့ဆိုင်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ် တော်ကို မသိဘဲနဲ့ မျက်မမြင်က မျက်စိမမြင်တဲ့သူကို လမ်းပြနေခြင်းဘဲ ဖြစ်ပါတယ်။ ထိုစဉ်ကကဲ့သို့ဘဲ ဖြစ်ပါတယ်။ စဉ်းစားကြည့်ပါ။ ယခုလည်း ထိုကဲ့သို့ဘဲ ဖြစ်နေပါတယ်။ ထိုစဉ်ကကဲ့သို့ ဖြစ်သလိုဘဲ အခုလည်း ဖြစ်လျှက်ရှိနေပါတယ်။ စဉ်းစားကြည့်ပါ။

129 ၁၂၉။ ကိုယ်တော်ရှင်ရဲ့ အနာရောဂါကို ငြိမ်းစေတဲ့တန်ခိုးနဲ့ လူယောကျ်ား၊ လူမိန်းမ တွေကို လွတ်မြောက်စေချင်တယ်၊ ဒီကမ္ဘာလောကကြီးကို ချစ်ခင်စွဲလန်းခြင်းကနေ လွတ်မြောက်စေချင်ပါတယ်။ ဆံပင်တိုတိုလေးတွေ၊ မျက်နှာချေတွေ လိမ်းကျံတဲ့ ယေဇဗေလတွေ၊ သူတို့ကိုယ်သူတို့ ခရစ်ယာန်လို့ ခေါ်နေကြပါတယ်။ သူတို့ရဲ့ အသက်တာတွေ ကို ကြည့်မယ်ဆိုရင်လည်း အရက်သောက်ပြီးတော့ ညစ်ညူးတဲ့စကားတွေကို ပြောဆိုနေ ကြပါတယ်။ ထိုင်နေပြီးတော့ သာသနာပြု အသင်းအဖွဲ့လို့ဆိုပါတယ်။ ဘာတွေလုပ် နေလဲဆိုရင် အချုပ်အလုပ်တွေ၊ ဇာထိုး၊ ပန်းထိုးအချုပ်အလုပ်တွေ လုပ်နေတယ်။ စကားပြောတယ်။ အဓိပ္ပါယ်မရှိတာတွေကို ပြောပြီးတော့ လမ်းထဲကို ထွက်သွားပြီးတော့ ငြိမ်ဝပ်နေပါတယ်။ နောက်ပြီးတော့ သူတို့ကိုယ်သူတို့ ခရစ်ယာန်လို့ ခေါ်ပါတယ်။တစ်ခြားအမျိုးသမီးတွေရှေ့မှာ ထိုကဲ့သို့ဖြစ်ပျက်နေပါတယ်။ ကျွန်တော့်ရဲ့ပုံပြင်ကို ခင်ဗျားတို့ သတိရပါသလား? ကျွန်တစ်ယောက်အကြောင်းဘဲ ဖြစ်ပါတယ်။ သူ့ကိုယ်သူ ဘုရင့်သား တော်လို့ သိထားတဲ့ ကျွန်တစ်ယောက်အကြောင်းဘဲ ဖြစ်ပါတယ်။ သူ့ရဲ့စရိုက် ကတော့ အဲလိုဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘယ်လိုဖြစ်သင့်ပါသလဲ?

130 ၁၃၀။ ဒီအမှုတော်ဆောင်တွေက ဒီတရားဟောပလ္လင်တွေထဲမှာ သူဒါဏ်ရာဒါဏ် ချက်တွေကို ရခဲ့ပါတယ်။ သူတို့က လူတွေရဲ့ကြားထဲမှာ အဲလိုမျိုး အသက်ရှင်နေထိုင်မှုကို ကျင့်သုံးနေကြပါတယ်။ ကိုယ်တော်ရှင်ကို ထိုးနှက်သတ်ဖြတ် နေခြင်းဘဲ ဖြစ်ပါတယ်။ သူတို့က တန်ခိုးတော်ကို ငြင်းပယ်ပြီးတော့ သူတို့ကို လွတ်မြောက်စေတဲ့ တန်ခိုးတော်ကို သူတို့ ငြင်း ပယ်ခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့မှာ အဲဒီတန်ခိုးရှိတယ်လို့ သူတို့ ပြောနေကြပါတယ်။ ဘုရားသခင်ရဲ့နှုတ်က ပတ်တော်နဲ့ ဆန့်ကျင်ဖက်ဖြစ်နေပါတယ်။ ဆံပင်တိုတိုကို ညှပ်ဘို့အတွက် အမျိုးသမီးတစ်ယောက်က သူ့ရဲ့မျက်နှာကို သူလိမ်းချယ်ပြီးတော့ တိုနန့်နန့်လေးတွေ ဝတ်ဆင်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်နဲ့ ဆန့်ကျင်ဖက်ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့က မဆန့်ကျင်တဲ့ ပုံစံမျိုးနဲ့ ပြောဆိုပါတယ်။ တစ်ခြားကားတိုင်တစ်ခုကို ထပ်ထောင်ပြီးတော့ လမ်းထဲမှာဘဲဖြစ်ဖြစ် အရက်ဆိုင်မှာဘဲဖြစ်ဖြစ်၊ တရားဟောပလ္လင်မှာဘဲဖြစ်ဖြစ်၊ ဘယ်လိုကားတိုင်မျိုးကို ထပ်ထောင်ပြီးတော့ ကိုယ်တော်ကို သတ်နေခြင်း ဖြစ်နေပါသလဲ?

131 ၁၃၁။ တစ်ဖန် ငိုကြွေးခြင်းက ဘာလဲ? သူ့ကိုယ်သူ ဘုရားဖြစ်ချင်ယောင်ဆောင်ခြင်း ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ဘုရားဖြစ်တယ်ဆိုတာကို ငြင်းပယ်ကြပါတယ်။ ကိုယ်တော်ရှင်ကို ဆွဲလိုက်ပြီးတော့ ဘုရားသုံးမျိုးထွက်လာအောင် လုပ်ပါတယ်။ ကိုယ်တော်ရှင်က ဘုရားဖြစ်တယ်။ ကိုယ်တော်ရှင်က ဘုရားဖြစ်ခဲ့တယ်။ ကိုယ်တော်ရှင်က အမြဲဘုရားဖြစ် တယ်။ မနေ့၊ ယနေ့၊ ထာဝရကာလ ပြောင်းလဲခြင်း မရှိပါဘူး။ ဘုရားသခင် တစ်ဆူ တည်းရှိတဲ့အကြောင်းကို ပြောတဲ့အခါမှာ သူတို့က သင့်ကို လှောင်ပြောင် ရယ်မောကြပါတယ်။ ငါတို့က သန့်ရှင်းတဲ့ တြီနီတီကိုဘဲ ယုံပါတယ်။

ကျွန်ုပ်သည် တစ်ပါးတည်းသော သန့်ရှင်းတဲ့ ဘုရားသခင်ကို ယုံကြည်ပါတယ်။ တန်ခိုးတော်ကိုလည်း ယုံကြည်ပါတယ်။ အနာ ရောဂါငြိမ်းစေပြီးတော့ လွတ်မြောက်တဲ့ တန်ခိုးတော်ဖြစ်ပါတယ်။ ဒီကမ္ဘာလောကကြီးကနေ ကယ်ထုတ်မှာ ဖြစ်ပါ တယ်။ မာဂဒလမာရိကို လွတ်မြောက်စေသကဲ့သို့ ကျွန်ုပ်တို့ကို လွတ်မြောက်စေမှာ ဖြစ်ပါတယ်။ မာဂဒလမာရိကတော့ မျက်နှာ ချေလိမ်းချယ်တဲ့ ယေဇဗေလဘဲ ဖြစ်ပါတယ်။ သူမအထဲမှာ နတ်ဆိုး(၇)ယောက်ရှိပါတယ်။ သူမကလည်း အချော် အချွတ်မင်းသမီးဘဲ ဖြစ်ပါတယ်။

ခေတ်မှီအမျိုးသမီးတွေ ယနေ့ လမ်းမပေါ်မှာ သွားလာနေသလိုဘဲ ဖြစ်ပါတယ်။ နေရာတိုင်းကို သွားလာနေသလိုဘဲ သင်လည်းသွားလာချင်ပါတယ်။ လူတွေကို မယုံဘူးဆိုရင် လူတွေဟာ အဝတ်အချည်းစည်းရှိတဲ့ မိန်းမရုပ်တုတွေကို ဦးညွတ်နေ တယ်ဆိုတာကို လမ်းထဲမှာ တွေ့ရမှာပါ။ သူတို့လမ်းထဲကို ဖြတ်သွားကြည့်ပါ။ သောဒုံမြို့ နဲ့ဂေါမောရမြို့ကဲသို့ဘဲ ဖြစ်ပါတယ်။ သေသေချာချာကြည့်ပါ။ မယုံဘူးဆိုရင် နေရာ တိုင်းကိုသွားပါ။ ကြိုက်တဲ့နေရာတိုင်းကိုသွားပါ။ သတင်းစာ၊ မဂ္ဂဇင်း၊ ဂုဏ်ပုဒ်တွေကို ကြည့်ပါ။ ဘာတွေ့ရသလဲ? ဘုရားသားတွေဟာ လူရဲ့သမီးတွေကို တွေ့တဲ့အခါမှာ အလှအပ တွေကို တွေ့တဲ့အခါမှာ သူတို့က ဇနီးအဖြစ် ယူဆောင်ထားပြီးတော့ ပြောကြား တဲ့စကား နှုတ်ကပတ်တော်ကို ဖတ်ပြီးတော့ သူတို့ ပြောတာကို မှတ်မိပါသလား¿ အင်္ဂလန်နိုင်ငံမှာ ရှိနေတဲ့အရာတွေကို ကြည့်ပါ။အင်မတန် စက်ဆုပ်ဖွယ်အရာတွေရှိ ပါတယ်။ အကုန်လုံးကို ကြည့်လိုက်ပါ။ ဘယ်လိုဖြစ်နေသလဲဆိုတော့ ပြည်တန်ဆာရဲ့ အိမ်ကဲ့သို့ ဖြစ်နေပါတယ်။

132 ၁၃၂။ ဘာကြောင့် ဖြစ်ရပါသလဲ? ဘာကြောင့်ရုရှားနိုင်ငံ ကွန်မြူနစ် ဖြစ်ရပါသလဲ? ဘာကြောင့်လဲဆိုတော့ ကက်သလစ်အ သင်းတော်ရဲ့ အာဏာတန်ခိုးမရှိဘဲနဲ့ ညစ်ညူးမှုတွေ၊ ဖောက်ပြန်မှုတွေကြောင့်ဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အဲဒီနိုင်ငံကို သိမ်းပိုက် လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ကွန်မြူနစ်ဝါဒနဲ့ အသင်းတော်ကောင်စီတွေနဲ့တစ်ခုနဲ့တစ်ခု ပေါင်းစပ်ပြီးတော့ ကက်သ လစ်အသင်းတော်နဲ့လည်း ပေါင်းစပ်လိုက်ပါတယ်။ ကွန်မြူနစ်ဝါဒနဲ့ ကက်သလစ်ဝါဒတွေက အတူတကွ ပေါင်းစည်းနိုင်တာကို သင်သိပါသလား? အခု သူတို့ဒီလိုဘဲ လုပ်နေကြပါတယ်။ ဘာကြောင့်လဲ? သူတို့က ဧဝံဂေလိတရားကို ငြင်းပယ်ခဲ့ပြီးတော့ သူတို့ကိုယ်သူတို့ ထူးခြားတဲ့ လူတစ်စုအဖြစ် ဖန်တီးပြီး သူတို့ကိုယ် သူတို့သီးသန့် ခွဲထွက်သွားလို့ဘဲ ဖြစ်ပါတယ်။ အဲဒါက တော့ အကြောင်းရင်းအမှန်ဘဲ ဖြစ်ပါတယ်။

133 ၁၃၃။ တရားဟောပလ္လင်ပေါ်က တရားဟောဆရာတွေက အဲဒါကို လုပ်ထားလိုက်ပါတယ်။ ထမင်းစားလက်မှတ်ဘဲ ဖြစ်ပါတယ်။ အချို့သောယုံကြည်ချက်၊ လူစုဝေးရပ်တည်ချက်ဘဲ ဖြစ်ပါတယ်။ ငါက ဘာနဲ့ဆိုင်တယ်၊ ဘာနဲ့ဆိုင်တယ် ဆိုတာကို ပြောပါတယ်။ ဘုရားသခင် တန်ခိုးတော်အတွက် ပညာရေးတွေ လုပ်ပါတယ်။ သူတို့လုပ်တာကတော့ သူဒီလို မိုက်မဲတဲ့ ပြိုင်ပွဲထဲကနေ လွတ်မြောက်ခွင့်ရဘို့အတွက်ဘဲ ဖြစ်ပါတယ်။ မာဂဒလ မာရိလို ဖြစ်ပါတယ်။

အဲဒီလမ်းမပေါ်က ဖေါ်ချွတ်နေတဲ့ အမျိုးသမီးတွေကို အင်မတန်ကြီးမားတဲ့ တန်ခိုးတော်အားဖြင့် သူမကို ပြန်လည်ပြီးတော့ အင်္ကျီအဝတ်အစားတွေကို ဝတ်ဆင်ပြီး တော့ မိန်းမတစ်ဦးကဲ့သို့ ဖြစ်လာပြီး ခရစ်ယာန်တစ်ဦးဖြစ်လာအောင် လုပ်ပါတယ်။ အဲဒီတန်ခိုးတော်ကို သူတို့က မနှစ်သက်ပါဘူး။ သူတို့က အဲဒီတန်ခိုးတော်ကို ငြင်းပယ်ပါ တယ်။ နောက်ပြီးတော့ ကိုယ်တော်ရှင်ကို ကားတိုင်ပေါ်မှာ ကားတင်သတ်ကြပါတယ်။

ယနေ့လည်း အဲဒီဧဝံဂေလိတရားနဲ့ သန့်ရှင်းသောဝိညာဉ်တော်ကတော့ အဲဒီ အဖေါ်အချွတ်တွေကို ခံယူပြီး တစ်ဖန်ပြန်လည် ၍ သူမကို အဝတ်အစား ဝတ်စေပါ တယ်။ ခရစ်ယာန် ဖြစ်စေပါတယ်။ အဲဒါ အလုပ်လုပ်တာကို အရမ်းအစွန်းရောက်တဲ့ ဝါဒလို့ သူတို့က ခေါ်ပါတယ်။ သူတို့ရဲ့ ပရိတ်သတ်တွေ၊ အသင်းသားတွေနဲ့ မရောထွေး စေချင်ပါဘူး။ သူတို့အချင်းချင်းဘဲ နှိုးဆော်ပြီးတော့ တစ်ခြားမိန်းမတွေကို ပြုလုပ်စေပါတယ်။ သူတို့ဘာလုပ်သလဲ? သူတို့ အဲဒါကို အပြင်ကို ထုတ်လိုက်ပါ တယ်။ ထိုစဉ်က လုပ်ခဲ့သလိုဘဲ ဖြစ်ပါတယ်။ အဲဒီနှုတ်ကပတ်တော်ကို သူတို့က ကားတင်လိုက်ပါတယ်။ အခြားသော ခေတ်ကာလတစ်ခုအတွက် ဖြစ်တယ်လို့ သူတို့က ပြောကြပါတယ်။ သူတို့ကို ကျွန်တော် တစ်ဖန်ထပ်ပြီး အပြစ်တင်ပါတယ်။ တစ်ချိန်တုန်းက သူတို့ အပြစ် တင်သကဲ့သို့ ဘဲဖြစ်ပါတယ်။

134 ၁၃၄။ နတ်ဆိုးများစွာ စွဲနေတဲ့သူက အဝတ်တွေပြန်ဝတ်ဆင်တဲ့ နိမိတ်လက္ခဏာ ကဲ့သို့ဘဲ ဖြစ်ပါတယ်။ သူ့ရဲ့အဝတ်အစား တွေ အကုန်းလုံးချွတ်ထားတဲ့သူက စိတ်မနှံ့တဲ့ သူတွေဘဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေလည်း ဘယ်လိုလဲ? နတ်ဆိုးစွဲတဲ့သူက ရူးသွပ်နေ တဲ့သူဘဲ ဖြစ်ပါတယ်။ သူ့အဝတ်အစားတွေ အကုန်လုံးကို သူ့ကိုယ်ပေါ်ကနေ ဆွဲချွတ်ပါ တယ်။ ဘုရားသခင်က သူ့ရဲ့တန်ခိုးတော်နဲ့ သူရဲ့အဝတ်အစားတွေကို ပြန်လည်ပြီးဝတ် လာအောင် လုပ်ပေးပါတယ်။ သူက အဝတ်ပြန်ဝတ် လိုက်ပြီးတော့ သူ့ရဲ့စိတ်တွေ ပြန်မှန် လာပါတယ်။ သခင်ယေရှုရဲ့ ခြေတော်ရင်းမှာ သွားထိုင်နေပါတယ်။

အင်မတန်မှ ကြီးမားတဲ့ တန်ခိုးတော် တစ်ခုရှိပါတယ်။ အဲဒီတန်ခိုးတော်ကတော့ မျက်စိကန်းနေတဲ့ ဗာတိမဲကို ပြန်မြင်စေခြင်း ဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့ ယုံကြည် ချက်တွေအလယ်မှာဘဲ ဖြစ်ပါတယ်။ သူဟာ မြေကြီးပေါ်မှာ ထိုင်ပြီးတော့ နေပါတယ်။ ထိုစဉ်ကလည်း ဒီခေတ်ကာလလို မယုံကြည်မှုတွေ များပြားပါတယ်။ ဒါပေမဲ့လည်း ကိုယ်တော်ရှင်ကို မတားဆီးနိုင်ပါဘူး။ က်ိုယ်တော်ရှင်က ဆက်သွားပြီးတော့ သူတို့ကို ဘာမှအခွင့်အလန်း မပေးခဲ့ပါဘူး။ သူတို့ကို ဘာပြောလဲဆိုတော့ သင်တို့ဟာ သင်တို့ဖ ခင်နတ်ဆိုးနဲ့ ဘဲဆိုင်တယ်လို့ ပြောပါတယ်။ သူက အားလုံးကို အပြစ်ပြောပါတယ်။

135 ၁၃၅။ လားဇရုကို သချ ႋင်းတွင်းက ပြန်ထွက်လာအောင် လုပ်နိုင်တဲ့တန်ခိုးတော်က ရှုနင်မြို့ မှာရှိတဲ့အမျိုးသမီးက သူ့သားကို ပြန်လည်ရှင်ပြန်စေခဲ့သလိုဘဲ ဖြစ်ပါတယ်။ အိုဘုရား သခင်၊ ဒီလိုအရာတွေကို ပြုလုပ်နိုင်တဲ့ တန်ခိုးတော်ဟာ ကြီးမားလှပါတယ်။ ဖြစ်ပျက်မဲ့ အရာတွေကိုလည်း ကြိုတင်ဖေါ်ပြနိုင်ပါတယ်။ အဲဒါကတော့ မြည်းကလေး နဲ့ပတ်သက်လို့ ဘဲဖြစ်ပါတယ်။ မြည်းကလေးကို လမ်းဆုံလမ်းခွမှာ ချည်နှောင်ထားပါတယ်။ ကိုယ်တော်ရှင် ကြိုတင်ဖေါ်ပြပါတယ်။ အဲလိုတန်ခိုးတော်ကို ရထားတဲ့သူက ကိုယ်တော်ရှင်နဲ့အတူ ကျွန်ုပ်တို့အလယ်မှာ ကျွန်ုပ်တို့ မရှိစေချင်ပါဘူး။ ကျွန်ုပ်တို့ရဲ့ ယုံကြည်ချက်တွေကို ထိခိုက်စေပါတယ်။ သူတို့က ကိုယ်တော်ကို ပြောပြီးတော့ ကိုယ်တော်ကို ကားတင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒီနေ့လည်း ဒီလိုပါဘဲ။ သန့်ရှင်းသောဝိညာဉ်တော်ကို ဖယ်ထုတ်လိုက်ပါ။ အဲဒါနဲ့ပတ်သက်လို့ သူတို့ ဘာကိုမှ မလိုလားပါဘူး။ အဲဒီအရာကတော့ ဒီအရာတွေ အားလုံးကို တရားစီရင်မှာ ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ အဖွဲ့အစည်းတွေနဲ့ အဲလိုအရာတွေကို မရောထွေးစေချင်ပါဘူး။ ကျွန်တော်တို့ရဲ့ ယုံကြည်ခြင်းတွေကို ဆန့်ကျင်ပါတယ်လို့ သူတို့က ပြောပါတယ်။ သူတို့က ကိုယ်တော်ရှင်ကို ကားတင်ခြင်းဘဲဖြစ်ပါတယ်။ အခု ကျွန်တော်တို့ နိဂုံးချုပ်တော့မဲ့အခါမှာ သေချာကြည့်ပါ။ နိဂုံးချုပ်ရ တော့မှာ ဖြစ်ပါတယ်။ သူတို့ကလည်း တစ်ဖန်ထပ်မံပြီးတော့ ဒါကို အစွန်းရောက်တယ်လို့ ခေါ်ဆိုကြမှာ ဖြစ်ပါတယ်။

136 ၁၃၆။ ကိုယ်တော်ရှင်ကို အစွန်းရောက်တယ်လို့ဆိုပြီး ကိုယ်တော်ရှင်ဟာ ရူးသွပ်နေ တယ်လို့ သူတို့က ပြောပါတယ်။ သမ္မာကျမ်းစာက ပြောထားတဲ့အတိုင်းဘဲ သခင်ယေရှု ကို ဖာရိရှဲတွေက ဘာပြောလဲဆိုတော့ ဒီလူဟာ ရှာမာရိလူဖြစ်တယ်။ ရူးသွပ်နေတဲ့ လူဖြစ်တယ်လို့ ပြောပါတယ်။ အဲဒီတော့ ရူးသွပ်ခြင်းဆိုတဲ့ စကားအနက်အဓိပ္ပါယ်က ဘာလဲ? ကြောင်နေခြင်း ဖြစ်တယ်။ အဲဒီလူက ရူးသွပ်နေတယ်။ ရူးသွပ်နေတဲ့ လူတစ်စုဘဲ သူ့နောက်ကိုလိုက်တယ်။ သူကတော့ ဗေလဇေဗုလဘဲဖြစ် တယ်လို့ ပြောပါတယ်။

တစ်ဖန် သူတို့က အလားတူအရာကိုဘဲ ထပ်မံပြောကြပါတယ်။ အဲဒါဟာ စုန်းပညာတစ်မျိုးဘဲ။ ဗေဒင်ဟောခြင်းတစ်မျိုးဘဲ။ ကိုယ်တော်ရှင်ကို တစ်ဖန်ကားတိုင် ပေါ်မှာတင်ပြီးတော့ အရှက်ခွဲမှာ ဖြစ်ပါတယ်။ ဘာကားတိုင်လဲ? ဘာရှက်ဖွယ်ရာလဲ? သူဟာ ဖေါ်ပြထားတဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ အဲဒီ နှုတ်ကပတ်တော်ကို သူတို့က ပျက်ယယ်ပြုကြပါတယ်။ နတ်ဆိုးနဲ့ ဆိုင်တယ်လို့ လူတွေကပြောကြပါတယ်။

137 ၁၃၇။ သူပြောတဲ့အရာက သူတို့ဟာ ဘုရားသခင်ရဲ့ သန့်ရှင်းတဲ့အလုပ်ကို မသန့်ရှင်းတဲ့ဝိညာဉ်က လုပ်နေတယ်လို့ စွပ်စွဲကြပါတယ်။ အဲဒီအတွက် ဘယ်လိုမှ ခွင့်မလွှတ်နိုင် ပါဘူး။

ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ကို ရှက်ဖွယ်ပြုလုပ်ပါတယ်။ နှုတ်ကပတ်တော်ကို ဖေါ်ပြဘို့ ကြိုးစားပါတယ်။ နောက်ပြီး တော့ အဲဒီနှုတ်ကပတ်တော်ကို အစွန်း ရောက်တယ်။ ပုံပြင်ဆန်တယ် စသည်ဖြင့် ခေါ်ဆိုကြပါတယ်။ အဲဒီကို မသွားနဲ့။ သူ တို့ရဲ့ဝတ်ပြုခြင်းတွေ စည်းဝေးတွေကို မတက်နဲ့စသည်ဖြင့် ပြောကြပါတယ်။

သူတို့ အဲဒီလို လုပ်ခြင်းအားဖြင့် ဘာလုပ်နေသလိုဖြစ်နေပါသလဲ? သူတို့ရဲ့ ဂိုဏ်းဂဏ ယုံကြည်ချက် သံမှိုတွေကို ယူပြီးတော့ ထုနှက်နေခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာ အပျော်အပါးတွေကို ရှာဖွေနေတဲ့ဆရာတွေ ဖြစ်တယ်။ လောကဆန်တယ်။ ဘုရားမဲ့ဖြစ်နေတယ်။ ဂိုဏ်းဂဏဆိ ုင်ရာ ရူးသွပ်မှုတွေရှိတယ်။ ဂိုဏ်းဂဏဆိုင်ရာ သံမှိုတွေကို ရိုက်နှက်ပြီးတော့ ဘုရားသား တော်ကို ကားတင်နေခြင်းဘဲဖြစ်ပါတယ်။ လတ်လတ်ဆတ်ဆတ်ဘဲ သူတို့ရဲ့ တရားဟောပလ္လင်တွေကနေပြီးတော့ သူတို့ပြု လုပ်နေကြပါတယ်။

သူတို့ ဘာကြောင့် အဲလိုလုပ်ရသလဲ? လူတွေရဲ့ ချီးမြှောက်မှုကို နှစ်သက်လို့ဘဲ ဖြစ်ပါတယ်။ လူတွေက အသင်းတော်တွေက သူတို့ကိုပေးမဲ့ ဒီဂရီတွေကိ ု သူတို့နှစ် သက်ကြပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ချစ်မြတ်နိုးခြင်းထက် ပိုနေပါ တယ်။ သူတို့ကို ကျွန်တော် တရားစီရင်လိုပါတယ်။ သူတို့က ဒီကမ္ဘာလောကကြီးကို ပြောင်းလဲအောင် မပြုလုပ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ နှုတ်ကပတ်တော်ကို မပြောင်းလဲပစ်နိုင်လို့ဘဲ ဖြစ်ပါတယ်။ သူတို့ဟာ လောကနဲ့ပြောင်းလဲ သွားပြီဖြစ်ပါတယ်။ သူတို့ အဲလိုလုပ်ခဲ့ပြီဖြစ်ပါတယ်။ သူတော်ကောင်းယောင်ဆောင်တဲ့နေ့ရက်တွေကို ကျွန်တော်တို့ နေထိ ုင်အသက်ရှင်နေရပါတယ်။

138 ၁၃၈။ ကျွန်ုပ်ရဲ့ကိုယ်တော်အတွက် လက်ဝါးကပ်တိုင်တစ်ခုက မလုံလောက်ပေဘူးလား? ဘာကြောင့်သင် အဲဒါကို လုပ်ရသလဲ? သင်ကတော့ ကိုယ်တော်ကို ချစ်ပုံပေါ် ပါတယ်။ သူ့ရဲ့နှုတ်ကပတ်တော်ကို သိနေပါတယ်။ ဗျာဒိတ်ကျမ်း အခန်းကြီး(၂၂)ကိုဖတ်မယ်ဆိုရင် ငါသက်သေခံသည်ကား အကြင်သူသည် ဤအရာတို့၌ ထပ်၍အသစ်သွင်း ၏လို့ အဲလိုမျိုး ရေးသားထားတာကို တွေ့ရပါတယ်။ အဲဒါကို ဘာကြောင့်လုပ်ပါသလဲ? ကိ ုယ်တော်ရှင်အတွက် ကားတိုင်တစ်တိုင်တည်းက မလုံလောက်ပေဘူးလား?

ကိုယ်တော်ရှင်ကို ကာကွယ်ပြီးတော့ ကျွန်တော် ရပ်တည်ပါတယ်။ ကျွန်တော်ဟာ ကိ ုယ်တော်ရှင်ရဲ့ ရှေ့နေဘဲဖြစ်ပါတယ်။ ဘုရားသခင်နှုတ်ကပတ်တော်အားဖြင့် သင့်ကို အပြစ်တင်စွဲချက်တင်ပါတယ်။ သင်တို့ရဲ့ နည်းလမ်းတွေကို ပြောင်းလဲ ပစ်လိုက်ပါ။ ဒါမှမဟုတ် သင်တို့ငရဲကို သွားရမှာ ဖြစ်ပါတယ်။ သင်တို့ရဲ့ဂိုဏ်းဂဏတွေလည်း ပျက်စီးသွားမှာ ဖြစ်ပါတယ်။ တရားသူကြီးရဲ့ရှေ့မှောက်မှာဘဲ သင်တို့ကို ငါအပြစ်တင်ပြီး စွဲချက်တင်ပါတယ်။ သင်ရော သင့်ရဲ့ဘုရားတရားမဲ့တဲ့ ပုံစံတွေကိုရော သူတော်ကောင်း ယောင်ဆောင်ခြင်းများကိုပါ စွဲချက်တင်ပါတယ်။ ဘာကြောင့် အဲလိုခေါ်ဆိုရပါသလဲ? ကားတိုင်တစ်ခုနဲ့ မလုံလောက်ပေဘူးလား?

139 ၁၃၉။ ပေတရုပြောသလိုဘဲ ဂိုဏ်းဂဏဆိုင်ရာဖခင်များလို့ ပြောပါတယ်။ သင်တို့ ဂိုဏ်းဂဏဆိုင်ရာ ဘိုးဘေးများဘဲ ဖြစ်ပါတယ်။ ပေတရု သင်တို့ကို အပြစ်တင်ပါတယ်။ သင်တို့ရဲ့ ဘိုးဘေးတွေက ဘာလုပ်လိုက်သလဲ? သတေဖန်လည်း ထိုနည်းတူဘဲ ပြုခဲ့ပါတယ်။ အသက်တာရဲ့မင်းသားကို သင်တို့က ကောက်ကျစ်တဲ့၊ စဉ်းလဲတဲ့လက်တွေနဲ့ ကားတိုင် တင်လ်ိုက်ပါတယ်။ သခင်ယေရှုက သူ့ကိုယ်သူ ပြောခဲ့ပါတယ်။ သင်တို့ ဘိုးဘေးတွေထဲက ပရောဖက်တွေကို သချ ႋင်း တွင်းထဲကို မထည့်ခဲ့တာ တစ်ယောက်မှ မရှိပါဘူး။ နောက်ပြီးတော့

သူတို့အားလုံးကို နောက်ပိုင်းမှာ ဖျက်ဆီးပစ်ခဲ့ပါတယ်။ အဲဒီလိုဘဲ ဖြောင့်မတ်တဲ့သူတွေဟာ ခေတ်ကာလတောက်လျှောက် ခံခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ ဘုရားကျောင်းမှန်မှန်တက်ပြီးတော့ ခရစ်တော်ကို ငြင်းပယ် ပြီးတော့ မိမိကိုယ်ကိုမိမိ ကောင်းချင်အောင် ယောင်ဆောင်တဲ့သူတွေကို အပြစ်တင်ပါတယ်။ အပြစ်ရှိတယ်။ ခေတ်ကာလမှာ သင်တို့ဟာ တရားစီရင်ခြင်းခံရမယ်လို့ အပြစ်ရှိ ပါတယ်။ သင်တို့ရဲ့ ဘုရားတရားမဲ့တဲ့ပုံစံတွေက ခရစ်တော်ဘုရားကို ဒုတိယအကြိမ် ထပ်မံပြီးတော့ ကားစင်တင် ခြင်းဘဲ ဖြစ်ပါတယ်။ လူတွေကိုလည်း အဲဒီလိုဘဲ ပြောပါတယ်။ ဒီနှုတ်ကပတ်တော်က တစ်ခြားသောခေတ် ကာလအ တွက်ဖြစ်တယ်။ ဒီနေ့ဒီ ခေတ်နဲ့မသင့်လျော်ပါဘူး။ သင်တို့ကို ကျွန်ုပ်အပြစ်တင်လိုပါတယ်။ တစ်ချိန်တုန်းက ကိုယ်တော် ရှင်ကို ကားတိုင်တင်တုန်းက အပြစ်အတ်ိုင်းဘဲ သင်တို့မှာလည်း အပြစ်ရှိပါတယ်။ နောင်တရပါ။ ဘုရားသခင်ထံကို ပြောင်းလဲ ပါ။ ဒါမှမဟုတ်ရင် အသက်တာဆုံး ရှုံးရမှာ ဖြစ်ပါတယ်။

140 ၁၄၀။ နောက်တစ်ဖန် ကျွန်တော် ပြောလိုပါတယ်။ အသင်းတော်တွေအားလုံး ဆရာတွေ၊ ဘုရားကိုလွန်ကျူးပြီးတော့ ပြောဆိုပါတယ်။ ကိုယ်တော်ရှင်ကို ကားတိုင်တင်ပတယ်။ နှုတ်ကပတ်တော်ကို အသေသတ်ခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင် ဂရုဏာရှိတော်မူပါ။ တစ်ဖန် ကျွန်တော်ပြောချင်ပါတယ်။ တိတ်ခွေထဲမှာ ရောထွေးသွားကောင်း ရောထွေး သွားမှာ ဖြစ်ပါတယ်။ အသင်းတော်တွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ အမှုတော် ဆောင်တွေဖြစ်ပါတယ်။ သူတို့ဟာ ဘုရားကို လွန်ကျူးပြီးတော့ ကိုယ်တော်ရှင်ကို ကားတင်သတ်ကြပါတယ်။ နှုတ်ကပတ်တော်ကို ကားတင်ခြင်းဘဲဖြစ်ပါတယ်။ တစ်ဖန် ဒီခေတ်ကာလမှာ နောက်တစ်ဖန် ကိ်ုယ်တော်ကို ကားတင်ကြခြင်းဘဲ ဖြစ်ပါတယ်။ ကျောက်ကွဲနေတဲ့ ကျောက်တွေနဲ့ မှောင်မဲနေတဲ့ မိုးမျက်နှာကျက် ဖြစ်ပါတယ်။ အဲဒီအ ချိန်မှာ ကိုယ်တော်ရှင် သူ့ခေါင်းတော်ကိုငုံ့ပြီး အသေခံခဲ့ပါတယ်။ ဒါပေမဲ့လည်း ပွင့်ဟသွားတဲ့ လိုက်ကာကနေပြီး လမ်းကို ဖေါ်ပြပါတယ်။ ကောင်းကင်ကို သွားရမဲ့ ဝမ်းမြောက်ခြင်းတွေနဲ့ မကုန်ဆုံးနိုင်တဲ့ နေ့ရက်များဘဲဖြစ်ပါတယ်။

ကျွန်တော် ဒီတိတ်ခွေပေါ်ကနေပြီးတော့ ပြောခြင်းဖြစ်ပါတယ်။ ဒီပရိတ်သတ် အတွက်ဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော် သတိပေးခြင်းအားဖြင့်ဘဲ ကျွန်တော် ပြောဆိုခြင်းဘဲ ဖြစ်ပါတယ်။ ဘယ်သူက ကိုယ်တော်ရှင်ဘက်က ရပ်တည်ပါသလဲ? ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အတိုင်းဘဲလာခဲ့ပါ။ ဘုရားသခင်ကတော့ ဒီယုတ်မာပြီးတော့ ခရစ်တော် ကို ငြင်းပယ်တဲ့ ဒီမျိုးဆက်ကို တရားစီရင်မှာ ဖြစ်ပါတယ်။ ဘုရားကို လွန်ကျူးသောကြောင့် ဖြစ်ပါတယ်။ သူ့ရဲ့နှုတ်က ပတ်တော်ကို ကားတင်ခြင်း ကြောင့်ဘဲ ဖြစ်ပါတယ်။ သူတို့ဟာ တရားစီရင်ခြင်း ခံရမှာဖြစ်ပါတယ်။ ငါအပြစ်တင်ပါတယ်။ ဘယ်သူက ကိုယ်တော်ရှင်ဘက်မှာ ရှိသလဲလို့ မောရှေက မေးပါတယ်။ ငါ့ထံကို ထွက်လာပါလို့ ကိ်ုယ်တော်ရှင်က ဆိုပါ တယ်။ မီးတိုင်ကြီးက အထောက်အထားအဖြစ်နဲ့ ရပ်တည်နေပါတယ်။ ဘယ်သူက ကိုယ်တော်ရှင်ဘက်က ရပ်တည်ပါသလဲ? နှုတ်ကပတ် တော်ကို ယူဆောင်ပြီးတော့ သူတို့ရဲ့ယုံကြည်ခြင်းတွေကို ငြင်းပယ်ပြီး ခရစ်တော်နောက်ကို နေ့စဉ်လ်ိုက်ပါစေ။ မနက်ကျရင် ငါသင်တို့ကို ဆုံတွေ့မှာ ဖြစ်ပါတယ်။ ကျွန်တော် တို့ဆုတောင်းဘို့ရန်အတွက် ခေါင်းငုံ့ကြ ပါစို့။

141 ၁၄၁။ အို ကိ်ုယ်တော်ရှင်အဖ၊ ထာဝရဘုရား၊ ထာဝရအသက်ကို ပေးပိုင်တော်မူတဲ့အရှင် နှုတ်ကပတ်တော်ကို ရေးတဲ့မူရင်းပုဂ္ဂိုလ်ဖြစ်ပါတယ်။ သခင်ယေရှုကိုလည်း ပြန်လည် ပြီးတော့ အသက်ရှင်စေတဲ့ ကိ်ုယ်တော် ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် မယုံကြည်သူ တွေကို သေချာဖေါ်ပြတဲ့ ကိုယ်တော်လည်း ဖြစ်ပါတယ်။ ဒီမနက် အရမ်းကြာသွားပါ တယ်။ ဒီနေရာမှာ လူတွေအတော်များများ ထိုင်နေကြပါတယ်။ အသင်းတော်တစ်ခု လုံး ပြည့်သွားပါတယ်။ အပြင်မှာလည်း လူတွေက ပတ်ပတ်လည် မတ်တပ်ရပ်လျှက်ရှိ ပါတယ်။ တိတ်ခွေတွေကို အများကြီးဖြန့်ပြီးတော့ တစ်ကမ္ဘာလုံး နှံ့စေမှာ ဖြစ်ပါတယ်။ နေရာအမျိုးမျိုးကို ရောက်မှာဖြစ်ပါတယ်။ အမှုတော်ဆောင်တွေလည်း သူတို့ရဲ့ စာကြည့် ခန်းတွေထဲကနေ ကြားနာရမှာ ဖြစ်ပါတယ်။ သူတို့အတွက် ကျွန်တော် ဆုတောင်းပါ တယ်ကိုယ်တော်၊ ဒီနှုတ်ကပတ်တော် သူတို့ရဲ့ နှလုံး သားထဲကို နက်နက်နဲနဲ စွဲဝင်ပြီးတော့ နက်နက်နဲနဲ ထိုးစိုက်ပြီးတော့ ကမ္ဘာလောကကြီးရဲ့အရာတွေအကုန်လုံး ဖြတ်တောက် ပစ်နိုင်အောင် မစတော်မူပါ။

ဒီမက်သဒစ်တရားဟောဆရာကလေးကတော့ ကင်တာကီမှာရှိပြီးတော့ ကျွန် တော့်ထံကို တစ်နေ့က ရောက်လာပါတယ်။ ပြီးတော့ ဘာပြောသလဲဆိုတော့ အဲဒီအသင်းတော် ခေတ်ကာလ(၇)ပါးအကြောင်း ကျွန်တော်ပြောပြတဲ့အခါမှာ ကျွန်တော် ဘာကြားသလဲဆိုတော့ ဗာဗုလုန်မြို့နိုင်ငံကနေ ဆုတ်ခွာထွက်ပြေးကြလော့လို့ ကြားရ ပါတယ်။ ကျွန်တော် အဲဒါကို နားမထောင်ဘဲနဲ့ ထွက်သွားပါတယ်။ ဘယ်လမ်းကို သွားရမလဲဆိုတာ ကျွန်တော် မသိပါဘူး။ ဘာလုပ်ရမှာလဲ ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ ကျွန်တော် ထွက်ခွာခဲ့ပါတယ်။ ဒီလူငယ်လေးနဲ့ သူ့ရဲ့ဇနီးသည်ရဲ့သတ္တိကို ဘုရား သခင်ကောင်းချီးပေး ပါစေ။ သူတို့ရဲ့ကလေးနှစ်ယောက်၊ သုံးယောက် ကြည့်မှာဖြစ်ပါ တယ်။ သူတို့ကိုလည်း ဘုရားသခင် ကောင်းချီးပေးပါစေ။

142 ၁၄၂။ လူတော်တော်များများက ဘုရားသခင် နှုတ်ကပတ်တော်ကို ရှာဖွေကြပါတယ်။ တွေ့ရှိကြပါတယ်။ တစ်ခုတည်းသော အသက်တာရဲ့ နည်းလမ်းဘဲဖြစ်ပါတယ်။ ဘာ ကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်ဟာ နှုတ်ကပတ်တော် ဖြစ်လို့ပါဘဲ။ တစ်ယောက်စီ အတွက် ကျွန်တော် ဆုတောင်းပေးပါတယ်အဖ၊ တစ်ခါတစ်ရံမှာ ဒီအကြောင်းအရာ တွေကို ပြောဆိုကြပါ တယ်။ ရက်စက်ကြမ်းကြုတ်မှုအတွက် ပြောဆိုခြင်းမဟုတ်ပါဘူး။ မေတ္တာနဲ့ ပြောဆိုခြင်းဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆို တော့ မေတ္တာက အမှားတွေကို ပြင်ပေးနိုင်လို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို ကျွန်တော် ဆုတောင်းပါတယ်။ လူတွေ ကနားလည်ပြီးတော့ အဲဒီနည်းလမ်းအတိုင်း သွားဘို့ဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့ နည်းလမ်း တွေကိုလည်း မှန်မှန်ကန်ကန် ပြုပြင်ဘို့အတွက်ဘဲ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို ပြင်ဘို့လို တယ်ဆိုရင်လည်း သူတို့အတွက်ဆုတောင်းပေးပါ။ အဖဘုရား သခင် သူတို့ကို ခွင့်လွှတ်ပါ။ သူတို့ ဝိညာဉ်မျက်စိကွယ်နေပါတယ်။ သူတို့လုပ်နေတာကို သူတို့ နားမလည်နိုင် အောင် ဖြစ်နေပါတယ်။

အမှုတော်ဆောင်တွေကိုလည်း ကျွန်တော် ဆုတောင်းပေးပါတယ်။ အဲဒီ ယနေ့ခေတ်အမှုတော်ဆောင်တွေက နှုတ်ကပတ် တော်ကို ကားတင်နေခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ အသင်းတော် ဂိုဏ်းဂဏတွေရဲ့ ယုံကြည်ချက်တွေ၊ ဩဝါဒတွေနဲ့ နှုတ်ကပတ်တော်ရဲ့ အသက်တာကို အစားထိုးနေကြပါတယ်။ လူတွေရှေ့မှာ သူတို့ဟာတစ်ကယ် စစ်မှန်တဲ့သမ္မာတရားကို ဝေဖန်သုံးသပ်ပြီးတော့ ဘုရားသခင်က

သူ့ရဲ့အမှန်တရားကို ဖေါ်ပြထားတဲ့ နှုတ်ကပတ်တော်ကို သူတို့ဝေဖန်နေကြပါတယ်။ သူတို့အတွက် ကျွန်တော်တို့ ဆုတောင်းပေးပါတယ် အဖဘုရားသခင်၊ သူတို့ကို မင်္ဂလာဆောင် ညစာစားပွဲကို ကိုယ်တော်ရှင် တစ်ဖန်ခေါ်မှာဖြစ်ပါတယ်။ ဒီတစ်ခါတော့ သူတို့ဘာမှ အကြောင်းပြချက်တွေနဲ့ မလာနိုင်ဘို့ မစတော်မူပါ။ ဘာကြောင့် လဲဆိုတော့ ကျွန်တော် နောက်ဆုံး ခေါ်တဲ့အခါမှာ အားလုံးပျောက်ကွယ်သွားတာကို သိခဲ့ပါတယ်။ သိပ်ပြီး နောက်မကျသေး ပါဘူး။ သိပ်ပြီးနောက်မကျသေးဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။

143 ၁၄၃။ ဒီပရိတ်သတ်လေး၊ ဒီနေရာမှာရှိတဲ့ လက်ရှိပရိတ်သတ်လေးကို ကောင်းချီးပေး တော်မူပါ။ ဒီလူရာပေါင်းအနည်းငယ် ဒီနေရာမှာ စုဝေးပြီးတော့ ဒီမနက် ဒီအင်မတန် ပူပြင်းတဲ့ နေရာမှာ အချိန်အကြာကြီးထိုင်နေရပါတယ်။ (၂)နာရီ ဒါမှမဟုတ် ထို့ထက်မက အချိန်အကြာကြီး ထိုင်ပြီးနားထောင်နေရပါတယ်။ ဒါတောင် သူတို့မပြန်သေးပါဘူး။ သူတို့ထိုင်ပြီး နားထောင် နေကြပါတယ်။ သူတို့တော်တော် များများကလည်း သူတို့ညစာစားဘို့ သူတို့မိန်းမတွေနဲ့ ကလေးတွေ သူတို့နဲ့အတူ ရပ်ပြီးနေပါတယ်။ သူတို့စောင့်စား နေကြပါတယ်။ သူတို့က နှုတ်ကပတ်တော်တစ်လုံးစီကို သေသေချာချာ ဆွဲကိုင်ထားကြ ပါတယ်။

ကိုယ်တော်ရှင် ကျွန်တော် သိတဲ့အရာကတော့ ဘာဖြစ်မလဲ? တရားစီရင်တဲ့ နေ့မှာ ကျွန်တော် ဘာဖြစ်မလဲ? အကယ်၍ ကျွန် တော် ဒီလူတွေကို လမ်းပြတာမှား နေမယ်ဆိုရင် ကျွန်တော် ဘာဖြစ်မလဲဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော်ရဲ့ အသိ စိတ် ဩတ္တပ္ပစိတ်က ကိုယ်တော် ကျွန်တော် ခံစားရပါတယ်။ သူတို့ကို နှုတ်ကပတ်တော်ရရှိဘို့ရန်အတွက် ကျွန်တော် ခေါ်ဆောင်သွားမှာ ဖြစ်ပါတယ်။ နှုတ်ကပတ်တော် အတိုင်း အသက်ရှင်စေမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ မနေ့၊ ယနေ့၊ ထာဝရကာလ ပြောင်းလဲခြင်းမရှိဘူးဆိုတဲ့အကြောင်းကို သူတို့ကို ပြောပြမှာ ဖြစ်ပါတယ်။ အင်မတန် ကြီးမြတ်တော်မူတဲ့ သန့်ရှင်းသောဝိညာဉ်တော်ဟာ သခင်ယေရှုခရစ်ဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ပုံစံနဲ့ အလားတူလူဘဲဖြစ်ပါ တယ်။ ကိုယ်တော်ရှင် မိန့်တော် မူတဲ့အတိုင်း ခဏအတောအတွင်းမှာ ကမ္ဘာလောကကြီးကတော့ ငါ့ကို တွေ့မြင်ရတော့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သင်တို့တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆို တော့ သင်တို့နဲ့အတူ ငါရှိလို့ဘဲ ဖြစ်ပါတယ်။ အဲဒါက ကိုယ်တော်ရှင်ဖြစ်ကြောင်း ကျွန်တော် သိပါတယ်ကိုယ်တော်၊ ကိုယ်တော်ကို ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင် တစ်ချိန်က အမှုပြုခဲ့တဲ့အတိုင်း ကျွနု်ပ်တို့လည်း ကိုယ်တော့်အလယ်မှာ ဝတ်ပြုနေလို့ ဘဲဖြစ်ပါတယ်။

144 ၁၄၄။ ဒီနေ့ ကျွနု်ပ်တို့ကိုယ်ကျွနု်ပ်တို့ ကိုယ်တော့်ထံကို အပ်နှံပါတယ်။ ဒီကြီးမားတဲ့ ပရိတ်သတ်ကြီးနဲ့ ဒီတိတ်ခွေတွေပေါ်မှာ ကိုယ်တော်ရှင်ကို ကျွန်တော်တို့ အပ်နှံပါတယ်။ အခုအချိန်မှာ လူယောကျာ်း၊ လူမိန်းမ၊ မိန်းကလေးဖြစ်စေ၊ ယောကျာ်းလေး ဖြစ်စေ၊ အခုရှိနေတဲ့အချိန်မှာ ဒီနေရာမှာဘဲရှိရှိ၊ အပြင်မှာ ရပ်နေတဲ့သူဘဲရှိရှိ၊ ဒါမှမဟုတ် တိတ်ခွေကြားရတဲ့သူဘဲဖြစ်ဖြစ် ဒီနေရာမှာ နက်နက်နဲနဲနဲ့ ဆက်ကပ်အပ်နှံပြီးတော့ ကျွန်တော်တို့ ကိုယ်တော်ရှင်ရဲ့အမှုတော်မြတ် ပြီးဆုံးတဲ့အထိ အစေခံဘို့ ဆက်ကပ်အပ် နှံခြင်းဘဲဖြစ်ပါတယ်။

ပရိတ်သတ်တွေရဲ့ စိတ်နှလုံးကို တို့ထိတော်မူပါကိုယ်တော်၊ ကိုယ်တော်ရှင်ရဲ့ တန်ခိုးတော်နဲ့ အနာရောဂါတွေကိုလည်း ငြိမ်းစေတော်မူပါ။ ငြိမ်းစေတော်မူပါ။ လက်ခြေမသန်မစွမ်းဖြစ်နေတဲ့သူတစ်ယောက် ထိုင်နေပါတယ်။ သန့်ရှင်းသောဝိညာဉ် တော်ဘုရား ကိုယ်တော်ရှင်ရဲ့ ရှေ့တော်မှောက်မှာ ဒီလိုဘဲ နှုတ်ကပတ်တော်အားဖြင့် အမှုပြုမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ဟာ ရေဒီယိုအားဖြင့် တယ်လီဗီးရှင်းအားဖြင့် အနာရောဂါကို ငြိမ်းစေပြီးတော့ အဲဒီအကြောင်းကိုလည်း နိုင်ငံတကာ လူမျိုးတကာ ကသိစေပါတယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ကို စေလွှတ်တော်မူပြီးတော့ သူတို့ကို အနာရောဂါ ငြိမ်းစေတော်မူပါ။ ကိုယ်တော်ရှင်ဟာ အခုအချိန်မှာဘဲ အလားတူအမှုကို ပြုနိုင်ပါတယ်။ ကျွနု်ပ်ဆုတောင်းပါတယ်ကိုယ်တော်၊ ဒီနေရာမှာ ရောက်ရှိနေတဲ့ အနာရောဂါဖြစ်နေတဲ့သူတွေအားလုံး လက်ခြေမသန်မစွမ်းတဲ့သူတွေအားလုံး ဒီနှုတ် ကပတ်တော်ကို ကြားနာတဲ့သူတွေအကုန်လုံး ရောဂါဝေဒနာသည်တွေအားလုံး အနာရောဂါငြိမ်းစေဘို့ရန် ကိုယ်တော်ရှင် မစတော်မူပါ။ ကျွနု်ပ်ဆုတောင်းခြင်းက သူတို့အတွက် ဖြစ်ပါတယ်။

ခရစ်တော်ရဲ့မေတ္တာ ကျွနု်ပ်ရဲ့ စိတ်နှလုံးထဲမှာ ရှိနေပြီးတော့ အကူအညီလိုအပ် နေတဲ့သူတွေလို ခံစားရပါတယ်။ ကိုယ်တော် ရှင် ရှေ့တော်မှောက်ကို သူတို့ကို ခေါ် ဆောင်လာပြီးတော့ ပလ္လင်ရှေ့မှာ ပူဇော်ပါတယ်။ အသွေးတော်၊ သိုးသူငယ်ရဲ့အသွေး တော်၊ ကျွနု်ပ်တို့ရဲ့အပြစ်များ၊ အနာရောဂါ ငြိမ်းစေခြင်းများကို ကိုယ်စားပြုအသေခံတဲ့ အသွေးတော်ဖြစ်ပါတယ်။ ဒီနေရာမှာ ရှိနေပါတယ်။ ကျွန်တော် ဆုတောင်းတဲ့အခါမှာ လူတွေကို ဂရုဏာသက်တော်မူပါမဲ့အကြောင်း ဆုတောင်းပါတယ်။ မောရှေကဲ့သို့ ကျွန် တော်ရပ်လိုပါတယ်။ က်ိုယ်တော်ရှင်နဲ့ သူတို့အကြားမှာ ကြားခံဆုတောင်းပေးပြီး ရပ် တည်လိုပါတယ်။ သူတို့ကို ဂရုဏာသက်တော်မူပါ။ နဲနဲလေး ဂရုဏာသက်တော်မူပါ။ သူတို့ကို အခွင့်အရေးလေးတစ်ခါ ထပ်ပေးပါလို့ ဆုတောင်းပါတယ်။ က်ိုယ်တော်ရှင် အဖဘုရားသခင် အခုပင် တရားမစီရင်ပါနဲ့။ ဧဝံဂေလိတရား ဒီထက်မက အချိန်ကြာ ကြာသွားခွင့် ပေးသနားတော်မူပါ။

145 ၁၄၅။ သူတို့တရားစီရင်ခြင်း ခံရပါသည် ကိုယ်တော်၊ ကျွန်တော် ဆုတောင်းသည်မှာ ကိုယ်တော်ရှင်ရဲ့ ဂရုဏာတော်၊ ကျေးဇူးတော်၊ နောက်ဆုံးသော လူတစ်ယောက်အပေါ် အထိ ဆန့်တန်းပြီးတော့ သက်ရောက်နိုင်ဘို့ဘဲ ဖြစ်ပါတယ်။ နောက်ဆုံး သူတို့ရဲ့နံမယ် တွေ၊ အသက်စာစောင်ထဲမှာ ပါဝင်တဲ့အထိဘဲ ဖြစ်ပါတယ်။ သူတို့ ဖြစ်လိမ့်မယ်လို့ ကျွန်တော် သိပါတယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ကို ဆန့်ကျင်ပြီး ဆုတောင်းရတာ မခက်ခဲပါ။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ် တော်ကို ဆန့်ကျင်ဆုတောင်းခြင်း မဟုတ်ပါ။ ကိုယ်တော်ရှင် အဖဘုရားသခင်၊ နှုတ်ကပတ်တော်က ဂတိတော်ဘဲ ဖြစ်ပါ တယ်။ နှုတ်ကပတ်တော်ကို ဖေါ်ပြထားပြီးသား ဖြစ်ပါတယ်။ ဒီနှုတ်ကပတ်တော်ကို ဒီလူတွေကို ကြိုတင်ဖေါ်ပြထားပြီးတော့ ဒီကမ္ဘာလောကကြီး မစမီကတည်းက ရှိနေပါတယ်။ ကိုယ်တော်ရှင် သူတို့ကို နာမည်တွေ အသက်စာစောင်ထဲမှာ ပါတယ်ဆို ရင် သူတို့ကို သူတို့အတွက် ဆုတောင်းပေးရတာမခက်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင် အမှုပြုမယ်ဆိုတာ ကျွန်တော် သိလို့ဘဲ ဖြစ်ပါတယ်။ သခင်ယေရှု မိန့်တော်မူတာကတော့ ငါ့အဖ၊ ငါ့ကို ပေးသမျှအရာတွေဟာ ငါ့ထံကို လာမှာဘဲဖြစ်တယ်လို့ ဆိုထားပါတယ်။ ပေးအပ်ခြင်း မခံရဘဲနဲ့ ဘယ်သူမှ မလာနိုင်ပါဘူး။

အခု ကျွန်တော် ဆုတောင်းတဲ့အခါမှာ အဖဘုရားသခင်၊ နေရာတိုင်းမှာ နှုတ်ကပတ်တော် ကျရောက်လျှက်ရှိပါတယ်။

တိတ်ခွေထဲမှာသာမက အခုလက်ရှိ ဒီနေရာမှာလည်း သန့်ရှင်းသောဝိညာဉ်တော်က ကြိုတင်ရွေးချယ်ထားတဲ့သူတွေကို ခေါ်မှာဘဲ ဖြစ်ပါတယ်။ ကမ္ဘာဦးအစကပင် သူတို့ရဲ့ နံမယ်တွေက သိုးသူငယ်ရဲ့ အသက် စာစောင်ထဲမှာ ပါပြီးသား လူတွေဘဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အသံတော် ယနေ့ပြောသံကို သူတို့ကြားကြပါစေ။ အင်မတန် သေးငယ်တဲ့အသံ လေးအားဖြင့် သူတို့ နှလုံးသားထဲကနေ ဒီဟာကလမ်းဖြစ်တယ်၊ ဒီလမ်းကနေ လျှောက်ပါလို့ ပြောရမှာ ဖြစ်ပါတယ်။ မစတော်မူပါ အဖဘုရားသခင်၊ ယေရှုနာမဥ္ဖြ ဆုတောင်းပါတယ်။

146 ၁၄၆။ အခုလက်ရှိအချိန်အခါမှာ ကျွန်တော်တို့ ခေါင်းတွေကို ငုံ့ပြီးတော့ ဒီပရိတ် သတ်အလယ်မှာ ဆုတောင်းလျှက်ရှိပါ တယ်။ ဒါဟာ အမှန်တရားဖြစ်တယ်ဆိုတာ သင် ယုံကြည်မယ်ဆိုရင် ကျွန်ုပ်ရဲ့လက်ကို ဒီလက်ကက်ိုင်ပုဝါလေးတွေအပေါ်မှာ တင်မှာဖြစ်ပါ တယ်။ ဒီလက်ကိုင်ပုဝါလေးတွေကို ဖျားနာသူတွေ၊ အနာရောဂါ ဝေဒနာခံစားရတဲ့သူ တွေကို ဆုတောင်းပေးဘို့ လက်ကိုင်ပုဝါဘဲ ဖြစ်ပါတယ်။ ကျွန်တော် ခင်ဗျားတို့ကို မေးခွန်းတစ်ခု မေးချင်ပါတယ်။ တစ်ကယ်ကို ရိုးရိုးသားသားနဲ့ဘဲ အခုအခါမှာ မေးချင်ပါတယ်။

ကြားနာရဘို့အတွက် ကျွန်တော်ဆင်းသက်လာတာ မဟုတ်ပါဘူး။ ကျွန်တော် မောပန်းနေပြီ ဖြစ်ပါတယ်။ ကျွန်တော် လုံးဝမလှုပ်နိုင်တော့ပါဘူး။ အရင်ကလို ကျွန်တော်ဟာ အသက်မငယ်တော့ပါဘူး။ ကျွန်တော်တို့ရဲ့ နေ့ရက်တွေကို ရေတွက်ပြီးသား ဖြစ်တယ်ဆိုတာ ကျွန်တော်သိရပါတယ်။ အင်မတန်မှ သေးငယ်တဲ့အရာလေးတွေ တစ်ခုစီကို တတ်နိုင်သ လောက် ကျွန်တော်လုပ်ရမယ်။ ဘုရားသခင်ရဲ့ နိုင်ငံတော်အတွက် လုပ်ရမယ်ဆိုတာကို ကျွန်တော် သိပါတယ်။ အမြဲတမ်းဘဲ ကျွန်တော် ဟောပြောနေရမယ်။ အခွင့်အရေးရရင်တော့ ပြောရမှာ ဖြစ်ပါတယ်။ ကျွန်တော် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ကျွန်တော်သွားရမှာ ဖြစ်ပါတယ်။

ကျွန်တော် ဒီကိုလာတာက ဘာကြောင့်လဲဆိုတော့ ကျွန်တော် လုပ်ချင်တဲ့ခံ စားချက်ရှိလို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော် လုပ်ချင်ပါတယ်။ ကိုယ်တော်ရှင်ကိုလည်း ကျွန်တော် ချစ်ပါတယ်။ သင်တို့ကိုလည်း ကျွန်တော် ချစ်ပါတယ်။ ကျွန်တော် ကြမ်းတမ်း တဲ့စကားတွေကို မပြောလိုပါဘူး။ ကျွန်တော့်စိတ်နှလုံးထဲမှာ ခံစားရပါတယ်။ ဖေါ်ပြ ခြင်းခံရတဲ့အရာတွေက ဒီအရာတွေလုပ်ဘို့ ကျွန်ုပ်ကို ဖိအားပေးနေသလိုဘဲ ဖြစ်ပါတယ်။ မေတ္တာနဲ့ဘဲ ကျွန်တော် ကြင်နာစွာ ပြောဆိုပါတယ်။ ကျွန်တော်တို့ရဲ့လူတွေ၊ အမျိုးသား၊ အမျိုးသမီးတွေကိုတော့ ဆူဘို့မရည်ရွယ်ပါဘူး။ အဲလိုအဓိပ္ပါယ်မျိုးနဲ့ လုပ် တာမဟုတ် ပါဘူး။ ညီကိုမောင်နှမတို့၊ ကျွန်တော် ရည်ရွယ်တဲ့အဓိပ္ပါယ်ကတော့ အင်မတန်မှ ထိရောက်တဲ့နေရာမှာ အမှားပြင်ဆင်ခြင်းကို မြင်တွေ့ဘို့ဘဲ ဖြစ်ပါတယ်။ ကိုယ် တော်ရှင်ရဲ့ ရိုက်နှက်ခြင်းကို ခံရဘို့အတွက်ဘဲဖြစ်ပါတယ်။ အဲဒါကို ပစ်ချမထားလိုက်ပါ နဲ့။ အဲဒါကို စောင့်စားနေရတာ ကြာပြီဖြစ်ပါတယ်။

147 ၁၄၇။ ကိုယ်တော်ရှင် ဘေးနားကို လာဘို့ ဆန္ဒရှိတယ်ဆိုရင် စိတ်နှလုံးထဲမှာ လုံးဂ လက်မြှောက်ပြီး လာဘို့လိုပါတယ်။ ပရိတ်သတ်တွေရှေ့မှာ ဖြစ်ပါတယ်။ ဒီတိတ်ခွေတွေ ရောက်မဲ့နေရာတိုင်းမှာ ဖြစ်ပါတယ်။ သင်တို့ရဲ့ ဦးခေါင်းတွေကို ငုံ့ပြီးတော့ ထားပါ။ လက်တွေကို မထောင်ပါနဲ့။ တစ်ကယ်ဘဲ စိတ်ပါတယ်ဆိုမှ လက်ထောင်ပါ။ တစ်ကယ်ဘဲ စိတ်ပါမှ ကိုယ်တော့်ထံကိုလာပါ။ ဒါမှလည်း ပိုပြီးဆက်ကပ်နိုင်တဲ့ အသက်တာမျိုးရှိ မှာဖြစ်ပါတယ်။ လက်ကိုမြှောက်ပြီးတော့ ကိုယ် တော်ရှင် ကောင်းချီးပေးမှာ ဖြစ်ပါတယ်။ သင့်ကိုယ်သင် ကိုယ်တော်ရှင်ဘုရားထံတော်မှာ အသစ်တစ်ဖန် ဆက်ကပ်ခြင်း ဖြစ်ပါတယ်။ ပြန်လည်ပြင်ဆင်ခြင်းကို ခံဘို့ဘဲ ဖြစ်ပါတယ်။ ဒီနေ့အမှားပြင်ခြင်းကို ခံယူဘို့ရှိ တယ်လို့ သင်ကပြောရမှာ ဖြစ်ပါတယ်။

ကျွန်တော့် လက်နှစ်ဖက်စလုံး မြှောက်ထားပါတယ်။ သခင်ယေရှုခရစ် ကျွန်တော့်ကို အမှားပြင်ဆင်ခြင်းကို ကျွန်တော် လိုလားပါတယ်။ ကျွန်တော် ဝမ်းမြောက်စွာနဲ့ဘဲ ဒီအမှတ်အသားကို ကျွန်တော်ခံယူပါတယ်။ သူတို့ကတော့ သန့်သန့်ရှင်း ရှင်းနဲ့ ကခုန်နေတဲ့သူတွေဆီကို ကျွန်တော်တို့ကို ခေါ်ပါတယ်။ ဘယ်လိုဘဲ ကျွန်တော်တို့ကို လှောင်ပြောင်ပြီး ခေါ်ကြပါစေ၊ ကျွန်တော်ဂုဏ်ယူစွာနဲ့ဘဲ အဲဒီနံမယ်ကို ခံယူပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်အတွက်ကြောင့် ဖြစ်ပါတယ်။ ကျွန်တော် ဂုဏ်ယူ စွာနဲ့ဘဲ အဲဒီနံမယ်ကို လက်ခံပါတယ်။

148 ၁၄၈။ ခင်ဗျားတို့လည်း အဲလိုဘဲ မလုပ်ချင်ပေဘူးလား¿ လက်တွေကိုမြှောက်ထားပါ။ ဘုရားသခင် ကျေးဇူးတော်အားဖြင့် ကျွန်တော်လိုလားတယ်လို့ ပြောပါ။ တပည့်တော် များပြန်လာကြပါသည်။ ကိုယ်တော်ရှင်ရဲ့နာမကို ပြန်လည်ဆန်းစစ်ဘို့အ တွက် ခံစားရမဲ့အချက်ကို အင်မတန်ကြီးမားတဲ့ အောင်မြင်မှုလို့ သူတို့ယုံကြည်ကြပါတယ်။ ဟောလီးဝုဒ် အကျော်အမော်တစ် ယောက်ရဲ့ ဆန်းစစ်မှုကို ခံလိုပါသလား? ဒါမှမဟုတ် တယ်လီဗီး ရှင်းဘဲဖြစ်ဖြစ် တစ်ခြားအသင်းသားတစ်ဦးဘဲဖြစ်ဖြစ် တစ်စုံတစ်ရာရဲ့ ဆန်းစစ်မှုကို ခံလိုပါသလား? ယေရှုခရစ်ရဲ့ နှုတ်ကပတ်တော်ရဲ့ ဆန်းစစ်မှုကို လိုလားပါသလား? ကိုယ်တော်ရှင်ဘုရား နှုတ်ကပတ်တော်ရဲ့ ဆန်းစစ်မှုကို ကျွန်တော့်ကို ပေးတော်မူပါ။ ဘုရားသခင် နှုတ်ကပတ်တော်ရဲ့ ဆန်း စစ်မှုတွေကို သူခံစားရပါတယ်။ ကျွန်တော့်ကိုလည်း ခံစားခွင့် အလားတူ ပေးတော်မူပါကိုယ်တော်၊ ဒီဆက်ကပ်တဲ့ကား တိုင်ကို ကျွန်တော် ခံယူမှာ ဖြစ်ပါတယ်။ သေဆုံးသည့်တိုင်အောင်၊ ကျွန်ုပ်လွတ်မြောက်သည့်တိုင် အောင် ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်ုပ်အိမ်ကိုပြန်ပြီးတော့ သရဖူကို ဆောင်းမှာ ဖြစ်ပါတယ်။

တစ်နေ့သောအခါမှာ ကျွန်တော်တို့အတွက် သရဖူရှိမှာ ဖြစ်ပါတယ်။ အခု ကတည်းက အဲဒီသရဖူကို ပြုလုပ်နေပါတယ်။ ဒီလောကဆိုင်ရာအသက်တာကိုလျှောက် လှမ်းတဲ့အခါမှာ အဲဒါက မှန်ကန်တယ်ဆိုတာ ကျွန်တော်တို့ သိရမှာ ဖြစ်ပါတယ်။ လူတွေကို ခေါ်ဆောင်လာဘို့အတွက် အခန်းမရှိပါဘူး။ ဒီယဇ်ပလ္လင်နားတစ် ဝိုက်မှာ အခန်းမရှိပါဘူး။ သင်နေရာယူပါ။ ဘယ်နေရာမှာဘဲဖြစ်ဖြစ် ပလ္လင်ဖြစ်ပါ။ လူတော်တော်များများက ယုံကြည်ကြပါတယ်။ ကျွန်တော်တို့ ဆုတောင်းနေစဉ်အခါမှာ ကျမ်းစာဖတ်ရမှာ ဖြစ်ပါတယ်။

149 ၁၄၉။ ကောင်းကင်ဘုံရှင် အဖဘုရားသခင် အသက်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကျွန်တော့်အနေနဲ့ ဒီပရိတ်သတ် ထဲမှာ အားလုံးကို မြင်တွေ့နေရပါတယ်။ အဲဒီအတွက်ကို ကျွန်တော် ဆုတောင်းပေးပါတယ်။ တိတ်ခွေကို ဖွင့်ဖတ်တဲ့အ ခါတိုင်း လူတွေ အားလုံး သူတို့ရဲ့လက်တွေကို မြှောက်ပြီးတော့ ဒူးထောက်ပြီးတော့ မိခင်တွေ၊ ဖခင်တွေ၊ တစ်ဦးကိုတစ်ဦး လက်ချင်းချိတ်ဆက် ကက်ိုင်တွယ်ပြီးတော့ ကျွန်တော်တို့ဟာ အသင်းသားတွေ၊ ဖြစ်ကြမယ်။ ဖြစ်လာတာ ကြာပြီ၊ အခုအခါမှာ တော့ ကျွန်တော်တို့ တစ်ကယ် ရောက်ဖို့လာကြပါ။ မစတော်မူပါကိုယ်တော်။

ဒီမှာရှိတဲ့သူတွေကို ကောင်းချီးပေးတော်မူပါ။ သူတို့ကို ကိုယ်တော်ရှင် ဆက် ကပ်တဲ့အသက်တာကို ပေးမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ သူတို့ အတော်များများ ကတော့ လူကောင်းတွေဘဲဖြစ်ပါတယ်ကိုယ်တော်၊ လူသားတွေဟာ သူတို့ဟာ ကိုယ် တော်ရှင်ရဲ့လူတွေ ဖြစ်ပါတယ်။ သူတို့ သမ္မာတရားကို သိပါတယ်။ သူတို့ သမ္မာတရား လမ်းကိုပြဘို့ ကျွန်တော်ဆု တောင်းပါတယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ဟာ သမ္မာတရားဘဲ ဖြစ်ပါတယ်။

ယောဟန်ခရစ်ဝင်ကျမ်းမှာ ကိုယ်တော်ရှင် ဖေါ်ပြထားသကဲ့သို့ဘဲ ဖြစ်ပါတယ်။ အခန်းကြီး ၁၇ လို့ထင်ပါတယ်။ အဖခမည်းတော် သူတို့ကို သန့်ရှင်းစင်ကြယ်စေတော်မူပါ။ သမ္မာတရားအားဖြင့် ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ် တော်ဟာ သမ္မာတ ရားဖြစ်ပါတယ်။

နောက်တစ်ဖန် ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ဟာ သမ္မာတရားဖြစ်နေဆဲဘဲ ဖြစ်ပါတယ်။ အမြဲတမ်း သမ္မာတရားဖြစ်ပါ တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါက ဘုရားသခင်ဖြစ်လို့ပါဘဲ။ ကျွန်တော် ဆုတောင်းပါတယ်ဘုရားသခင်၊ သူတို့ကို ကိုယ် တော်ရှင် သန့်ရှင်းစင်ကြယ်စေတော်မူပါ။ သမ္မာတရားအားဖြင့် ဖြစ်ပါတယ်။ အဲဒါကတော့ သန့်ရှင်း စင်ကြယ်စေခြင်း ဖြစ်ပြီးတော့ သူတို့ကို ဂိုဏ်းဂဏ ယုံကြည်ချက်တွေက နေပြီးတော့ သန့်ရှင်းသန့်စင်စေတော်မူပါ။ လောကအရာတွေ အားလုံးထဲကနေသန့် စင်စေပြီး ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ထံကို ဆက်ကပ်တဲ့ အသက်တာဖြစ်စေပါ။ ဖေါ်ပြတော် မူပါကိုယ်တော်၊ သူတို့ဟာ ကိုယ်တော်ရှင်ပိုင်ဆိုင်ပါတယ်။ ကိုယ်တော်ရှင် အမှုပြုမယ်လို့ ဂတိထားတော်မူပါတယ်။ ကိုယ်တော်ရှင်ရဲ့အစေခံကျွန်အဖြစ်နဲ့ ကျွန်ုပ်က ကျွန်ုပ်ရဲ့ဆုတောင်းသံကို သူတို့ကိုယ်စားဆုတောင်းပါတယ်။ သခင်ယေရှုနာမ၌ဆု တောင်းပါတယ်။

150 ၁၅၀။ ယခုအခါမှာ ကျွန်တော်တို့ ခေါင်းတွေကို ငုံ့ပြီးတော့ ဒီဓမ္မသီချင်းကို ဆုတောင်းနေစဉ် ဆက်ပြီးတော့ ဆိုဘို့ဘဲ ဖြစ်ပါတယ်။ ယေရှုအားလုံးကို ပေးဆပ်ခဲ့ပါတယ်။

အားလုံး ကိုယ်တော်ကို ပေးခဲ့ပါတယ်။

အပြစ်များဘဲ ဖြစ်ပါတယ်။

မနေ့က ကျွန်တော် ရောက်နေတဲ့နေရာကတော့ လူတစ်ယောက်က ကျွန်တော့်အတွက် အင်္ကျီဝတ်စုံတစ်စုံတိုင်းလာပေးတဲ့ နေရာဘဲ ဖြစ်ပါတယ်။ အဲဒီက ညီအစ်ကိုက ကျွန်တော့်ကို ခေါ်ဆောင်သွားခြင်းဘဲ ဖြစ်ပါတယ်။

သူဘာပြောလဲဆိုတော့ ခင်ဗျား ဝတ်စုံက ပူတဲ့ပုံပေါ်တယ်။

ခင်ဗျားကို အေးတဲ့ဝတ်စုံ ကျွန်တော် ဝယ်ပေးမယ်။

ကျွန်တော်သွားပြီး ကိုယ်တိုင်းပါတယ်။

သူက ဘာပြောလဲဆိုတော့ ခင်ဗျားရဲ့ ညာဘက်ပုခုံးက ကျနေတယ်။

တစ်နေ့သော အခါမှာ ခင်ဗျား အင်မတန်လေးလံတဲ့ ဝန်ထုပ်ကို ထမ်းခဲ့မယ်နဲ့တူတယ်။

ကျွန်တော် ဘာစဉ်းစားမိလဲဆိုတော့ အပြစ်ဝန်ထုပ်ကြီးဘဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သခင်ယေရှုက အဲဒီအပြစ် အဖိုးအခတွေအားလုံးကို ပေးဆပ်ခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ သီချင်းဆိုနေစဉ် နားထောင်ကြည့်ပါ။

ယေရှုပေးခဲ့ပါတယ်။ ကျွန်ုပ်ရဲ့အ သက်တာအားလုံးကို ကိုယ်တော့်ကို ပေးခဲ့ပါတယ်။

အပြစ်က ဘာလုပ်ခဲ့ပါသလဲ?

အပြစ်က နီရဲနေတဲ့ အစွန်းအ ထင်းကို ဖြစ်စေခဲ့ပါတယ်။

သူကတော့ မိုးပွင့်ကဲ့သို့ စင် ကြယ်အောင် ဆေးကြောပေးခဲ့ပါတယ်။

151 ၁၅၁။ ဘုရားသခင် ကျွန်တော်တို့အပေါ်မှာ ဂရုဏာသက်တော်မူပါ။ အခုနက်နက်နဲ နဲနဲ ကျွန်တော်တို့ အာရုံပြုနေတဲ့အခါမှာ နှုတ်ကပတ်တော် ကျွန်တော်တို့ နှလုံးသားထဲ ကို နက်နက်နဲနဲနဲ့ စိမ့်ဝင်စေတော်မူပါ။ ကျွန်တော်တို့နှလုံးသားကလည်း နှုတ်ကပတ် တော်ကို စုပ်ယူအား ရှိစေတော်မူပါ။ လူတွေက သူတို့ညစာအတွက် နောက်ကျနေပြီလို့ ထင်ပါတယ်။ ဒါပေမဲ့လည်း ကိုယ်တော် ဒါကနှုတ်ကပတ်တော် ဖြစ်ပါတယ်။ ဒါကတော့ အသက်တာ ဖြစ်ပါတယ်။ ငါ့ရဲ့နှုတ်ကပတ်တော်က အားဘဲဖြစ်ပါတယ်လို့ ကိုယ်တော်ရှင် မိန့်တော်မူပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ဆာလောင်မွတ်သိပ်နေတဲ့ ဝိညာဉ် တွေက စလုပ်ရမှာ ဖြစ်ပါတယ်။

အခုအခါမှာ ကိုယ်တော်ရှင် ကျွန်တော်တို့ကို ဆောင်ယူတော်မူပြီး ပုံသွင်းတော်မူပါ။ သူတို့နဲ့အတူ ကိုယ်တော်ရှင် ကျွန်တော်တို့ကို ဆောင်ယူတော်မူပါ။ သူတို့နဲ့အတူ ကျွန်တော် သွားလိုပါတယ်။ ကားတိုင်ကို ကျွန်တော် ယခု သွားလိုပါ တယ်။ ကိုယ်တော်၊ ယုံကြည်ခြင်းအားဖြင့်၊ ကျွန်တော်ဟာ ဒီပရိတ်သတ်တွေနဲ့အတူ သွားနေပါတယ်။ အခုအခါမှာ ကျွန်တော့်ကို ပြန်ပြီးတော့ ပုံသွင်းတော်မူပါက်ိုယ်တော်၊ ကျွန်တော် မှားခဲ့ပါတယ်။

မကြာသေးခင်ကာလက ကျွန်တော် တရားမဟောဘဲနေခဲ့ပါတယ်။ လူတွေ ကျွန်တော့်ရဲ့ တရားဟောချက်ကို မကြားခဲ့ရပါ ဘူး။

သူတို့ဟာ ဆက်လက်ပြီးတော့ အလားတူအရာကိုဘဲ လုပ်နေခဲ့ပါတယ်။ ကျွန်တော် စိတ်ပျက်သွားပါတယ်။ အဲဒီအချိန် မှာ ကျွန်တော်က တစ်ခုခုကို တည်ဆောက်လိုက်ပါတယ်။ လွန်ခဲ့တဲ့ တနင်္ဂနွေ နှစ်ပတ် လောက်က ဒီနိမိတ်လက္ခဏာတွေကို ပြသတဲ့အခါမှာ သမ္မာကျမ်းစာကို ဖတ်ပြီးတော့ မောရှေ ကိုယ်တော်ရှင်ကို ဖေါ်ပြတဲ့အရာကို တွေ့မြင်ခဲ့ပါတယ်။ အိမ်မက်အားဖြင့်ဘဲ ဖြစ်ပါတယ်။ အဲဒီမှာ တောင်ကြီးတစ်တောင်ရှိတယ်။ အဲဒါက သူ့အတွက် ကောင်းတဲ့ နိမိတ်ဘဲ ဖြစ်ပါ တယ်။ နောက်ဆုံးမှာတော့ ဖျားနာသူတွေ အတော်များများကို ကျွန်တော်က စွန့်ပစ်ခဲ့သလိုဖြစ်နေပါတယ်။ ကျွန်တော့်ရဲ့ သာသနာပြုခြင်းဟာ ပရောဖက်ပြု ခြင်းတစ်ခုထဲမဟုတ်ပါဘူး။ နှုတ်ကပတ်တော်ကို သွန်သင်တဲ့ ဖျားနာသူတွေအတွက် ဆုတောင်းပေးခြင်းလည်း ပါပါတယ်။ ကြမ်းပြင်ပေါ်မှာ လူတစ်ယောက် လဲကျပြီး သေဆုံးခဲ့ပါတယ်။ သူ့ကိုပြန်ပြီးအ သက်ရှင်စေပါတယ်။ အဲဒါမှန်ကန်တယ်ဆိုတာ အတည်ပြုခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ အမြဲတမ်း ကိုယ်တော် ရှင်ရဲ့ နှုတ်ကပတ်တော်ကို အတည်ပြုပါတယ်။

152 ၁၅၂။ ကိုယ်တော်ရှင် အခုအခါမှာလည်း ကိုယ်တော်ရှင်ရဲ့ပလ္လင်တော်ရှေ့မှာ ကျွန်တော် ရှိနေတယ်ဆိုတာ အတည်ပြု တော်မူပါ။ ဒီလူတိုင်းကို ကိုယ်တော်ရှင် ယူဆောင် တော်မူပါ။ သူတို့ထဲက လောကအရာတွေကို ဖယ်ထုတ်လိုက်ပါ။ ကျွန်ုပ်ကို ယူဆောင် တော်မူပါကိုယ်တော်၊ ကိုယ်တော်ရှင် ရှေ့တော်မှောက်မှာ ကျွန်တော်တို့ ရှိနေတဲ့အခါမှာ လောကအရာတွေကို ထုတ်ယူပါ။ ကျွန်တော်တို့ရဲ့ စိတ်နှလုံးတွေကို ပြောင်းလဲစေတော် မူပါ။ လောကအရာတွေနဲ့ လောကတပ်မက်ခြင်းတွေ၊ ပုပန်ခြင်းတွေအားလုံးကို ကျွန်ုပ်တို့ စိတ်နှလုံးထဲကနေ ထုတ်ပယ်လိုက်ပါ။ ကျွန်တော်တို့ဟာ ဆက်ကပ်တဲ့ ခရစ်ယာန်တွေ ဖြစ်စေပါ။ ချစ်ခင်တတ်ပြီး ကြင်နာပြီးတော့ နှစ်သက်ဖွယ် ဖြစ်စေပါ။ ဝိညာဉ်အသီးကို သီးစေပါ။ ကျွန်တော်တို့ ကိုယ်တော်ရှင် ပလ္လင်ရှေ့မှာ ရောက်နေပါတယ်။ အပြစ်ကြောင့် နီရဲနေတဲ့ အစွန်းအထင်းတွေ ကျွန်တော်တို့အားလုံးအပေါ်မှာ သက်ရောက် နေပါတယ်။ ဒါပေမဲ့လည်း ကိုယ်တော်ရှင်ရဲ့အသွေးတော်က အဲဒါကို ဖယ်ရှားလိုက်ပါတယ်။ နောက် ပြီးတော့ မိုးပွင့်ကဲ့သို့ ဖြူစင်အောင် ဆေးကြောပေးပါတယ်။ ကိုယ်တော်ရှင်ကို ကျွန် တော်တို့ စောင့်မျှော်နေပါတယ်။ ကျွန်တော်တို့ကို ယူဆောင်တော်မူပါ။ ကျွန်တော်တို့ ဟာ ကိုယ်တော်ရှင် ပိုင်ဆိုင်ပါတယ်။ ကျွန်တော်အသက်တာတွေကို ကိုယ်တော်ရှင်ကို ဆက်ကပ်ပါတယ်။ ယေရှုနာမဉ္ဈ ချပေးသနားတော်မူပါကိုယ်တော်၊ ကျွန်တော်တို့ တစ်ယောက်စီကို မစတော်မူပါ။

ကျွန်ုပ်စိတ်နှလုံးကို ပြောင်းလဲစေတော်မူပါကိုယ်တော်၊ ကျွန်ုပ်အမှားတွေကို ကျွန်ုပ်မြင်ပါတယ်။ ဒီတစ်ခေါက်မှာတော့ အကောင်းဆုံး ကျွန်တော် အသက်ရှင်ချင်ပါတယ်။ ကိုယ်တော်ကို ကူညီလိုပါတယ်။ ကျွန်တော် သွားလိုပါတယ်။ ကျွန်တော့် အသက်တာကို ကိုယ်တော်ရှင်ထံတော်ကို အသစ်ကပူဇော်လိုပါတယ်။ ဒီမနက်ဘဲ ဖြစ်ပါတယ်။

ဒီပြစ်တင်ခြင်းကို ကျွန်ုပ်ရဲ့မိတ်ဆွေ အမှုတော်ဆောင်တွေထံမှာ ကျွန်တော်တင် ပြီးတော့ ဒီလိုကြမ်းတမ်းတဲ့အရာတွေကို ပြောပါတယ်။ ဒါပေမဲ့လည်းကိုယ်တော် ကိုယ်တော်ရှင် ဝိညာဉ်တော်အားဖြင့် ကျွန်တော်ပြောခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော် ရှင်ပြောခ်ိုင်းတယ်လို့ဘဲ ကျွန်တော် ခံစားရပါတယ်။ အခုအခါမှာ ကျွန်တော့်ပုခုံးကနေ ဝန်ထုပ်ကြီး ပေ့ါသွားပါပြီ။ အဲလိုဝန် ထုပ်ကြီး ပေ့ါသွားတဲ့အတွက် ကျွန်တော် ဝမ်းမြောက် မိပါတယ်။ သူတို့ဘာဘဲဖြစ်ဖြစ် သူတို့ကို လုပ်စေပါအဖ၊ သူတို့ လက်ခံ လာနိုင်အောင် မစပါ။ လူတိုင်းသူတို့ တစ်ယောက်စီတိုင်းကို ကိုယ်တော်ရှင် ကယ်တင်နိုင်မည့်အကြောင်း ကျွန်ုပ်တောင်း ပန်ပါ၏။ အသစ်တစ်ဖန်နိုးထမှုနဲ့ အင်မတန်ကြီးမားတဲ့တန်ခိုးတော်တွေဟာ အသင်း တော်အပေါ်မှာ ကျရောက်ပါစေလို့ ဆုတောင်းပါတယ်။ အဲဒါက ဆုတောင်းဘို့ မခက်ခဲ ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင် ဂတိတော် ရှိလို့ပါဘဲ။ ကျွန်တော်တို့ ကြည့်နေပါတယ်က်ိုယ်တော်၊ တတိယမြောက် ဆွဲခြင်းကို ကျွန်တော်တို့ သိပါတယ်။ ကျွန်တော်တို့ အလယ်မှာ အင်မတန်ကြီးမားတဲ့ အမှုအရာတွေဖြစ်မယ်လို့ ကျွန်တော်တို့ သိပါတယ်။

153 ၁၅၃။ ကျွန်တော်တို့ကို ကိုယ်တော် ပိုင်ပါတယ်။ ဒီပလ္လင်ပေါ်မှာ ကျွန်တော်ကိုယ် ကျွန်တော်ချထားပါတယ်။ ကျွန်တော့် ကိုယ်ကျွန်တော် ဆက်ကပ်လိုပါတယ်။ ကျွန်တော့် အထဲက လောကအရာတွေကို ထုတ်ပယ်တော်မူပါ။ ပျောက်ကွယ်သင့်တဲ့ အရာတွေ အားလုံးကို ကျွန်တော့်အထဲက ထုတ်ယူတော်မူပါ။ မပျောက်ကွယ်နိုင်တဲ့အရာ၊ ဘုရားသခင်ရဲ့နှုတ်ကပတ် တော်တွေကို ကျွန်တော့်အထဲကို ထည့်သွင်းပေးပါ။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်နဲ့ နီးကပ်စွာ အသက်ရှင်ခွင့်ကို ပေးတော်မူပါ။ နှုတ်ကပတ်တော် ကျွန်တော့်အထဲမှာ ရှိပြီးတော့ နှုတ်ကပတ်တော်ထဲမှာလည်း ကျွန်တော့်ကို ရှိစေတော်မူပါ။ မစတော်မူပါကိုယ်တော်၊ အဲဒီနှုတ်ကပတ်တော်ကနေ ကျွန်တော့်ကို မပြောင်းလဲစေပါနဲ့။ အဲဒီဘုရင်ရဲ့ဒါးကို ကျွန်တော် တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ပြီး နေနိုင်ဘို့ ကိုယ် တော်ရှင် ကျွန်တော့်ကို မစတော်မူပါ။

ကျွန်တော်တို့အားလုံးကို အတူတကွ ကောင်းချီးပေးတော်မူပါ။ ကျွန်တော်တို့ အားလုံးဟာ ကိုယ်တော်ရှင်ရဲ့ အစေခံကျွန် ဖြစ်ပါတယ်။ ဒီမနက် ကိုယ်တော်ရှင်ကို ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ဆက်ကပ်ပူဇော်ပါတယ်။ ကျွန်တော်တို့နှလုံးသား ထဲမှာ လတ်လတ်ဆတ်ဆတ်နဲ့ ကိုယ်တော်ကို ဆက်ကပ်ပါတယ်။ က်ိုယ်တော် ပိုင်ဆိုင်ပါတယ်။ ယေရှုနာမဉ္ဈ အမှုတော် မြတ်အတွက် ဖြစ်ပါတယ်။ ဘုရားသခင်ကောင်းချီးပေးပါစေ ဘရာသာနက်ဗီးလ်၊

MESSAGE hub online

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁ဝ:၇)